ပြည်ထောင်စုမြန်မာနိုင်ငံ

# တော်လှန်ရေးကောင်စီ ဥပဒေများ

## (ဒုတိယတွဲ)

( ၁၉၆၅ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ )

စာအမှတ် ၁၂၇၄၃
နေ့စွဲ

စာအမှတ်
နေ့စွဲ

ပြည်ထောင်စုမြန်မာနိုင်ငံ

# တော်လှန်ရေးကောင်စီ ဥပဒေများ

## (ဒုတိယတွဲ)

( ၁၉၆၅ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ )

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၁၉၆၅ ခုနှစ် ဥပဒေများ** | |
| ၁။ | ၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့ အက်ဥပဒေတို့ကို ရုပ်သိမ်းသည့် ဥပဒေ .... | ၁ |
| ၂။ | ၁၉၆၅ ခုနှစ်၊ သီးစားချထားရေးဥပဒေကို ပြင်သည့်ဥပဒေ | ၃ |
| ၃။ | The Essential Supplies and Services Act Amending Law, 1965 .... | ၅ |
| ၄။ | ၁၉၆၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်သည့် ဥပဒေ .... | ၇ |
| ၅။ | ၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေကို ပြင်သည့် ဥပဒေ .... | ၉ |
| ၆။ | ၁၉၆၅ ခုနှစ်၊ ဓာတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း ဥပဒေ .... | ၁၁ |
| ၇။ | ၁၉၆၅ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ .... | ၁၉ |
| ၈။ | ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ .... | ၄၁ |
| ၉။ | ၁၉၆၅ ခုနှစ်၊ စကားရပ်များပြောင်းလဲရေးဥပဒေ .... | ၄၉ |
| ၁၀။ | Th Burma General Clauses Act Amending Law, 1965 .... | ၅၁ |
| | **၁၉၆၆ ခုနှစ် ဥပဒေများ** | |
| ၁၁။ | ၁၉၆၆ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် အက်ဥပဒေကို ပြင်သည့် ဥပဒေ .... | ၅၃ |
| ၁၂။ | ၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေ .... | ၅၅ |
| ၁၃။ | ၁၉၆၆ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ | ၆၇ |
| ၁၄။ | ၁၉၆၆ ခုနှစ်၊ ဘဏ္ဍာရေးဥပဒေ .... | ၆၉ |
| ၁၅။ | ၁၉၆၆ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ .... | ၇၃ |
| ၁၆။ | ၁၉၆၆ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေနှင့် ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေများ ရုပ်သိမ်းသည့် ဥပဒေ .... | ၉၇ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၁၉၆၇ ခုနှစ် ဥပဒေများ** | |
| ၁၇။ | ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေ | ၉၉ |
| ၁၈။ | ၁၉၆၇ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ဥပဒေကို ပြင်သည့် ဥပဒေ .... | ၁၂၀ |
| ၁၉။ | ၁၉၆၇ ခုနှစ်၊ နောက်ဆပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ .... | ၁၂၃ |
| ၂၀။ | ၁၉၆၇ ခုနှစ်၊ ဘဏ္ဍာရေးဥပဒေကို ဖြည့်စွက်သည့် ဥပဒေ .... | ၁၂၅ |
| ၂၁။ | ၁၉၆၇ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ .... | ၁၂၇ |
| | **၁၉၆၈ ခုနှစ် ဥပဒေများ** | |
| ၂၂။ | ၁၉၆၈ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေကို ပြင်သည့် ဥပဒေ .... | ၁၄၉ |
| ၂၃။ | ၁၉၆၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့အက်ဥပဒေကို ပြင်သည့် ဥပဒေ .... | ၁၅၃ |
| ၂၄။ | ၁၉၆၈ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ .... | ၁၅၅ |
| ၂၅။ | ၁၉၆၈ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ .... | ၁၅၉ |
| | **၁၉၆၉ ခုနှစ် ဥပဒေများ** | |
| ၂၆။ | ၁၉၆၉ ခုနှစ်၊ ပြည်ထောင်စုသတ္တုတွင်းများနှင့် သတ္တုများ အက်ဥပဒေကို ပြင်သည့် ဥပဒေ .... | ၂၀၉ |
| ၂၇။ | ၁၉၆၉ ခုနှစ်၊ ရေနံခေတ်ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေကို ပြင်သည့် ဥပဒေ .... | ၂၁၀ |
| ၂၈။ | ၁၉၆၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့အက်ဥပဒေကို ဒုတိယအကြိမ် ပြင်သည့် ဥပဒေ .... | ၂၁၁ |
| ၂၉။ | ၁၉၆၉ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ | ၂၁၃ |
| ၃၀။ | ၁၉၆၉ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ... | ၂၁၉ |

ပြည်သူ့လွှတ်တော်
စာအမှတ်
နေ့စွဲ
စာမျက်နှာ

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | |
|---|---|---|
| | **၁၉၇၀ ပြည့်နှစ် ဥပဒေများ** | |
| ၃၁။ | ၁၉၇၀ ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမ အသင်းဥပဒေ .... | ၂၄၃ |
| ၃၂။ | ၁၉၇၀ ပြည့်နှစ်၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်များ ဥပဒေ .... | ၂၇၃ |
| ၃၃။ | ၁၉၇၀ ပြည့်နှစ်၊ နောက်ဆပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ | ၂၉၁ |
| ၃၄။ | ၁၉၇၀ ပြည့်နှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ .... | ၂၉၇ |
| ၃၅။ | The Rangoon Police Act Amending Law, 1970 .... | ၂၀ |
| | **၁၉၇၁ ခုနှစ် ဥပဒေများ** | |
| ၃၆။ | ၁၉၇၁ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေကို ပြင်သည့် ဥပဒေ .... | ၃၂၃ |
| ၃၇။ | ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအက်ဥပဒေကို ပြင်သည့် ဥပဒေ .... | ၃၂၅ |
| ၃၈။ | ၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာကော်မီရှင် ဥပဒေ .... | ၃၂၉ |
| ၃၉။ | ၁၉၇၁ ခုနှစ်၊ နောက်ဆပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ | ၃၃၃ |
| ၄၀။ | ၁၉၇၁ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ .... | ၃၃၉ |
| | **၁၉၇၂ ခုနှစ် ဥပဒေများ** | |
| ၄၁။ | ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ဥပဒေ .... | ၃၆၃ |
| ၄၂။ | ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ .... | ၃၇၅ |
| ၄၃။ | ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်း ဥပဒေ .... | ၃၈၅ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄။ | ၁၉၇၂ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ | ၃၇၉ |
| ၄၅။ | ၁၉၇၂ ခုနှစ်၊ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ .... | ၃၉၅ |
| ၄၆။ | ၁၉၇၂ ခုနှစ်၊ စီးပွားရေး စီမံကိန်း ၏ ထုတ်လုပ်မှု နှင့် ဆောင်ရွက်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေ .... | ၄၄၅ |
| ၄၇။ | ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေကို ပြင်သည့် ဥပဒေ .... | ၄၆၁ |
| ၄၈။ | ၁၉၇၂ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေကိုပြင်သည့် ဥပဒေ .... | ၆၄၃ |

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

# ဥပဒေများ

## (၁၉၆၅ ခုနှစ်)

# ၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယ ခုံအက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့ အက်ဥပဒေတို့ကို ရုပ်သိမ်းသည့်ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁။]

ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့ အက်ဥပဒေတို့ကို ရုပ်သိမ်းသည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) အောက်ဖော်ပြပါ အက်ဥပဒေတို့ကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(က) ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေ။

(ခ) ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ် (သာသနာတော်သက္ကရာဇ် ၂၄၉၄ ခုနှစ်) ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေ။

(ဂ) ၁၉၅၂ ခုနှစ်၊ ပါဠိပညာရေးအဖွဲ့အက်ဥပဒေ။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

၃။ ။ဤဥပဒေ စတင်အာဏာတည်သည့် အချိန်မှ အစပြု၍၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အက်ဥပဒေများအရဆက်လက်ဆောင်ရွက်ရန်ရှိသည့်ကိစ္စအရပ်ရပ်များကို အစိုးရက ညွှန်ကြားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်။

၄။ ။ဤဥပဒေပါကိစ္စများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှါ၊ အစိုးရသည် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

# ၁၉၆၅ ခုနှစ်၊ သီးစားချထားရေးဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၅ ခုနှစ်၊ သီးစားချထားရေး ဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံးတွင် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ ပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

"၄။ ။လယ်ယာမြေများပေါ်တွင် အစိုးရက ချထားသော သီးစားများသည်၊ သို့မဟုတ် မြေရှင်များကချထားသော သီးစားများ ကျန်ရှိနေသေးလျှင်၊ ထိုသီးစားများသည် မြေရှင်အား သီးစားပေးရန်မလို။"

၃။ ။ ဤဥပဒေ၏ ဇယားတွင် ဖေါ်ပြထားသည့်ဥပဒေများကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ဇယား။

[ပုဒ်မ ၃ ကိုကြည့်ပါ။]

| အမည် | အမှတ် | နှစ် |
|---|---|---|
| (က) ၁၉၅၀ ပြည့်နှစ်၊ သီးစားခစံနှုန်းအက်ဥပဒေ | ၄၂ | ၁၉၅၀ |
| (ခ) ၁၉၅၁ ခုနှစ်၊သီးစားခစံနှုန်း(ပြင်ဆင်ချက်) အက်ဥပဒေ။ | ၃ | ၁၉၅၁ |
| (ဂ) ၁၉၅၄ ခုနှစ်၊ သီးစားခစံနှုန်း (ပြင်ဆင်ချက်) အက်ဥဒေ။ | ၆၀ | ၁၉၅၄ |
| (ဃ) ၁၉၆၃ ခုနှစ်၊ သီးစားခစံနှုန်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ။ | ၂၅ | ၁၃၆၃ |

# THE ESSENTIAL SUPPLIES AND SERVICES ACT AMENDING LAW, 1965.

[The Union of Burma Revolutionary Council Law No. 3 of 1965.]

The Chairman of the Revolutionary Council of the Union of Burma makes the following Law :—

1. (*1*) This Law may be called the Essential Supplies and Services Act Amending Law, 1965.

(*2*) It shall come into force at once.

2. In section 8 of the Essential Supplies and Services Act, 1947 *after* sub-section (4) the following *shall be inserted* as sub-section (5) namely :—

"(5) Notwithstanding anything contained elsewhere in this Act or in any other law for the time being in force, all things in respect of which an offence punishable under sub-section (1) has been committed may be confiscated by order of such Committee or body of persons as may be empowered by the Government in this behalf.

All things confiscated under this sub-section shall be disposed of in accordance with the directions issued by the Government."

# ၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂ နောက်တွင် အောက်ပါကို ပုဒ်မ ၂-က အဖြစ်ထည့်သွင်းရမည်။

ခွင့်ပြုချက်မရရှိဘဲ၊ တဆင့် ငှါးရမ်းခြင်း၊ လွှဲပြောင်းခြင်း စသည်တို့ကို မပြုလုပ်ရခြင်း။

'' ၂-က။ ။အစိုးရအိမ်ဥပစာတခုခုတွင် နေထိုင်ခွင့်ရသူသည်၊—

(က) အစိုးရ၊ သို့မဟုတ်အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ၊ အဆိုပါအိမ်ဥပစာတခုလုံးကိုသော်၎င်း၊ တစိတ် တပိုင်းကိုသော်၎င်း၊ တဆင့်ငှါးရမ်းခြင်းမပြုလုပ်ရ။

(ခ) အဘိုးစားနားဖြင့်ဖြစ်စေ၊ အဘိုးစားနား မပါဘဲဖြစ်စေ၊ လွှဲပြောင်းခြင်းမပြုလုပ်ရ။

(ဂ) အခွင့်ရအာဏာပိုင်အား စာဖြင့်ကြိုတင် အကြောင်းကြားရန် ပျက်ကွက်လျက် အဆိုပါ အိမ်ဥပစာမှ ထွက်ခွါသွားခြင်း မပြုလုပ်ရ။

(ဃ) အဆိုပါအိမ်ဥပစာကို အခွင့်ရအာဏာပိုင်အား ပြန်လည်အပ်နှံရန်ပျက်ကွက်လျက် ထွက်ခွါသွားခြင်းမပြုလုပ်ရ။ ''

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၉ အစား၊ အောက်ပါကို ပုဒ်မ ၉ အဖြစ်ထည့်သွင်းရမည်။

ပြစ်ဒဏ်။

'' ၉။ ။(၁) မည်သူမဆို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်တခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေတခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ထုတ်ဆင့်ချမှတ်သော အမိန့်ကိုဖြစ်စေ၊ ဆန့်ကျင်လျှင်၊ သို့မဟုတ် ဤအက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာ

ဏာတရပ်ရပ်ကို၊ တရားဥပဒေနှင့်အညီ သုံးစွဲခြင်းကို တားဆီးလျှင်၊ သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ကျပ်တထောင်ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

(၂) အစိုးရက၊ ဤကိစ္စအလို့ငှါ အမိန့်ကြော်ငြာစာဖြင့် အာဏာအပ်နှင်းထားသည့်အရာရှိ၏ ကြိုတင်အခွင့်အမိန့်မရှိဘဲ၊ မည်သည့်တရားရုံးမှာမျှ၊ ပုဒ်မခွဲ (၁) အရ ဖြစ်သောပြစ်မှုကို အရေးယူပိုင်ခွင့်မရှိစေရ။''

# ၁၉၆၅ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၅ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါ ဥပဒေဟု ရည်ညွှန်းသည့် ၁၉၆၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေ ပုဒ်မ ၇ တွင် ပုဒ်မခွဲ (၂) အစား အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

''(၂) ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်များ ဗဟိုကောင်စီတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်စေရမည်။

(က) ပညာရေးဌာနတာဝန်ခံ .... ဥက္ကဋ္ဌ။

(ခ) အစိုးရခန့်ထားသောပုဂ္ဂိုလ်တဦး .... ဒုတိယဥက္ကဋ္ဌ။

(ဂ) အမျိုးသားစီမံကိန်းဌာနမှ ကိုယ်စားလှယ်တဦး .... .... အဖွဲ့ဝင်။

(ဃ) လက်မှု လက်မှုဌာနမှ ကိုယ်စားလှယ်တဦး အဖွဲ့ဝင်။

(င) လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေး ဌာနမှကိုယ်စားလှယ်တဦး .... အဖွဲ့ဝင်။

(စ) ပညာရေးဌာနမှကိုယ်စားလှယ်တဦး .... အဖွဲ့ဝင်။

(ဆ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှကိုယ်စားလှယ်တဦး .... .... အဖွဲ့ဝင်။

(ဇ) ညွှန်ကြားရေးမှူး၊ တက္ကသိုလ်များအုပ်ချုပ်ရေးရုံး .... .... အဖွဲ့ဝင်။

(ဈ) ပါမောက္ခချုပ်များ .... အဖွဲ့ဝင်။

(ည) ပညာညွှန်ကြားရေးဝန် .... အဖွဲ့ဝင်။

(ဋ) အစိုးရခန့်ထားသောပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။

(ဌ) အစိုးရခန့်ထားသောအတွင်းရေးမှူးတဦးနှင့် တွဲဘက်အတွင်းရေးမှူးတဦး။''

၃။ ။အဆိုပါ ဥပဒေပုဒ်မ ၉ တွင် ပုဒ်မခွဲ (၂) အစား၊ အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

"(၂) တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ရမည်။

(က) ပညာရေးဌာနတာဝန်ခံ .... ဥက္ကဋ္ဌ။
(ခ) အစိုးရခန့်ထားသောပုဂ္ဂိုလ်တဦး .... ဒုတိယဥက္ကဋ္ဌ။
(ဂ) ညွှန်ကြားရေးမှူး၊ တက္ကသိုလ်များ အုပ်ချုပ်ရေးရုံး .... .... အဖွဲ့ဝင်။
(ဃ) ပါမောက္ခချုပ်များ .... .... အဖွဲ့ဝင်။
(င) ပညာညွှန်ကြားရေးဝန် .... အဖွဲ့ဝင်။
(စ) ညွှန်ကြားရေးဝန်ချုပ် (ဓါတ်သတ္တု ရှာဖွေ ထုတ်လုပ်ရေး ကော်ပိုရေးရှင်း) .... အဖွဲ့ဝင်။
(ဆ) အင်ဂျင်နီယာချုပ် (ပြည်သူ့အိုးအိမ် ပြန်လည် ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေး အဖွဲ့) .... .... အဖွဲ့ဝင်။
(ဇ) ညွှန်ကြားရေးဝန် (ကျန်းမာရေး ဌာနခွဲ) အဖွဲ့ဝင်။
(ဈ) ညွှန်ကြားရေးဝန် (စက်မှုလက်မှုဌာနခွဲ) အဖွဲ့ဝင်။
(ည) ညွှန်ကြားရေးဝန် (စိုက်ပျိုးရေး ဌာနခွဲ) အဖွဲ့ဝင်။
(ဋ) ညွှန် ကြား ရေး ဝန် (တိရစ္ဆာန် ဆေးကု ဌာနခွဲ) .... .... အဖွဲ့ဝင်။
(ဌ) ညွှန်ကြားရေးဝန် (မဟာစီးပွါးရေးနှင့်စာရင်းအင်းဌာနခွဲ) .... အဖွဲ့ဝင်။
(ဍ) အင်ဂျင်နီယာချုပ် (လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့) .... .... အဖွဲ့ဝင်။
(ဎ) နည်းပြချုပ် (မဟာရိနိုင်ငံရေးသိပ္ပံကျောင်း) အဖွဲ့ဝင်။
(ဏ) တက္ကသိုလ် ပညာရေးအဖွဲ့ အသီးသီးက ရွေးချယ်သော ဆရာတဦးစီ .... အဖွဲ့ဝင်။
(တ) အစိုးရခန့်ထားသောပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။
(ထ) အစိုးရခန့်ထားသော အတွင်းရေးမှူးတဦး။"

၄။ ။အဆိုပါဥပဒေပုဒ်မ ၁၅ နောက်တွင် အောက်ပါကို ပုဒ်မ ၁၆ အဖြစ် ထည့်သွင်းရမည်။

"၁၆။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်များ ဗဟိုကောင်စီ တက္ကသိုလ် ပညာရေး အဖွဲ့များကောင်စီ၊ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့နှင့် တက္ကသိုလ်ပညာရေးအဖွဲ့ အသီးသီးတွင် ရာထူးအလျောက်အဖွဲ့ဝင်များမှတပါး အခြားအဖွဲ့ဝင်များ၏ သက်တမ်းမှာသုံးနှစ်ဖြစ်ရမည်။"

# ၁၉၆၅ ခုနှစ်၊ ခါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၆။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အမည်၊ အာဏာတည်သည့်နေ့ရက်နှင့် အဓိပ္ပါယ်ဖေါ်ပြချက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၅ ခုနှစ်၊ ခါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ အစိုးရက အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်၊ စကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ် သက်ဝင်စေရမည်။

(က) '' ကော်ပိုရေးရှင်း '' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ၊ တည်ထောင်သော ခါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းကို ဆိုလိုသည်။

(ခ) '' ခါတ်သတ္တု '' ဆိုသည်မှာ၊ ၁၉၅၇ ခုနှစ်၊ သတ္တုအခွင့်အရေးဆိုင်ရာနည်းဥပဒေများတွင်အဓိပ္ပါယ်ဖေါ်ပြထားသော သတ္တုတခုခုကိုငင်း၊ အသက်မြန်မာနိုင်ငံ ပတ္တမြားရက်ကူလေးရှင်း ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသော ကျောက်မျက်ရတနာကိုငင်း၊ ကျောက်စိမ်းတွင်း ရက်ဂူလေးရှင်းဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသော ကျောက်စိမ်းကိုငင်း၊ မြန်မာနိုင်ငံ သစ်တော နည်းဥပဒေများတွင် ကျောက်စိမ်း၊ ပယင်းများဟုခေါ်တွင်သော ကျောက်များကိုငင်း၊ ဆိုလိုသည်။

(ဂ) '' ခါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်း '' ဆိုသည်မှာ၊ မည်သည့် ခါတ်သတ္တုပစ္စည်းကိုမဆို စူးစမ်း၊ ရှာဖွေ၊ တူးဖေါ် ထုတ်လုပ်သော လုပ်ငန်းတခုခုကိုဆိုလိုသည်။

## အခန်း ၂။

### ကော်ပိုရေးရှင်းဖွဲ့စည်းအုပ်ချုပ်ပုံ။

၃။ ။(၁) အစိုးရသည်၊ ဤဥပဒေ၏ ရည်ရွယ်ချက် ထမြောက်အောင်မြင် စေရန်အလို့ငှါ '' ခါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း '' ဟု ခေါ် သည့် ကော်ပိုရေးရှင်းတခုကို တည်ထောင်ရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ မိမိပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ ဤဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ ကော်ပိုရေးရှင်းသို့ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို ရယူခွင့်၊ လက်ရှိထားခွင့်၊ သို့မဟုတ် ပိုင်ဆိုင်ခွင့်လည်း ရှိရမည်။ ထို့ပြင် ကော်ပိုရေးရှင်းသည်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ၁၉၆၂ ခုနှစ်၊ ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း ဥပဒေအရ တည်ထောင်သော " ရေနံဓါတ်နှင့်ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း " ပိုင်ပစ္စည်းနှင့် ကြွေးမြီတာဝန် အားလုံးကို ကော်ပိုရေးရှင်းက ဆက်ခံရမည့်ပြင်၊ အဆိုပါဥပဒေအရ တည်ထောင်ထားသော ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေ ထုတ်လုပ်ရေး ကော်ပိုရေးရှင်းက ချုပ်ဆိုခဲ့သော ပဋိညာဉ်အားလုံးကိုလည်း ကော်ပိုရေးရှင်းက ချုပ်ဆိုသည်ဟုမှတ်ယူရမည်။

၄။ ။အစိုးရသည်၊ သင့်တော်သော ပုဂ္ဂိုလ်တဦးအား၊ ဤဥပဒေပါ ကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ ညွှန်ကြားရေးဝန်ချုပ်အဖြစ်ခန့်ထားရမည်။

၅။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စများဆောင်ရွက်ရန် အလို့ငှါ၊ ညွှန်ကြားရေးဝန်ချုပ်၏တာဝန်ဝတ္တရားများကို သတ်မှတ်ရမည့်ပြင်၊ ညွှန်ကြားရေးဝန်ချုပ်အားသော်၎င်း၊ ကော်ပိုရေးရှင်း၏ အခြားရာထမ်းများအားသော်၎င်း၊ မိမိ၏တာဝန်ဝတ္တရားနှင့်အာဏာအချို့ကိုလွှဲအပ်နိုင်သည်။

၆။ ။အစိုးရသည်၊ လိုအပ်လျှင် ညွှန်ကြားရေးဝန်ချုပ်၏လစာနှင့်စရိတ်ကြေးငွေများကိုသတ်မှတ်နိုင်သည်။

၇။ ။အစိုးရသည်၊ ကော်ပိုရေးရှင်း၏ဓါတ်သတ္တုပစ္စည်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအတွက်ကြီးကြပ်အုပ်ချုပ်သူများကိုအခြားအစိုးရရာထမ်းများထဲမှရွေးချယ်ခန့်ထားနိုင်သည်။

၈။ ။အစိုးရသည်၊ ကြီးကြပ်အုပ်ချုပ်သူများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ရမည့်ပြင်၊ လိုအပ်ပါက ထိုကြီးကြပ်အုပ်ချုပ်သူတို့အတွက် အခကြေးငွေများကိုလည်း သတ်မှတ်ရမည်။

## အခန်း ၃။

### ကော်ပိုရေးရှင်း၏အာဏာနှင့်တာဝန်ဝတ္တရားများ။

၉။ ။(၁) တည်ဆဲ အခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ဓါတ်သတ္တုပစ္စည်းပင်ရင်းအခြေအမြစ်များတူးဖော်ထုတ်လုပ်ခြင်း၊ တိုးချဲ့လုပ်ကိုင်ခြင်း၊ အသုံးချခြင်းနှင့်ထိန်းသိမ်းခြင်းသည်၊ ကော်ပိုရေးရှင်း၏တာဝန်ဝတ္တရားများဖြစ်ရမည်

ခြင်၊ ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း ကော်ပိုရေးရှင်းက ကြည့်ရှုစစ်ဆေး၍ ကြီးကြပ်အုပ်ချုပ်ရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ ပုဒ်မခွဲ (၁) တွင်ဖေါ်ပြထားသော တာဝန်ဝတ္တရားများနှင့် ဆက်သွယ်၍၊ ပေါ်ပေါက်လာသော ကိစ္စများကိုင်း၊ ထိုတာဝန်ဝတ္တရားများဆောင်ရွက်ရာ၌ အကျိုးရှိမည်၊ သို့မဟုတ် သင့်လျော်မည်ဟု မိမိထင်မြင်သောကိစ္စများကိုင်း၊ ဆောင်ရွက်ရမည်။ အထူးအားဖြင့်၊ ဤပုဒ်မ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ အောက်ပါကိစ္စများကိုဆောင်ရွက်ရမည်။

(က) အစိုးရသဘောတူညီပြီးဖြစ်သော အခြေခံတိုးတက်မှု စီမံကိန်းတခုခုနှင့်မဆန့်ကျင်သည့် ဓါတ်သတ္တုပစ္စည်း ပင်ရင်းအခြေအမြစ်များကို တူးဖေါ်ထုတ်လုပ်ရေး၊ တိုးချဲ့လုပ်ကိုင်ရေး၊ အသုံးချရေးနှင့် သုတေသနပြုလုပ်ရေးအတွက် စီမံကိန်းများရေးဆွဲခြင်း။
(ခ) ထုတ်ကုန်ပစ္စည်းများကို ကောင်းမွန်တိုးတက်စေရန် ပြုလုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းနှင့်ဖြန့်ဖြူးခြင်း။
(ဂ) သင်တန်းများဖွင့်လှစ်ခြင်း၊ ဗဟုသုတရစေရန်ပညာပေးခြင်း၊ စမ်းသပ်လုပ်ကိုင်ခြင်းနှင့် သုတေသနလုပ်ငန်းများ စီစဉ်လုပ်ကိုင်ခြင်း။
(ဃ) ဓါတ်သတ္တုပစ္စည်း စူးစမ်းခြင်းနှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေခြင်းအတွက်လုပ်ဆောင်ခြင်း။
(င) ဓါတ်သတ္တုပစ္စည်းများထိန်းသိမ်းခြင်း။
(စ) ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်း။

(၃) အစိုးရသည်၊ ရေနံဓါတ်အက်ဥပဒေ (The Petroleum Act)၊ သို့မဟုတ် ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများအက်ဥပဒေ (The Explosives Act)၊ သို့မဟုတ် သတ္တုတွင်းအက်ဥပဒေ (The Mines Act)၊ သို့မဟုတ် ရေနံမြေအက်ဥပဒေ (The Oil-fields Act) သက်ဆိုင်ရာရာအရ၊ ပေါက်ကွဲစေတတ်သည့်ဝတ္ထုပစ္စည်းကြည့်ရှုစစ်ဆေးရေး အရာရှိချုပ် (The Chief Inspector of Explosives)၊ အားဖြစ်စေ၊ သတ္တုတွင်းကြည့်ရှုစစ်ဆေးရေးအရာရှိချုပ် (The Chief Inspector of Mines) အားဖြစ်စေ၊ ရေနံမြေအုပ်ချုပ်ရေးမှူး (The Warden) အားဖြစ်စေ၊ အပ်နှင်းထားသောအာဏာနှင့် တာဝန်ဝတ္တရားများကို၊ အဆိုပါအက်ဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ကော်ပိုရေးရှင်းကသုံးစွဲဆောင်ရွက်ရမည်ဟု အမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားနိုင်သည်။

(၄) ကော်ပိုရေးရှင်းသည်၊ ဓါတ်သတ္တုပစ္စည်း စူးစမ်းမှု (Exploration)၊ သို့မဟုတ် ရှာဖွေမှု (Prcspecting)၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှု (Mining) ပြုလုပ်ရာ၌ အဆိုပါစူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှုနှင့်သက်ဆိုင်သည့် တရားဥပဒေများပါ လိုအပ်ချက်များမှ ကင်းလွတ်စေရမည်။ ဤရာတွင် ထိုတရားဥပဒေများတွင်ပါရှိသည့် အဆိုပါစူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှုဆိုင်ရာ စံနစ်တကျ လုပ်ငန်းဆောင်ရွက်မှုစည်း

မျဉ်းသတ်မှတ်ချက်များ၊ ဆေးအန္တရာယ် ကာကွယ်ရေးပြဋ္ဌာန်းချက်များကိုလိုက်နာ ဆောင်ရွက်ရမည်။

၁၀။ ။ပုဒ်မ ၉ ပါပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ ကော်ပိုရေးရှင်းသည် အောက်ပါကိစ္စများကို ဆောင်ရွက်ရန်အာဏာရှိရမည်။

(က) ဤဥပဒေအရ၊ ပြဋ္ဌာန်းထားသောတာဝန်ဝတ္တရားများကိုဆောင်ရွက်ရန်အလို့ငှါ၊ ကော်ပိုရေးရှင်း၏ ရ-သုံးမှန်းခြေ ငွေစာရင်းနှင့်အညီ ငွေများသုံးစွဲခြင်း။

(ခ) အစိုးရကသတ်မှတ်သည့်စည်းကမ်းချက်များအရ၊ ခံဝန်ချုပ်များ၊ ဒီဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ်နှင့် အစု [စတော့ (စ်)] များထုတ်ပေးခြင်း။

(ဂ) အစိုးရကသတ်မှတ်သည့် စည်းကမ်းချက်များအရ၊ နိုင်ငံခြားမှဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှဖြစ်စေ၊ ငွေချေးယူသုံးစွဲခြင်း။

(ဃ) သတ္တုတွင်းတူးဖေါ်ရေးနှင့် စပ်လျဉ်း၍၊ မည်သည့်ကိစ္စမဆို အကြံဉာဏ်ပေး ပုဂ္ဂိုလ်ရွေးချယ်ခန့်ထားခြင်း၊ ထိုပုဂ္ဂိုလ်အားသင့်တော်သောအခနှင့် စရိတ်ကြေးငွေများပေးခြင်း။

(င) ကော်ပိုရေးရှင်း၏လုပ်ငန်းဆောင်တာများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လက်အောက်ခံအဖွဲ့များဖွဲ့စည်းခြင်း။

(စ) အောက်ပါကိစ္စအားလုံးနှင့်ဖြစ်စေ၊ အချို့နှင့်ဖြစ်စေ၊စပ်လျဉ်း၍ စည်းကမ်းဥပဒေများပြုခြင်း။

(၁) အစိုးရကခွင့်ပြုသည့်အရေအတွက်ထက်မပိုစေဘဲ၊ ကော်ပိုရေးရှင်း၏ ရာထမ်းမှုထမ်းများခန့်ထားခြင်း၊ နုတ်ပယ်ခြင်း၊ ထိုရာထမ်းမှုထမ်းများ၏ လစာ၊ စရိတ်ကြေးငွေနှင့်အခြားအမှုထမ်း စည်းကမ်းများသတ်မှတ်ခြင်း၊ ထိုရာထမ်း မှုထမ်းများ၏တာဝန်ဝတ္တရားများနှင့်အာဏာများသတ်မှတ်ခြင်း။

(၂) ကော်ပိုရေးရှင်း၏ ရာထမ်းမှုထမ်းများ သက်သာချောင်ချိရေးအတွက် သင့်တော်မည့်အိုနာစာရံပုံငွေနှင့် အခြားအထောက်အပံ့များစီမံပြုလုပ်ပေးခြင်း။

(၃) ကော်ပိုရေးရှင်း၏ကိုယ်စား စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးခြင်း။

## အခန်း ၄။

### ငွေရေးကြေးရေးနှင့်ငွေစာရင်းများ။

၁၁။ ။ကော်ပိုရေးရှင်းသည်၊ မိမိ၏ဝင်ငွေထွက်ငွေများနှင့်စပ်လျဉ်း၍၊ အခြားအစိုးရလက်အောက်ခံဘုတ်အဖွဲ့ကော်ပိုရေးရှင်းများနည်းတူ ရ-သုံးမှန်းခြေငွေစာရင်းကို အစိုးရထံတင်သွင်းရမည်။

၁၂။ ။ကော်ပိုရေးရှင်းသည်၊ မိမိ၏ဝင်ငွေအားလုံးကို၊ အစိုးရ ငွေစာရင်းသို့ ရငွေအဖြစ် ထည့်သွင်းရမည်။

၁၃။ ။ကော်ပိုရေးရှင်းသည်၊ မိမိ၏အသုံးစရိတ်များကို၊ အစိုးရက အခါအားလျော်စွာ ညွှန်ကြားသည့်နည်းလမ်းအတိုင်းထုတ်ယူသုံးစွဲရမည်။

၁၄။ ။(၁) ကော်ပိုရေးရှင်းသည်၊ လာမည့်ဘဏ္ဍာရေးနှစ်အတွက်၊ မိမိ၏ ရ-သုံးမှန်းခြေငွေစာရင်းကို၊ အစိုးရကသတ်မှတ်သည့်နေ့ရက်မတိုင်မီ၊ အစိုးရ၏ သဘောတူညီချက်ရရန်တင်သွင်းရမည့်ပြင်၊ အဆိုပါ ရ-သုံးမှန်းခြေငွေစာရင်းကို ပြင်သည့်နောက်ထပ် ရ-သုံးမှန်းခြေငွေစာရင်းကိုလည်း၊ အခါအားလျော်စွာ ထိုနည်းတူတင်သွင်းနိုင်သည်။

(၂) အစိုးရသဘောတူညီသည့် ငွေစာရင်းခေါင်းစဉ်လွှဲပြောင်း သုံးစွဲခြင်း စည်းမျဉ်းများနှင့်အညီမှတပါး မည်သည့်အသုံးစရိတ်ကိုမျှ၊ ပုဒ်မခွဲ (၁) အရ ခွင့်ပြုသည့် ရ-သုံးမှန်းခြေငွေစာရင်းတွင် သတ်မှတ်ထားသည်ထက်ပို၍ ကော်ပိုရေးရှင်းက ကျခံခြင်းမပြုရ။

၁၅။ ။(၁) ကော်ပိုရေးရှင်းသည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့်ငွေစာရင်းများကိုရင်း၊ ထိုငွေစာရင်းများနှင့် သက်ဆိုင်သည့် အခြားမှတ်တမ်းများကိုရင်း၊ အစိုးရ၏သဘောတူညီချက်ဖြင့် စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံနည်းစံနစ်နှင့်ပုံစံအတိုင်းထားရှိရမည်။ ထို့ပြင်ဘဏ္ဍာတော်နှစ်အသီးသီးနှင့်စပ်လျဉ်းသည့် ကော်ပိုရေးရှင်း၏နှစ်ချုပ်ငွေစာရင်းကိုလည်းကုန်သွယ်လုပ်ငန်းစည်းမျဉ်းများအတိုင်း စီစဉ်ရေးသားရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ အစိုးရက ညွှန်ကြားသည့် ကာလအပိုင်းအခြားများအတွက် ကော်ပိုရေးရှင်း၏ငွေစာရင်းရှင်းတမ်းအပြင်၊ အခြားရှင်းတမ်းနှင့် အစီရင်ခံစာများကိုပါ အစိုးရထံသို့ ပေးပို့ရမည်။

(၃) ကော်ပိုရေးရှင်း၏ ငွေစာရင်းများကို၊ စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို အစိုးရထံသို့တင်ပြရမည်။

(၄) ကော်ပိုရေးရှင်းသည်၊ စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီးနောက်၊ မှတ်ပုံတင်စာရင်းစစ်များအား ခန့်ထားနိုင်သည်။ ထိုစာရင်းစစ်များသည်၊ အစိုးရ၏သဘောတူညီချက်ဖြင့် ကော်ပိုရေးရှင်း၏ ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း စစ်ဆေးနိုင်သည်။

(၅) ကော်ပိုရေးရှင်း၏ ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ ကော်ပိုရေးရှင်းသည်၊ အစိုးရထံသို့ ထိုနှစ်ချုပ်စာရင်း မိတ္တူတစောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူတစောင်နှင့်တကွ တင်ပြရမည်။

၁၆။ ။ကော်ပိုရေးရှင်းသည်၊ တန်ဘိုး ယုတ်လျော့မှု အတွက် နှုန်းများကို၊ အစိုးရက စာရင်းစစ်ချုပ်နှင့်ညှိနှိုင်းတိုင်ပင်၍ ပြဋ္ဌာန်းသည့်နှုန်းများနှင့် စည်းကမ်းများအတိုင်းသတ်မှတ်ရမည်။

## အခန်း ၅။

### ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသော ကြွေးမြီများကို ပေးဆပ်ရန်ပျက်ကွက်မှုသော အမှုအခင်းများတွင်၊ ကော်ပိုရေးရှင်း၏ အခွင့်အရေးများနှင့် အာဏာများ။

၁၇။ ။(၁) မည်သည့်ပုဂ္ဂိုလ်မဆို ခေါ်သတ္တု ပစ္စည်း တူးဖေါ် ထုတ်လုပ်ရေးလုပ်ငန်းမဆို၊ စာချုပ်စာတမ်းများအရ၊ ကော်ပိုရေးရှင်းသို့ ပေးဆပ်ရမည့် ကြွေးမြီများကို ပေးဆပ်ရန် ပျက်ကွက်ပါသော်လည်း၊ ကော်ပိုရေးရှင်းနှင့် ချုပ်ဆိုထား

သော စာချုပ် စာတမ်းပါ စည်းကမ်းချက် တခုခုကို လိုက်နာရန် ပျက်ကွက်လျှင် သော်၎င်း၊ ကော်ပိုရေးရှင်းမှာ၊ တည်ဆဲအခြား တရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ အဆိုပါလုပ်ငန်းကို၊ သို့မဟုတ် ၎င်း၏အုပ်ချုပ် စီမံခန့်ခွဲမှုကို သိမ်းယူနိုင်ခွင့်ရှိရမည်။

(၂) တူးဖေါ်ထုတ်လုပ်ရရှိသည့် ဓါတ်သတ္တုပစ္စည်းများ၊ သို့မဟုတ် သတ္တုရိုင်းများကို၊ အဆိုပါပုဂ္ဂလိကပိုင် ဓါတ်သတ္တု ပစ္စည်း တူးဖေါ် ထုတ်လုပ် ရေး လုပ်ငန်းက အာမခံအဖြစ် ထားရှိလျှင်၊ ကော်ပိုရေးရှင်းမှာ ထိုဓါတ်သတ္တု ပစ္စည်း၊ သို့မဟုတ် သတ္တုရိုင်းများ ပေါ်တွင် ရရှိသည့် အခွင့် အရေးများအတိုင်း၊ ထိုဓါတ်သတ္တုပစ္စည်း၊ သို့မဟုတ်သတ္တုရိုင်းများမှ လုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ၊ ထုတ်လုပ်သည့်ပစ္စည်းများပေါ်တွင် အခွင့်အရေးများရရှိစေရမည်။

(၃) ကော်ပိုရေးရှင်းသည် မိမိအား အာမခံ အဖြစ် ပေးသွင်းထားသော၊ သို့မဟုတ် ပေါင်နှံထားသော၊ သို့မဟုတ်လွှဲအပ်ထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ မိမိထုတ်ချေးသည့် ငွေဟူသရွေ့ကို၎င်း၊ ထိုသို့ထုတ်ချေးသည့်ငွေအပေါ်တွင်တောင်းခံနိုင်သောအတိုး အားလုံးကို၎င်း၊ ထိုငွေထုတ်ချေးရာတွင် ဖြစ်စေ၊ အရတောင်းခံရာတွင်ဖြစ်စေ၊ ကုန်ကျသည့်စရိတ်များကို၎င်း၊ အဆိုပါပုဂ္ဂလိကပိုင် ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းထံမှဖြစ်စေ၊ ထိုထုတ်ချေးငွေ ပေးဆပ်ရန်ခံဝန်သူတဦးဦးထံမှဖြစ်စေ၊ မြေခွန်တော်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့အရတောင်းခံနိုင်သည်။

(၄) ပုဒ်မခွဲ (၁) အရ၊ ကော်ပိုရေးရှင်းက ပုဂ္ဂလိကပိုင် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းတခုခုကို၊ သို့မဟုတ် အုပ်ချုပ်စီမံခန့်ခွဲမှုကို သိမ်းယူလျှင်၊ ကော်ပိုရေးရှင်းမှာ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နည်းလမ်းတကျကုန်ကျသောစရိတ်ကြေးငွေများကို လုပ်ငန်းပိုင်ရှင်ထံမှ ပြန်လည်ရယူနိုင်ခွင့်ရှိရမည်။ ထိုသို့ သိမ်းယူခြင်းဖြင့်၊ သို့မဟုတ် ပုဒ်မခွဲ (၃) အရ၊ တောင်းခံခြင်းဖြင့် ရရှိ ထားသော ငွေများကို၊ ပဋိညာဉ်စာချုပ်တွင်အခြားနည်းအတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိလျှင်၊ ယုံကြည်အပ်နှံထားသောငွေအဖြစ်ဖြင့်၊ ကော်ပိုရေးရှင်းကလက်ဝယ်ထားရှိနိုင်၍၊ ထိုငွေမှ ထိုသို့သိမ်းယူခြင်း၊ သို့မဟုတ် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ ကုန်ကျသောစရိတ်ငွေများကို ပဌမအဆင့်အနေဖြင့်၎င်း၊ ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသော ကြွေးမြီများကို ဒုတိယ အဆင့်အနေဖြင့်၎င်း၊ ခုနှိမ်ခြင်းဖြင့် ကော်ပိုရေးရှင်းက ရယူနိုင်သည်။ ထိုသို့ရယူပြီးနောက် ကျန်ရှိနေသောငွေများကို ရသင့်ရထိုက်သူအား ကော်ပိုရေးရှင်းက ထုတ်ပေးရမည်။

(၅) ပုဒ်မခွဲ (၁) အရ၊ ကော်ပိုရေးရှင်းက ပုဂ္ဂလိကပိုင် ဓါတ်သတ္တုပစ္စည်းတူးဖေါ်ထုတ်လုပ်ရေး လုပ်ငန်းတခုခုကို သိမ်းယူလိုက်သည့်အခါ၊ အဆိုပါလုပ်ငန်းက တရားစွဲဆိုသည့်၊ သို့မဟုတ် အဆိုပါလုပ်ငန်းကိုတရားစွဲဆိုသည့် တရားမမှုများအတွက် ကော်ပိုရေးရှင်းသည်၊ အဆိုပါလုပ်ငန်း၏ပိုင်ရှင်ဖြစ်သည်ဟုမှတ်ယူရမည့်ပြင်၊ အဆိုပါလုပ်ငန်း၏ ပိုင်ရှင်အမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

၁၈။ ။အောက်ပါ အကြောင်း တခုခု ဖြစ်ပေါ်လျှင် ပဋိညာဉ်စာချုပ်တွင် မည်သို့ပင်ပါရှိစေကာမူ၊ ကော်ပိုရေးရှင်းသည်၊ မိမိက ငွေထုတ်ချေးထားသော

မည်သည့်ပုဂ္ဂလိကပိုင် ဓါတ်သတ္တုပစ္စည်းတူးဖေါ် ထုတ်လုပ်ရေး လုပ်ငန်းထံမှမဆို၊ ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသောကြွေးမြီကိုအပြည့် ပြန်လည်ပေးဆပ်စေရန်စာဖြင့် ရေးသား၍တောင်းဆိုနိုင်သည်။

(က) ငွေထုတ်ချေးရန် လျှောက်ထားခဲ့စဉ်က၊ အရေးကြီးသော အချက်နှင့် စပ်လျဉ်း၍ မှားယွင်းသော၊ သို့မဟုတ် မမှန်ကန်သော အကြောင်း အရာကို ဖေါ်ပြသည်ဟု အစိုးရက ထင်မြင်ယူဆလျှင်၊ သို့မဟုတ်

(ခ) ချေးယူသောငွေနှင့်စပ်လျဉ်း၍ ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ် ရေးလုပ်ငန်းက၊ စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက် ကွက်လျှင်၊ သို့မဟုတ်

(ဂ) ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းသည် တင်ရှိနေ သောကြွေးမြီကို ပေးဆပ်နိုင်လိမ့်မည်မဟုတ်ဟုသော်၎င်း၊ ၎င်း၏ လုပ်ငန်းများရပ်ဆိုင်းရန် အကြောင်းများ ပေါ်ပေါက် နေ သည် ဟူ၍သော်၎င်း၊ အစိုးရက ထင်မြင်ယူဆရန် လုံလောက်သော အကြောင်းရှိလျှင်၊ သို့မဟုတ်

(ဃ) ဓါတ်သတ္တုပစ္စည်း တူးဖေါ်ထုတ်လုပ်ရေးလုပ်ငန်းက ချေးယူသည့်ငွေ အတွက်ကော်ပိုရေးရှင်းအား လွှဲအပ်ထားသော၊ သို့မဟုတ်ပေါင်နှံ ထားသောပစ္စည်းများနှင့်စပ်လျဉ်း၍ကော်ပိုရေးရှင်းကြေနပ်လောက် သောအာမခံကို လုပ်ငန်းပိုင်ရှင်က ဆုံးပါးပျက်စီးမှု မရှိအောင် ထားနိုင်ခြင်း၊ သို့မဟုတ်ဆက်လက်ထားနိုင်ခြင်းမပြုလျှင်၊ ထိုပြင်ထိုသို့ လွှဲအပ်ထားသော၊ သို့မဟုတ် ပေါင်နှံထားသောပစ္စည်းသည်အထူး ပင် တန်ဘိုးယုတ်လျော့လာ၍ အာမခံထပ်လောင်း ဖြည့်တင်းရန် တောင်းဆိုပါသော်လည်း အာမခံထပ်လောင်း ဖြည့်တင်းခြင်းမပြု လျှင်၊ သို့မဟုတ်

(င) အာမခံပစ္စည်းအဖြစ် ပေးသွင်းထားသောစက်နှင့်စက်ကိရိယာပစ္စည်း အားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ကော်ပိုရေးရှင်း၏ သဘောတူညီချက်မရရှိဘဲ၊ ပုဂ္ဂလိကပိုင်ဓါတ်သတ္တုပစ္စည်းတူးဖေါ် ထုတ်လုပ်ရေးလုပ်ငန်းမှ ရွှေ့ပြောင်းသယ်ယူပြီး ပြန်လည်အစားထိုး ထားခြင်းမရှိလျှင်၊ သို့မဟုတ်

(စ) မည်သည့်အကြောင်းကြောင့်မဆို၊ ကော်ပိုရေးရှင်း၏အကျိုးစီးပွါးကို ကာကွယ်ရန်လိုအပ်လာလျှင်။

## အခန်း ၆။

### အထွေထွေ

၁၉။ ။ကော်ပိုရေးရှင်း၏ ရာထမ်းမှုထမ်းများသည်၊ ဤဥပဒေအရ ဆောင်ရွက် နေစဉ်၊ သို့မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သော အပြုအမူကိုပြုနေစဉ်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်း များဖြစ်သည်ဟု မှတ်ယူရမည်။

၂၀။ ။ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သည့်၊ သို့မဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့် ကိစ္စတခုခုအတွက်၊ မည်သူ့ကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ၊ မစွဲဆိုရ။

၂၁။ ။ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် အစိုးရသည် အမိန့်ကြော်ငြာဖြင့် နည်းဥပဒေများပြုနိုင်သည်။

၂၂။ ။အစိုးရသည်၊ ကော်ပိုရေးရှင်းထံမှ အမှုတွဲများ၊ အစီရင်ခံစာများ၊ သို့မဟုတ် ခန့်မှန်းခြေငွေစာရင်းများကိုကြည့်ရှုလို၍ တောင်းယူလျှင် ကော်ပိုရေးရှင်းက တင်ပြရမည်။

၂၃။ ။ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက်၊ လျှင်မြန်နိုင်သမျှလျှင်မြန်စွာ၊ အစိုးရထံသို့ ကော်ပိုရေးရှင်းသည် လွန်ခဲ့သည့်နှစ်အတွင်း ကော်ပိုရေးရှင်းက ဆောင်ရွက်ခဲ့သမျှသောကိစ္စများနှင့်စပ်လျဉ်း၍၊ အုပ်ချုပ်မှုအစီရင်ခံစာတစောင်ကိုကော်ပိုရေးရှင်းက ကျင့်သုံးခဲ့သောမူဝါဒနှင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ် အကြောင်းအရာဖော်ပြချက်နှင့်အတူတင်သွင်းရမည်။

၂၄။ ။၁၉၆၂ ခုနှစ်၊ ရေနံဓါတ်နှင့်ဓါတ် သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်းဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၉) ကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ထိုသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်စေရမည်။

# ၁၉၆၅ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၇။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၅ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်။

၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံ အဖွဲ့ အစည်းအားလုံး၏ရငွေအားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာ ရံပုံငွေသို့ ထည့်သွင်း၍၊ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံ အဖွဲ့ အစည်း အားလုံး၏အသုံးစရိတ်အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ ။(၁) ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် စုစုပေါင်း ကျပ်ငွေ ရှစ်ရာကုဋေ အထိ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊ အစိုးရငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ် များထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမှမဆို ငွေချေးယူနိုင် သည်။ ထိုကဲ့သို့ ငွေချေးသောအခါ၊ မိမိသင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ချေးယူရရှိသော ငွေအားလုံးကို၊ တစုတပေါင်း တည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေတွင် ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရရှိသည့် ချေးငွေများ အတွက် ပြန်ဆပ်ရန် ငွေရင်းနှင့် အတိုးကိုရင်း၊ ကုန်ကျသည့်စရိတ်ငွေများကိုရင်း၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှထုတ်ပေးရမည်။

၄။ ။အောက်ပါ ဇယားတွင် ဖေါ်ပြရာပါ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဘဏ္ဍာရေးကော်မိတီနှင့် တာဝန်ခံ အသီးသီးသည်၊ မိမိနှင့် တပြေးတည်းဖေါ်ပြထားသော အသုံးစရိတ်များအတွက် ဆက်လက်၍ ဖေါ်ပြသည့် ငွေစုစုပေါင်းအထိ၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နေ့မှ၊ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်းသုံးစွဲနိုင်သည်။

| အမှတ်စဉ် (၁) | တာဝန်ခံ (၂) | အသုံးစရိတ်အမည် (၃) | ဂုစုပေါင်းငွေ (၄) | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား (၅) |
|---|---|---|---|---|
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ဘဏ္ဍာရေးကော်မီတီ။ | တော်လှန်ရေးကောင်စီ | ၄,၀၄,၇၆,၉၉၀ | နောက်ဆက်တွဲ ဇယား(က)။ |
| ၂ | ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး အစိုးရဘဏ္ဍာရေးဌာန တာဝန်ခံ။ | ပြည်ထောင်စု၏ အသုံး စရိတ်များ။ | ၁,၇၄,၁၁,၂၄,၂၅၀ | နောက်ဆက်တွဲ ဇယား (ခ)။ |
| ၃ | ရှမ်းပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ အသုံး စရိတ်များ။ | ၂,၃၇,၃၀,၀၇၀ | နောက်ဆက်တွဲ ဇယား(ဂ)။ |
| ၄ | ကချင်ပြည်နယ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏အသုံး စရိတ်များ။ | ၁,၃၆,၃၉,၃၉၀ | နောက်ဆက်တွဲ ဇယား(ဃ)။ |
| ၅ | ကယားပြည်နယ် ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ကယားပြည်နယ်၏ အသုံးစရိတ်များ။ | ၅၃,၀၀,၃၆၀ | နောက်ဆက်တွဲ ဇယား(င)။ |
| ၆ | ကော်သူးလေ ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ကော်သူးလေ၏အသုံး စရိတ်များ။ | ၁,၁၀,၂၀,၀၂၀ | နောက်ဆက်တွဲ ဇယား(စ)။ |
| ၇ | ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး အစိုးရ ဘဏ္ဍာရေး ဌာနတာဝန်ခံ။ | အစိုးရ လက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြား အဖွဲ့အစည်းများ၏ အသုံးစရိတ်များ။ | ၁၂,၀၄,၁၀,၄၆,၀၀၀ | နောက်ဆက်တွဲ ဇယား(ဆ)။ |
| ၈ | ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး အစိုးရ ဘဏ္ဍာရေး ဌာန တာဝန်ခံ။ | အစိုးရ လက်အောက်ခံ ဒေသန္တရအဖွဲ့အစည်း များ၏ အသုံးစရိတ် များ။ | ၇,၅၇,၉၂,၄၃၀ | နောက်ဆက်တွဲ ဇယား(ဇ)။ |

နောက်ဆက်တွဲဇယား(က)

## တော်လှန်ရေးကောင်စီ၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စု ခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ရင်းနှီး မြှုပ်နှံငွေနှင့် ချေးငွေနှင့်ကြိုတင် ထုတ်ပေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| တော်လှန်ရေးကောင်စီ ... | ၃,၉၅,၆၃,၉၉၀ | ၁၉,၁၃,၀၀၀ | ... | ၄,၁၄,၇၆,၉၉၀ |

နောက်ဆက်တွဲဇယား (ခ)

# ပြည်ထောင်စု၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့် ခ ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့်ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| တော်လှန်ရေးအစိုးရအဖွဲ့နှင့်ဌာနဆိုင်ရာ | ၈၇,၃၈,၀၀၀ | ၁,၃၉,၀၀၀ | .... | ၈၈,၇၇,၀၀၀ |
| ပြည်ထဲရေး .... .... | ၁၂,၉၉,၈၇,၀၀၀ | ၂,၄၁,၉၅,၀၀၀ | .... | ၁၅,၄၁,၈၂,၀၀၀ |
| ပြန်ကြားရေး .... .... | ၂,၉၀,၈၉,၆၀၀ | ၄၇,၉၀,၀၀၀ | .... | ၃,၃၈,၇၉,၆၀၀ |
| တရားရေး .... .... .... | ၂,၂၁,၇၁,၀၀၀ | ၁၂,၄၄,၀၀၀ | .... | ၂,၃၄,၁၅,၀၀၀ |
| ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး .... | ၄,၂၂,၄၆၀ | ၈,၀၀၀ | .... | ၄,၃၀,၄၆၀ |
| လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး .... | ၁,၅၂,၅၃,၁၉၀ | ၈,၀၇,၀၀၀ | .... | ၁,၆၀,၆၀,၁၉၀ |
| နိုင်ငံခြားရေး .... .... | ၁,၀၆,၈၁,၀၀၀ | ၂၂,၆၆,၀၀၀ | .... | ၁,၂၉,၄၇,၀၀၀ |
| အမျိုးသားစီမံကိန်း .... .... | ၄၀,၆၂,၀၀၀ | ၁,၈၃,၀၀၀ | .... | ၄၂,၄၅,၀၀၀ |
| ကာကွယ်ရေး .... .... | ၄၄,၈၂,၀၀,၀၀၀ | ၈,၇၀,၀၀,၀၀၀ | .... | ၅၃,၅၂,၀၀,၀၀၀ |
| ပညာရေး .... .... .... | ၂၀,၁၃,၆၃,၉၄၀ | ၁,၉၇,၀၃,၀၀၀ | .... | ၂၂,၁၀,၆၆,၉၄၀ |
| ကျန်းမာရေး .... .... | ၈,၂၅,၉၃,၀၀၀ | ၁,၂၃,၉၄,၀၀၀ | .... | ၉,၄၉,၈၇,၀၀၀ |
| အလုပ်သမား .... .... | ၃၁,၀၆,၀၀၀ | ၅၀,၀၀၀ | .... | ၃၁,၅၆,၀၀၀ |
| ယဉ်ကျေးမှု .... .... | ၂၆,၄၀,၀၀၀ | ၄,၃၄,၀၀၀ | .... | ၃၀,၇၄,၀၀၀ |

| | | | | | |
|---|---|---|---|---|---|
| လူမှုဝန်ထမ်းနှင့်သာသနာရေး .... | .... | ၄၈,၅၃,၉၅၀ | ၅,၀၆,၀၀၀ | .... | ၅၃,၅၉,၉၅၀ |
| ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | .... | ၁၉,၅၉,၀၀၀ | ၂၅,၀၀၀ | .... | ၁၉,၈၄,၀၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေး | .... | ၅,၇၃,၈၆,၀၀၀ | ၇,၄၂,၄၁,၀၀၀ | .... | ၁၃,၁၆,၂၇,၀၀၀ |
| လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး.... | .... | ၁,၇၅,၉၅,၀၀၀ | ၂၄,၄၂,၀၀၀ | .... | ၂,၀၀,၃၇,၀၀၀ |
| စက်မှုလက်မှု .... | .... | ၂၃,၇၉,၈၅၀ | ၄,၈၇,၀၀၀ | .... | ၂၈,၆၆,၈၅၀ |
| သတ္တုတွင်း .... | .... | ၁,၈၈,၃၀၀ | ၄,၀၀၀ | .... | ၁,၉၂,၃၀၀ |
| သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး | .... | ၄,၄၈,၉၉,၇၀၀ | ၂,၆၁,၄၁,၀၀၀ | .... | ၇,၁၀,၄၀,၇၀၀ |
| ပြည်သူ့လုပ်ငန်းနှင့်အိမ်ယာဆောက်လုပ်ရေး | .... | ၃,၄၃,၁၂,၀၀၀ | ၄,၈၅,၂၈,၀၀၀ | .... | ၈,၂၈,၄၀,၀၀၀ |
| ဘဏ္ဍာရေးနှင့်အခွန် .... | .... | ၃,၆၃,၄၀,၀၀၀ | ၂၈,၂၂,၀၀၀ | .... | ၃,၉၁,၆၂,၀၀၀ |
| ကုန်သွယ်ရေး .... | .... | ၃၆,၉၈,၀၀၀ | .... | .... | ၃၆,၉၈,၀၀၀ |
| သမဝါယမ .... | .... | ၇၂,၇၁,၉၆၀ | ၂,၆၂,၀၀၀ | .... | ၇၅,၃၃,၉၆၀ |
| ပင်ရှင်လစာငွေများနှင့်ဆုငွေများ | .... | ၄,၆၉,၈၀,၄၀၀ | .... | .... | ၄,၆၉,၈၀,၄၀၀ |
| ချင်းရေးရာအုပ်ချုပ်ရေး .... | .... | ၅၉,၇၂,၀၀၀ | ၄၀,၇၅,၄၀၀ | .... | ၁,၀၀,၄၇,၄၀၀ |
| ဆုငွေများနှင့်တလုံးတည်းပင်ရှင်ငွေများ | .... | ၁,၃၉,၀၀,၀၀၀ | .... | .... | ၁,၃၉,၀၀,၀၀၀ |
| လုပ်ငန်းများတိုးချဲ့နိုင်ရန်အတွက်ရာထားငွေ | .... | ၅,၀၀,၀၀,၀၀၀ | .... | .... | ၅,၀၀,၀၀,၀၀၀ |
| အတိုးနှင့်ကြွေးမြီပေးဆပ်ခြင်းအတွက်ကုန်ကျစရိတ် | .... | .... | .... | ၇,၁၈,၃၅,၄၀၀ | ၇,၁၈,၃၅,၄၀၀ |
| ထောက်ပံ့ငွေများ .... | .... | .... | .... | ၂,၁၈,၈၃,၁၅၀ | ၂,၁၈,၈၃,၁၅၀ |
| ချေးငွေများနှင့်ကြိုတင်တုတ်ပေးငွေများ | .... | .... | .... | ၄,၇၈,၈၇,၇၉၀ | ၄,၇၈,၈၇,၇၉၀ |
| ပေါင်း | .... | ၁,၂၈,၅၉,၇၁,၅၁၀ | ၃၁,၃၅,၄၆,၄၀၀ | ၁၄,၁၆,၀၆,၃၄၀ | ၁,၇၄,၁၁,၂၄,၂၅၀ |

# ရှမ်းပြည်နယ်၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ရင်းနှီးမြှုပ်နှံငွေနှင့်ချေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ရှမ်းပြည်နယ်ဦးစီးအဖွဲ့ .... .... | ၄,၈၆,၀၁၀ | .... | | ၄,၈၆,၀၁၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... .... | ၂၂,၁၆,၁၅၀ | ၄,၂၂,၄၀၀ | | ၂၆,၃၈,၅၅၀ |
| မြန်ကြားရေး .... .... | ၃,၉၈,၁၇၀ | ၅၁,၆၀၀ | | ၄,၄၉,၈၅၀ |
| ပညာရေး .... .... | ၆၂,၅၀,၃၅၀ | ၈,၂၈,၅၀၀ | | ၇၀,၇၈,၈၅၀ |
| ကျန်းမာရေး .... .... | ၄၁,၈၆,၅၂၀ | ၂၀,၃၂,၁၅၀ | | ၆၂,၁၁,၆၇၀ |
| ယဉ်ကျေးမှု .... .... | ၈၃,၈၄၀ | ၃၆,၃၀၀ | | ၁,၂၀,၁၄၀ |
| သာသနာရေး .... .... | ၄၅,၀၀၀ | ၁,၄၀၀ | | ၄၆,၄၀၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၃,၁၄,၃၃၀ | ၁,၂၅,၀၀၀ | | ၄,၃၉,၃၃၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... | ၂၉,၃၂,၅၀၀ | ၂၂,၇၁,၀၀၀ | | ၅၂,၀၃,၅၀၀ |
| ဘဏ္ဍာရေးနှင့်အခွန် .... .... | ၄,၀၂,၃၇၀ | .... | | ၄,၀၂,၃၇၀ |
| ပင်ရှင်လစာငွေများနှင့်ဆုငွေများ .... | ၄,၉၆,၄၀၀ | .... | | ၄,၉၆,၄၀၀ |
| ဆုငွေများနှင့်တလုံးတည်းပင်ရှင်ငွေများ .... | ၁,၅၀,၀၀၀ | .... | | ၁,၅၀,၀၀၀ |
| ပေါင်း .... | ၁,၇၉,၆၁,၆၄၀ | ၅၇,၆၈,၄၃၀ | | ၂,၃၇,၃၀,၀၇၀ |

နောက်ဆက်တွဲဇယား(သ)

# ကချင်ပြည်နယ်၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီရင်းနှီးမြှုပ်နှံငွေနှင့်ချေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကချင်ပြည်နယ်ဦးစီးအဖွဲ့ .... .... | ၅,၃၉,၄၂၀ | ၁,၃၅,၃၀၀ | | ၆,၇၄,၇၂၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... .... | ၈,၁၈,၂၄၀ | ၁,၃၅,၄၀၀ | | ၉,၅၃,၆၄၀ |
| ပြန်ကြားရေး .... .... | ၂,၆၅,၁၃၀ | ၁,၀၂,၇၀၀ | | ၃,၆၇,၈၃၀ |
| ပညာရေး .... .... | ၃၈,၉၀,၈၁၀ | ၃,၄၉,၅၀၀ | | ၄၂,၄၀,၃၁၀ |
| ကျန်းမာရေး .... .... | ၁၉,၅၀,၈၂၀ | ၅,၉၆,၂၀၀ | | ၂၅,၄၇,၀၂၀ |
| ယဉ်ကျေးမှု .... .... | ၄၀,၃၅၀ | ၁၀,၇၀၀ | | ၅၁,၀၅၀ |
| သာသနာရေး .... .... | ၁၆,၄၇၀ | ၂၀,၉၀၀ | | ၃၇,၃၇၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၁,၆၃,၁၃၀ | .... | | ၁,၆၃,၁၃၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... | ၂၁,၅၈,၇၂၀ | ၁၆,၁၄,၀၀၀ | | ၃၇,၇၂,၇၂၀ |
| ဘဏ္ဍာရေးနှင့်အခွန် .... .... | ၄,၈၉,၃၀၀ | ၃၀၀ | | ၄,၈၉,၆၀၀ |
| ပင်စင်လစာငွေများနှင့်ဆုငွေများ .... | ၂,၅၂,၀၀၀ | .... | | ၂,၅၂,၀၀၀ |
| ဆုငွေများနှင့်တလုံးတည်းပင်စင်ငွေများ .... | ၉၀,၀၀၀ | .... | | ၉၀,၀၀၀ |
| ပေါင်း .... | ၁,၀၆,၇၄,၃၉၀ | ၂၉,၆၅,၀၀၀ | | ၁,၃၆,၃၉,၃၉၀ |

နောက်ဆက်တွဲဇယား (ဂ)

# ကယားပြည်နယ်၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေ သည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေဂ္ဂုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ရင်းနှီးမြှုပ်နှံငွေနှင့်ချေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကယားပြည်နယ်ဦးစီးအဖွဲ့ .... .... | ၃,၆၆,၁၉၀ | ၁,၆၈,၈၆၀ | | ၅,၃၅,၀၅၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... .... | ၂,၄၄,၅၃၀ | ၁,၁၅,၀၇၀ | | ၃,၅၉,၆၀၀ |
| မြန်ကြားရေး .... .... | ၆၄,၆၀၀ | ၄,၃၅၀ | | ၆၈,၉၅၀ |
| ပညာရေး .... .... .... | ၅,၅၇,၆၄၀ | ၂,၃၇,၀၀၀ | | ၇,၉၄,၆၄၀ |
| ကျန်းမာရေး .... .... .... | ၆,၁၆,၀၀၀ | ၃,၅၆,၅၇၀ | | ၉,၇၃,၃၇၀ |
| ယဉ်ကျေးမှု .... .... .... | ၂၀,၅၀၀ | .... | | ၂၀,၅၀၀ |
| ကယ်ဆယ်ရေး .... .... | ၂,၅၀၀ | .... | | ၂,၅၀၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၉၃,၆၃၀ | .... | | ၉၃,၆၃၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... | ၅,၃၃,၂၇၀ | ၁၀,၆၂,၅၅၀ | | ၂၃,၉၅,၀၂၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၃၅,၄၅၀ | .... | | ၃၅,၄၅၀ |
| ပင်ရှင်လစာငွေများနှင့် ဆုငွေများ .... | ၀,၀၀၀ | .... | | ၀,၀၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ .... | ၄,၀၅၀ | .... | | ၄,၀၅၀ |
| ပေါင်း .... | ၂၅,၅၅,၉၆၀ | ၂၇,၄၄,၄၀၀ | | ၅၃,၀၀,၃၆၀ |

## ကော်သူးလေ၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ — သာမန်အသုံးစရိတ် | ခွဲဝေသည့်ငွေ — ငွေလုံးငွေရင်းအသုံးစရိတ် | ခွဲဝေသည့်ငွေ — ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ ရင်းနှီးမြှုပ်နှံငွေနှင့်ချေးငွေ | ပေါင်း |
|---|---|---|---|---|
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကော်သူးလေဦးစီးအဖွဲ့ .... .... | ၄,၇၄,၇၀၀ | ၂,၉၀၀ | | ၄,၇၇,၆၀၀ |
| မြို့ပြနယ်ပိုင်ရေးအုပ်ချုပ်ရေး .... ... | ၄,၁၄,၈၉၀ | ၃,၆၆,၇၀၀ | | ၇,၈၁,၅၉၀ |
| ပြန်ကြားရေး .... .... | ၂,၄၆,၀၀၀ | ၁,၂၄,၉၀၀ | | ၃,၇၀,၉၀၀ |
| ပညာရေး .... .... .... | ၃၆,၉၅,၅၆၀ | ၉,၁၅,၃၀၀ | | ၄၆,၁၀,၈၆၀ |
| ကျန်းမာရေး .... .... | ၁၁,၃၀,၆၅၀ | ၃,၇၆,၇၀၀ | | ၁၅,၀၇,၃၅၀ |
| ယဉ်ကျေးမှု .... .... | ၄၈,၉၂၀ | ၉၁,၃၀၀ | | ၁,၄၀,၂၂၀ |
| သာသနာရေး .... .... | ၁၃,၅၉၀ | .... | | ၁၃,၅၉၀ |
| ကယ်ဆယ်ရေး .... .... | ၁၉,၄၀၀ | .... | | ၁၉,၄၀၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၄,၂၂,၂၄၀ | ၁,၀၃,၁၀၀ | | ၅,၂၅,၃၄၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... | ၄,၅၀,၀၇၀ | ၂၅,၂၅,၉၀၀ | | ၂၉,၇၅,၉၇၀ |
| ဘဏ္ဍာရေးနှင့်အခွန် .... .... | ၃,၀၆,၅၀၀ | ၂,၅၀၀ | | ၃,၀၉,၀၀၀ |
| ပင်စင်လစာငွေများနှင့်ဆုငွေများ .... | ၃၂,၀၀၀ | .... | | ၃၂,၀၀၀ |
| ဆငွေများနှင့်တလုံးတည်းပင်စင်ငွေများ .... | ၆၅,၀၀၀ | .... | | ၆၅,၀၀၀ |
| ပေါင်း .... | ၇၃,၁၉,၅၂၀ | ၄၅,၀၉,၃၀၀ | | ၁,၁၈,၂၈,၈၂၀ |

နောက်ဆက်တွဲဇယား (ဆ)

## အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | အတိုးနှင့်ကြွေးမြီ၊ ချေးငွေ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း .... | ၅၆,၄၃,၈၀,၀၀၀ | ၁၀,၈၉,၉၅,၀၀၀ | ၁,၁၂,၃၉,၀၀၀ | ၆၈,၄၆,၁၄,၀၀၀ |
| စက္ကူစက်နှင့် ဓါတုဗေဒလုပ်ငန်းအဖွဲ့ .... | ၄,၄၀,၀၀၀ | ၃,၅၂,၉၈,၀၀၀ | .... | ၃,၅၇,၃၈,၀၀၀ |
| စက်မှုလက်မှု မြှင့်တင်ရေးဘုတ်အဖွဲ့ .... | ၂,၅၂,၀၀၀ | .... | .... | ၂,၅၂,၀၀၀ |
| ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးဘုတ်အဖွဲ့ .... | ၄,၅၅,၀၀၀ | ၄,၇၉,၀၀၀ | .... | ၉,၃၄,၀၀၀ |
| မြေယာကျေးလက်ကြီးပွါးတိုးတက်ရေး ကော်ပိုရေးရှင်း | ၁၉,၉၂,၄၃,၀၀၀ | ၁၀,၁၉,၈၃,၀၀၀ | ၅၁,၂၂,၀၀၀ | ၃၀,၆၃,၄၈,၀၀၀ |
| ပြည်သူ့ပုလဲနှင့်ငါးလုပ်ငန်းအဖွဲ့ .... | ၂၁,၆၃,၆၀,၀၀၀ | ၇၁,၃၀,၀၀၀ | ၅,၀၀,၀၀၀ | ၂၂,၃၉,၉၀,၀၀၀ |
| ဗမာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်း .... | ၁၁,၆၄,၁၂,၀၀၀ | ၃၇,၁၅,၀၀၀ | .... | ၁၂,၀၁,၂၇,၀၀၀ |
| ရန်ကုန် ဆိပ်ကမ်း အုပ်ချုပ်ရေးအဖွဲ့ .... | ၂,၆၄,၈၆,၀၀၀ | ၆၄,၅၀,၀၀၀ | ၇၆,၇၈,၀၀၀ | ၄,၀၆,၁၄,၀၀၀ |
| ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ .... | ၇,၅၀,၂၁,၀၀၀ | ၇,၆၅,၅၂,၀၀၀ | .... | ၁၅,၁၅,၇၃,၀၀၀ |
| ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ .... | ၃,၇၆,၀၇,၀၀၀ | ၁,၀၄,၉၈,၀၀၀ | .... | ၄,၈၁,၀၅,၀၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထား အုပ်ချုပ်ရေးအဖွဲ့ | ၁၀,၈၆,၇၁,၀၀၀ | ၄,၂၈,၈၄,၀၀၀ | ၁,၂၄,၅၂,၀၀၀ | ၁၆,၄၀,၀၇,၀၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့။ | ၂,၁၉,၂၆,၀၀၀ | ၃၀,၀၈,၀၀၀ | .... | ၂,၄၉,၃၄,၀၀၀ |

| | | | | |
|---|---|---|---|---|
| မြန်မာနိုင်ငံဆေးသုတေသနကောင်စီ .... | ၇,၆၃,၀၀၀ | ၄,၆၀,၀၀၀ | .... | ၁၂,၂၃,၀၀၀ |
| တရုပ်-မြန်မာစီးပွါးရေးနှင့်ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် အကောင်အထည်ဖေါ်ရေးဘုတ်အဖွဲ့။ | ၁၄,၄၅,၀၀၀ | .... | .... | ၁၄,၄၅,၀၀၀ |
| ပင်လယ်ကူးသင်္ဘောကုန်တင်ကုန်ချအဖွဲ့ .... | ၁,၂၉,၁၈,၀၀၀ | ၉၉,၀၀၀ | .... | ၁,၃၀,၁၇,၀၀၀ |
| ဆိပ်ကမ်းအလုပ်သမားဘုတ်အဖွဲ့ .... | ၁၃,၃၇,၀၀၀ | ၅၀,၀၀၀ | .... | ၁၃,၈၇,၀၀၀ |
| ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ .... .... | ၇၀,၀၀၀ | ၁၆,၀၀၀ | .... | ၈၆,၀၀၀ |
| မသန်မစွမ်းဖြစ်လာသူများလူစဉ်မှီရေးနှင့်အလုပ်အကိုင်ရရှိရေးအဖွဲ့။ | ၂,၅၄,၀၀၀ | ၁,၄၂,၀၀၀ | .... | ၃,၉၆,၀၀၀ |
| သင်္ဘောသားများအလုပ်အကိုင်ကြီးကြပ်ရေးအဖွဲ့ .... | ၁၂,၀၀၀ | .... | .... | ၁၂,၀၀၀ |
| လူမှုဖူလုံရေးအဖွဲ့ .... .... | ၈၇,၈၂,၀၀၀ | ၃,၁၆,၀၀၀ | .... | ၉၀,၉၈,၀၀၀ |
| မြန်မာနိုင်ငံလက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ .... | ၂၀,၉၀,၀၀၀ | ၁၇,၅၃,၀၀၀ | .... | ၃၈,၄၃,၀၀၀ |
| ပြည်ထောင်စုယဉ်ကျေးမှုကောင်စီ .... | ၁၅,၃၆,၀၀၀ | ၈,၀၀,၀၀၀ | .... | ၂၃,၃၆,၀၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကောင်စီ။ | ၃၈,၆၇,၀၀၀ | ၈,၅၁,၀၀၀ | .... | ၄၇,၁၈,၀၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၊အလုပ်သမားများအလုပ်အကိုင် နေရာချထားရေးဘုတ်အဖွဲ့။ | ၁,၁၉,၈၅,၀၀၀ | ၇,၀၀၀ | .... | ၁,၁၉,၉၂,၀၀၀ |
| ဗုဒ္ဓသာသနာ့ကောင်စီ .... .... | ၂၀,၆၃,၀၀၀ | ၇,၉၅,၀၀၀ | ၁,၀၀၀ | ၂၈,၅၉,၀၀၀ |
| နိုင်ငံခြားရုပ်ရှင်ကားတင်သွင်းရေးအေဂျင်စီ .... | ၈၇,၇၀,၀၀၀ | ၁၉,၀၀၀ | .... | ၈၇,၈၉,၀၀၀ |
| မြဝတီပုံနှိပ်တိုက် .... .... | ၁၂,၃၉,၀၀၀ | ၇၈,၀၀၀ | .... | ၁၃,၁၇,၀၀၀ |
| စာပေဗိမာန်အုပ်ချုပ်မှုအဖွဲ့ .... .... | ၂,၃၀,၄၅,၀၀၀ | ၅၉,၄၁,၀၀၀ | .... | ၂,၈၉,၈၆,၀၀၀ |
| ကြေးမုံသတင်းစာတိုက် .... .... | ၂၈,၉၃,၀၀၀ | ၇၈,၀၀၀ | .... | ၂၉,၇၁,၀၀၀ |
| မိုလ်တထောင်သတင်းစာတိုက် .... – | ၉,၁၉,၀၀၀ | ၃၂,၀၀၀ | .... | ၉,၅၁,၀၀၀ |
| ဂါးဒီးယန်းသတင်းစာတိုက် .... .... | ၁၀,၉၂,၀၀၀ | ၂၁,၀၀၀ | .... | ၁၁,၁၃,၀၀၀ |

| | | | | |
|---|---|---|---|---|
| မြန်မာနိုင်ငံဆေးသုတေသနကောင်စီ .... | ၇,၆၃,၀၀၀ | ၄,၆၀,၀၀၀ | .... | ၁၂,၂၃,၀၀၀ |
| တရုပ်-မြန်မာစီးပွါးရေးနှင့်ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် အကောင်အထည်ဖော်ရေးဘုတ်အဖွဲ့။ | ၁၄,၄၅,၀၀၀ | .... | .... | ၁၄,၄၅,၀၀၀ |
| ပင်လယ်ကူးသင်္ဘောကုန်တင်ကုန်ချအဖွဲ့ .... | ၁,၂၉,၁၈,၀၀၀ | ၉၉,၀၀၀ | .... | ၁,၃၀,၁၇,၀၀၀ |
| ဆိပ်ကမ်းအလုပ်သမားဘုတ်အဖွဲ့ .... | ၁၃,၃၇,၀၀၀ | ၅၀,၀၀၀ | .... | ၁၃,၈၇,၀၀၀ |
| ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ .... .... | ၇၀,၀၀၀ | ၁၆,၀၀၀ | .... | ၈၆,၀၀၀ |
| မသန်မစွမ်းဖြစ်လာသူများလူစဉ်မှီရေးနှင့်အလုပ်အကိုင်ရရှိရေးအဖွဲ့။ | ၂,၅၄,၀၀၀ | ၁,၄၂,၀၀၀ | .... | ၃,၉၆,၀၀၀ |
| သင်္ဘောသားများအလုပ်အကိုင်ကြီးကြပ်ရေးအဖွဲ့ .... | ၁၂,၀၀၀ | .... | .... | ၁၂,၀၀၀ |
| လူမှုဖူလုံရေးအဖွဲ့ .... .... | ၈၇,၀၂,၀၀၀ | ၃,၁၆,၀၀၀ | .... | ၉၀,၉၈,၀၀၀ |
| မြန်မာနိုင်ငံလက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ .... | ၂၀,၉၀,၀၀၀ | ၁၇,၅၃,၀၀၀ | .... | ၃၈,၄၃,၀၀၀ |
| ပြည်ထောင်စုယဉ်ကျေးမှုကောင်စီ .... | ၁၅,၃၆,၀၀၀ | ၈,၀၀,၀၀၀ | .... | ၂၃,၃၆,၀၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မီတီ။ | ၃၈,၆၇,၀၀၀ | ၈,၅၁,၀၀၀ | .... | ၄၇,၁၈,၀၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၊အလုပ်သမားများအလုပ်အကိုင် နေရာချထားရေးဘုတ်အဖွဲ့။ | ၁,၁၉,၈၅,၀၀၀ | ၇,၀၀၀ | .... | ၁,၁၉,၉၂,၀၀၀ |
| ဗုဒ္ဓသာသနာ့ကောင်စီ .... .... | ၂၀,၆၃,၀၀၀ | ၇,၉၅,၀၀၀ | ၁,၀၀၀ | ၂ ,၅၉,၀၀၀ |
| နိုင်ငံခြားရုပ်ရှင်ကားတင်သွင်းရေးအေဂျင်စီ .... | ၈၇,၇၀,၀၀၀ | ၁၉,၀၀၀ | .... | ၈၇,၈၉,၀၀၀ |
| မြဝတီပုံနှိပ်တိုက် .... .... | ၁၂,၃၉,၀၀၀ | ၇၈,၀၀၀ | .... | ၁၃,၁၇,၀၀၀ |
| စာပေဗိမာန်အုပ်ချုပ်မှုအဖွဲ့ .... .... | ၂,၃၀,၄၅,၀၀၀ | ၅၉,၄၁,၀၀၀ | .... | ၂,၈၉,၈၆,၀၀၀ |
| ကြေးမုံသတင်းစာတိုက် .... .... | ၂၈,၉၃,၀၀၀ | ၇၈,၀၀၀ | .... | ၂၉,၇၁,၀၀၀ |
| မိုလ်တထောင်သတင်းစာတိုက် .... – | ၉,၁၉,၀၀၀ | ၃၂,၀၀၀ | .... | ၉,၅၁,၀၀၀ |
| ဂါးဒီးယန်းသတင်းစာတိုက် .... .... | ၁၀,၉၂,၀၀၀ | ၂၁,၀၀၀ | .... | ၁၁,၁၃,၀၀၀ |

နောက်ဆက်တွဲဇယား (ဆ)။ ။အဆုံး

## အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆုံး

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | အစိုးရနှင့်ကြွေးမြီ၊ ချေးငွေ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတိုက် .... | ၃၂,၉၂,၀၀၀ | ၈,၀၀၀ | .... | ၃၃,၀၀,၀၀၀ |
| ရေနံဓါတ်နှင့် ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း။ | ၁,၂၁,၆၉,၀၀၀ | ၇၅,၀၀,၀၀၀ | .... | ၁,၉၆,၆၉,၀၀၀ |
| ပြည်သူ့သောင်တွင်းလုပ်ငန်း .... .... | ၃,၇၉,၃၁,၀၀၀ | ၄၀,၀၀,၀၀၀ | .... | ၄,၁၉,၃၁,၀၀၀ |
| လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့ .... .... | ၅,၃၂,၇၃,၀၀၀ | ၄,၁၉,၆၃,၀၀၀ | .... | ၉,၅၂,၄၂,၀၀၀ |
| ပြည်သူ့ဆိုးအိမ်ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့။ | ၆၀,၀၂,၀၀ | ၁,၇၇,၆၀,၀၀၀ | .... | ၂,၃၇,၆၂,၀၀၀ |
| ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်း .... | ၃၀,၁၅,၆၉,၀၀၀ | ၂,၇၁,၀၀,၀၀၀ | .... | ၃၂ ၈၆ ၆၉,၀၀၀ |
| ပြည်ထောင်စုဘဏ် .... .... | ၂,၆၄,၀၉,၀၀၀ | ၁၅,၀၀၀ | .... | ၂,၆၄ ၂၄,၀၀၀ |
| နိုင်ငံတော်ကုန်သွယ်ရေးဝယ်ရေးဘဏ် .... | ၁,၈၉,၃၇,၀၀၀ | ၁၀,၅၂,၀၀၀ | ၆,၇၂,၀၀၀ | ၂ ၀၆,၆၁ ၀၀၀ |
| နိုင်ငံတော် စိုက်ပျိုးရေးဘဏ် .... .... | ၃၇,၅၂,၀၀၀ | ၁,၂၂,၀၀၀ | ၅၀,၃၁,၉၀,၀၀၀ | ၅၀,၇၀,၆၄,၀၀၀ |
| စက်မှုလက်မှုတိုးတက်ဖွံ့ဖြိုးရေးဘဏ် .... | ၈,၁၂,၀၀၀ | .... | .... | ၈,၁၂,၀၀၀ |
| ပြည်သူ့ဘဏ်များ .... .... | ၈၈,၀၄,၀၀၀ | ၁၄,၀၀၀ | .... | ၈၈,၉၈,၀၀၀ |

| | | | | | |
|---|---|---|---|---|---|
| ပြည်သူ့ငွေချေး .... | .... | ၁,၁၆,၅၉,၀၀၀ | ၁,၀၂,၀၀၀ | .... | ၁,၁၇,၆၁,၀၀၀ |
| ပြည်ထောင်စုအာမခံစံနစ်အဖွဲ့ .... | .... | ၂,၈၅,၅၈,၀၀၀ | ၁,၀၁,၀၀၀ | ၅၀,၀၀,၀၀၀ | ၃,၃၆,၅၉,၀၀၀ |
| နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ .... | .... | ၃၄,၇၀,၇၃,၀၀၀ | ၄,၈၉,၁၃,၀၀၀ | .... | ၃၉,၅၉,၈၆,၀၀၀ |
| ပြည်သူ့ရေနံလုပ်ငန်း .... | .... | ၃၂,၅၄,၆၅,၀၀၀ | ၄,၉၅,၀၀,၀၀၀ | .... | ၃၇,၄၉,၆၅,၀၀၀ |
| ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်း .... | .... | ၈,၂၁,၈၁,၆၀,၀၀၀ | ၃,၂၃,၀၀,၀၀၀ | .... | ၈,၂၅,၀၄,၆၀,၀၀၀ |
| ပေါင်း | .... | ၁၀,၈၅,၆၂,၈၄,၀၀၀ | ၆၃,၈၉,၈၈,၀၀၀ | ၅၄,၅၀,၅၄,၀၀၀ | ၁၂,၀၄,၁၀,၄၆,၀၀၀ |

နောက်ဆက်တွဲဇယား (ဈ)

# အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ရန်ကုန် မြူနီစီပါယ်အဖွဲ့ .... .... | ၂,၄၀,၂၃,၇၃၀ | ၁,၃၉,၂၆,၀၀၀ | ၇,၀၀,၄၀၀ | ၃,၀၆,၅၀,၉၃၀ |
| ရန်ကုန် တပ်မြို့အာဏာပိုင်အဖွဲ့.... .... | ၁,၇၀,၀၀၀ | .... | .... | ၁,၇၀,၀၀၀ |
| ပဲခူးမြူနီစီပါယ်အဖွဲ့ .... .... | ၆,၅၀,၇၈၀ | ၄,၄၉,၆၀၀ | ၂,၁၅၀ | ၁၁,၀၂,၅၃၀ |
| ပဲခူး ဒိစတြိတ်ကောင်စီ .... .... | ၂,၅၇,၄၃၀ | ၁,၅၃,၀၀၀ | ၁,၀၀၀ | ၄,၁၂,၂၃၀ |
| မင်္ဂလာဒုံတပ်မြို့အာဏာပိုင်အဖွဲ့ .... | ၂,၂၉,၂၂၀ | .... | ၃,၀၀၀ | ၂,၃၂,၂၂၀ |
| မှော်ဘီတပ်မြို့အာဏာပိုင်အဖွဲ့ .... .... | ၆၇,၁၃၀ | .... | .... | ၆၇,၁၃၀ |
| ညောင်လေးပင်မြူနီစီပါယ်အဖွဲ့.... .... | ၂,၀၂,၉၄၀ | ၄၀,၀၀၀ | ၁,၀၀၀ | ၂,၄၃,၉၄၀ |
| ရွှေကျင်မြူနီစီပါယ်အဖွဲ့ .... .... | ၅၅,၀၄၀ | .... | .... | ၅၅,၀၄၀ |
| ကြို့ပင်ကောက်မြူနီစီပါယ်အဖွဲ့ .... .... | ၁,၃၀,၇၅၀ | .... | .... | ၁,၃၀,၇၅၀ |
| လက်ပံတန်းမြူနီစီပါယ်အဖွဲ့ .... .... | ၁,၆၂,၅၃၀ | .... | .... | ၁,၆၂,၅၃၀ |
| မင်းလှမြူနီစီပါယ်အဖွဲ့ .... .... | ၁,၀၄,၀၉၀ | .... | .... | ၁,၀၄,၀၉၀ |
| နတ္တလင်းမြူနီစီပါယ်အဖွဲ့ .... .... | ၁,၃၇,၀၆၀ | ၄,၀၀၀ | ၁,၀၀၀ | ၁,၄၂,၀၆၀ |
| သုံးဆယ်မြူနီစီပါယ်အဖွဲ့ .... .... | ၁,၃၄,၆၂၀ | ၁၀,၅၀၀ | .... | ၁,၅၃,၁၂၀ |
| ဇီးကုန်းမြူနီစီပါယ်အဖွဲ့ .... .... | ၁,၃၃,၄၁၀ | .... | .... | ၁,၃၃,၄၁၀ |

| | | | | | | |
|---|---|---|---|---|---|---|
| သံလျင်မြို့နီစီပါယ်အဖွဲ့ | .... | .... | ၄,၃၇,၁၇၀ | ၁,၇၉,၂၀၀ | ၁,၃၀၀ | ၆,၁၇,၆၇၀ |
| သုံးခွမြို့နီစီပါယ်အဖွဲ့ | .... | .... | ၁,၃၃,၂၀၀ | ၉,၀၀၀ | ၁,၀၀၀ | ၁,၄၃,၂၀၀ |
| ပြည်မြို့နီစီပါယ်အဖွဲ့ | .... | .... | ၃,၇၆,၄၀၀ | ၆၀,၀၀၀ | ၂,၅၀၀ | ၄,၃၈,၉၁၀ |
| ပြည်ဒိစတြိတ်ကောင်စီ | .... | .... | ၃,၀၇,၅၂၀ | ၅,၃၀၀ | ၃,၀၀၀ | ၃,၁၅,၈၂၀ |
| ပေါင်းတည်မြို့နီစီပါယ်အဖွဲ့ | .... | .... | ၁,၆၈,၀၃၀ | ၁,၀၃,၇၀၀ | ၅၀၀ | ၂,၇၂,၂၃၀ |
| ရွှေတောင်မြို့နီစီပါယ်အဖွဲ့ | .... | .... | ၈၂,၆၁၀ | .... | .... | ၈၂,၆၁၀ |
| တောင်ငူမြို့နီစီပါယ်အဖွဲ့ | .... | .... | ၄,၀၃,၅၄၀ | ၁,၄၇,၅၀၀ | .... | ၅,၅၁,၀၄၀ |
| တောင်ငူဒိစတြိတ်ကောင်စီ | .... | .... | ၂,၄၁,၁၂၀ | ၁,၂၇,၀၀၀ | ၂,၀၀၀ | ၃,၇၀,၉၂၀ |
| ဖြူးမြို့နီစီပါယ်အဖွဲ့ | .... | .... | ၁,၀၇,၀၀၀ | ၁၀,၀၀၀ | .... | ၁,၁၇,၀၀၀ |
| သာယာဝတီဒိစတြိတ်ကောင်စီ | .... | .... | ၂,၃၀,၅၀၀ | ၉၀,၄၀၀ | .... | ၃,၂၀,၉၀၀ |
| သာယာဝတီမြို့ကော်မီတီ | .... | .... | ၁,၂၁,၆၀၀ | .... | .... | ၁,၂၁,၆၀၀ |
| ဟံသာဝတီဒိစတြိတ်ကောင်စီ | .... | .... | ၁,၇၈,၀၆၀ | ၈၃,၀၀၀ | .... | ၂,၆၁,၀၆၀ |
| အင်းစိန်ဒိစတြိတ်ကောင်စီ | .... | .... | ၂,၀၅,၂၉၀ | .... | ၁,၀၀၀ | ၂,၀၆,၂၉၀ |
| ဒိုက်ဦးမြို့ကော်မီတီ | .... | .... | ၇၆,၀၅၀ | ၁,၅၆,၀၀၀ | .... | ၂,၃၂,၀၅၀ |
| ကျောက်တံခါးမြို့ကော်မီတီ | .... | .... | ၆၄,၆၀၀ | ၂၀,၀၀၀ | .... | ၈၄,၆၀၀ |
| ကဝမြို့ကော်မီတီ | .... | .... | ၁၆,၉၀၀ | .... | .... | ၁၆,၉၀၀ |
| မဒေါက်မြို့ကော်မီတီ | .... | .... | ၂၄,၀၅၀ | .... | ၁,၀၀၀ | ၂၅,၀၅၀ |
| ပြွန်တံဆာမြို့ကော်မီတီ | .... | .... | ၇၈,၃၁၀ | .... | ၂,၀၀၀ | ၈၀,၃၁၀ |
| ဝဲနွယ်ကုန်းမြို့ကော်မီတီ | .... | .... | ၇၉,၅၂၀ | .... | .... | ၇၉,၅၂၀ |
| သနပ်ပင်မြို့ကော်မီတီ | .... | .... | ၄၀,၁၅၀ | .... | .... | ၄၀,၁၅၀ |
| ဝေါမြို့ကော်မီတီ | .... | .... | ၃၄,၅၃၀ | ၆၃,၀၀၀ | .... | ၉၇,၅၃၀ |
| မိုးညိုမြို့ကော်မီတီ | .... | .... | ၃၇,၆၀၀ | .... | .... | ၃၇,၆၀၀ |
| အုတ်ဖိုမြို့ကော်မီတီ | .... | .... | ၈၃,၇၆၀ | ၆,၆၀၀ | .... | ၉၀,၃၆၀ |
| ခရမ်းမြို့ကော်မီတီ | .... | .... | ၈၉,၅၉၀ | .... | .... | ၈၉,၅၉၀ |
| ကျောက်တန်းမြို့ကော်မီတီ | .... | .... | ၆၆,၄၃၀ | .... | .... | ၆၆,၄၃၀ |

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆက်

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ — သာမန်အသုံးစရိတ် | ခွဲဝေသည့်ငွေ — ငွေလုံးငွေရင်းအသုံးစရိတ် | ခွဲဝေသည့်ငွေ — ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | ပေါင်း |
|---|---|---|---|---|
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကွမ်းခြံကုန်းမြို့ကော်မီတီ .... .... | ၄၈,၀၂၀ | .... | .... | ၄၈,၀၂၀ |
| တွံတေးမြို့ကော်မီတီ .... .... | ၁,၃၁,၅၅၀ | .... | .... | ၁,၃၁,၅၅၀ |
| လှည်းကူးမြို့ကော်မီတီ .... .... | ၅၂,၅၄၀ | ၁၀,၀၀၀ | .... | ၆၂,၅၄၀ |
| တိုက်ကြီးမြို့ကော်မီတီ .... .... | ၇၉,၆၀၀ | ၇၀,၀၀၀ | .... | ၁,၄၉,၆၀၀ |
| ပေါက်ခေါင်းမြို့ကော်မီတီ .... .... | ၂၀,၃၄၀ | .... | .... | ၂၀,၃၄၀ |
| ပန်းတောင်းမြို့ကော်မီတီ .... .... | ၂၀,၁၄၀ | .... | .... | ၂၀,၁၄၀ |
| ပုသိမ်မြူနီစီပါယ်အဖွဲ့ .... .... | ၅,၉၂,၃၉၀ | ၉၁,၄၀၀ | ၆,၀၀၀ | ၆,၈၉,၇၉၀ |
| ပုသိမ်ဒိစတြိတ်ကောင်စီ .... .... | ၃ ၁၇,၀၃၀ | ၇၅,၀၀၀ | .... | ၃,၉၂,၀၃၀ |
| ကျုံပျော်မြူနီစီပါယ်အဖွဲ့ .... .... | ၈၄,၁၃၀ | ၃၆,၄၀၀ | ၁,၀၀၀ | ၁,၂၁,၅၃၀ |
| ငါးသိုင်းချောင်းမြူနီစီပါယ်အဖွဲ့ .... .... | ၈၄,၆၂၀ | ၁၀,၅၀၀ | .... | ၉၅,၁၂၀ |
| ဟင်္သာတမြူနီစီပါယ်အဖွဲ့ .... .... | ၄,၉၀,၁၂၀ | ၅၅,၀၀၀ | .... | ၅,၄၅,၁၂၀ |
| ဟင်္သာတဒိစတြိတ်ကောင်စီ .... .... | ၁,၄၉,၂၃၀ | ၈၇,၀၀၀ | ၃,၀၀၀ | ၂,၃၉,၂၃၀ |
| ကြံခင်းမြူနီစီပါယ်အဖွဲ့ .... .... | ၅၈,၀၀၀ | ၁၀,၀၀၀ | .... | ၆၈,၀၀၀ |
| မြန်အောင်မြူနီစီပါယ်အဖွဲ့ .... .... | ၁,၂၂,၅၅၀ | ၁၂,၀၀၀ | .... | ၁,၃၅,၃၅၀ |

| | | | | |
|---|---|---|---|---|
| မြောင်းမြမြို့နယ်စီပါယ်အဖွဲ့ .... .... | ၂,၇၈,၀၀၀ | ၄၅,၀၀၀ | .... | ၃,၂၃,၀၀၀ |
| မြောင်းမြဒိစတြိတ်ကောင်စီ .... .... | ၂,၆၉,၈၆၀ | ၁,၁၁,၆၀၀ | .... | ၃,၈၁,၄၆၀ |
| မော်လမြိုင်ကျွန်းမြို့နယ်စီပါယ်အဖွဲ့ .... | ၂,၂၃,၇၃၀ | ၂၀,၀၀၀ | ၁,၀၀၀ | ၂,၄၄,၇၃၀ |
| ဝါးခယ်မမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၈၂,၄၀၀ | ၂၀,၀၀၀ | ၅၀၀ | ၂,၀၃,၇၀၀ |
| မအူပင်မြို့နယ်စီပါယ်အဖွဲ့ .... .... | ၂,၃၁,၄၄၀ | ၆၆,၀၀၀ | .... | ၂,၉၇,၄၄၀ |
| မအူပင်ဒိစတြိတ်ကောင်စီ .... .... | ၂,၃၃,၄၆၀ | ၁,၅၀,၀၀၀ | .... | ၃,၈၃,၄၆၀ |
| ဓနုဖြူမြို့နယ်စီပါယ်အဖွဲ့ .... .... | ၂,၀၄,၈၄၀ | .... | .... | ၂,၀၄,၈၄၀ |
| ညောင်တုံးမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၃၀,၂၂၀ | ၁၀,၀၀၀ | .... | ၁,၄၀,၂၂၀ |
| ဖျာပုံမြို့နယ်စီပါယ်အဖွဲ့ .... .... | ၂,၆၄,၈၇၀ | ၇၀,၁၀၀ | .... | ၃,၃၄,၉၇၀ |
| ဖျာပုံဒိစတြိတ်ကောင်စီ .... .... | ၈၇,၄၄၀ | ၃၅,၅၀၀ | .... | ၁,၂၂,၉၄၀ |
| ဘိုကလေးမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၃၁,၆၀၀ | ၂၀,၀၀၀ | .... | ၁,၅၁,၆၀၀ |
| ကျိုက်လတ်မြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၇၀,၅၀၀ | ၂၂,၀၀၀ | ၂,၀၀၀ | ၁,၉၄,၅၀၀ |
| ကနောင်မြို့ကော်မီတီ .... .... | ၃၄,၆၃၀ | .... | .... | ၃၄,၆၃၀ |
| ဇလွန်မြို့ကော်မီတီ .... .... | ၅၈,၄၀၀ | ၈,၉၀၀ | .... | ၆၇,၃၀၀ |
| အဖျောက်မြို့ကော်မီတီ .... .... | ၂၁,၅၉၀ | ၇,၄၀၀ | .... | ၂၈,၉၉၀ |
| ဒေးဒရဲမြို့ကော်မီတီ .... .... | ၉၂,၅၅၀ | ၁၅,၀၀၀ | .... | ၁,၀၇,၅၅၀ |
| သထုံမြို့နယ်စီပါယ်အဖွဲ့ .... .... | ၂,၆၅,၅၀၀ | ၁၉,၇၀၀ | ၁၂,၀၀၀ | ၂,၉၇,၂၀၀ |
| သထုံဒိစတြိတ်ကောင်စီ .... .... | ၁,၀၅,၇၄၀ | ၁၉,၅၀၀ | .... | ၁,၂၅,၂၄၀ |
| ကျိုက်ထိုမြို့နယ်စီပါယ်အဖွဲ့ .... .... | ၉၀,၇၉၀ | ၁၂,၀၀၀ | .... | ၁,၀၂,၇၉၀ |
| မော်လမြိုင်မြို့နယ်စီပါယ်အဖွဲ့ .... .... | ၁၄,၂၇,၀၃၀ | ၁,၉၈,၆၀၀ | ၄,၀၀၀ | ၁၆,၂၉,၆၃၀ |
| မော်လမြိုင်ဒိစတြိတ်ကောင်စီ .... .... | ၁,၇၅,၃၃၀ | .... | .... | ၁,၇၅,၃၃၀ |
| ထားဝယ်မြို့နယ်စီပါယ်အဖွဲ့ .... .... | ၃,၈၉,၀၉၀ | ၁၅,၀၀၀ | .... | ၄,၀၄,၀၉၀ |
| ထားဝယ်ဒိစတြိတ်ကောင်စီ .... .... | ၇၃,၇၀၀ | ၁၇,၀၀၀ | .... | ၉၀,၇၀၀ |
| မြိတ်မြို့နယ်စီပါယ်အဖွဲ့ .... .... | ၂,၈၂,၅၂၀ | ၄၂,၂၀၀ | .... | ၃,၂၄,၇၂၀ |
| မြိတ်ဒိစတြိတ်ကောင်စီ .... .... | ၆၅,၁၀၀ | ၉,၇၀၀ | .... | ၇၄,၀၀၀ |

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆက်

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ — သာမန်အသုံးစရိတ် | ခွဲဝေသည့်ငွေ — ငွေလုံးငွေရင်းအသုံးစရိတ် | ခွဲဝေသည့်ငွေ — ထောက်ပံ့ငွေ၊ အတိုးနှင့်ကြေးမြီ၊ ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | ပေါင်း |
|---|---|---|---|---|
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| စစ်တွေမြို့နယ်စီပါယ်အဖွဲ့ .... .... | ၆,၃၄,၁၆၀ | ၄,၅၀,၀၀၀ | .... | ၁၀,၈၄,၁၆၀ |
| စစ်တွေဒီစတြိတ်ကောင်စီ .... .... | ၂,၅၀,၅၅၀ | ၇၃,၆၀၀ | .... | ၃,၂၄,၁၅၀ |
| ကျောက်ဖြူမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၄၃,၇၄၀ | ၃၆,၈၀၀ | ၂,၀၀၀ | ၁,၈၂,၅၄၀ |
| ကျောက်ဖြူခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရရုံပုံငွေအဖွဲ့ | ၄၅,၀၈၀ | ၁၂,၂၀၀ | .... | ၅၇,၂၈၀ |
| သံတွဲမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၂၀,၈၁၀ | ၁၂,၈၀၀ | .... | ၁,၃၃,၆၁၀ |
| သံတွဲခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရရုံပုံငွေအဖွဲ့ .... | ၅၆,၇၉၀ | ၁၃,၀၀၀ | .... | ၆၉,၇၉၀ |
| မကွေးမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၅၃,၁၂၀ | ၄၂,၅၀၀ | .... | ၁,၉၅,၆၂၀ |
| မကွေးဒီစတြိတ်ကောင်စီ .... .... | ၁,၅၂,၇၃၀ | ၂၄,၂၀၀ | .... | ၁,၇၆,၉၃၀ |
| ချောက်မြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၅၁,၆၃၀ | ၁၀,၀၀၀ | .... | ၁,၆၁,၆၃၀ |
| တောင်တွင်းကြီးမြို့နယ်စီပါယ်အဖွဲ့ .... | ၂,၃၀,၂၆၀ | ၄၂,၈၀၀ | .... | ၂,၇၃,၀၆၀ |
| ရေနံချောင်းမြို့နယ်စီပါယ်အဖွဲ့ .... .... | ၂,၄၀,၄၈၀ | ၁၆,၉၀၀ | ၅,၀၀၀ | ၂,၆၂,၃၈၀ |
| မင်းဘူးမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၇၇,၉၂၀ | ၁၀,၀၀၀ | ၁,၀၀၀ | ၁,၈၈,၉၂၀ |
| မင်းဘူးဒီစတြိက်ကောင်စီ .... .... | ၂,၀၄,၆၇၀ | ၁၃,၂၀၀ | .... | ၂,၁၇,၈၇၀ |
| စလင်းမြို့နယ်စီပါယ်အဖွဲ့ .... .... | ၉၇,၆၀၀ | .... | .... | ၉၇,၆၀၀ |

| | | | | | |
|---|---|---|---|---|---|
| ပခုက္ကူမြို့နယ်စီပါယ်အဖွဲ့ .... | .... | ၃,၁၂,၅၀၀ | ၅,၀၀၀ | ၅,၀၀၀ | ၃,၂၂,၅၀၀ |
| ပခုက္ကူဒိစတြိတ်ကောင်စီ .... | .... | ၁,၇၃,၄၆၀ | ၆၂,၁၀၀ | .... | ၂,၃၅,၅၆၀ |
| သရက်မြို့နယ်စီပါယ်အဖွဲ့ .... | .... | ၁,၄၈,၅၉၀ | ၁၇,၅၀၀ | .... | ၁,၆၆,၀၉၀ |
| သရက်ဒိစတြိတ်ကောင်စီ .... | .... | ၁,၂၈,၉၂၀ | ၂၀,၀၀၀ | ၅,၅၀၀ | ၁,၆၂,၄၂၀ |
| အောင်လံမြို့နယ်စီပါယ်အဖွဲ့ .... | .... | ၁,၄၃,၂၆၀ | ၁၅,၀၀၀ | .... | ၁,၅၈,၂၆၀ |
| မန္တလေးမြို့နယ်စီပါယ်အဖွဲ့ .... | .... | ၃၆,၉၇,၆၀၀ | ၁၁,၃၀,၄၀၀ | ၄၈,၅၀၀ | ၄၈,၇၆,၅၀၀ |
| မန္တလေးဒိစတြိတ်ကောင်စီ ... | .... | ၁,၄၉,၀၃၀ | ၂၉,၅၀၀ | ၁,၀၀၀ | ၁,၇၉,၅၉၀ |
| မန္တလေး တပ်မြို့ အာဏာပိုင် အဖွဲ့ | .... | ၁,၄၈,၂၀၀ | ၃၁,၀၀၀ | ၃,၀၀၀ | ၁,၈၃,၀၀၀ |
| မေမြို့မြို့နယ်စီပါယ်အဖွဲ့ .... | .... | ၅,၂၀,၆၉၀ | ၆၃,၅၀၀ | ၂,၇၆၀ | ၅,၈၆,၉၅၀ |
| မေမြို့ တပ်မြို့အာဏာပိုင်အဖွဲ့ .... | .... | ၁,၀၆,၁၉၀ | .... | .... | ၁,၀၆,၁၉၀ |
| ဗထူးတပ်မြို့အာဏာပိုင်အဖွဲ့ .... | .... | ၇၀,၂၉၀ | .... | .... | ၇၀,၂၉၀ |
| ကျောက်ဆည်မြို့နယ်စီပါယ်အဖွဲ့ .... | .... | ၁,၄၄,၁၅၀ | ၁၃,၀၀၀ | ၂,၅၀၀ | ၁,၅၉,၆၅၀ |
| ကျောက်ဆည် ဒိစတြိတ် ကောင်စီ | .... | ၁,၇၂,၁၀၀ | ၃၀,၀၀၀ | ၂,၅၀၀ | ၂,၀၄,၆၀၀ |
| မိတ္ထီလာမြို့နယ်စီပါယ်အဖွဲ့ .... | .... | ၃,၄၇,၁၆၀ | ၃၅,၀၀၀ | ၇၂၀ | ၃,၈၂,၀၀၀ |
| မိတ္ထီလာဒိစတြိတ်ကောင်စီ .... | .... | ၁,၂၅,၀၀၀ | ၂၉,၄၀၀ | ၅၀၀ | ၁,၅၄,၉၀၀ |
| မိတ္ထီလာတပ်မြို့အာဏာပိုင်အဖွဲ့ .... | .... | ၈၂,၄၃၀ | ၇,၉၄၀ | .... | ၉၀,၃၇၀ |
| ရမည်းသင်းမြို့နယ်စီပါယ်အဖွဲ့ .... | .... | ၁,၇၁,၀၉၀ | ၁,၉၀၀ | ၁,၇၅၀ | ၁,၇၅,၅၄၀ |
| ရမည်းသင်းဒိစတြိတ်ကောင်စီ .... | .... | ၁,၆၃,၁၉၀ | ၁၆,၀၀၀ | ၁,၀၀၀ | ၁,၈၀,၁၉၀ |
| ပျဉ်းမနားမြို့နယ်စီပါယ်အဖွဲ့ .... | .... | ၂,၇၉,၀၅၀ | .... | ၃,၀၀၀ | ၂,၈၃,၆၅၀ |
| မြင်းခြံမြို့နယ်စီပါယ်အဖွဲ့ .... | .... | ၃,၅၉,၀၂၀ | .... | .... | ၃,၅၉,၀၂၀ |
| မြင်းခြံဒိစတြိတ်ကောင်စီ .... | .... | ၁,၀၂,၄၂၀ | .... | .... | ၁,၀၂,၄၂၀ |
| မြစ်ငယ်မြို့ကော်မီတီ .... | .... | ၂,၀၃၀ | .... | .... | ၂,၀၃၀ |
| မြစ်သားမြို့ကော်မီတီ .... | .... | ၄၀,၂၃၀ | ၉,၀၀၀ | .... | ၅၀,၀၃၀ |
| သာစည်မြို့ကော်မီတီ .... | .... | ၃၉,၅၆၀ | .... | .... | ၃၉,၅၆၀ |
| ပျော်ဘွယ်မြို့ကော်မီတီ .... | .... | ၁,၃၀,၅၁၀ | ၃,၄၀၀ | .... | ၁,၃၃,၉၁၀ |

နောက်ဆက်တွဲဇယား (၈)။ ။အဆုံး

## အစိုးရလက်အောက်ခံဒေသန္တရအဖွဲ့အစည်းများ၏အသုံးစရိတ်စာရင်း။ ။အဆုံး

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကျောက်ပန်းတောင်းမြို့ကော်မီတီ .... .... | ၁,၀၄,၁၉၀ | ၁၂,၀၀၀ | .... | ၁,၁၆,၁၉၀ |
| ညောင်ဦးမြို့ကော်မီတီ .... .... | ၁,၀၃,၆၀၀ | ၁၀,၀၀၀ | ၀၀၀ | ၁,၁၄,၀၀၀ |
| နွားထိုးကြီးမြို့ကော်မီတီ .... .... | ၃၆,၇၄၀ | .... | .... | ၃၆,၇၄၀ |
| တောင်သာမြို့ကော်မီတီ .... .... | ၇၉,၃၉၀ | ၅,၀၀၀ | ၅၀၀ | ၀၄,၀၉၀ |
| စစ်ကိုင်းမြို့နယ်စီပါယ်အဖွဲ့ .... .... | ၂,၄၅,၀၀၀ | ၂၀,၂၀၀ | .... | ၂,၆၅,၂၀၀ |
| စစ်ကိုင်းဒီစတြိတ်ကောင်စီ .... .... | ၆၃,၁၀၀ | ၂,၂၀,၀၀၀ | .... | ၂,၀၃,၁၀၀ |
| ရွှေဘိုမြို့နယ်စီပါယ်အဖွဲ့ .... .... | ၂,၉၀,၂၉၀ | ၉,၂၀၀ | .... | ၃,၀၇,၄၉၀ |
| ရွှေဘိုဒီစတြိတ်ကောင်စီ .... .... | ၃,၀၄,၆၀၀ | ၂၄,၀၀၀ | ၁,၀၀၀ | ၃,၂၉,၆၀၀ |
| ကသာမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၄၀,၄၆၀ | ၂၆,၅၀၀ | ၁,၀၀၀ | ၁,၆၇,၉၆၀ |
| ကသာဒီစတြိတ်ကောင်စီ .... .... | ၁,၉၂,၆၀၀ | ၁၀,၀၀၀ | .... | ၂,၀၂,၆၀၀ |
| ကောလင်းမြို့နယ်စီပါယ်အဖွဲ့ .... .... | ၉၀,၂၉၀ | ၅၀,၀၀၀ | .... | ၁,၄၀,၂၉၀ |
| မုံရွာမြို့နယ်စီပါယ်အဖွဲ့ .... .... | ၅,၂၅,၀၀၀ | ၄၆,၀၀၀ | ၄,၀၀၀ | ၅,၇၅,၀၀၀ |
| မုံရွာဒီစတြိတ်ကောင်စီ .... .... | ၃,၀၂,၇၉၀ | ၂၀,၃၀၀ | ၁,၀၀၀ | ၃,၃၂,၀၉၀ |
| မြင်းမူမြို့ကော်မီတီ .... .... | ၁,၀၂,၀၅၀ | ၁၀,၀၀၀ | .... | ၁,၂၀,၀၅၀ |

| | | | | |
|---|---|---|---|---|
| ရေဦးမြို့ကော်မီတီ .... .... | ၁,၁၁,၉၀၀ | ၁၁,၀၀၀ | ၁,၀၀၀ | ၁,၂၃,၉၀၀ |
| မော်လိုက် ခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရရုံပုံငွေအဖွဲ့ | ၁,၂၅,၅၆၀ | ၁၅,၀၀၀ | .... | ၁,၄၀,၅၆၀ |
| ကလေးမြူနီစီပါယ်အဖွဲ့ .... .... | ၁,၂၆,၂၇၀ | ၂၀,၀၀၀ | ၂,၉၀၀ | ၁,၄၉,၁၇၀ |
| တောင်ကြီးမြူနီစီပါယ်အဖွဲ့ .... .... | ၅,၉၇,၃၀၀ | ၉၂,၁၀၀ | ၂၁,၅၀၀ | ၇,၁၀,၉၀၀ |
| လားရှိုးမြူနီစီပါယ်အဖွဲ့ .... .... | ၃,၁၀,၀၀၀ | ၇၀,၃၀၀ | ၁,၁၀၀ | ၃,၈၁,၄၀၀ |
| အောင်ပန်းမြို့ကော်မီတီ .... .... | ၁,၀၈,၈၀၀ | ၈,၂၀၀ | .... | ၁,၁၇,၀၀၀ |
| ညောင်ရွှေမြို့ကော်မီတီ .... .... | ၉၆,၄၅၀ | ၂၅,၀၀၀ | .... | ၁,၂၁,၄၅၀ |
| လွိုင်လင်မြို့ကော်မီတီ .... .... | ၁,၀၀,၅၀၀ | ၇၀,၀၀၀ | .... | ၁,၇၀,၅၁၀ |
| သီပေါမြို့ကော်မီတီ .... .... | ၁,၄၁,၇၈၀ | ၆၃,၅၀၀ | .... | ၂,၀၅,၂၈၀ |
| ကျောက်မဲမြို့ကော်မီတီ .... .... | ၂,၅၀,၀၀၀ | ၁၅,၀၀၀ | .... | ၂,၆၅,၀၀၀ |
| ပင်လုံမြို့ကော်မီတီ .... .... | ၃၆,၇၀၀ | ၉,၀၀၀ | .... | ၄၅,၇၀၀ |
| မိုးနဲမြို့ကော်မီတီ .... .... | ၂၅,၀၀၀ | ၁၅,၂၀၀ | .... | ၄၀,၂၀၀ |
| မြစ်ကြီးနားမြူနီစီပါယ်အဖွဲ့ .... .... | ၂,၆၁,၈၆၀ | ၃၁,၉၀၀ | .... | ၂,၉၃,၇၆၀ |
| မြစ်ကြီးနားခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရရုံပုံငွေအဖွဲ့ | ၁,၂၁,၉၅၀ | ၅၇,၀၀၀ | .... | ၁,၇၈,၉၅၀ |
| ဗန်းမော်မြူနီစီပါယ်အဖွဲ့ .... .... | ၁,၈၈,၃၉၀ | ၃၅,၀၀၀ | ၁,၀၀၀ | ၂,၂၄,၃၉၀ |
| ဗန်းမော် ခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရရုံပုံငွေအဖွဲ့ | ၈၂,၃၃၀ | ၂၀,၀၀၀ | .... | ၁,၀၂,၃၃၀ |
| လွိုင်ကော်မြို့ကော်မီတီ .... .... | ၁,၁၂,၇၅၀ | ၆၉,၅၀၀ | .... | ၁,၈၂,၂၅၀ |
| ဘားအံမြူနီစီပါယ်အဖွဲ့ .... .... | ၁,၄၇,၅၀၀ | ၇၆,၅၀၀ | .... | ၂,၂၄,၀၀၀ |
| ဘားအံခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရ ရုံပုံငွေအဖွဲ့ | ၃၄,၀၀၀ | .... | ၆,၇၀၀ | ၄၀,၇၀၀ |
| ကော့ကရိတ်မြို့ကော်မီတီ .... .... | ၇၁,၀၀၀ | ၂၅,၉၀၀ | .... | ၉၆,၉၀၀ |
| ကော့ကရိတ်ခရိုင်ဝန်အုပ်ချုပ်သောဒေသန္တရရုံပုံငွေအဖွဲ့ | ၈,၈၂၀ | ၃,၀၀၀ | .... | ၁၁,၈၂၀ |
| ပလက်ဝခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရ ရုံပုံငွေအဖွဲ့ | ၅,၀၄၀ | ၅,၀၀၀ | .... | ၁၀,၀၄၀ |
| ကျိုင်းတုံမြို့ကော်မီတီ .... .... | ၂,၃၃,၇၉၀ | ၆၀,၀၀၀ | .... | ၂,၉၃,၇၉၀ |
| ပေါင်း .... | ၅,၄၂,၉၈,၂၁၀ | ၂,၀၆,၁၂,၈၄၀ | ၈,၈၁,၃၀၀ | ၇,၅၇,၉၂,၄၃၀ |

# ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစံနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၈။]

## နိဒါန်း။

တော်လှန်ရေးကောင်စီသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ၊ ဆိုရှယ်လစ်စံနစ်ကို တည်ဆောက်ရာတွင် ရှိပြီးဖြစ်သော စီးပွါးရေးစံနစ်များကိုပြောင်းလဲရပါမည်။ ရှိပြီးဖြစ်သော စီးပွါးရေးစံနစ်မှာ ပုဂ္ဂလိကပိုင်စီးပွါးရေးစံနစ်သာအဓိကဖြစ်နေပါသည်။

၎င်းစံနစ်ဟောင်းပေါ်တွင် အခြေပြု၍ဥပဒေများသည်လည်း ပုဂ္ဂလိကပိုင် စံနစ်ကို ကာကွယ်သည့်၊ အားပေးသည့်ဥပဒေများသာ ဖြစ်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီက ထူထောင်နေသည့် ဆိုရှယ်လစ်စီးပွါးရေးစံနစ်တွင် ပြည်သူပိုင်စံနစ်သည်သာ အဓိကဖြစ်ရာ၊ ဥပဒေဟောင်းများသည် စံနစ်သစ်ထူထောင်ရန်အတွက် မဆီလျော်ဖြစ်နေပါသည်။ ထို့ကြောင့်ဥပဒေဟောင်းများကို ဥပဒေသစ်များဖြင့် အစားထိုးရပါမည်။

တဖန်ဆိုရှယ်လစ် စီးပွါးရေးစံနစ်ကိုထူထောင်ရာ၌ မလိုလားသူများကအမျိုးမျိုးနှောက်ယှက်ဖျက်ဆီးလျက်ရှိနေပါသည်။ ၎င်းသူများ၏အန္တရာယ်များမှလည်း ကာကွယ်ရပါမည်။

အထက်ပါ အကြောင်းများကြောင့်၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အမည်၊ အာဏာတည်ရန်ရက်နှင့် အဓိပ္ပါယ်ဖေါ်ပြချက်။

၁။ ။(၁) ၎င်းဥပဒေကို၊ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ၎င်းဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင်ချက်ခြင်းအာဏာတည်ရမည်။

၂။ ။(၁) ၎င်းဥပဒေတွင် စာလုံးများသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) ''ဆိုရှယ်လစ် စီးပွါးရေးစံနစ်'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီက ၁၉၆၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ဝါဒသဘောထားကြေညာချက်အဖြစ် ထုတ်ပြန်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်တွင် ဖေါ်ပြသည့်အတိုင်း၊ သို့မဟုတ် ၎င်းလမ်းစဉ်၏ ဘောင်အတွင်း အခါအားလျော်စွာ

တော်လှန်ရေးကောင်စီက ထုတ် ပြန် ကျေ ညာ မည့် အတိုင်းဖြစ်သည်။

(ခ) ''စီးပွါးရေးလုပ်ငန်း'' ဆိုသည့် စကားရပ်တွင် ဥပဒေအရဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ ဖွဲ့စည်းထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူအစု၊ သို့မဟုတ် တဦးချင်း လုပ်ကိုင် ဆောင်ရွက်သည့် ကုန်ကြမ်း ကုန်ချော ထုတ်သည့်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သို လှောင်ရေး လုပ်ငန်း၊ ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်း၊ ကုန်ပစ္စည်းပွဲပြင်မွမ်းမံရေး လုပ်ငန်းနှင့် စီးပွါးရေးနှင့် သက်ဆိုင်သည့် အခြားမည်သည့် လုပ်ငန်း မဆိုပါဝင်သည်။

(ဂ) ''ပစ္စည်း'' ဆိုသည့် စကားရပ်တွင် အများပြည်သူက သော်၎င်း၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူတစုက သော်၎င်း၊ တဦးချင်းက သော်၎င်း၊ ပိုင်ဆိုင်သည့် သက် ရှိ သက် မဲ့ အရာဝတ္ထု အားလုံးပါဝင်သည်။

(ဃ) ''အလုပ်သမား'' ဆိုသည်မှာ၊ မိမိ၏ ကာယ အား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေရသူကိုဆိုသည်။

(င) ''လုပ်အားပေးမှု'' ဆိုသည်မှာ၊ လူ၏ လုပ် အားဖြင့် သော်၎င်း၊ တိရစ္ဆာန် အင်အားဖြင့် သော်၎င်း၊ သက်မဲ့ ကိရိယာဖြင့်သော်၎င်း၊ ဆောင်ရွက်ပေးမှုကိုဆိုလိုသည်။

(၂) ဤဥပဒေပါ စကားရပ်များ၏ အဓိပ္ပါယ် ကောက်ယူချက်နှင့် စပ်လျဉ်း၍ ဤကိစ္စအလို့ငှါ အစိုးရကခန့်ထားသည့် အဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။

## အခန်း ၂။

### လုပ်ပိုင်ခွင့်များ။

၃။ ။မည်သည့်စီးပွါးရေး လုပ်ငန်းကိုမဆို အစိုးရသည်၊ အောက်တွင်ဖော်ပြသည့်အတိုင်းလုပ်ပိုင်ခွင့်များရရှိစေရမည်။

(က) ပြည်သူပိုင်လုပ်ငန်းအဖြစ် အသစ်ထူထောင်ခြင်း။

(ခ) လုပ်ငန်း တခုလုံးကိုသော်၎င်း၊ အစိတ်အပိုင်းတခုကို သော်၎င်း၊ ပြည်သူပိုင်ပြုလုပ်ခြင်း။

(ဂ) လုပ်ငန်း တခုလုံးကိုသော်၎င်း၊ အစိတ်အပိုင်း တခုကို သော်၎င်း၊ ခေတ္တသိမ်း၍အသုံးပြုခြင်း။

(ဃ) လုပ်ငန်းတခုလုံးကို သော်၎င်း၊ အစိတ်အပိုင်း တခုကို သော်၎င်း၊ ငှါးရမ်း၍ကြီးကြပ်ကွပ်ကဲခြင်း။

(င) လုပ်ငန်း တခုလုံးကိုသော်၎င်း၊ အစိတ်အပိုင်း တခုကို သော်၎င်း၊ လုပ်ကိုင်ဆောင်ရွက်ပုံနှင့် ပတ်သက်၍ စည်းကမ်းချမှတ်ခြင်း ။

၄။ ။စီးပွါးရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် မည်သည့်ပစ္စည်းကိုမဆို အစိုးရသည်၊ အောက်တွင်ဖော်ပြသည့်အတိုင်းလုပ်ပိုင်ခွင့်များရရှိစေရမည်။

(က) ပြည်သူပိုင်ပြုလုပ်ခြင်း။
(ခ) ခေတ္တသိမ်း၍အသုံးပြုခြင်း။
(ဂ) အသုံးပြုမှု၊ သိုလှောင်မှု၊ ရောင်းဝယ်မှု၊ လွှဲပြောင်းမှု၊ သယ်ယူမှုများနှင့် ပတ်သက်၍ ဝင်ရောက်ပြီး ကြီးကြပ်ကွပ်ကဲခြင်း။
(ဃ) အသုံးပြုမှု၊ သိုလှောင်မှု၊ ရောင်းဝယ်မှု၊ လွှဲပြောင်းမှု၊ သယ်ယူမှုများနှင့်ပတ်သက်၍ စည်းကမ်းချမှတ်ခြင်း။

၅။ ။(၁) အစိုးရသည်၊ မည်သည့်ပစ္စည်းအတွက်မဆို အောက်ပါနှုန်းများကို သတ်မှတ်နိုင်စေရမည်။

(က) လက်ကားလက်လီရောင်းဈေးနှုန်း၊ ဝယ်ဈေးနှုန်း။
(ခ) ကုန်ကြမ်းကုန်ချောထုတ်လုပ်စရိတ်နှုန်း။
(ဂ) သိုလှောင်စရိတ်နှုန်း၊
(ဃ) သယ်ယူပို့ဆောင်စရိတ်နှုန်း။
(င) စစ်ဆေးစရိတ်နှုန်း။
(စ) ပြုပြင်မွမ်းမံစရိတ်နှုန်း။
(ဆ) ငှါးခနှုန်း။
(ဇ) အခြားလိုအပ်သည့်နှုန်းများ။

(၂) အစိုးရသည်၊ မည်သည့်ပစ္စည်းအတွက်မဆို အမျိုးအစားနှင့်အဆင့်အတန်းများကိုသတ်မှတ်နိုင်သည် ။

၆။ ။စီးပွါးရေးလုပ်ငန်းတွင်လုပ်ကိုင်နေသည့် မည်သည့်အလုပ်သမားကိုမဆို သတ်မှတ်သည့်နေရာတွင်သော်၎င်း၊ သတ်မှတ်သည့်အလုပ်ကိုသော်၎င်း၊ လုပ်ကိုင်စေရမည်ဟု အစိုးရကစည်းကမ်းချမှတ်နိုင်စေရမည်။

၇။ ။အစိုးရသည်၊ မည်သည့်လုပ်အားပေးမှုအတွက်မဆို၊ အခကြေးငွေများကို သတ်မှတ်ပေးနိုင်စေရမည်။ သို့ရာတွင် လူ၏လုပ်အားနှင့်ပတ်သက်၍မူအနည်းဆုံးအခကြေးငွေဥပဒေနှင့်မဆန့်ကျင်စေရ။

၈။ ။အစိုးရသည်၊ ဤဥပဒေပါရည်ရွယ်ချက်များကို ထမြောက်စေရန်အတွက် မည်သည့်အဆောက်အဦ၊ သို့မဟုတ်ဥယျာဉ်အတွင်းသို့မဆိုဝင်ရောက်ပိုင်ခွင့်၊ ရှာဖွေပိုင်ခွင့်၊ စစ်ဆေးပိုင်ခွင့်၊ စာရင်းကောက်ယူပိုင်ခွင့်၊ ပစ္စည်းများကိုထိန်းသားပိုင်ခွင့်၊ လိုအပ်လျှင်ထိန်းထားသည့်ပစ္စည်းများကို ထုခွဲပိုင်ခွင့်၊ စာရင်းအင်းနှင့်စာချုပ်စာတမ်းများကိုစစ်ဆေးပိုင်ခွင့်၊ ထိန်းသားပိုင်ခွင့်ဟူသော လုပ်ပိုင်ခွင့်များရရှိစေရမည်။

## အခဏ်း ၃။

### အစိုးရ၏ စီးပွါးရေးအဖွဲ့အစည်းများ။

၉။ ။(၁) အစိုးရသည်၊ စီးပွါးရေးလုပ်ငန်းတခု၊ သို့မဟုတ် အများအတွက် တာဝန်ခံ၍လုပ်ကိုင်ရမည့်အဖွဲ့အစည်းများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းပြီးလျှင် တာဝန်နှင့်ဝတ္တရားများကိုသတ်မှတ်ပေးနိုင်သည်။

(၂) ပုဒ်မခွဲ(၁)အရ ဖွဲ့စည်းသင့်သည့်အဖွဲ့အစည်းသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့်လုပ်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲနိုင်ခွင့်နှင့် တရားစွဲဆိုခြင်းလည်းခံနိုင်ခွင့်ရှိရမည့် အဖွဲ့အစည်းဖြစ်စေရမည်။

## အခဏ်း ၄။

### လုပ်ကိုင်ဆောင်ရွက်နည်း။

၁၀။ ။(၁) အစိုးရသည်၊ အခဏ်း ၂ အရ၊ ဆောင်ရွက်သည့်အခါ အမိန့်ကြော်ငြာစာထုတ်ပြန်၍ဆောင်ရွက်ရမည်။

(၂) အမိန့်ကြော်ငြာစာပါပြဋ္ဌာန်းချက်များသည်၊အမိန့်ကြော်ငြာစာတွင် သတ်မှတ်သောရက်မှစ၍ အာဏာတည်စေပြီးလျှင်၊ အစိုးရ ရရန်ရှိသည်များကို ထိုနေ့တွင်ရရှိစေရမည်။

၁၁။ ။အခဏ်း ၂ အရ၊ ပြည်သူပိုင်ပြုလုပ်သည့်အခါဖြစ်စေ၊ ခေတ္တသိမ်း၍ အသုံးပြုသည့်အခါဖြစ်စေ၊ သက်ဆိုင်ရာ ရပိုင်ခွင့်များကိုသာ အစိုးရကရယူရမည်။ အမိန့်ကြော်ငြာစာတွင် အထူးဖေါ်ပြသည့်အချက်များမှတပါးပေးရန်ရှိသည်တို့အတွက် အစိုးရကတာဝန်မယူရ။

၁၂။ ။(၁) အခဏ်း ၂ အရ၊ ပြည်သူပိုင်ပြုလုပ်သည့်အခါဖြစ်စေ၊ခေတ္တသိမ်း၍အသုံးပြုသည့်အခါဖြစ်စေ၊ ထိုက်သင့်သောလျော်ကြေး၊ သို့မဟုတ်အခကြေးငွေကိုပြဋ္ဌာန်းပေးရန်အလို့ငှါ၊ အစိုးရသည်အမိန့်ကြော်ငြာစာထုတ်ပြန်၍ရာဖြတ်ကော်မီတီများကိုခန့်အပ်၍ တာဝန်ပေးနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါ ရာဖြတ်ကော်မီတီများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် အစိုးရသည် အမိန့်ကြော်ငြာစာဘွင်လိုအပ်သည့်လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

## အခဏ်း ၅။

### ပြစ်ဒဏ်များနှင့် အရေးယူနည်းများ။

၁၃။ ။(၁) မည်သူမဆို၊ဤဥပဒေအရအစိုးရကပြဋ္ဌာန်းသည့်အချက်များကို သာမန်အားဖြင့် ဖေါက်ဖျက်ကျူးလွန်လျှင်၊ အောက်ပါပြစ်ဒဏ်တခုခုကို ကျခံစေရမည်။

(က) ဆုံးမသွန်သင်သတိပေးခံရခြင်း။

(ခ) ဆုံးမသွန်သင် သတိပေးခံရ၍ ပစ္စည်းများကိုပြန်လည် ပေးခံရခြင်း၊ သို့မဟုတ်

(ဂ) ဆုံးမသွန်သင် သတိပေးခံရ၍၊ သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရခြင်း။

(၂) ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်စီရင်နိုင်သည့် အခြေခံပြည်သူ့တရားစီရင်ရေးအဖွဲ့ကို၊ အစိုးရက သတ်မှတ်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့က အစိုးရ ညွှန်ကြားသည့်အတိုင်း ဖွဲ့စည်းပေးရမည်။

(၃) အခြေခံ ပြည်သူ့ တရားစီရင်ရေးအဖွဲ့သည် အစိုးရက အခါ အားလျော်စွာ သတ်မှတ်သည့်အမှုမျိုးကိုသာ စစ်ဆေးရမည်။

(၄) ပုဒ်မခွဲ (၂) အရ ဖွဲ့စည်းသော အခြေခံ ပြည်သူ့ တရားစီရင်ရေးအဖွဲ့သည်၊ သိမ်းဆည်းသည့် ပစ္စည်းများကို အစိုးရက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီထုခွဲနိုင်သည်။

(၅) ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသော အခြေခံ ပြည်သူ့တရားစီရင်ရေး အဖွဲ့၏ စီရင်ချက်ကို မကျေနပ်လျှင်၊ မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီထံအယူခံနိုင်သည်။ အထူးအကြောင်းရှိလျှင်၊ အထူးအယူခံအဖွဲ့ကိုအစိုးရက ဖွဲ့စည်းပေးရမည်။ ယင်းအယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်စေရမည်။

(၆) အယူခံဝင်သူသည်၊ ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသော အခြေခံ ပြည်သူ့တရားစီရင်ရေးအဖွဲ့က၊ စီရင်ချက်ချသောနေ့မှ (၇) ရက်အတွင်း၊ ပုဒ်မခွဲ (၅) အရ၊ ဖွဲ့စည်းသောအယူခံအဖွဲ့သို့ အယူခံလွှာကိုတင်သွင်းရမည်။

၁၄။ ။(၁) မည်သူမဆို၊ ဤဥပဒေအရ အစိုးရကပြဋ္ဌာန်းသည့်အချက်များကို [illegible]သာမက၊ အဖန်ဖန်ကျူးလွန်ဖေါက်ဖျက်လျှင်၊ သို့မဟုတ်စည်းရုံး၍သော်၎င်း၊ [illegible]စဉ်ဖြင့်သော်၎င်း၊ ကျူးလွန်ဖေါက်ဖျက်လျှင်၊ သက်ဆိုင်သည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်၊ သိမ်းဆည်းခြင်းခံစေရမည့်အပြင်၊ ၃ နှစ်အထိ ထောင်ဒဏ်၊ သို့မဟုတ် ကျပ်ငါးထောင်အထိငွေဒဏ်၊ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံးကျခံစေရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ပြစ်ဒဏ်စီရင်နိုင်သည့် ဒေသပြည်သူ့တရားရုံးကို၊ အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ဖွဲ့စည်းပေးရမည်။

(၃) ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသောဒေသ ပြည်သူ့တရားရုံး၏ စီရင်ချက်ကို မကျေနပ်လျှင်၊ အယူခံနိုင်ခွင့်ရှိစေရန်၊ အစိုးရသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ အယူခံအဖွဲ့၊ သို့မဟုတ်အဖွဲ့များကိုလိုအပ်သလို ဖွဲ့စည်းပေးရမည်။ ယင်း အယူခံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးသတ်အတည် ဖြစ်စေရမည်။

(၄) အယူခံဝင်သူသည်၊ ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသော ဒေသ ပြည်သူ့ တရားရုံးက စီရင်ချက်ချသောနေ့မှ၊ ရက်ပေါင်း (၆၀) အတွင်း၊ ပုဒ်မခွဲ (၃) အရ၊ ဖွဲ့စည်းသောအယူခံအဖွဲ့သို့၊ အယူခံလွှာကိုတင်သွင်းရမည်။ သို့ရာတွင် အစိုးရက တင်သွင်းသော အယူခံမှုများတွင် အယူခံလွှာကို ဒေသပြည်သူ့ တရားရုံးကစီရင်ချက်ချသောနေ့မှ ၆ လအတွင်းတင်သွင်းရမည်။

(၅) ပုဒ်မခွဲ (၁) အရ၊ အရေးယူသည့်ကိစ္စများတွင် သက်ဆိုင်သည့် ပစ္စည်းများကိုအစိုးရက အခါအားလျော်စွာထုတ်ပြန်သည့်ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

၁၅။ ။(၁) မည်သူမဆို၊ ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှုကို ဖျက်ဆီးရန် ရည်ရွယ်ချက် ဖြင့်ဆန့်ကျင်လျှင်၊ ဤပုဒ်မအရ၊ ပြစ်မှုကျူးလွန်သည် မည်၏။ ဤသို့ပြစ်မှုကျူးလွန်သည့် လုပ်ငန်းများတွင် အောက်ပါတို့အကျုံးဝင်သည်။

(က) အစိုးရက ချမှတ်ထားသည့် သဘောထား လုပ်ငန်းစဉ်နှင့် အစိုးရလုပ်ကိုင်နေသည့် လုပ်ငန်းတရပ်ရပ်ကို ပျက်စီးစေရန်လုပ်ကိုင်ခြင်း၊ ယင်းသို့လုပ်ကိုင်သည်ကို အားပေးခြင်း၊

(ခ) ပြည်သူပိုင်နှင့် အများပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ ယင်းသို့ဖျက်ဆီးသည်ကို အားပေးခြင်း။

(ဂ) ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှု အတွက် အကျုံးဝင်သော ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သိုလှောင်ရေးလုပ်ငန်း၊ ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်း၊ကုန်ပစ္စည်းပြုပြင်မွမ်းမံရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းစသည်တို့အားနှောက်ယှက်ခြင်း၊ ယင်းသို့နှောက်ယှက်သည့်ကိုအားပေးခြင်း။

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှ နိုင်ငံခြားများသို့သော်၎င်း၊နိုင်ငံခြားများမှပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ သော်၎င်း၊ ပစ္စည်းများ၊ ငွေများကိုမတရားထုတ်ယူခြင်း၊ တင်သွင်းခြင်းနှင့်ယင်းသို့ပြုလုပ်သည်ကို အားပေးခြင်း။

(င) ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုတွင် ပါဝင်လုပ်ကိုင်နေသော သူများအား အလုပ်အကိုင် ပျက်အောင် နှောက်ယှက်ခြင်း၊ယင်းသို့နှောက်ယှက်သည်ကို အားပေးခြင်း။

(၂) အခြားတည်ဆဲတရားဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါစေကမူ၊ အထက်ပုဒ်မခွဲ (၁) အရ၊ကျူးလွန်သူတဦးသည်၊ အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်၊ အများဆုံးသေဒဏ်အထိ ကျခံစေရမည့်အပြင်၊ ၎င်းပိုင်ဆိုင်သည့် ပစ္စည်းနှင့် ငွေများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

(၃) ပုဒ်မ ၁၅ အရ၊ အရေးယူသည့် ကိစ္စတိုင်းတွင် အစိုးရ၏ကြိုတင်ခွင့်ပြုချက်ကိုရယူရမည်၊

(၄) အစိုးရသည်၊ဤပုဒ်မအရ အရေးယူမည့်အမှုများကို စစ်ဆေးရန် အထူးရာဇဝတ်ရုံးကိုဖွဲ့စည်းပေးရမည်။

(၅) ပုဒ်မခွဲ (၁) အရ အရေးယူသည့် ကိစ္စများတွင် သက်ဆိုင်သည့် ပစ္စည်းများကို အစိုးရက အခါအားလျော်စွာ ထုတ်ပြန်မည့်ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

# အခန်း ၆။

## အထွေထွေ။

၁၆။ ။ဤဥပဒေနှင့် ပတ်သက်သည့် ကိစ္စရပ်များအတွက် အစိုးရသည် နည်းဥပဒေများပြုလုပ်၍ ပြဋ္ဌာန်းပေးနိုင်သည်။

၁၇။ ။အခန်း ၂ ပါ လုပ်ပိုင်ခွင့်များနှင့် ပတ်သက်၍ အစိုးရသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အဖွဲ့အစည်းတခု၊ သို့မဟုတ် ပုဂ္ဂိုလ်တဦးအား တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေ လွှဲအပ်ပေးနိုင်သည်။

၁၈။ ။(၁) အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(က) ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ။

(ခ) ၁၉၆၃ ခုနှစ်၊ ပြည်သူ့ပစ္စည်းဟော်ပိုရေးရှင်းဥပဒေ

(၂) ပုဒ်မခွဲ (၁) အရ ဥပဒေများကို ရုပ်သိမ်းလိုက်သည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များသည်အကျိုးသက်ရောက်စေရမည်။

(၃) ပုဒ်မခွဲ (၁) တွင် ဖော်ပြသော ဥပဒေများအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ အဖြစ် ဆက်လက်တည်ရှိ၍ ရှိရင်းစွဲ လုပ်ကိုင်ဆောင်ရွက်ပုံ နည်းစံနစ်များ အတိုင်း နောက်ထပ် မပြင်ဆင်မခြင်း ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရမည်။

(၄) ဤဥပဒေအရ သီးခြားပြဋ္ဌာန်းချက်များကို မထုတ်ပြန်နိုင်သေးမီ ကာလအတွင်းတွင် ပုဒ်မခွဲ (၁) တွင် ပါရှိသော ဥပဒေများအရ ဆောင်ရွက်ဆဲ ဖြစ်သည့် ကိစ္စရပ်များတွင် ယင်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်အရေးယူ ဆောင်ရွက်နိုင်သည်။

# ၁၉၆၅ ခုနှစ်၊ စကားရပ်များ ပြောင်းလဲရေးဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၉။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၅ ခုနှစ်၊ စကားရပ်များ ပြောင်းလဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။တည်ဆဲတရားဥပဒေနှင့်တရားဥပဒေကဲ့သို့ အာဏာရှိသော စည်းမျဉ်း ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက် များတွင်ပါရှိသည့်—

(က) "သမတ"၊ သို့မဟုတ် "နိုင်ငံတော်သမတ"၊ သို့မဟုတ် "ပြည်ထောင်စု မြန်မာနိုင်ငံတော်သမတ" ဆိုသည့်စကားရပ် အစား၊ "ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ" ဆိုသည့်စကားရပ်ကိုလည်းကောင်း၊

(ခ) "President"၊ သို့မဟုတ် "President of the Union"၊ သို့မဟုတ် "President of the Union of Burma" ဆိုသည့် စကားရပ်အစား၊ "Chairman of the Revolutionary Council of the Union of Burma" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊

ထည့်သွင်းရမည်။

၃။ ။အခိုးရ၊ သို့မဟုတ် အာဏာပိုင်တဦးဦးကပြုလုပ်သည့်၊ သို့မဟုတ် ထုတ်သည့် တရားဥပဒေကဲ့သို့ အာဏာမရှိသော စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်း ဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ ဆာကျူလာနှင့် အခြားစာရွက် စာတမ်းအမှတ်အသားများတွင်—

(က) "သမတ"၊ သို့မဟုတ် "နိုင်ငံတော်သမတ"၊ သို့မဟုတ် "ပြည်ထောင်စုမြန်မာနိုင်ငံတော်သမတ" ဆိုသည့်စကားရပ် ပါရှိနေလျှင်၊ ထိုစကားရပ် အသီးသီးအစား၊ "ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ" ဆိုသည့်စကားရပ် ကိုလည်းကောင်း၊

(ခ) "Governor"၊ သို့မဟုတ်"Governor of Burma"၊သို့မဟုတ် "President"၊ သို့မဟုတ် " President of the Union "၊ သို့မဟုတ် " President of the Union of Burma " ဆိုသည့်စကားရပ်ပါရှိနေလျှင်၊ ထိုစကားရပ် အသီးသီးအစား၊ "Chairman of the Revolutionary Council of the Union of Burma " ဆိုသည့်စကားရပ်ကိုင်း၊

ထည့်သွင်းရမည်။

# THE BURMA GENERAL CLAUSES ACT AMENDING LAW, 1965.

[THE UNION OF BURMA REVOLUTIONARY COUNCIL LAW NO. 10 OF 1965.]

The Chairman of the Revolutionary Council of the Union of Burma makes the following Law :—

1. (*1*) This Law may be called the Burma General Clauses Act Amending Law, 1965.

(*2*) It shall come into force at once.

2. In section 2 of the Burma General Clauses Act, *for* clause (26) the following *shall be substituted* as clause (26), namely :—

"Government."

"(26) 'Government' or 'the Government' shall mean the person authorized by the Revolutionary Council of the Union of Burma to exercise the executive authority of the Union of Burma."

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

# ဥပဒေများ

(၁၉၆၆ ခုနှစ်)

# ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၂၇ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၅ ရက်။
(၁၉၆၆ ခုနှစ်၊ ဧပြီလ ၅ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၆ ခုနှစ်၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ် အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၆ ခုနှစ်၊ နိုင်ငံတော် စိုက်ပျိုးရေးဘဏ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်အက်ဥပဒေ ပုဒ်မ ၇၄ တွင် ''ဘဏ္ဍာတော်နှစ်''ဆိုသည့် စကားရပ်အစား ''ဘဏ္ဍာရေးနှစ်'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၇၆ အစား၊ အောက်ပါကို ပုဒ်မ ၇၆ အဖြစ် ထည့်သွင်းရမည်။

''၇၆။ ။စိုက်ပျိုးရေးဘဏ်၏ဘဏ္ဍာရေးနှစ်သည်၊ အောက်တိုဘာလ ၁ ရက်နေ့မှ အစပြု၍၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည်။

ဘဏ္ဍာရေးနှစ်။

ခြွင်းချက်။ ။သို့ရာတွင် ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်းကြောင့် ကျန်ရှိနေသော လများအတွက် သီးခြားစာရင်းပိတ်ရမည်''။

(ပုံ) ဗိုလ် နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၇ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၅ ရက်။
(၁၉၆၆ ခုနှစ်၊ ဧပြီလ ၅ ရက်။)

အမိန့်အရ၊
ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

---

# ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၂၀ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်။

(၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေ။

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။]

## နိဒါန်း။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊ မြန်မာ့ ဆိုရှယ် လစ်လမ်းစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စီးပွါးရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးစံနစ်များကို တည်ဆောက်လျက်ရှိရာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခြေခံပညာရေးစံနစ်သည်၊ ယင်းသို့တည်ဆောက်နေသော ဆိုရှယ်လစ်စီးပွါးရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးတို့ကို ခိုင်မြဲတိုးတက်မြင့်မားလာအောင် အထောက်အကူပြုသည့် စံနစ်သာဖြစ်ရန် လိုအပ်သောကြောင့်၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အမည်၊ အာဏာတည်သည့် နေ့ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအခြေခံပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပညာရေးတက္ကသိုလ်မှ ပညာရေးဘွဲ့၊ သို့မဟုတ် ဒီပလိုမာ ဆရာအတတ်သင်တန်း မဟုတ်သည့် အခြေခံပညာကိုသင်ကြားပေးရမည့် ဆရာအတတ်သင်တန်းပေးရေး၊ အခြေခံပညာကို သင်ကြားပေးသော ဆရာများ၏ ပညာအရည်အချင်း သတ်မှတ်ရေး၊ မှတ်ပုံတင်ရေး၊ ဆရာ့အလုပ် ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်စည်းပေးရေးတို့နှင့် အကျုံးဝင်စေရမည်။

(၃) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင် အစိုးရက အမိန့်ကြော်ငြာဖြင့် သတ်မှတ်သောနေ့ရက်၌ စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင် စကားရပ်များသည်၊ အောက်ပါအတိုင်းအဓိပ္ပါယ်သက်ဝင်စေရမည်။

(က) ''အခြေခံပညာရေးကောင်စီ''ဆိုသည်မှာ၊ ပုဒ်မ ၅ (၁) အရ ဖွဲ့စည်းသည့်ပြည်ထောင်စုမြန်မာနိုင်ငံအခြေခံပညာရေးကောင်စီကို ဆိုလိုသည်။

(ခ) ''သင်ရိုးညွှန်းတမ်း''ဆိုသည်မှာ၊ဤဥပဒေအရပြဋ္ဌာန်းထားသည့် ပညာရေး ရည်မှန်းချက်များ ရရှိရန်ရည်ရွယ်လျက်၊ ကျောင်းတွင်း ကျောင်းပြင်သင်ကြားလေ့ကျင့်ပေးသည့် ကျောင်းသင်ဘာသာရပ်များနှင့် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို စုပေါင်းဆိုလိုခြင်းဖြစ်သည်။

(ဂ) ''သင်ရိုးမာတိကာ'' ဆိုသည်မှာ၊ ကျောင်းသင်ဘာသာရပ် တခုစီအတွက်၎င်း၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်း တခုစီအတွက်၎င်း၊ သင်ခန်းစာအသေးစိတ်အစီအစဉ်ကိုဆိုလိုသည်။

(ဃ) ''ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်း'' ဆိုသည်မှာ၊ ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် ပညာရေးရည်မှန်းချက်များ ရရှိရန်၊ ကျောင်းသင်ဘာသာရပ်များ သင်ကြားပေးမှုနှင့်တွဲဖက်လျက် ကျောင်းတွင်းကျောင်းပြင်၊ ကျောင်းချိန်အတွင်း၊ ကျောင်းချိန်အပတို့၌ စနစ်တကျ သင်ကြားပေးသည့် ပညာရေးလုပ်ငန်းအစီအစဉ်တရပ်လုံးကိုဆိုလိုသည်။

(င) ''ကျောင်း''ဆိုသည်မှာ၊ အစိုးရကဖွင့်လှစ်၍၊ အစိုးရကပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများအတိုင်း၊ ပညာသင်ကြားပေးရာဌာနကိုဆိုလိုသည်။

(စ) ''အခြေခံပညာ''ဆိုသည်မှာ၊ အ-သုံးလုံးပညာမှစ၍ သီးခြားအသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းတွင် အသက်မွေးဝမ်းကျောင်းပညာတခုကို သင်ကြားရန် အတွက်သော်၎င်း၊ တက္ကသိုလ်တွင် ပညာဆက်လက်ဆည်းပူးရန်အတွက်သော်၎င်း၊ ပညာအခြေခံအဖြစ်အစိုးရက အခါအားလျော်စွာ သတ်မှတ်သော သာမန်ပညာကိုဆိုလိုသည်။

(ဆ) ''ဆရာ''ဆိုသည်မှာ၊ အစိုးရက အခြေခံပညာရေးအတွက် သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းတွင်ပါဝင်သည့် ဘာသာရပ်များအနက် ဘာသာရပ်တခုကိုဖြစ်စေ၊ တခုထက်ပို၍ဖြစ်စေ၊ ကျောင်း၌သင်ကြားပို့ချပေးသည့်ပုဂ္ဂိုလ်ကိုဆိုလိုသည်။

(ဇ) ''အစိုးရစာမေးပွဲ''ဆိုသည်မှာ၊ အစိုးရကသတ်မှတ်သောပညာရေးအဆင့်ကုန်ဆုံးသည့်အခါ၊ ဤဥပဒေအရဖွဲ့စည်းသော စာစစ်အဖွဲ့ကဖြစ်စေ၊ ယင်းအဖွဲ့က တာဝန်လွှဲအပ်သော အခြားအဖွဲ့ကဖြစ်စေ၊စစ်ဆေးသော စာမေးပွဲကိုသော်၎င်း၊ အစိုးရကအဆိုပါစာစစ်အဖွဲ့သို့ သီးခြားတာဝန်လွှဲအပ်၍စစ်ဆေးစေသောအခြားစာမေးပွဲကိုသော်၎င်း၊ ဆိုလိုသည်။

(ဈ) ''ကျောင်းသုံးစာအုပ်'' ဆိုသည်မှာ၊ ကျောင်းများနှင့် ဆရာအတတ်သင် ကျောင်းများတွင် အသုံးပြုရန်၊ ဤဥပဒေအရဖွဲ့စည်းသော အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်အဖွဲ့ကထုတ်သည့်၊ သို့မဟုတ် အသိအမှတ်ပြုလျက်ပြဋ္ဌာန်းထားသည့်စာအုပ်ကိုဆိုလိုသည်။

(ည) ''ဆရာအတတ်သင်ကျောင်း'' ဆိုသည်မှာ၊ ပညာရေး တက္ကသိုလ်မှ ပညာရေးဘွဲ့၊ သို့မဟုတ် ဒီပလိုမာဆရာအတတ်သင်တန်း မဟုတ်သည့်၊ အစိုးရက အမြင့်ဆုံးအဖြစ် သတ်မှတ်ပေးသော အတန်းထိ အခြေခံပညာကို၊ သို့မဟုတ် အစိုးရက အခြားသီးသန့်သတ်မှတ်ပေးသည့်ဘာသာရပ်များကို၊သင်ကြားပေးနိုင်ရန် ဆရာအတတ်ကို လေ့ကျင့်သင်ကြားပေးသည့် အစိုးရကဖွင့်ထားသော ကျောင်းကိုဆိုလိုသည်။

(ဋ) ''မသာမာသောနည်း'' ဆိုသည်မှာ၊ အစိုးရ စာမေးပွဲ တခုခု ဖြေဆိုနေစဉ်အတွင်း၊ သူတဦးသည်၊

(၁) စာအုပ်၊ မှတ်စုနှင့်ပုံနှိပ်ပြီး၊ သို့မဟုတ် ရေးပြီး၊ သို့မဟုတ် အလွတ်စာရွက်များကိုမိမိနှင့် အတူထားရှိခြင်း၊

(၂) အဆိုပါဝတ္ထုပစ္စည်းများကို မိမိလက်လှမ်းမှီရာတွင်ထားရှိခြင်း၊ သို့မဟုတ် လက်လှမ်းမှီအောင် စီစဉ်ထားရှိခြင်း၊

(၃) အဆိုပါဝတ္ထုပစ္စည်းများမှ ကူးယူခြင်း၊

(၄) စာမေးပွဲ ဖြေဆိုသော အခြားသူ တဦးဦးနှင့်သော်၎င်း၊ စာမေးပွဲဖြေဆိုသူမဟုတ်သော ပြင်ပမှ ပုဂ္ဂိုလ်တဦးဦးနှင့်သော်၎င်း၊ တနည်းနည်းဖြင့်ဆက်သွယ်ခြင်း၊

(၅) လူလဲဖြေဆိုခြင်း၊

(၆) စာစစ်ချိန်စေ့သောအခါ မိမိအဖြေလွှာကို သက်ဆိုင်ရာသို့မပေးအပ်ခြင်း၊ သို့မဟုတ်

(၇) စာမေးပွဲ ဖြေဆိုနေစဉ်အတွင်းဖြစ်စေ၊ စာမေးပွဲဖြေဆိုပြီးနောက်ဖြစ်စေ၊အဖြေလွှာကိုတနည်းနည်းဖြင့် လဲလှယ်ခြင်း

ကိုဆိုလိုသည်။

(ဌ) ''ပညာရေးကြီးကြပ်မှုကော်မီတီ'' ဆိုသည်မှာ၊ပညာရေးဌာနက အခါအားလျော်စွာ ချမှတ်ပေးသော တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန် ပညာရေးဌာနကပင် ဒေသအလိုက်ဖွဲ့စည်းသော ကော်မီတီကိုဆိုလိုသည်။

## အခန်း ၂။

### <u>ရည်မှန်းချက်များ။</u>

၃။ ။အခြေခံပညာရေး၏ အဓိကရည်မှန်းချက်များမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်း အခြေခံပညာကိုကောင်းစွာ တတ်မြောက်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တ ကောင်းမွန်သည့် ကာယ ဉာဏလုပ်သား တမျိုးမျိုးဖြစ်လာစေရန်၊

(ခ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သဘောတရားကို သိနားလည်လျက်လိုအပ်သော စိတ်ဓါတ်နှင့်တကွ မြန်မာ့ဆိုရှယ်လစ်လောကကိုတည်ဆောက်ထိန်းသိမ်း သွားနိုင်စွမ်းရှိသည့် အင်္ဂါရပ်များနှင့် ပြည့်စုံသော ပြည်ထောင်စုမြန်မာနိုင်ငံသားများဖြစ်ထွန်းလာစေရန်။

(ဂ) မြန်မာ့ဆိုရှယ်လစ် လောကတည်ဆောက် ထိန်းသိမ်းမှုအတွက် သင့်တော်သော အသက်မွေး ဝမ်းကျောင်းပညာကို သင့်တော်သော အဆင့်မှ လမ်းပြောင်းသင်ကြားပေးရန်။

(ဃ) ကုန်ထုတ်လုပ်မှုစွမ်းအား တိုး တက် ရေး နှင့် အသက်မွေးဝမ်းကျောင်း ပညာပေးရေးတို့၌အထောက်အကူဖြစ်စေမည့်သိပ္ပံပညာကိုဦးစားပေးရန်။

(င) တက္ကသိုလ်ပညာကို ဆက်လက် သင်ကြားနိုင်ရေးအတွက် ခိုင်မြဲသောပညာအခြေခံတည်ဆောက်ပေးရန်။

## အခန်း ၃။

## ပညာအဆင့်အတန်းနှင့် ကျောင်းအဆင့်အတန်းခွဲခြင်း။

၄။ ။(၁) အခြေခံပညာကို အောက်ပါ အတိုင်း သုံးဆင့်ခွဲ၍ သတ်မှတ်ရမည်။

(က) မူလတန်းအဆင့်၊
(ခ) အလယ်တန်းအဆင့်၊
(ဂ) အထက်တန်းအဆင့်။

(၂) (က) မူလတန်းအဆင့်တွင် သာမန်အားဖြင့်တတန်းလျှင်တနှစ်တာစီသင်ကြားရသည့် သူငယ်တန်းမှ စတုတ္ထတန်းထိ ပေါင်းငါးနှစ်သင်ကြားရမည့် အတန်းများရှိစေရမည်။ ကျောင်းနှစ်အစ ကျောင်းဖွင့်သည့် နေ့ရက်တွင်အသက်ငါးနှစ်ပြည့်သော ကလေးများကို ကျောင်းဝင်ခွင့်ပြုနိုင်သည်။

(ခ) အလယ်တန်းအဆင့်တွင်သာမာန်အားဖြင့်တတန်းလျှင်တနှစ်တာစီသင်ကြားရသည့် ပဉ္စမတန်းမှအဋ္ဌမတန်းထိ ပေါင်းလေးနှစ်သင်ကြားရမည့်အတန်းများရှိစေရမည်။

(ဂ) အထက်တန်းအဆင့်တွင် သာမန်အားဖြင့် တတန်းလျှင် တနှစ်တာစီ သင်ကြားရသည့် နဝမတန်းမှစ၍အခြေခံပညာရေးကုန်ဆုံးပြီးဘွဲ့အစိုးရကသတ်မှတ်သောအတန်းထိသင်ကြားရမည့် အတန်းများရှိစေရမည်။

(၃) (က) မူလတန်း အဆင့် အတန်းများရှိ ကျောင်းကိုမူလတန်းကျောင်းဟုလည်းကောင်း၊

(ခ) မူလတန်းအဆင့်ပါသည့်၊ သို့မဟုတ် မပါသည့်အလယ်တန်းအဆင့် အတန်းများရှိ ကျောင်းကို အလယ်တန်းကျောင်းဟုလည်းကောင်း၊

(ဂ) မူလတန်းအဆင့်ပါသည့်၊ သို့မဟုတ် မပါသည့်အလယ်တန်းအဆင့်နှင့် အထက်တန်း အဆင့် အတန်းများရှိ ကျောင်းကိုအထက်တန်း ကျောင်းဟုရင်း ခေါ်တွင်စေရမည်။

## အခန်း ၄။

## အခြေခံပညာရေးကြီးကြပ်မှု။

၅။ ။(၁) အစိုးရသည်၊ မိမိ၏ကိုယ်စား အခြေခံ ပညာသင်ကြားမှုကိုကြီးကြပ်ရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးကောင်စီကိုဖွဲ့စည်းရမည်။

(၂) အခြေခံ ပညာရေးကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်။

(က) ပညာရေးဌာနတာဝန်ခံ .... ဥက္ကဋ္ဌ။
(ခ) ပညာညွှန်ကြားရေးဝန် .... ဒုတိယဥက္ကဋ္ဌ။
(ဂ) အတွင်းဝန်၊ ပညာရေးဌာန
(ဃ) ညွှန်ကြားရေးမှူး၊ တက္ကသိုလ်များ အုပ်ချုပ်ရေးရုံး။
(င) မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီမှကိုယ်စားလှယ်တဦး။
(စ) စက်မှုလက်မှုပညာ ညွှန်ကြားရေးဝန်။
(ဆ) ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်။
(ဇ) အစိုးရခန့်ပုဂ္ဂိုလ်များ
} အဖွဲ့ဝင်များ။
(ဈ) ဒုတိယ ပညာညွှန်ကြားရေးဝန် (အုပ်ချုပ်ရေး) .... အတွင်းရေးမှူး။
(ည) လက်ထောက်ပညာညွှန်ကြားရေးဝန် (အုပ်ချုပ်ရေး) .... တွဲဘက်အတွင်းရေးမှူး။

(၃) အခြေခံ ပညာရေး ကောင်စီ၏ တာဝန် ဝတ္တရား များမှာ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) အောက်ပါကိစ္စအဝဝတွင် အစိုးရ၏ပညာရေးဝါဒနှင့် ကိုက်ညီစေသည့်မူဝါဒချမှတ်ပေးရန်၊

(၁) အခြေခံပညာသင်ကြားပေးရေးကိစ္စ။ ထိုကိစ္စကို အသက်မွေး ဝမ်းကျောင်း ပညာရေး၊ တက္ကသိုလ်ပညာရေးတို့နှင့် ဟပ်မိအောင်စီစဉ်ပေးရေးကိစ္စ။

(၂) ဆရာအတတ်သင်ကိစ္စ။

(၃) အလုပ်ခွင်ရှိ ဆရာများ၏ အရည် အချင်း မြှင့်တင်ရေးကိစ္စ။
(၄) ဆရာများ၏ ပညာအရည်အချင်း သတ်မှတ်ရေး၊ မှတ်ပုံတင်ရေးနှင့် ဆရာ့အလုပ် ဂုဏ်သိက္ခာထိန်းသိမ်းစောင့်စည်းပေးရေးကိစ္စ။
(၅) သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာကိစ္စ။
(၆) ကျောင်းသုံးစာအုပ်ကိစ္စ။
(၇) အစိုးရစာမေးပွဲကိစ္စ။
(၈) ကျောင်းစာကြည့်တိုက်နှင့် ပြတိုက်များကိစ္စ။
(၉) အခြေခံ ပညာသင် ကျောင်းများ ဖွင့်ခြင်း ပိတ်ခြင်း၊ အဆင့်အတန်းမြှင့်ခြင်း၊ စီမံခန့်ခွဲခြင်း၊အုပ်ချုပ်ခြင်း၊စစ်ဆေးခြင်းကိစ္စ။

(ခ) အခြေခံပညာတရပ်လုံးနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက်များသည်၊ ချမှတ်ထားသည့်မူဝါဒနှင့် ကိုက်ညီခြင်း ရှိ-မရှိ၊ နိုင်ငံ၏တိုးတက်ရေးကို ထိရောက်စွာအကျိုးပြုမှု ရှိ-မရှိတို့ကို သုံးသပ်စစ်ဆေး ပြုပြင်ပေးရန်၊
(ဂ) အခြေခံပညာရေးနှင့်ဆိုင်သော အစိုးရကလွှဲအပ်သည့် ကိစ္စများကို စဉ်းစားရန်၊ ဝေဖန်ရန်နှင့် သဘောထားတင်ပြရန်။

၆။ ။အခြေခံပညာရေးကောင်စီသည်၊ အထက်ပါတာဝန်ဝတ်ဘာရားများကို အောက်ပါအတိုင်းသီးခြားအဖွဲ့များဖွဲ့စည်း၍ဆောင်ရွက်နိုင်စေရမည်။

(က), အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်အဖွဲ့။
(ခ) ဆရာအတတ်ပညာကြီးကြပ်ရေးအဖွဲ့။
(ဂ) စာစစ်အဖွဲ့။

၇။ ။(၁) အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်အဖွဲ့တွင်အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်။

(က) ပညာညွှန်ကြားရေးဝန် .... ဥက္ကဋ္ဌ။
(ခ) ဒုတိယပညာညွှန်ကြားရေးဝန်(သင်တန်း) ဒုတိယဥက္ကဋ္ဌ ။
(ဂ) အတွင်းဝန်၊ပညာရေးဌာန
(ဃ) ညွှန်ကြားရေးမှူး၊တက္ကသိုလ်များအုပ်ချုပ်ရေးရုံး။
(င) မြန်မာစာပေပြုစုရေးနှင့်ဘာသာပြန်ကော်မီရှင်ဒုတိယဥက္ကဋ္ဌ။
(စ) တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ စာတည်းမှူး။

(ဆ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ကိုယ်စားလှယ်တဦး။
(ဇ) စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ ကိုယ်စားလှယ်တဦး။
(ဈ) ဒုတိယပညာညွှန်ကြားရေးဝန် (အုပ်ချုပ်ရေး)။
(ည) အစိုးရခန့်ပုဂ္ဂိုလ်များ — အဖွဲ့ဝင်များ။
(ဋ) လက်ထောက် ပညာ ညွှန်ကြားရေးဝန် (သင်တန်း) .... .... အတွင်းရေးမှူး။

(၂) အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်ကျောင်းသုံးစာအုပ်အဖွဲ့၏ တာဝန်ဝတ္တရားများမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) ပုဒ်မ ၅ (၃) (က) အရ၊ အခြေခံပညာရေးကောင်စီက ချမှတ်ပေးသည့် မူဝါဒနှင့်၎င်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်၎င်း၊ညီညွတ်စေလျက်—
  (၁) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာရေးဆွဲခြင်း၊ သုံးသပ်ခြင်း၊ ပြုပြင်ခြင်းနှင့်
  (၂) ကျောင်းသုံးစာအုပ်များ ရေးသားပြုစု ထုတ်လုပ်ခြင်း
တို့ကိုဆောင်ရွက်ရန်။

(ခ) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာဆိုင်ရာတာဝန်ဝတ္တရားများကိုဆောင်ရွက်ရာတွင်—
  (၁) ဘာသာရပ်အလိုက်၊ သို့မဟုတ် ဘာသာရပ်အုပ်စုအလိုက် ဘာသာရပ်အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ရန်။
  (၂) တိုင်းအလိုက်၊ သို့မဟုတ် သင့်တော်သလိုနယ်များခွဲ၍ ဒေသန္တရ သင်ရိုးမာတိကာအဖွဲ့များဖွဲ့စည်း ဆောင်ရွက်ရန်။

(ဂ) ကျောင်းသုံးစာအုပ်ရေးသားပြုစုခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကိုဆောင်ရွက်ရာတွင်—
  (၁) ကျောင်းသုံးစာအုပ် ရေးသားပြုစုရေး၊ စီစစ်ရေး၊ အသိအမှတ်ပြုရေး စသည်တို့ကိုဆောင်ရွက်ရမည့် အဖွဲ့ငယ်များဖွဲ့စည်းရန်။
  (၂) ယင်းအဖွဲ့ငယ်များလိုက်နာရန် ကျင့်စဉ်ကို ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်၍၊ အခြေခံပညာရေးကောင်စီ၏ သဘောတူညီချက်ကို ရှေးဦးစွာရယူပြီးမှ၊ လိုက်နာကျင့်သုံးစေရန်။

(၃) ဆရာအတတ်ပညာကြီးကြပ်ရေးအဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်စေရမည်။

(က) ပညာညွှန်ကြားရေးဝန် .... ဥက္ကဋ္ဌ။
(ခ) ဒုတိယ ပညာ ညွှန် ကြား ရေး ဝန် (သင်တန်း) .... ဒုတိယဥက္ကဋ္ဌ။
(ဂ) အတွင်းဝန်၊ ပညာရေးဌာန
(ဃ) ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်
(င) မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီမှ ကိုယ်စားလှယ်တဦး။
(စ) ပညာရေးတက္ကသိုလ်မှပါမောက္ခတဦး
(ဆ) ဆရာအတတ်သင် ကျောင်းအုပ်များ ကိုယ်စားလှယ် တဦး။
(ဇ) အစိုးရခန့်ပုဂ္ဂိုလ်များ
(ဂ)–(ဇ) အဖွဲ့ဝင်များ။
(ဈ) လက်ထောက် ပညာညွှန်ကြားရေးဝန် (သင်တန်း) .... .... အတွင်းရေးမှူး။

(၄) ဆရာအတတ် ပညာကြီးကြပ်ရေးအဖွဲ့၏ တာဝန် ဝတ် တရားများမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) ပုဒ်မ ၅ (၃) (က) အရ၊ အခြေခံပညာရေးကောင်စီက ချမှတ်ပေးသည့်မူဝါဒနှင့်ငြင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်ငြင်း၊ ညီညွတ်စေလျက်—
(၁) ဆရာအတတ်သင်တန်းများအတွက် သင်ရိုး ညွှန်းတမ်းနှင့် သင်ရိုးမာတိကာ ရေးဆွဲပြုပြင်ရေး၊
(၂) ဆရာအတတ်ပညာသင်ကြားပို့ချလေ့ကျင့်ရေး။
(၃) ဆရာအတတ်ပညာဆိုင်ရာ ကျောင်းသုံးစာအုပ် ရေးသား ပြုစုရေး၊ အသိအမှတ် ပြုရေးနှင့် ပြဋ္ဌာန်းရေး၊
(၄) စာမေးပွဲများစစ်ဆေးရေး၊
(၅) အလုပ်ခွင်ရှိဆရာများ၏သင်ကြားမှုစွမ်းရည်တိုး တက်ရေး၊
(၆) ဆရာများ၏ပညာအရည်အချင်း သတ်မှတ်ရေး၊
(၇) ဆရာများမှတ်ပုံတင်ရေးနှင့်
(၈) ဆရာ့အလုပ်ဂုဏ်သိက္ခာ ထိန်းသိမ်းစောင့်စည်း ပေးရေး

ကိစ္စများကိုဆောင်ရွက်ရန်။

(ခ) အပိုဒ် (က) (၁) (၂) (၃) (၄) တို့တွင် ဖော်ပြထား သော တာဝန်ဝတ်တရားများကို အခြေခံပညာ သင်ရိုး

ညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံး စာအုပ်အဖွဲ့နှင့်၎င်း၊ စာစစ်အဖွဲ့နှင့်၎င်း၊ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရန်။ အခြားအဖွဲ့ငယ်များကိုလည်း လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်စေရန်။

(ဂ) ဆရာအတတ်သင်ကျောင်းများ ဖွင့်ရေး၊ ပိတ်ရေး၊ အရည်အချင်းပြည့်ဆရာအတတ်သင်ဆရာများရရှိရေး၊ အရစ်ရစ်ပြည့်စုံရေးတို့နှင့် စပ်လျဉ်း၍၊ အခါအားလျော်စွာ အခြေခံပညာရေးကောင်စီကို အကြံဉာဏ်များပေးရန်။

(ဃ) ဆရာအတတ်သင်ကျောင်းများတွင် သင်ကြားမှု အဆင့်အတန်းတိုးတက်ရေး၊ ခေတ်မှီရေး၊ သင်ကြားမှုအထောက်အကူပစ္စည်းများ လုံလောက်စွာထားရှိရေး၊ သင်တန်းသားများကိုယ်တိုင် ထိုပစ္စည်းများကို တီထွင်ထုတ်လုပ်နိုင်အောင် သင်ကြားပေးရေး၊ ဆရာအတတ်သင် ဆရာများ သုတေသနပြုလုပ်ရေးတို့ကိုကြီးကြပ်ရန်။

(င) စစ်ဆေးရေးအဖွဲ့ငယ်များဖွဲ့စည်းလျက်၊ ဆရာအတတ်သင်ကျောင်းများကို အခါအားလျော်စွာစစ်ဆေးစေ၍ အကြံဉာဏ်များပေးစေရန်။

(၅) စာစစ်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်။

(က) ပညာညွှန်ကြားရေးဝန် .... ဥက္ကဋ္ဌ။
(ခ) ပညာရေးဌာန ကိုယ်စားလှယ်တဦး
(ဂ) တက္ကသိုလ်များမှ ကိုယ်စားလှယ်လေးဦး။
(ဃ) စက်မှုလက်မှုပညာညွှန်ကြားရေးဝန်
(င) အခြေခံပညာရေးပိုင်းမှ ကိုယ်စားလှယ်လေးဦး။
(ခ)–(င) ... အဖွဲ့ဝင်များ။
(စ) အတွင်းရေးမှူး၊ စာစစ်အဖွဲ့ .... အတွင်းရေးမှူး။
(ဆ) အစိုးရခန့် .... တွဲဘက်အတွင်းရေးမှူး။

(၆) စာစစ်အဖွဲ့၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) ပုဒ်မ ၅ (၃) (က) အရ၊ အခြေခံပညာရေးကောင်စီက ချမှတ်ပေးသည့် မူဝါဒနှင့်၎င်း၊ ၎င်းဥပဒေအရပြုသည့်နည်းဥပဒေများနှင့်၎င်း၊ ညီညွတ်စေလျက်၊ အစိုးရစာမေးပွဲများနှင့် အစိုးရကတာဝန်ပေးအပ်သော အခြားစာမေးပွဲများကို စီမံခန့်ခွဲအုပ်ချုပ်ရန်၊

(ခ) အစိုးရ စာမေးပွဲများ ကျင်းပ စစ်ဆေးခြင်း တာဝန်ကို ဆောင်ရွက်ရာ၌၊ အခြေခံပညာရေးကောင်စီ၏ သဘောတူညီချက်ကို ရှေးဦးစွာရယူပြီး၊ အဖွဲ့ငယ်များဖွဲ့စည်း၍ဖြစ်စေ၊ ဒေသန္တရစာစစ်အဖွဲ့များ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်တော်သလိုတာဝန်ခွဲ၍ ဆောင်ရွက်စေနိုင်ရန်။

(ဂ) အခြေခံ ပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုး မာတိကာ နှင့် ကျောင်းသုံးစာအုပ်အဖွဲ့နှင့် ညှိနှိုင်း၍၊ အစိုးရစစ် အခြေခံပညာ စာမေးပွဲအသီးသီးအတွက်သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် စာအုပ်များပြဋ္ဌာန်းရန်။

(ဃ) ပုဒ်မ ၅ (၃) (က) အရ၊ အခြေခံ ပညာရေးကောင်စီက ချမှတ်ပေးသည့် မူဝါဒနှင့် ကိုက်ညီစေလျက်၊ အစိုးရစစ် အခြေခံပညာစာမေးပွဲအသီးသီးအတွက် ဝင်ခွင့်စည်းမျဉ်းများ၊ စာမေးပွဲကျင်းပရေးစည်းမျဉ်းများ၊ အောင်-ရှုံးဆုံးဖြတ်ရေး စည်းမျဉ်းများကို ရေးဆွဲ၍၎င်း၊ ပြင်ဆင်၍၎င်း၊ အခြေခံပညာရေးကောင်စီသို့ သဘောတူညီချက်ရရန် တင်ပြရန်။ သဘောတူညီပြီးဖြစ်သော စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရန်။

(င) အခြေခံ ပညာရေးဆိုင်ရာ အစိုးရ စာမေးပွဲ အသီးသီး အတွက်—

(၁) စာမေးပွဲဝင်ကြေး၊ မေးခွန်းထုတ်ခ၊ အဖြေလွှာ စစ်ဆေးခနှင့် စာမေးပွဲကြီးကြပ်ခများသတ်မှတ်ရန်။

(၂) အောင်စာရင်းပြုလုပ်ခြင်း၊ ထုတ်ပြန်ခြင်း၊ အောင်လက်မှတ်ပုံစံ သတ်မှတ်ခြင်း၊ အောင်လက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရန်။

(၃) ရ-သုံးငွေများကိုအစိုးရသတ်မှတ်ပြဋ္ဌာန်းထားသည့် အတိုင်း ပေးသွင်းသုံးစွဲ၍ စာရင်းများထားရှိရန်။

(စ) စာစစ်အဖွဲ့သည် အစိုးရစာမေးပွဲတခုခုတွင်—

(၁) မသမာသောနည်းဖြင့်ဖြေဆိုသူကို အစိုးရစစ်စာမေးပွဲများမှ နှစ်ကာလအပိုင်းအခြားသတ်မှတ်၍ ပယ်နိုင်သည်။

(၂) မသမာမှုပြုနေသည်ကို လစ်လျူရှုသည့်၊ သို့မဟုတ် တနည်းနည်းဖြင့် မသမာမှုကိုအားပေးသည့် စာမေးပွဲ ကြီးကြပ်သူတဦးအား၊ ဌာနခွဲအလိုက် အရေးယူရန် သက်ဆိုင်ရာဌာနခွဲအကြီးအကဲထံ တိုင်ကြားရမည်။

၇။ ။အခန်း ၄ တွင်ဖော်ပြထားသော အခြေခံပညာရေးကောင်စီနှင့် လက်အောက်ခံအဖွဲ့များ၏ ရာသူးအရမဟုတ်သည့် အဖွဲ့ဝင်များ၏ သက်တမ်းသည်သုံးနှစ်ဖြစ်စေရမည်။

## အခန်း ၅။

### အစိုးရစာမေးပွဲများ။

၉။ ။အစိုးရသည်၊ အခြေခံပညာရေးကောင်စီ၏ထောက်ခံချက်ဖြင့် အခြေခံပညာရေးဆိုင်ရာ အစိုးရစာမေးပွဲများကို သတ်မှတ်နိုင်သည်။

## အခန်း ၆။

### အခြေခံ ပညာရေး စီမံခန့်ခွဲအုပ်ချုပ်မှု။

၁၀။ ။ပညာရေးဌာနသည်၊ အခြေခံပညာရေးကောင်စီနှင့် လက်အောက်ခံအဖွဲ့များ၏ အကူအညီဖြင့် အခြေခံပညာရေးစီမံခန့်ခွဲအုပ်ချုပ်မှုကို ပညာညွှန်ကြားရေးဝန်၊ ပညာရေးအရာရှိများ၊ သက်ဆိုင်ရာပညာရေးဘြီးကြပ်မှု ကော်မီတီများနှင့် အခါအားလျော်စွာသင့်တော်သလို ဆောင်ရွက်သွားရမည်။

၁၁။ ။အစိုးရသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှါ နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ ညွှန်ကြားချက်၊သို့မဟုတ် အမိန့်ထုတ်ပြန်ခြင်းပြုနိုင်သည်။

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်။
(၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်။)

အမိန့်အရ၊
ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌရုံး။

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။

(၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၆ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၆ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအကျိုးသက်ရောက်ရမည်။

၂။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊ အောက်ပါဇယားများတွင် ဖော်ပြထားသော သက်ဆိုင်ရာအသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလတွင်းသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၅ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ (၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၇)အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

## ပြည်ထောင်စု၏ အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စနစ်" ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ပြည်ထဲရေး .... .... | .... | ၁၂၀ |
| အမျိုးသားစီမံကိန်း .... | .... | ၂၀ |
| ကျန်းမာရေး .... .... | .... | ၁၀ |
| ပေါင်း .... | .... | ၁၅၀ |

# အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ် စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတိ"ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။ | .... | ၁၀ |
| ပြည်သူ့အိုးအိမ်မြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့။ | .... | ၁၀ |
| ပေါင်း .... | .... | ၂၀ |

(ပုံ) ဗိုလ် နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

နေပြည်တော်၊ ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။
(၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။

(၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)

အောက်ဖော်ပြပါ ဥပဒေကိုထုတ်ပြန်ကြေညာသည်။

## ၁၉၆၆ ခုနှစ်၊ ဘဏ္ဍာရေးဥပဒေ။

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်။ ။(၁) ဤဥပဒေကို ၁၉၆၆ ခုနှစ်၊ ဘဏ္ဍာရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ နောက်ထပ်မံပြင်ဆင်ဖျက်သိမ်းခြင်းမပြုမီကာလအတွင်း အကျိုးသက်ရောက်ရမည်။

၂။ ။အမြတ်ခွန် စည်းကြပ်သည့် နှုန်းများ။ ။(၁) ဤဥပဒေ၏ ပဌမဇယားတွင်သီးခြားဖော်ပြထားသည့်နှုန်းများအတိုင်း အမြတ်ခွန်စည်းကြပ်ရမည်။

(၂) အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၅-က (၁) အလို့ငှါ အမြတ်ခွန်ထမ်းကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ ရသည့်ဝင်ငွေအတွက် လျှော့ရမည့်ငွေကိုယင်းဝင်ငွေ၏ ၅ ပုံ ၁ ပုံ ဟု သတ်မှတ်လိုက်သည်။ သို့သော် ယင်းသို့ လျှော့သော ငွေပေါင်းသည် ကျပ်ငွေ ၄,၀၀၀ ထက်မကျော်စေရ။

(၃) ပြည်ပနေ အမြတ်ခွန်ထမ်းများ၏ စုစုပေါင်းဝင်ငွေတွင် မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၂-က အရ၊ အခြေပစ္စည်းမှမြတ်စွန်းသည့် ငွေပါဝင်လျှင် ထိုစုစုပေါင်းဝင်ငွေပေါ်တွင် ကျသင့်မည့်အမြတ်ခွန်ကို ယင်းအက်ဥပဒေပုဒ်မ ၁၇-အပါ ပြဋ္ဌာန်းချက်များနှင့်အညီတွက်ချက်စည်းကြပ်ရမည်။

(၄) ဤဥပဒေအလို့ငှါ " စုစုပေါင်းဝင်ငွေ " နှင့် " ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ရသည့်ဝင်ငွေ " ဆိုသည့်စကားရပ်တို့မှာ မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

၃။ ။စာပို့ခနှုန်းများသတ်မှတ်ခြင်း။ ။ဤဥပဒေ၏ ဒုတိယ ဇယားကို မြန်မာနိုင်ငံစာပို့တိုက် အက်ဥပဒေဟွင်၊ ထိုအက်ဥပဒေ၏ ပဌမဇယားအဖြစ်ထည့်သွင်းရမည်။

## ပဥ္စမဇယား။

## အမြတ်ခွန် နှုန်းများ ဇယား။

[ ပုဒ်မ ၂ (၁) ကိုကြည့်။ ]

<u>ပြည်တွင်းနေအမြတ်ခွန်ထမ်းများအပေါ်စည်းကြပ်ရန်နှစ်စဉ်အမြတ်ခွန်နှုန်းများ။</u>

(က) အခြေပစ္စည်းမှမြတ်စွန်းသည့်ငွေမှတပါး စုစုပေါင်းဝင်ငွေမှ ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ရသည့်ငွေအတွက်နှင့် ဇနီးနှင့်သားသမီးများအတွက် ခွင့်ပြုသမျှငွေတို့ကိုလျော့ပြီး ကျန်သည့်ငွေအပေါ်တွင်——

| ကျပ် | | ကျပ် | | | |
|---|---|---|---|---|---|
| ၁ | မှ | ၁,၅၀၀ | ထိ | | မရှိ။ |
| ၁,၅၀၁ | မှ | ၅,၀၀၀ | ထိ | ၇ | ရာခိုင်နှုန်း။ |
| ၅,၀၀၁ | မှ | ၁၀,၀၀၀ | ထိ | ၁၅ | ရာခိုင်နှုန်း။ |
| ၁၀,၀၀၁ | မှ | ၁၅,၀၀၀ | ထိ | ၂၅ | ရာခိုင်နှုန်း။ |
| ၁၅,၀၀၁ | မှ | ၂၀,၀၀၀ | ထိ | ၃၅ | ရာခိုင်နှုန်း။ |
| ၂၀,၀၀၁ | မှ | ၃၀,၀၀၀ | ထိ | ၅၅ | ရာခိုင်နှုန်း။ |
| ၃၀,၀၀၁ | မှ | ၄၀,၀၀၀ | ထိ | ၆၅ | ရာခိုင်နှုန်း။ |
| ၄၀,၀၀၁ | မှ | ၅၀,၀၀၀ | ထိ | ၇၅ | ရာခိုင်နှုန်း။ |
| ၅၀,၀၀၁ | မှ | ၆၀,၀၀၀ | ထိ | ၈၅ | ရာခိုင်နှုန်း။ |
| ၆၀,၀၀၁ | မှ | ၁,၀၀,၀၀၀ | ထိ | ၉၅ | ရာခိုင်နှုန်း။ |
| ၁,၀၀,၀၀၁ | မှ | ၃,၀၀,၀၀၀ | ထိ | ၉၈ | ရာခိုင်နှုန်း။ |
| ၃,၀၀,၀၀၁ | နှင့်အထက် | | .... | ၉၉ | ရာခိုင်နှုန်း။ |

သို့ရာတွင်——

(၁) ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ရသည့်ငွေအတွက်နှင့် ဇနီးနှင့် သားသမီးများအတွက် ခွင့်ပြုသမျှငွေတို့ကိုမလျော့မီ၊ စုစုပေါင်း ဝင်ငွေသည် ကျပ်ငွေ ၄,၂၀၀ ထက်မပိုလျှင် အမြတ်ခွန်မပေးဆောင်ရ။

(၂) ကိုယ်တိုင်ကိုယ်ကျ အလုပ်လုပ်၍ရသည့်ဝင်ငွေအတွက်နှင့် ဇနီးနှင့် သားသမီးများအတွက် ခွင့်ပြုသမျှငွေတို့ကိုမလျော့မီ၊ ဝင်ငွေသည် ကျပ်ငွေ ၄,၆၄၀ ထက် မကျော်ပါက၊ ပေးဆောင်ရမည့် အမြတ်ခွန်မှာ အောက်ပါငွေနှစ်ရပ်အနက် နည်းရာငွေဖြစ်စေရမည်။

(ကက) ကိုယ်တိုင်ကိုယ်ကျ အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်နှင့် ဇနီးနှင့်သားသမီးများအတွက် ခွင့်ပြုသမျှငွေကိုလျော့ပြီး ကျန်သည့်ဝင်ငွေအပေါ်တွင် ဤဇယား၌ ဖော်ပြထားသည့် နှုန်းများအတိုင်း ပေးဆောင်ရမည့်အမြတ်ခွန်ငွေ၊ သို့မဟုတ်

(ခခ) ယင်းသို့မလျော့ရသေးသည့်ဝင်ငွေမှ ကျပ်ငွေ ၄,၂၀၀ ကို နုတ်၍ ကျန်ရှိသောငွေ၏ထက်ဝက်ကိုတည်၍၊ လျော့ပြီး ကျန်ဝင်ငွေနှင့် မလျော့ရသေးသည့် ဝင်ငွေတို့၏ အချိုးအစားနှင့် မြှောက်၍ရသည့်ငွေ။

(ခ) အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၂-က အရ၊ အခြေပစ္စည်းမှ မြတ်စွန်းသည့်ငွေအပေါ်တွင်—

| ကျပ် | | ကျပ် | | |
|---|---|---|---|---|
| ၁ | မှ | ၅,၀၀၀ | ထိ | မရှိ။ |
| ၅,၀၀၁ | မှ | ၂၅,၀၀၀ | ထိ | ၂၀ ရာခိုင်နှုန်း။ |
| ၂၅,၀၀၁ | မှ | ၁,၀၀,၀၀၀ | ထိ | ၃၀ ရာခိုင်နှုန်း။ |
| ၁,၀၀,၀၀၁ | နှင့်အထက် | | .... | ၄၀ ရာခိုင်နှုန်း။ |

(ဂ) အမြတ်ခွန်အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) အရ၊ အာမခံစာချုပ်များအပေါ်မှရရှိသည့်အတိုးငွေမှ နုတ်ယူရန်အတွက် ၃၅ ရာခိုင်နှုန်း။

## ဒုတိယဇယား။

## မြန်မာနိုင်ငံစာပို့တိုက် အက်ဥပဒေတွင် ထည့်သွင်းရမည့်ဇယား

[ပုဒ်မ ၃ ကိုကြည့်။]

### ချောစာများ။

| | | ပြား |
|---|---|---|
| ပဋ္ဌမ ၃ အောင်စထက်မပိုလျှင် | .... .... | ၁၅ |
| နောက်ထပ် ၃ အောင်စတိုင်း၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း | .... | ၀၇ |

### စာပို့ကတ်များ။

| | | |
|---|---|---|
| တစောင် | .... .... .... | ၀၅ |
| မြန်စာအတွက်ပါ | .... .... .... | ၁၀ |

### စာအုပ်၊ ပုံစံနှင့် နမူနာအထုပ်များ။

| | | |
|---|---|---|
| ပဋ္ဌမ ၂ အောင်စထက်မပိုလျှင် | .... .... | ၀၅ |
| နောက်ထပ် ၁ အောင်စတိုင်း၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း | .... | ၀၃ |

### မှတ်ပုံတင်ပြီးသတင်းစာများ။

| | | |
|---|---|---|
| ပဋ္ဌမ ၄ အောင်စထက်မပိုလျှင် | .... .... | ၀၂ |
| ၄ အောင်စထက်ပို၍ ၈ အောင်စထက်မပိုလျှင် .... | .... | ၀၃ |
| နောက်ထပ် ၈ အောင်စတိုင်း၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း | .... | ၀၃ |

| | | |
|---|---|---|
| အထုပ်တခုတည်းတွင် ပါရှိသည့် တနေ့တည်းမှတ်ပုံတင်ပြီး သတင်းစာ တစောင်ထက်ပိုလျှင်— | | ပြား |
| ပဌမ ၄ အောင်စထက်မပိုလျှင် | .... .... | ၀၃ |
| နောက်ထပ် ၂ အောင်စတိုင်း၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း | | ၀၁ |

(ယင်းအထုပ်များကို စာတိုက်မြို့တင်းပေါက်မှသာ ပေးဝေရပါမည်။)

<u>ပါဆယ်ထုပ်များ။</u>

| | | |
|---|---|---|
| ၁ ပေါင်တိုင်း၊ သို့မဟုတ်၎င်း၏အစိတ်အပိုင်း | .... | ၅၀ |

## နိုင်ငံတွင်းစာပို့ကဒ်များ၊ ချောစာများနှင့် ငွေပို့လွှာများအတွက် နောက်ထပ်လေကြောင်းစာပို့ခများ။

| | | |
|---|---|---|
| စာပို့ကဒ်တစောင် | .... .... .... | ၀၅ |
| ချောစာအတွက် ၂ အောင်စတိုင်း၊ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း | .... | ၀၅ |
| ငွေပို့လွှာတစောင် | .... .... .... | ၀၅ |

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။
(၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

## ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၂၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်။
(၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)

အောက်ဖော်ပြပါဥပဒေကိုထုတ်ပြန်ကြေညာသည်။

## ၁၉၆၆ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ။

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤဥပဒေကို၊ ၁၉၆၆ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံ အဖွဲ့အစည်း အားလုံး၏ ရငွေ အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ ဘဏ္ဍာ ရံပုံငွေသို့ ထည့်သွင်း၍၊ တော်လှန်ရေး ကောင်စီနှင့် လက် အောက်ခံ အဖွဲ့အစည်း အားလုံး၏အသုံးစရိတ်အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (၁) ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် အတွင်း တွင် စုစုပေါင်း ကျပ်ငွေ ရှစ်ရာကုဋေ အထိ၊ ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး အစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊ အစိုးရငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ် များထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေး ယူနိုင်သည်။ ထိုကဲ့သို့ ငွေချေး သောအခါ၊ မိမိသင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များကိုလည်းပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁)အရ၊ ချေးယူရရှိသော ငွေအားလုံးကို၊ တစု တပေါင်း တည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေတွင်ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရရှိသည့် ချေးငွေများအတွက် ပြန်ဆပ်ရန် ငွေရင်းနှင့် အတိုးကိုငင်း၊ ကုန်ကျသည့်စရိတ်ငွေများကိုငင်း၊တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှထုတ်ပေးရမည်။

၄။ အောက်ပါ ဇယားတွင် ဖော်ပြရာပါ ပြည် ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဘဏ္ဍာရေး ကော်မီတီနှင့် တာဝန်ခံ အသီးသီးသည်၊ မိမိနှင့် တပြေးတည်းဖော်ပြ ထားသော အသုံးစရိတ် များအတွက် ဆက်လက်၍ ဖော်ပြသည့်

ငွေစုစုပေါင်းအထိ၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာ ရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နေ့မှ၊ ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ၃၀ ရက်နေ့အထိကာလအတွင်း သုံးစွဲနိုင်သည်။

| အမှတ်စဉ် (၁) | တာဝန်ခံ (၂) | အသုံးစရိတ်အမည် (၃) | စုစုပေါင်းငွေ (၄) | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား (၅) |
|---|---|---|---|---|
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ဘဏ္ဍာရေးကော်မီတီ။ | တော်လှန်ရေးကောင်စီ | ၅,၂၂,၀၃,၆၃၀ | နောက်ဆက်တွဲ ဇယား(က)။ |
| ၂ | ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး အစိုးရဘဏ္ဍာရေးဌာန တာဝန်ခံ။ | ပြည်ထောင်စု၏ အသုံး စရိတ်များ။ | ၁,၇၀,၀၇,၅၉,၂၄၀ | နောက်ဆက်တွဲ ဇယား(ခ)။ |
| ၃ | ရှမ်းပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ အသုံး စရိတ်များ။ | ၂,၄၁,၃၃,၀၄၀ | နောက်ဆက်တွဲ ဇယား(ဂ)။ |
(င) စက်မှုလက်မှုအတွက် ငွေထုတ်ချေးခြင်းနှင့် စပ်လျဉ်း၍ အစိုးရကမိမိအား လွှဲအပ်သော အခြားတာဝန်ဝတ္တရားများကို ဆောင်ရွက်ပိုင်ခွင့်။

## အခန်း ၁၁

### အသေးစားချေးငွေထုတ်ပေးခြင်း

အသေးစား ချေးငွေ ထုတ်ပေးပိုင်ခွင့်။

၄၁။ ။ဘဏ်သည်၊ အသေးစားချေးငွေတို့ကို ထုတ်ပေးနိုင်သည်။ ထိုချေးငွေများမှာ၊ ရွှေပြောင်းနိုင်သည့် ပစ္စည်းအပေါင်ထား၍ ချေးသောငွေမျိုးဖြစ်ရမည်။ ထို့ပြင် ထိုချေးငွေများကို အဖွဲ့က သတ်မှတ်သည့် နှစ်တိုကာလအပိုင်းအခြားအတွက် သတ်မှတ်သည့် စည်းကမ်းချက်များအရ ထုတ်ပေးရမည်။

အသေးစား ချေးငွေ ထုတ်ပေးရာတွင် လုပ်ပိုင်ခွင့်များ။

၄၂။ ။ဘဏ်သည်၊ ပုဒ်မ ၄၁ အရ၊ မိမိ၏အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင်၊ အောက်ပါ လုပ်ပိုင်ခွင့်များကိုလည်း ရရှိစေရမည်။

(က) အသေးစားချေးငွေ ထုတ်ပေးရေး ကိုယ်စားလှယ်ဌာနများနှင့် အရောင်းဌာနများ ဖွင့်လှစ်ပိုင်ခွင့်။

(ခ) ငွေချေးယူသူများက ဘဏ်တွင်ပေါင်နှံ၍မရွေးယူဘဲ ထားသောပစ္စည်းများကို ထုခွဲရောင်းချပိုင်ခွင့်။

## အခန်း ၁၂

### အာမခံလုပ်ငန်းများ

အဓိပ္ပါယ်ဖော်ပြချက်။

၄၃။ ။ဤအခန်းတွင်—

(က) ''အသက်အာမခံ''ဆိုသည်မှာ၊ ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေ၊ ညွှန်ကြားချက် စသည်တို့နှင့်အညီ လူ၏အသက်ကို အာမခံသည့် လုပ်ငန်း ကို ဆိုလိုသည်။

(ခ) ''လူမှုဖူလုံရေးအာမခံ'' ဆိုသည်မှာ၊ လူအများစု လူမှုဖူလုံရေးအတွက် ပြုလုပ်သည့် အာမခံလုပ်ငန်းကို ဆိုလိုသည်။

(ဂ) ''အထွေထွေအာမခံ'' ဆိုသည်မှာ၊ အသက်အာမခံလုပ်ငန်းနှင့် လူမှုဖူလုံရေးမှအပ၊ အခြားအာမခံလုပ်ငန်းများကိုဆိုလိုသည်။

၄၄။ ။(၁) ဘဏ်သည်၊ အစိုးရကသတ်မှတ်သော စည်းကမ်းနည်းလမ်းများအရ၊ အသက်အာမခံလုပ်ငန်း၊ လူမှုဖူလုံရေးအာမခံလုပ်ငန်း၊ အထွေထွေအာမခံလုပ်ငန်းနှင့် တဆင့်အာမခံလုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်နိုင်သည်။ ဘဏ်မှတပါး အခြားမည်သူမျှ၊ အဆိုပါလုပ်ငန်းများကိုမဆောင်ရွက်ရ။

ဆောင်ရွက်ခွင့်ပြုသည့် အာမခံလုပ်ငန်းများ၊

(၂) ဘဏ်သည်၊ မည်သည့်အာမခံ လုပ်ငန်းအမျိုးအစားနှင့်မဆို စပ်လျဉ်း၍၊ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်နိုင်သည်။

(၃) ဘဏ်သည်၊ မိမိ၏အလုပ်ဝတ်တရားများ ဆောင်ရွက်ရန်ကိစ္စအလို့ငှါ၊ ကိုယ်စားလှယ်များကို ပြည်ထောင်စု မြန်မာနိုင်ငံတွင်းတွင်ဖြစ်စေ၊ နိုင်ငံပတွင်ဖြစ်စေ၊ မိမိသင့်သည်ထင်မြင်သည့်စည်းကမ်းချက်များအရခန့်ထားနိုင်သည်။

၄၅။ ။ဘဏ်ကဖြစ်စေ၊ အစိုးရကဖြစ်စေ၊ ပေါ်လီစီရှင်ပေါ် တင်ရှိသောကြွေးမြီမှတပါး၊ ပေါ်လီစီရှင်ကခံယူသည့် အခြားကြွေးမြီ၊ သို့မဟုတ် ကြွေးမြီတာဝန်တခုခုနှင့်စပ်လျဉ်း၍၊ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ၊ ပေါ်လီစီရှင်သို့ထုတ်ပေးရမည့်ပေါ်လီစီငွေများကိုတရားမရုံး၊ သို့မဟုတ် ရာဇဝတ်ရုံးတခုခုကချမှတ်ထားသောအမိန့်၊ သို့မဟုတ် ဒီဂရီအရဝရမ်းမကပ်ရ။

ပေါ်လီစီငွေကို ဝရမ်း မကပ်ရခြင်း။

၄၆။ ။ဤဥပဒေအရ ပြုလုပ်သည့် အသက်အာမခံပေါ်လီစီတိုင်းတွင်ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ အကျိုးခံစားခွင့်ရမည့်သူကိုသတ်မှတ်ပေးထားရမည်။

အကျိုးခံစားခွင့်ပေးခြင်း။

၄၇။ ။တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ အရွယ်မရောက်သေးသူက ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့် အသက်အာမခံ ပဋိညာဉ်စာချုပ်သည် အတည်ဖြစ်သည်ဟုမှတ်ယူရမည်။

အရွယ်မရောက်သေးသူများ အသက်အာမခံထားရှိခြင်း။

၄၈။ ။အသက်အာမခံကုမ္ပဏီများအက်ဥပဒေနှင့် အာမခံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ဘဏ်နှင့် မသက်ဆိုင်စေရ။

အချို့ အက်ဥပဒေများနှင့် မသက်ဆိုင်ခြင်း။

## အခန်း ၁၃

### ငွေစာရင်းများနှင့်စာရင်းစစ်ဆေးခြင်း

၄၉။ ။ဘဏ်၏ဘဏ္ဍာရေးနှစ်သည်၊ အစိုးရကသတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

ဘဏ္ဍာရေးနှစ်။

၅၀။ စာရင်းစစ်ဆေးခြင်း။ ဘဏ်၏ငွေစာရင်းများကို၊ အစိုးရကသတ်မှတ်သည့်အတိုင်း စစ်ဆေးရမည်။

၅၁။ နှစ်ချုပ်ငွေစာရင်းများနှင့် အစီရင်ခံစာ။ (၁) ဘဏ်သည်၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတိုင်း၊ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို၊ အစိုးရသတ်မှတ်သည့်အတိုင်း ပြုလုပ်ရမည်။

(၂) အစိုးရခန့်ထားသည့် စာရင်းစစ်များက မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးသည့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း တစောင်ကို၊ ထိုနှစ်တလျှောက်လုံးဆောင်ရွက်သည့် ဘဏ်လုပ်ငန်းနှင့်စပ်လျဉ်း၍ အဖွဲ့၏ အစီရင်ခံစာနှင့်တကွ၊ အစိုးရထံ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး နောက်သုံးလအတွင်းပေးပို့ရမည်။

# အခန်း ၁၄

## အစိုးရနှင့်ဆက်ဆံရေး

၅၂။ အစိုးရ၏ ဘဏ္ဍာရေးကိုယ်စားလှယ်နှင့် ဘဏ္ဍာစိုး။ (၁) ဘဏ်သည်၊ အစိုးရဘဏ္ဍာရေးကိုယ်စားလှယ်နှင့် ဘဏ္ဍာစိုးအဖြစ် ဆောင်ရွက်ရမည့်ပြင်၊ ထိုသို့ဆောင်ရွက်ရသည်အား လျော်စွာ ပုဒ်မ ၂၈ တွင်ဆောင်ရွက်ပိုင်ခွင့်ရှိသောလုပ်ငန်းအမျိုးမျိုးကိုလည်း၊ တိုက်ရိုက်ဖြစ်စေ၊ မိမိ၏ကိုယ်စားလှယ်များမှတဆင့်ဖြစ်စေ၊ အစိုးရအဘို့ ဆောင်ရွက်ရမည်။

(၂) ဘဏ်သည်၊ အစိုးရက တာဝန်ပေးအပ်သော အခြားလုပ်ငန်းများကိုဆောင်ရွက်နိုင်သည်။

၅၃။ နိုင်ငံခြား၊ သို့မဟုတ် အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများနှင့်ဆက်သွယ်ရာတွင် အစိုးရ ကိုယ်စားလှယ်အဖြစ် ဆောင် ရွက်ခြင်း။ ဘဏ်သည်၊ နိုင်ငံခြား၊ သို့မဟုတ်အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းများ၊ သို့မဟုတ် ကိုယ်စားလှယ်ဌာနများနှင့်သော်၎င်း၊ နိုင်ငံခြားအစိုးရများနှင့်သော်၎င်း၊ အစိုးရကညွှန်ကြားသည့် ကိစ္စများအဘို့ အစိုးရကိုယ်စားဆက်သွယ်ခြင်း၊ စေ့စပ်ခြင်း၊ သို့မဟုတ်အလုပ်ကိစ္စများဆောင်ရွက်ခြင်းပြုနိုင်သည်။

၅၄။ အစိုးရအားဘဏ္ဍာရေးနှင့်စပ်လျဉ်း၍ အကြံပေးခြင်း။ နိုင်ငံတွင်း၊ နိုင်ငံပ၏ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကိစ္စများနှင့်ပတ်သက်၍၊ ဘဏ်ကအစိုးရအား အခါအားလျော်စွာ အကြံဉာဏ်ပေးနိုင်သည်။

၅၅။ ။ဘဏ်သည်၊ အစိုးရ၏နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်း ခွဲဝေသုံးစွဲရေးများဘွင်ခွင့်ပြုထားသည့် သာမန်အသုံးစရိတ်များ အတွက် အစိုးရအားငွေများထုတ်ချေးနိုင်သည်။

အစိုးရသို့ငွေထုတ်ချေးခြင်း။

ခြွင်းချက်။ ။သို့ရာတွင် ထိုသို့ငွေများ ထုတ်ချေးသည့်အခါတိုင်း၊ ထိုငွေများကို ထုတ်ချေးသည့်နေ့မှ ခြောက်လထက် နောက်မကျစေဘဲ၊ ပြန်လည်ပေးဆပ်ရမည့်ပြင်၊ ထိုသို့ထုတ်ချေးသည့် ငွေများအနက်၊ မည်သည့်အခါမဆို ပေးဆပ်ရန်ကျန်ရှိနေသေးသောငွေစုစုပေါင်းသည်၊ ထိုငွေများထုတ်ချေးသောဘဏ္ဍာရေးနှစ်အတွက် အစိုးရ၏ ခန့်မှန်းခြေအခွန်ငွေများ၏ တဆယ့်ငါးရာခိုင်နှုန်းထက် မည်သည့်အခါမျှမပိုစေရ။

# အခန်း ၁၅

## အထွေထွေပြဋ္ဌာန်းချက်များ

၅၆။ ။ဘဏ်အား၊ အောက်ပါ လုပ်ပိုင်ခွင့်များကို ထပ်ဖြည့်အပ်နှင်းထားသည်။

အထွေထွေလုပ်ပိုင်ခွင့်များ။

(က) လုံခြုံစွာ ထိန်းသိမ်းရန် ပေးအပ်သော လက်ဝတ် လက်စား၊ ကျောက်မျက်ရတနာ၊ ငွေချေးသက်သေခံ လက်မှတ်များနှင့် အခြားအဘိုးတန် ပစ္စည်းများနှင့် စာချုပ် စာတမ်းများကို လက်ခံနိုင်ခွင့်၊ ထိုပြင်ထိုငွေချေး သက်သေခံ လက်မှတ်များ၏ ငွေရင်းမှဖြစ်စေ၊ အတိုးမှဖြစ်စေ၊ အမြတ်ဝေစုမှဖြစ်စေ၊ ရရှိသည့် ငွေများကိုကောက်ခံပိုင်ခွင့်။

(ခ) မိမိ၏ လုပ်ငန်းများ ဆောင် ရွက် ရန် လိုအပ်သည့် လူနေအိမ်နှင့်လုပ်ငန်းဥပစာများကိုရယူပိုင်ခွင့်၊ပြုပြင်ထားရှိပိုင်ခွင့်နှင့် ရောင်းချပိုင်ခွင့်။

(ဂ) ဤဥပဒေအရ မိမိ၏ လုပ်ပိုင်ခွင့် အတွင်း ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခြားကိစ္စ အားလုံးကို ဆောင်ရွက်ပိုင်ခွင့်။

၅၇။ ။(၁) ဘဏ်သည်၊သင့်တော်သောကျေးရွာအုပ်စုများတွင်အခါအားလျော်စွာ ဖွဲ့စည်းသည့် ကျေးရွာဘဏ်များကို အသိအမှတ်ပြုနိုင်သည်။

ကျေးရွာဘဏ်များ။

(၂) ဘဏ်သည်၊ကျေးရွာဘဏ်များ၏ဖွဲ့စည်းပုံနှင့်အလုပ်ဝတ်တရားများကို၊ ဤဥပဒေအရ ထုတ်သည့် ညွှန်ကြားချက်များဖြင့် သတ်မှတ်နိုင်သည်။

၅၈။ ။ဘဏ်၏ ဒါရိုက်တာနှင့် အမှုထမ်းအားလုံးသည်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်။

ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။

**ပြည်သူပိုင်ပစ္စည်းဖြစ်ခြင်း။**

၅၉။ ။ဘဏ်ပိုင်ပစ္စည်းမှန်သမျှသည်၊ ပြည်သူပိုင်ပစ္စည်းဖြစ်သည်။

**အခွန်များကင်းလွတ်ခွင့်။**

၆၀။ ။အမြတ်ခွန်အက်ဥပဒေတွင်သော်၎င်း၊ တည်ဆဲအခြားတရားဥပဒေတခုခုတွင်သော်၎င်း၊ မည်သို့ပင်ပါရှိစေကာမူ၊ ဘဏ်မှာအမြတ်ခွန်ကိုဖြစ်စေ၊ ကုန်သွယ်ရေးလုပ်ငန်းခွန်များကိုဖြစ်စေ၊ ပေးဆောင်ရန်တာဝန်မရှိစေရ။

**မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေအခန်း ၁၀-က နှင့် မသက်ဆိုင်ခြင်း။**

၆၁။ ။မြန်မာနိုင်ငံ ကုမ္ပဏီ အက်ဥပဒေအခန်း ၁၀-က ပါ (ဘဏ်လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီများနှင့် သက်ဆိုင်သော) ပြဋ္ဌာန်းချက်များသည်၊ ဘဏ်နှင့်မသက်ဆိုင်စေရ။

**တရားစွဲဆိုမှုများအတွက် ကာလစည်းကမ်းသတ်ချက်။**

၆၂။ ။ကာလစည်းကမ်းသတ်အက်ဥပဒေ (The Limitation Act) ပထမဇယားရှိ အပိုဒ် ၁၄၉ သည်၊ ဘဏ်ကဖြစ်စေ၊ ဘဏ်ကိုယ်စားဖြစ်စေ၊ စွဲဆိုသည့်တရားမမှုများနှင့်သက်ဆိုင်စေရမည်။

**ပြစ်ဒဏ်။**

၆၃။ ။မည်သူမဆို၊ ဤဥပဒေပါပြဋ္ဌာန်းချက်တခုခုကိုဖြစ်စေ၊ ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်၊ သို့မဟုတ် ပြုသည် ထုတ်သည်ဟုမှတ်ယူရမည့်အမိန့်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ သို့မဟုတ် ညွှန်ကြားချက်တခုခုကိုပြစ်စေ၊ ဆန့်ကျင်လျှင်၊ ထိုသူမှာ ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံထိုက်စေရမည်။

<u>ခြွင်းချက်။</u> ။သို့ရာတွင်၊ ဘဏ်ကတိုင်တန်းခြင်းမပြုဘဲ၊ ဤပုဒ်မအရ တရားစွဲဆိုခြင်းမပြုရ။

**နည်းဥပဒေများ၊**

၆၄။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါအမိန့်ကြော်ငြာစာဖြင့် နည်းဥပဒေများကို ပြုနိုင်သည်။

**ညွှန်ကြားချက်များ၊ နည်းဥပဒေများ နှင့်၎င်း၊**

၆၅။ ။အသင်းသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရန် အလို့ငှါ လိုအပ်သော၊ သို့မဟုတ်လွယ်ကူစေသော ညွှန်ကြားချက်များကို ဤဥပဒေနှင့်၎င်း၊ ဤဥပဒေအရပြုသည့် အညီထုတ်နိုင်သည်။

# အခန်း ၁၆။

## အကူးအပြောင်းကာလအတွက် ပြဋ္ဌာန်းချက်များနှင့် ဥပဒေများရုပ်သိမ်းခြင်း။

အပိုင်ပစ္စည်းနှင့် ကြွေးမြီတာဝန် လွှဲပြောင်းခြင်း။

၆၆။ ။(၁) ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ အစိုးရက ကိစ္စအလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်၌၊ [နောက်တွင် ''ပေါင်းစပ်ရာပါ အဖွဲ့အစည်းများ (Amalgamating institutions)''ဟု ခေါ်တွင်သည့်] ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ပြည်သူ့ဘဏ်များ၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်၊ ပြည်ထောင်စုအာမခံစံနစ်အဖွဲ့၊ချေးတာစုဆောင်းရေးနှင့် အာမခံစာချုပ်များဆိုင်ရာဌာနခွဲ၊စက်မှုလက်မှုတိုးတက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ လုပ်ငန်းများအနက် သက်ဆိုင်ရာရာကို၊ ဘဏ်သို့လွှဲပြောင်းပေးရမည့်ပြင်၊ ထိုလုပ်ငန်းသည်လည်း ဘဏ်၏လုပ်ငန်းဖြစ်လာရမည်။

(၂) အစိုးရသည်၊ ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်း ဥပဒေအရ၊ ပြည်သူပိုင်ပြုလုပ်ပြီးသည့် ယခင် ပြည်သူ့ငွေချေးကုမ္ပဏီလီမိတက်၏ လုပ်ငန်းများကို၊ ဘဏ်သို့လွှဲပြောင်းရမည်။ ထိုသို့လွှဲပြောင်းသည့်အခါ၊ အဆိုပါ လုပ်ငန်းသည် ဘဏ်၏လုပ်ငန်းဖြစ်လာရမည့်ပြင်၊ ပုဒ်မခွဲ(၁)တွင် ဖော်ပြထားသည့် ''ပေါင်းစပ်ရာပါ အဖွဲ့အစည်းများ'' ဆိုသည့်စကားရပ်တွင် ပါဝင်သည်ဟူ၍လည်း မှတ်ယူရမည်။

(၃) အဆိုပါလုပ်ငန်းများ လွှဲပြောင်းသည့် နေ့ရက်တွင်၊ ထိုပေါင်းစပ်ရာပါ အဖွဲ့အစည်းများ၏ အပိုင်ပစ္စည်းများနှင့် ကြွေးမြီတာဝန်အားလုံးသည်၊ ဘဏ်၏အပိုင်ပစ္စည်းနှင့်ကြွေးမြီတာဝန်ဖြစ်လာရမည်။ ထိုနည်းတူပေါင်းစပ်ရာပါ အဖွဲ့အစည်းများကပြုလုပ်ခဲ့သည့်၊ သို့မဟုတ် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်အားလုံးသည်လည်း ဘဏ်ကပြုလုပ်သည့်၊ သို့မဟုတ် ချုပ်ဆိုသည့် သဘောတူ စာချုပ်များဖြစ်သည်ဟု မှတ်ယူရမည်။

(၄) ထိုပေါင်းစပ်ရာပါ အဖွဲ့အစည်းတခုခု၏ လုပ်ငန်းကို ဘဏ်သို့ လွှဲပြောင်းသည့် နေ့ရက်တွင်၊ ထိုပေါင်းစပ်ရာပါ အဖွဲ့အစည်းတခုခုက တွဲဆိုထားသည့်၊ သို့မဟုတ် တွဲဆိုခံရသည့် တရားမှုခင်းတခုခုမှာ မပြီးပြတ်သေးလျှင်၊ ထိုတရားမှုခင်းမှာ ရပ်စဲခြင်းမရှိစေရ။ ထိုတရားမှုခင်းကို ဘဏ်က၊ သို့မဟုတ် ဘဏ်အပေါ်တွင် ဆက်လက်တွဲဆို အတည်ပြုနိုင်သည်။

(၅) ပေါင်းစပ်ရာပါ အဖွဲ့အစည်းများ၏ ရံပုံငွေများကို၊ အစိုးရ၏ သဘောတူညီချက်ဖြင့်၊ အဖွဲ့ကစီမံခန့်ခွဲနိုင်သည်။ မဟုတ် သင့်လျော်အောင် ညှိနှိုင်းရှင်းလင်းနိုင်သည်။

ရုပ်သိမ်းခြင်း။

၆၇။ ။(၁) အစိုးရက ကိစ္စအလိုက် အမိန့် ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်၌သက်ဆိုင်ရာ—

(က) ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စု အာမခံစံနစ်အဖွဲ့ အက် ဥပဒေ၊

(ခ) ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ် အက်ဥပဒေ၊

(ဂ) ၁၉၅၃ ခုနှစ်၊ နိုင်ငံတော် စိုက်ပျိုးရေး ဘဏ် အက်ဥပဒေ၊

(ဃ) ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ် အက်ဥပဒေ၊

ကိုရုပ်သိမ်းရမည့်ပြင်၊ အခြားတရားဥပဒေ၊ သို့မဟုတ် စာချုပ်စာတမ်း တခုခုတွင် အဆိုပါ အက်ဥပဒေတခုခုကို ရည်ညွှန်းလျှင်၊ ဤဥပဒေကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(၂) ထိုသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျ စကားရပ် အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များသည်၊ အကျိုးသက်ရောက်စေရမည်။

စက်မှုလက်မှု ဘဏ်ဖျက်သိမ်းခြင်း။

၆၀။ ။တည်ဆဲအခြားတရားဥပဒေတခုခုတွင်သော်၎င်း၊ ပဋိညာဉ်၊ သို့မဟုတ် အခြားစာတမ်းအမှတ်အသားတခုခုတွင်သော်၎င်း၊ မည်သို့ပင်ပါရှိစေကာမူ၊စက်မှုလက်မှုတိုးတက်ဖွံ့ဖြိုးရေးဘဏ် လီမိတက်ကို၊ အစိုးရက အမိန့်ကြော်ငြာစာဖြင့် ဤကိစ္စအလို့ငှါ သီးခြားဖော်ပြသည့်နေ့ရက်တွင် ဖျက်သိမ်းပြီးဖြစ်ရမည်။

အခြားတရားဥပဒေများတွင် ပေါင်းစပ်ရပါ အဖွဲ့အစည်းများကို ရည်ညွှန်းခြင်း၊

၆၉။ ။ပေါင်းစပ်ရပါ အဖွဲ့အစည်းတခုခု၏ လုပ်ငန်းကို ဘဏ်သို့လွှဲ ပြောင်း၍ ဘဏ်၏လုပ်ငန်းဖြစ်လာသည့်နေ့ရက်မှစ၍၊ အခြား တရားဥပဒေ၊ သို့မဟုတ် စာချုပ်စာတမ်း တခုခုတွင် မည်သည့် စကားလုံးမျိုးဖြင့်မဆို၊

(က) ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်၊
(ခ) နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်၊
(ဂ) ပြည်သူ့ဘဏ်များ၊
(ဃ) နိုင်ငံတော်စိုက်ပျိုးရေးဘဏ်၊
(င) ပြည်ထောင်စု အာမခံစိန်စစ်အဖွဲ့၊
(စ) စက်မှုလက်မှု တိုးတက်ဖွံ့ဖြိုးရေးဘဏ် လီမိတက်၊
(ဆ) ပြည်သူ့ငွေချေးကုမ္ပဏီလီမိတက်၊ သို့မဟုတ်
(ဇ) ချေးတာစုဆောင်းရေးနှင့် အာမခံစာချုပ်များဆိုင်ရာ ဌာနခွဲ၊

သက်ဆိုင်ရာရာကို ရည်ညွှန်းလျှင်၊ ဘဏ်ကို ရည်ညွှန်းသည်ဟု အဓိပ္ပါယ် ကောက်ယူရမည်။

နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့် စည်းကမ်းဥပဒေများဆက်လက် အကျိုးသက်ရောက်ခြင်း။

၇၀။ ။(၁) ရုပ်သိမ်းလိုက်သည့် အက်ဥပဒေတခုခုအရဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့်တခုခုအရဖြစ်စေ ထုတ်သည့်၊ သို့မဟုတ် ပြုသည့် အမိန့်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊သို့မဟုတ် ညွှန်ကြားချက်တခုခုသည်၊ ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်အမိန့်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ သို့မဟုတ် ညွှန်ကြားချက်တခုခုဖြင့် နုတ်

သိမ်းပယ်ဖျက်ခြင်းမပြုသေးမီအတွင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှ၊ ဆက်လက်အကျိုးသက်ရောက်စေရမည့်ပြင်၊ ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်အမိန့်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊စည်းကမ်းဥပဒေ၊ သို့မဟုတ် ညွှန်ကြားချက်ဖြစ်သည်ဟူ၍လည်း မှတ်ယူရမည်။

(၂) အဆိုပါအမိန့်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊စည်းကမ်းဥပဒေ၊ သို့မဟုတ် ညွှန်ကြားချက်အရ ဆောင်ရွက်ပိုင်ခွင့်နှင့် တာဝန်ဝတ်တရားမည်သည်ကိုမဆို၊ အခါအားလျော်စွာ အဖွဲ့က သတ်မှတ်သည့် ဝန်ထမ်းများ၊ သို့မဟုတ် ပုဂ္ဂိုလ်များက သုံးစွဲဆောင်ရွက်ရမည်။

**အခက်အခဲများ ဖယ်ရှားခွင့်၊**

၇၁။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အထမြောက်အောင် ဆောင်ရွက်ရာ၌ အခက်အခဲတခုခု ပေါ်ပေါက်လာလျှင်၊ အစိုးရသည်၊ ထိုအခက်အခဲကို ဖယ်ရှားရန်ကိစ္စအလို့ငှါ လိုအပ်သည်၊ သို့မဟုတ် သင့်တော်သည်ဟု မိမိထင်မြင်သော ပြဋ္ဌာန်းချက်များကို၊ ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသည့်အမိန့်ဖြင့် ပြုလုပ်နိုင်သည်။

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၉ ခုနှစ်၊ တန်းခူးလပြည့်ကျော် ၃ ရက်။
(၁၉၆၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်။)

အမိန့်အရ၊
ဗိုလ်မှူးကြီးကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့၊

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

ရန်ကုန်မြို့ ၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။
(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၇ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် ဥပဒေကို ပြင်သည့်ဥပဒေ

[၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၇ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် ဥပဒေကိုပြင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ ဥပဒေဟုရည်ညွှန်းသည့် ၁၉၆၃ ခုနှစ်၊ ကိုယ်ပိုင် ကျောင်းများ မှတ်ပုံတင် ဥပဒေပုဒ်မ ၇ တွင် ပုဒ်မခွဲ (၁) နှင့် (၂) အစား၊ အောက် ပါကိုပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

"(၁) ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်—

(က) ၁၉၆၇ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ဥပဒေကိုပြင် သည့် ဥပဒေ စတင်အာဏာတည်သည့် နေ့ မတိုင်မီက ကျောင်းသား ဦးရေမည်မျှကိုပင် စာရင်းသွင်းလက်ခံသင် ကြားနေစေကာမူ၊အဆိုပါ ဥပဒေစတင်အာဏာတည်သည့် နေ့မှ ရက်ပေါင်း (၃၀) အတွင်းဖြစ်စေ၊ အစိုးရက အခါ အားလျော်စွာ နောက်ထပ်တိုးပေးသည့် ကာလအပိုင်း အခြားအတွင်း ဖြစ်စေ၊ မိမိကိုယ်ပိုင်ကျောင်းကို၊ ဤဥပဒေ အရ အသစ်မှတ်ပုံတင်ရန်၊ မှတ်ပုံတင်အရာရှိထံ လျှောက် ထားရမည်။

( ခ ) ၁၉၆၇ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ဥပဒေကို ပြင်သည့် ဥပဒေစတင်အာဏာတည်သည့်နေ့ နောက်ပိုင်းတွင်၊ ကိုယ်ပိုင်ကျောင်းကိုဖွင့်လိုသော်၊ ဤဥပဒေအရ မှတ်ပုံတင်ရန်၊ မှတ်ပုံတင်အရာရှိထံလျှောက်ထားရမည်။ ဤဥပဒေအရ မှတ်ပုံတင်ခွင့်ပြုပြီးမှသာ၊ ကိုယ်ပိုင်ကျောင်းကိုဖွင့်ရမည်။''

(ပုံ) မိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။
(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

အမိန့်အရ၊
(ပုံ) မိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။
(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

# ၁၉၆၇ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ။

[ ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၇ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအကျိုးသက်ရောက်ရမည်။

၂။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာန တာဝန်ခံသည်၊ အောက်ပါဇယားများတွင် ဖော်ပြထားသော သက်ဆိုင်ရာအသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း သုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၆ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည် ဟူ၍ မှတ်ယူရမည်။

## ပြည်ထောင်စု၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတိ" ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ငွေလုံးငွေရင်းအသုံးစရိတ် | | |
| ပညာရေး .... .... | ၃၀,၃၅,၀၈၀ | ၈၀ |
| သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး | ၅၀,၀၀၀ | ၁၀ |
| ပေါင်း .... | ၃၀,၈၅,၀၈၀ | ၉၀ |

## အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | " စတီ "ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| <u>သာမန်အသုံးစရိတ်</u> | | |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း | ၂၃,၇၇,၄၀၀ | ၁၀ |
| ဗုဒ္ဓသာသနာ့ကောင်စီ .... .... | ၅,၀၀၀ | ၁၀ |
| <u>ငွေလုံးငွေရင်းအသုံးစရိတ်</u> | | |
| မြေယာကျေးလက်ကြီးပွါးတိုးတက်ရေး ကော်ပိုရေးရှင်း။ | ၃,၀၀,၀၀၀ | ၁၀ |
| ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးဘုတ်အဖွဲ့ .... | ၃,၆၆,၆၇၀ | ၁၀ |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း | ၃၁,၄၁,၀၀၀ | ၂၀ |
| ပြည်သူ့ရေနံလုပ်ငန်းအဖွဲ့ .... | ၄,၀၅,၀၀၀ | ၁၀ |
| <u>ငွေရေးကြေးရေးအသုံးစရိတ်</u> | | |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း | ၁၂,၉၅,၀၃၀ | ၁၀ |
| ပေါင်း .... | ၇၉,၇၀,၉၀၀ | ၈၀ |

မိုလ် နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊

နေပြည်တော်၊ ရန်ကုန်မြို့၊ ၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။
(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

အမိန့်အရ၊
မိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

# ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။

(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၇ ခုနှစ်၊ ဘဏ္ဍာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ။

[၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၈။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်။ ။(၁) ဤဥပဒေကို ၁၉၆၇ ခုနှစ်၊ ဘဏ္ဍာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ။၁၉၆၇ ခုနှစ်၊ ဘဏ္ဍာရေးဥပဒေ၏ ပုဒ်မ ၃ နောက်တွင် အောက်ပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၄၊ ၅ နှင့် ၆ အဖြစ်ဖြည့်စွက် ထည့်သွင်းရမည်။

"၄။ ။မော်တော်ဓါတ်ဆီပေါ်တွင်နိုင်ငံတွင်း အကောက်ခွန်။ ။မော်တော်ဓါတ်ဆီ (နိုင်ငံတွင်းအကောက်ခွန်) အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (၁) တွင်ဖြစ်စေ၊ အခြားတည်ဆဲတရားဥပဒေတရပ်ရပ်တွင်ဖြစ်စေ၊ မည်သို့ပင်ပါရှိစေကာမူ၊ မော်တော်ဓါတ်ဆီပေါ်တွင်အကောက်ခွန်ကိုအင်ပီးရီးရယ် တဂါလံလျှင် ငွေတကျပ်နှင့် လေးဆယ်ပြား ဖြင့် စည်းကြပ်ကောက်ခံရမည်။

၅။ ။ရေနံမှထုတ်လုပ်သောကုန်ပစ္စည်းများပေါ်တွင်နိုင်ငံတွင်းအကောက်ခွန်ကောက်ခံခြင်း။ ။(၁) ရေနံမှထုတ်လုပ်သော အောက်ဖော်ပြပါ ကုန်ပစ္စည်းများပေါ်တွင် အောက်ဖော်ပြပါ အတိုင်း နိုင်ငံတွင်း အကောက်ခွန်များစည်းကြပ် ကောက်ခံရမည်။

| အမှတ်စဉ် | နိုင်ငံတွင်း အကောက်ခွန် ကောက်ခံ မည့် ကုန်ပစ္စည်းများ | အရေအတွက်အလိုက် | အခွန်နှုန်း |
|---|---|---|---|
| ၁ | ဒီဇယ်ဆီပျစ် ... | အင်ပီးရီးရယ် တဂါလံလျှင် | ၂၅ ပြား |
| ၂ | ဒီဇယ်ဆီကျဲ ... | အင်ပီးရီးရယ် တဂါလံလျှင် | ၂၅ ပြား |
| ၃ | မီးသိုးဆီ ... | အင်ပီးရီးရယ် တဂါလံလျှင် | ၀၅ ပြား |
| ၄ | ရေနံချေး ... | အင်ပီးရီးရယ် တဂါလံလျှင် | ၁၀ ပြား |
| ၅ | ဖယောင်း ... | တတန် (၂,၂၄၀ ပေါင်) လျှင် | ၂၀၀ ကျပ် |

(၂) မော်တော် ယာဉ် ပါတ်ဆီ (နိုင်ငံတွင်း အရောင်းခွန်) အက်ဥပဒေနှင့် ၁၉၁၇ ခုနှစ်၊ မော်တော်ယာဉ်ပါတ်ဆီ (နိုင်ငံတွင်းအရောင်းခွန်) အမိန့်ပါ ပြဋ္ဌာန်းချက်များသည်၊ ၎င်းတို့တွင် 'မော်တော်ယာဉ်ပါတ်ဆီ' ဆိုသည့် စကားရပ်ကို 'မော်တော်ယာဉ်ပါတ်ဆီ၊ ဒီဇယ်ဆီပျစ်၊ ဒီဇယ်ဆီကျဲ၊ မီးထိုးဆီ၊ ရေနံချေး၊ ဖယောင်း' ဆိုသည့်စကားရပ်များဖြင့်အစားထိုးထား ဘိသကဲ့သို့၊ ပုဒ်မခွဲ (၁) အရ၊ စည်းကြပ်ကောက်ခံခြင်းနှင့် သက်ဆိုင် စေရမည်။

၆။ <u>။ပြည်တွင်းထုတ် ကုန်ပစ္စည်းများပေါ်တွင် ယာယီ အခွန်စည်းကြပ် ကောက်ခံခြင်း။</u> ။ (၁) ပြည်ထောင်စု မြန်မာနိုင်ငံတွင်းရှိ လုပ်ငန်း များမှ ထုတ်လုပ်သည့် ကုန်ပစ္စည်း များပေါ်တွင် ထုတ်လုပ်သည့် လုပ်ငန်းမှ ရောင်းချသည့် ဈေးနှုန်း၏ ခြောက်ဒသမငါး ရာခိုင်နှုန်း အထိ ယာယီအခွန်ကို အစိုးရက စည်းကြပ်ကောက်ခံနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ စည်းကြပ်ကောက်ခံသည့် ယာယီအခွန်များနှင့် စည်းကြပ်ကောက်ခံရန် နည်းလမ်းများကိုအစိုးရကအမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ထုတ်ပြန်သော အမိန့်ကြော်ငြာစာသည်၊ တရား ဥပဒေတရပ်ကဲ့သို့ အကျိုးသက်ရောက်စေရမည်။''

မိုလ် နေဝင်း၊

ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊
(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

အမိန့်အရ၊

မိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့
၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။
(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

အောက်ဖော်ပြပါဥပဒေကိုထုတ်ပြန်ကြေညာသည်။

## ၁၉၆၇ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၇ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်။

၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏ရငွေအားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေသို့ ထည့်သွင်း၍၊ တော်လှန်ရေးကောင်စီနှင့်လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏ အသုံးစရိတ်အားလုံးကို၊ တစုတပေါင်းတည်းသောပြည်သူ့ ဘဏ္ဍာရံပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ ။(၁) ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် စုစုပေါင်း ကျပ်ငွေခြောက်ရာကုဋေအထိ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာန တာဝန်ခံသည်၊ အစိုးရ ငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ် များထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ ငွေချေးသောအခါ၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ချေးယူရရှိသော ငွေအားလုံးကို၊ တစု တပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေတွင်ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရရှိသည့်ချေးငွေများအတွက် ပြန်ဆပ်ရန် ငွေရင်းနှင့်အတိုးကိုင်း၊ ကုန်ကျသည့်စရိတ်ငွေများကိုင်း၊ တစုတပေါင်းတည်း သောပြည်သူ့ဘဏ္ဍာရံပုံငွေမှထုတ်ပေးရမည်။

၄။ ။အောက်ပါ ဇယားတွင် ဖော်ပြရာပါ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဘဏ္ဍာရေးကော်မီတီနှင့် တာဝန်ခံအသီးသီးသည်၊ မိမိနှင့် တခြေးဘည်းဖော်ပြထားသော အသုံးစရိတ်များအတွက် ဆက်လက်၍ ဖော်ပြသည့် ငွေစုစုပေါင်းအထိ၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်းသုံးစွဲနိုင်သည်။

| အမှတ်စဉ် | တာဝန်ခံ | အသုံးစရိတ်အမည် | စုစုပေါင်းငွေ | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ဘဏ္ဍာရေးကော်မီတီ။ | တော်လှန်ရေးကောင်စီ၏ အသုံးစရိတ်များ။ | ၅,၂၃,၀၀,၁၀၀ | နောက်ဆက်တွဲ ဇယား(က)။ |
| ၂ | ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး အစိုးရဘဏ္ဍာရေးဌာန တာဝန်ခံ။ | အစိုးရဌာနများနှင့်ဌာနခွဲများ၏အသုံးစရိတ်များ။ | ၁,၆၀,၄၃,၁၇,၁၉၀ | နောက်ဆက်တွဲ ဇယား (ခ)။ |
| ၃ | ရှမ်းပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ အသုံးစရိတ်များ။ | ၂,၃၀,၃၆,၀၀၀ | နောက်ဆက်တွဲ ဇယား(ဂ)။ |
| ၄ | ကချင်ပြည်နယ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏အသုံးစရိတ်များ။ | ၁,၄၀,၅၀,၁၉၀ | နောက်ဆက်တွဲ ဇယား(ဃ)။ |
| ၅ | ကယားပြည်နယ် ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ကယား ပြည် နယ် ၏ အသုံးစရိတ်များ။ | ၅၃,၄၆,၀၇၀ | နောက်ဆက်တွဲ ဇယား(င)။ |
| ၆ | ကော်သူးလေ ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ကော်သူးလေ၏အသုံး စရိတ်များ။ | ၁,၀၁,၄၄,၉၀၀ | နောက်ဆက်တွဲ ဇယား(စ)။ |
| ၇ | ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး အစိုးရ ဘဏ္ဍာရေး ဌာနတာဝန်ခံ။ | အစိုးရ လက်အောက်ခံ ဘုတ်အဖွဲ့၊ကော်ပိုရေးရှင်း၊ကောင်စီ၊ကော်မီတီ၊ဘဏ်နှင့်အခြား အဖွဲ့အစည်း များ၏ အသုံးစရိတ်များ။ | ၇,၅၀,၉၀,၇၆,၇၀၀ | နောက်ဆက်တွဲ ဇယား(ဆ)။ |
| ၈ | ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး အစိုးရ ဘဏ္ဍာရေး ဌာနတာဝန်ခံ။ | အစိုးရ လက်အောက်ခံ ဒေသန္တရအဖွဲ့အစည်း များ၏ အသုံးစရိတ် များ။ | ၇,၁၆,၁၁,၃၀၀ | နောက်ဆက်တွဲ ဇယား(ဇ)။ |

နောက်ဆက်တွဲဇယား (က)

# တော်လှန်ရေးကောင်စီ၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စု ခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံမှုငွေနှင့် ချေးငွေနှင့်ကြိုတင် ထုတ်ပေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| တော်လှန်ရေးကောင်စီ ... | ၄,၀၉,၅၀,၁၂၀ | ၃၃,၅၀,၀၆၀ | ... | ၅,၂၃,၀၀,၁၈၀ |

# အစိုးရဌာနများနှင့် ဌာနခွဲများ၏ အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | | ခွဲဝေသည့်ငွေ | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ရင်းနှီးမြှုပ်နှံငွေနှင့်ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| တော်လှန်ရေးအစိုးရအဖွဲ့နှင့်ဥက္ကဋ္ဌရုံး .... | ၉၉,၉၉,၆၉၀ | ၁၃,၉၈,၂၇၀ | .... | ၁,၁၃,၉၇,၉၆၀ |
| ပြည်ထဲရေး .... .... | ၁၃,၁၅,၁၄,၁၉၀ | ၉၅,၇၃,၈၀၀ | .... | ၁၄,၁၀,၈၇,၉၉၀ |
| ပြန်ကြားရေး .... .... | ၂,၇၈,၈၅,၄၀၀ | ၃၂,၅၁,၆၅၀ | .... | ၃,၁၁,၃၇,၀၅၀ |
| တရားရေး .... .... | ၂,၇၇,၀၁,၂၆၀ | ၁၄,၀၃,၇၈၀ | .... | ၂,၉၁,၀၅,၀၄၀ |
| ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး .... | ၄,၂၃,၃၅၀ | .... | .... | ၄,၂၃,၃၅၀ |
| လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး | ၁,၅၂,၃၃,၆၇၀ | ၁၂,၄၅,၉၁၀ | .... | ၁,၆၄,၇၉,၅၈၀ |
| နိုင်ငံခြားရေး .... .... | ၁,၂၂,၃၉,၅၂၀ | ၁၈,၃၃,၃၁၀ | .... | ၁,၄၀,၇၂,၈၃၀ |
| အမျိုးသားစီမံကိန်း .... .... | ၄၃,၉၃,၃၂၀ | ၃၇,၅၉၀ | .... | ၄၄,၃၀,၉၁၀ |
| ကာကွယ်ရေး .... .... | ၄၅,၉၁,၀၀,၀၀၀ | ၇,၆၁,၀၀,၀၀၀ | ... | ၅၃,၅၂,၀၀,၀၀၀ |
| ပညာရေး .... .... | ၂၃,၈၇,၇၁,၂၀၀ | ၁,၂၀,၃၇,၇၃၀ | .... | ၂၅,၀၈,၀၈,၉၃၀ |
| ကျန်းမာရေး .... .... | ၈,၉၉,၂၈,၅၅၀ | ၆၃,၀၂,၄၂၀ | .... | ၉,၆၂,၃၀,၉၇၀ |
| အလုပ်သမား .... .... | ၃၇,၆၁,၆၆၀ | ၅၄,၃၈၀ | .... | ၃၈,၁၆,၀၄၀ |
| ယဉ်ကျေးမှု .... .... | ၂၆,၇၉,၈၈၀ | ၁,၅၄,၈၉၀ | .... | ၂၈,၃၄,၇၇၀ |

| | | | | |
|---|---|---|---|---|
| လူမှုဝန်ထမ်း .... .... | ၃၄,၅၃,၂၆၀ | ၃,၄၄,၅၀၀ | .... | ၃၇,၉၇,၇၆၀ |
| ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး .... | ၁၇,၀၇,၆၁၀ | ၅,၀၀၀ | .... | ၁၇,၁၂,၆၁၀ |
| သာသနာရေး .... .... | ၁၅,၆၄,၇၈၀ | ၁၉,၉၀၀ | .... | ၁၅,၈၄,၆၈၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး .... | ၆,၂၇,၅၃,၈၄၀ | ၃,၇၈,၉၉,၇၉၀ | .... | ၁၀,၀၆,၅၃,၆၃၀ |
| လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး .... | ၁,၉၀,၄၅,၀၅၀ | ၁၉,၅၇,၉၅၀ | .... | ၂,၁၀,၀၃,၀၀၀ |
| စက်မှုလက်မှု .... .... | ၂၅,၀၄,၅၆၀ | ၁,၅၅,၄၁၀ | .... | ၂၆,၅၉,၉၇၀ |
| သတ္တုတွင်း .... .... | ၂,၀၆,၀၉၀ | ၃,၅၅၀ | .... | ၂,၀၉,၆၄၀ |
| သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး | ၄,၄၃,၅၁,၉၄၀ | ၂,၉၀,၈၅,၂၈၀ | .... | ၇,၃၄,၃၇,၂၂၀ |
| ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေး.... | ၃,၃၇,၅၇,၆၅၀ | ၃,၂၇,၇၉,၁၇၀ | .... | ၆,၆၅,၃၆,၈၂၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၃,၆၃,၄၇,၀၀၀ | ၂,၅၉,၀၆,၈၁၀ | .... | ၆,၂၂,၅၃,၈၁၀ |
| ကုန်သွယ်ရေး .... .... | ၄၀,၂၉,၅၂၀ | ၄,၀၀၀ | .... | ၄၀,၃၃,၅၂၀ |
| သမဝါယမ .... .... | ၇၁,၄၉,၇၄၀ | ၃၁,၁၀၀ | .... | ၇၁,၈၀,၈၄၀ |
| ပင်ရှင်လစာငွေများနှင့် ဆုငွေများ .... | ၅,၁၂,၁၂,၇၇၀ | .... | .... | ၅,၁၂,၁၂,၇၇၀ |
| ဆုငွေများနှင့် တလုံးတည်း ပင်ရှင်ငွေများ .... | ၁,၇၇,၅၀,၀၀၀ | .... | .... | ၁,၇၇,၅၀,၀၀၀ |
| ချင်းရေးရာအုပ်ချုပ်ရေး .... .... | ၇၂,၇၆,၆၇၀ | ၃၈,၅၁,၂၅၀ | .... | ၁,၁၁,၂၇,၉၂၀ |
| အတိုးနှင့် ကြွေးမြီ ပေးဆပ်ခြင်းအတွက် ကုန်ကျစရိတ်။ | .... | .... | ၅,၅၅,၅၇,၆၀၀ | ၅,၅၅,၅၇,၆၀၀ |
| ထောက်ပံ့ငွေများ .... .... | .... | ... | ၂,၂၂,၉၅,၀၂၀ | ၂,၂၂,၉၅,၀၂၀ |
| ချေးငွေများနှင့်ကြိုတင်ထုတ်ပေးငွေများ .... | .... | .... | ၄,၄၂,၀၄,၉၆၀ | ၄,၄၂,၀၄,၉၆၀ |
| ပေါင်း .... | ၁,၃၁,၆၇,၄၂,၁၇၀ | ၂၄,၅၄,၃၇,၄၄၀ | ၁၂,၂၁,၃၇,၅၈၀ | ၁,၆၈,၄၃,၁၇,၁၉၀ |

# ရှမ်းပြည်နယ်၏အသုံးစရိတ်စာရင်း

နောက်ဆက်တွဲဇယား (ဂ)

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေ နှင့် ချေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ရှမ်းပြည်နယ်ဦးစီးအဖွဲ့ .... .... | ၅,၀၀,၄၇၀ | .... | .... | ၅,၀၀,၄၇၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... | ၂၃,၉၈,၅၁၀ | ၃,၇၆,၉၀၀ | .... | ၂၇,၇၅,၄၁၀ |
| ပြန်ကြားရေး .... .... | ၄,၂၆,၆၈၀ | ၆၈,၁၅၀ | .... | ၄,၉၄,၈၃၀ |
| ပညာရေး .... .... | ၇၂,၃၁,၂၀၀ | ၇,၀၆,၁၆၀ | .... | ၇၉,၃၇,၃၆၀ |
| ကျန်းမာရေး .... .... | ၄၈,၃၅,၇၆၀ | ၁၂,၇၆,၉၇၀ | .... | ၆၁,၁၂,၇၃၀ |
| ယဉ်ကျေးမှု .... .... | ၁,၀၀,၁၉၀ | ၃၄,၅၀၀ | .... | ၁,၃၄,၆၉၀ |
| သာသနာရေး .... .... | ၄၆,၄၂၀ | ၅,၀၀၀ | .... | ၅၁,၄၂၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၁,၄၂,၅၂၀ | ၈၁,၀၀၀ | .... | ၂,၂၄,၃၂၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... | ၂၄,၅၂,၀၀၀ | ၁၉,၇၈,၀၀၀ | .... | ၄၄,၃၀,၀၀၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၄,၁၁,၆၅၀ | .... | .... | ၄,၁၁,၆၅၀ |
| ပင်ရှင်လစာငွေများနှင့် ဆုငွေများ .... | ၅,၉၈,၀၀၀ | .... | .... | ၅,၉၈,၀၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ .... | ၁,၅၀,၀၀၀ | .... | .... | ၁,၅၀,၀၀၀ |
| အတိုးနှင့် ကြွေးမြီပေးဆပ်ခြင်းအတွက် ကုန်ကျစရိတ်။ | .... | .... | ၁၆,၀၀၀ | ၁၆,၀၀၀ |
| ပေါင်း .... | ၁,၉၂,၉၃,၄၀၀ | ၄၅,၂၇,၄၀၀ | ၁၆,၀၀၀ | ၂,၃၈,၃၆,၈၀၀ |

နောက်ဆက်တွဲဇယား (သ)

# ကချင်ပြည်နယ်၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကချင်ပြည်နယ်ဦးစီးအဖွဲ့ .... | ၅,၆၁,၀၀၀ | ၃၂,၀၀၀ | .... | ၅,၉၃,၀၀၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... | ၈,၅၃,၃၃၀ | ၁,၇၇,၃၀၀ | .... | ၁၀,၃၀,၆၃၀ |
| ပြန်ကြားရေး .... .... | ၂,၈၂,၈၂၀ | ၆၂,၉၀၀ | .... | ၃,၄၅,၇၂၀ |
| ပညာရေး .... .... | ၄၄,၄၈,၁၃၀ | ၉,၀၇,၇၅၀ | .... | ၅၃,၅၅,၈၈၀ |
| ကျန်းမာရေး .... .... | ၂၁,၈၁,၇၄၀ | ၁၀,၆၉,၈၄၀ | .... | ၃၂,၅၁,၅၈၀ |
| ယဉ်ကျေးမှု .... .... | ၅၃,၇၅၀ | ၁၆,၂၁၀ | .... | ၆၉,၉၆၀ |
| သာသနာရေး .... .... | ၁၇,၇၈၀ | .... | .... | ၁၇,၇၈၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၁,၅၉,၉၅၀ | .... | .... | ၁,၅၉,၉၅၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... | ၂၁,၈၇,၃၀၀ | ၉,၃၀,၀၀၀ | .... | ၃၁,၁၇,၃၀၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၅,၆၁,၆၀၀ | .... | .... | ၅,၆၁,၆၀၀ |
| ပင်ရှင်လစာငွေများနှင့်ဆုငွေများ .... | ၂,၅၃,၀၀၀ | .... | .... | ၂,၅၃,၀၀၀ |
| ဆုငွေများနှင့်တလုံးတည်း ပင်ရှင်ငွေများ .... | ၉၀,၀၀၀ | .... | .... | ၉၀,၀၀၀ |
| အတိုးနှင့် ကြွေးမြီပေးဆပ်ခြင်းအတွက် ကုန်ကျစရိတ်။ | | .... | ၃,၇၉၀ | ၃,၇၉၀ |
| ပေါင်း .... | ၁,၁၆,၅၀,၄၀၀ | ၃၁,၉၆,၀၀၀ | ၃,၇၉၀ | ၁,၄၈,၅၀,၁၉၀ |

နောက်ဆက်တွဲဇယား (င)

# ကယားပြည်နယ်၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကယားပြည်နယ်ဦးစီးအဖွဲ့ .... | ၃,၁၂,၀၈၀ | ၃၃,၆၃၀ | .... | ၃,၄၅,၇၁၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... | ၂,၄၈,၄၁၀ | ၁,၂၃,၆၁၀ | .... | ၃,၇၂,၀၂၀ |
| ပြန်ကြားရေး .... .... | ၆၆,၂၁၀ | ၂၇,၁၅၀ | .... | ၉၃,၃၆၀ |
| ပညာရေး .... .... | ၆,၅၁,၀၈၀ | ၄,၁၁,၄၈၀ | .... | ၁၀,၆၂,၅၆၀ |
| ကျန်းမာရေး .... .... | ၆,၆၆,၉၁၀ | ၂,၁၂,၉၆၀ | .... | ၈,၇၉,၈၇၀ |
| ယဉ်ကျေးမှု .... .... | ၂၈,၅၄၀ | ၅၀,၂၆၀ | .... | ၇၈,၈၀၀ |
| ကယ်ဆယ်ရေး .... .... | ၂,၅၀၀ | .... | .... | ၂,၅၀၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၇၆,၃၄၀ | .... | .... | ၇၆,၃၄၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... | ၄,၇၇,၃၅၀ | ၉,၀၅,၀၀၀ | .... | ၁၃,၈၂,၃၅၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၃၅,၅၆၀ | .... | .... | ၃၅,၅၆၀ |
| ပင်ရှင်လစာငွေများနှင့် ဆုငွေများ .... | ၁၂,၀၀၀ | .... | .... | ၁၂,၀၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ .... | ၅,၀၀၀ | .... | .... | ၅,၀၀၀ |
| ပေါင်း .... | ၂၅,၈၁,၉၈၀ | ၁၇,၆၄,၀၉၀ | .... | ၄၃,၄၆,၀၇၀ |

## ကော်သူးလေ၏အသုံးစရိတ်စာရင်း

နောက်ဆက်တွဲပုံစံ (စ)

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ — သာမန်အသုံးစရိတ် | ခွဲဝေသည့်ငွေ — ငွေလုံးငွေရင်းအသုံးစရိတ် | ခွဲဝေသည့်ငွေ — ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီရင်းနှီးမြှုပ်နှံငွေနှင့်ချေးငွေ | ပေါင်း |
|---|---|---|---|---|
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကော်သူးလေဦးစီးအဖွဲ့ .... | ၄,၃၃,၃၅၀ | ၅,၇၅၀ | .... | ၄,၃၉,၁၀၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... | ၄,၀၇,၄၀၀ | ၃၅,၁၆၀ | .... | ၄,၄၂,၆၄၀ |
| ပြန်ကြားရေး .... .... | ၂,၄၁,၉၇၀ | ၉၅,၇၅၀ | .... | ၃,၃၇,၇၂၀ |
| ပညာရေး .... .... | ၄၀,၀၉,၀၀၀ | ၇,၂၃,၇၆၀ | .... | ၄၇,၃၂,၀၄၀ |
| ကျန်းမာရေး .... .... | ၁၂,၂၉,၁၄၀ | ၁,၆၇,၀၄၀ | .... | ၁၃,၉၆,၉၀၀ |
| ယဉ်ကျေးမှု .... .... | ၆၀,၉၆၀ | ၁၂,၂၉၀ | .... | ၇၃,၂၅၀ |
| သာသနာရေး .... .... | ၁၃,၀၀၀ | .... | .... | ၁၃,၀၀၀ |
| ကယ်ဆယ်ရေး .... .... | ၁၅,၁၆၀ | .... | .... | ၁၅,၁၆၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၃,၀၀,၆၀၀ | ၃၂,၁၀၀ | .... | ၃,၃၂,၇၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... | ၃,၇၃,၁၁၀ | ၁၅,၃၇,၅၀၀ | .... | ၁၉,၁၀,၆၁၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၂,၆၆,၄၅၀ | ၆,၆၅၀ | .... | ၂,၇၃,၁၀၀ |
| ပင်ရှင်လစာငွေများနှင့် ဆုငွေများ .... | ၀၂,၀၀၀ | .... | .... | ၀၂,၀၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ .... | ၉၅,၀၀၀ | .... | .... | ၉၅,၀၀၀ |
| ပေါင်း .... | ၇၅,၂၀,၁၀၀ | ၂၆,၁၆,၀၀၀ | .... | ၁,၀၁,၄၄,၉၀၀ |

နောက်ဆက်တွဲဇယား (ဆ)

## အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ဘဏ်နှင့် အခြား အဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | အတိုးနှင့်ကြွေးမြီ၊ချေးငွေ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း | ၅၂,၈၁,၂၀,၇၀၀ | ၁၈,၀၆,၉၅,၆၀၀ | ၁,၀၄,၈၉,၀၀၀ | ၇၁,၉၃,၀၅,၃၀၀ |
| စက္ကူစက်နှင့် ဓါတုဗေဒလုပ်ငန်းအဖွဲ့ .... | ၆၅,၄၇,၅၀၀ | ၂,၈၆,၀၀,၀၀၀ | .... | ၃,၅၁,၄၇,၅၀၀ |
| စက်မှုလက်မှုမြှင့်တင်ရေးဘုတ်အဖွဲ့ .... | ၂,၈၁,၁၀၀ | .... | .... | ၂,၈၁,၁၀၀ |
| ရုပ်ရှင်လုပ်ငန်း မြှင့်တင်ရေး ဘုတ်အဖွဲ့ .... | ၈,၈၅,၄၀၀ | ၅၀,၀၀၀ | .... | ၉,၃၅,၄၀၀ |
| မြေယာကျေးလက် ကြီးပွါးတိုးတက်ရေးကော်ပိုရေးရှင်း။ | ၁၈,၄၈,၀၇,၉၀၀ | ၆,၆၅,၈၃,၇၀၀ | ၅၇,၀၆,၀၀၀ | ၂၅,၇၀,၉၇,၆၀၀ |
| ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့ .... | ၁,၂၄,၅၂,၃၀၀ | ၁,၁၀,၄၈,၀၀၀ | ၅,၀၀,၀၀၀ | ၂,၄၀,၀၀,၃၀၀ |
| မြန်မာနိုင်ငံ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်း။ | ၇,၀၂,၄၁,၂၀၀ | .... | ၅၄,၀၁,၀၀၀ | ၇,၅၆,၄၂,၂၀၀ |
| ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့ .... | ၂,၃၀,၂၄,၀၀၀ | ၈၈,၁၅,၀၀၀ | ၉၀,၆၈,၀၀၀ | ၄,၀၉,၀၇,၀၀၀ |
| ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ .... | ၅,၉၁,၈၃,၇၀၀ | ၁,၈၉,၈၆,၄၀၁ | .... | ၇,၈၁,၇၀,၁၀၀ |
| ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ | ၃,၉၀,၇၉,၇၀၀ | ၂,၄၀,၂၇,၅၀၀ | ၁၉,၀၉,၀၀၀ | ၆,၅၀,၁၆,၂၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထား အုပ်ချုပ်ရေးအဖွဲ့။ | ၁၃,၆၇,၄၈,၈၀၀ | ၃,၇၃,၆၁,၆၀၀ | ၁,၃၇,၅၈,၀၀၀ | ၁၈,၇၈,၆၈,၄၀၀ |

| | | | | |
|---|---|---|---|---|
| ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။ | ၂,၀၇,၁၆,၀၀၀ | ၂၁,၁၀,၀၀၀ | .... | ၂,၂၈,၂၆,၀၀၀ |
| မြန်မာနိုင်ငံဆေးသုတေသနကောင်စီ .... | ၉,၀၀,၃၀၀ | ၄,၀၁,၅၀၀ | .... | ၁၃,၀၁,၀၀၀ |
| တရုပ်-မြန်မာစီးပွါးရေးနှင့်ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် အကောင်အထည်ဖေါ်ရေးဘုတ်အဖွဲ့။ | ၃,၃၉,၄၀၀ | .... | .... | ၃,၃၉,၄၀၀ |
| ပင်လယ်ကူးသင်္ဘောကုန်တင်ကုန်ချအဖွဲ့ .... | ,၀၄,၂၇,၇၀၀ | ၁,၀၆,၁၀၀ | .... | ၁,၀၅,၃၃,၀၀၀ |
| ဆိပ်ကမ်းအလုပ်သမားဘုတ်အဖွဲ့ .... | ၁၄,၃၆,၀၀၀ | ၂,၂၇,၀၀၀ | .... | ၁၆,၆၃,၀၀၀ |
| ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ .... | ၅၁,၂၀၀ | .... | .... | ၅၁,၂၀၀ |
| သင်္ဘောသားများ အလုပ်အကိုင်ကြီးကြပ်ရေးအဖွဲ့ | ၁၁,၉၀၀ | .... | .... | ၁၁,၉၀၀ |
| လူမှုဖူလုံရေးအဖွဲ့ .... .... | ၉၅,၇၀,၉၀၀ | ၂,၂၅,၃၀၀ | .... | ၉၇,၉၆,၂၀၀ |
| မြန်မာနိုင်ငံ လက်ခတ္တသုတေသနလုပ်ငန်းအဖွဲ့ | ၂၀,၀၅,၇၀၀ | ၁၂,၀၀,၀၀၀ | .... | ၃၂,၀၅,၇၀၀ |
| ပြည်ထောင်စု ယဉ်ကျေးမှု ကောင်စီ .... | ၁၇,၁၉,၇၀၀ | ၆,၇၀,၃၀၀ | .... | ၂၃,၉၀,၀၀၀ |
| ပြည်ထောင်စု မြန်မာနိုင်ငံ အားကစားနှင့်ကာယပညာကော်မီတီ။ | ၄၁,၀၂,၄၀၀ | ၀,၉၃,၂၀၀ | .... | ၅၀,၇၅,၆၀၀ |
| ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) အလုပ်သမားများအလုပ်အကိုင် နေရာချထားရေးဘုတ်အဖွဲ့။ | ၁,၂၀,၀၇,၄၀၀ | ၄၀,၃၀၀ | .... | ၁,၂၁,၂၇,၇၀၀ |
| ဗုဒ္ဓသာသနာ့ ကောင်စီ.... .... | ၂၀,၄၄,၀၀၀ | ၁,၀၃,၀၀၀ | .... | ၂၁,၄၇,၀၀၀ |
| နိုင်ငံခြားရုပ်ရှင်ကား တင်သွင်းရေး အေဂျင်စီ | ၁,၀၃,၃၅,၀၀၀ | ၁၀,၁၀၀ | .... | ၁,၀၃,၄၅,၁၀၀ |
| မြဝတီပုံနှိပ်တိုက် .... .... | ၁၃,၂၄,၇၀၀ | ၀,၀၀၀ | .... | ၁၃,၃၂,၇၀၀ |
| စာပေဗိမာန် အုပ်ချုပ်မှုအဖွဲ့ .... | ၁,၇၉,၁၆,၆၀၀ | ၀,၂၃,၀၀၀ | .... | ၁,၀၇,၃၉,၆၀၀ |
| ကြေးမုံသတင်းစာတိုက် .... | ၃၇,၅၃,၀၀၀ | ၂၉,၀၀၀ | .... | ၃၇,၀၂,၀၀၀ |
| မိုလ်တထောင်သတင်းစာတိုက် .... | ၁၃,၉၆,၀၀၀ | ၃၇,၀၀၀ | .... | ၁၄,၃၃,၀၀၀ |
| ဂါးဒီးယန်းသတင်းစာတိုက် .... | ၁၁,၃၅,၀၀၀ | ၃၆,၀၀၀ | .... | ၁၁,၇၁,၀၀၀ |

## အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆုံး

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | အတိုးနှင့်ကြွေးမြီ၊ ချေးငွေ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတိုက် .... | ၄၅,၄၇,၄၀၀ | ၅၃,၈၀၀ | .... | ၄၆,၀၁,၂၀၀ |
| ဓါတ်သတ္တုပစ္စည်း ရှာဖွေ ထုတ်လုပ်ရေးကော်ပိုရေးရှင်း။ | ၁,၇၅,၅၇,၁၀၀ | ၇၅,၆၉,၆၀၀ | .... | ၂,၅၁,၂၆,၇၀၀ |
| ပြည်သူ့ဘော်တွင်းလုပ်ငန်း .... | ၃,၇၂,၇၉,၀၀၀ | ၁,၀၂,၂၈,၀၀၀ | .... | ၄,၇၅,၀၇,၀၀၀ |
| လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့ .... | ၅,၀၅,၂၄,၁၀၀ | ၅,၁၇,၅၆,၇၀၀ | .... | ၁၀,၂၂,၈၀,၈၀၀ |
| ပြည်သူ့ဆိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့။ | ၅၁,၉၄,၀၀၀ | ၁,၇၁,၉၂,၀၀၀ | .... | ၂,၂၃,၈၆,၀၀၀ |
| ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်း .... | ၃၀,၇၉,၁၅,၉၀၀ | ၈၁,၇၇,၇၀၀ | .... | ၃၁,၆၀,၉၃,၆၀၀ |
| ပြည်သူ့ကျောက်လုပ်ငန်းကော်ပိုရေးရှင်း .... | ၆၈,၈၉,၉၀၀ | ၁၆,၃၆,၂၀၀ | .... | ၈၅,၂၆,၁၀၀ |
| ပြည်ထောင်စုဘဏ် .... .... | ၁,၅၁,၂၃,၉၀၀ | ၁,၂၂,၀၀၀ | .... | ၁,၅၂,၄၅,၉၀၀ |
| နိုင်ငံတော်ကုန်သွယ်ရေးဘဏ် .... | ၁,၃၁,၀၇,၆၀၀ | ၂,၀၃,၀၀၀ | .... | ၁,၃၃,၁၀,၆၀၀ |
| နိုင်ငံတော် စိုက်ပျိုးရေးဘဏ် .... | ၄၃,၁၂,၉၀၀ | ၁,၁၄,၁၀၀ | ၂၀,၀၆,၀၃,၀၀၀ | ၂၀,၅၀,၃၀,၀၀၀ |
| စက်မှုလက်မှုတိုးတက်ဖွံ့ဖြိုးရေးဘဏ် .... | ၂,၃၄,၂၀၀ | .... | .... | ၂,၃၄,၂၀၀ |
| ပြည်သူ့ဘဏ်များ .... .... | ၈၆,၃၁,၃၀၀ | ၂,၃၉,၀၀၀ | .... | ၈၉,၇၀,၃၀၀ |

| | | | | | |
|---|---|---|---|---|---|
| ပြည်သူ့ငွေချေး .... | .... | ၁,၀၉,၉၁,၈၀၀ | ၇၃,၂၀၀ | ၁၇,၁၆,၀၀,၀၀၀ | ၁၈,၂၆,၆၅,၀၀၀ |
| ပြည်ထောင်စု အာမခံစံနစ်အဖွဲ့ | .... | ၃,၀၅,၄၂,၅၀၀ | ၃၆,၉၀၀ | ၇၅,၀၀,၀၀၀ | ၃,၈၀,၇၉,၄၀၀ |
| နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ | .... | ၃၉,၅၆,၃၀,၈၀၀ | ၅,၄၆,၇၅,၅၀၀ | .... | ၄၅,၀၃,၀၆,၃၀၀ |
| ပြည်သူ့ရေနံလုပ်ငန်း .... | .... | ၃၃,၉၈,၃၁,၃၀၀ | ၆,၅၄,၆၀,၁၀၀ | .... | ၄၀,၅၂,၉၁,၄၀၀ |
| ကုန်သွယ်ရေးကောင်စီ .... | .... | ၄,၀၆,၂၆,၆၈,၀၀၀ | ၇၀,၄၀,၀၀၀ | .... | ၄,၀၆,၉၇,၀၈,၀၀၀ |
| ပေါင်း | .... | ၆,၄၇,၄၀,၆၇,၇၀၀ | ၆၀,၇၆,၇၅,၀၀၀ | ၄၂,၆၅,၃၄,၀၀၀ | ၇,၅၀,၉၀,၇၆,၇၀၀ |

နောက်ဆက်တွဲဇယား (ဇ)

## အစိုးရလက်အောက်ခံ ဒေသန္တရ အဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| အဖွဲ့အစည်းအမည် | | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|---|
| | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ရန်ကုန်မြူနီစီပါယ်အဖွဲ့ .... | .... | ၂,၃၀,၀၀,၁၄၀ | ၁,၀၉,၆၇,၀၀၀ | ၅,၄၉,၀၀၀ | ၃,၄၅,၉၆,၉၄၀ |
| ရန်ကုန်တပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၁,၇၁,၄၅၀ | .... | .... | ၁,၇၁,၄၅၀ |
| မင်္ဂလာဒုံတပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၂,၂၂,၅၃၀ | ၂၆,၅၀၀ | .... | ၂,၄၉,၀၃၀ |
| ပဲခူးမြူနီစီပါယ်အဖွဲ့ .... | .... | ၆,၅၁,၇၁၀ | ၇၅,၃၀၀ | .... | ၇,၂၇,၀၁၀ |
| ပဲခူးဒိစတြိတ်ကောင်စီ .... | .... | ၂,၂၁,၆၁၀ | ၅၂,၉၀၀ | .... | ၂,၇၄,၅၁၀ |
| မှော်ဘီတပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၀၂,၇၆၀ | .... | .... | ၀၂,၇၆၀ |
| ညောင်လေးပင်မြူနီစီပါယ်အဖွဲ့ | .... | ၁,၉၆,၂၂၀ | ၇,၅၀၀ | .... | ၂,၀၃,၇၂၀ |
| ရွှေကျင်မြူနီစီပါယ်အဖွဲ့ .... | .... | ၆၀,၄၄၀ | ၉,၂၀၀ | .... | ၆၉,၆၄၀ |
| ကြို့ပင်ကောက်မြူနီစီပါယ်အဖွဲ့ | .... | ၁,၄၂,၇၀၀ | ၃,၀၀,၀၀၀ | .... | ၄,၄၂,၇၀၀ |
| လက်ပံတန်းမြူနီစီပါယ်အဖွဲ့ | .... | ၁,၅၇,၀၁၀ | ၃၇,၀၀၀ | .... | ၁,၉၄,၀၁၀ |
| မင်းလှမြူနီစီပါယ်အဖွဲ့ .... | .... | ၁,၀၇,၂၂၀ | .... | .... | ၁,၀၇,၂၂၀ |
| နတ္တလင်းမြူနီစီပါယ်အဖွဲ့ | .... | ၁,၃၂,၉၀၀ | ၁,၅၀၀ | .... | ၁,၃၄,၄၀၀ |
| သုံးဆယ်မြူနီစီပါယ်အဖွဲ့ | .... | ၁,၄၀,၃၉၀ | ... | .... | ၁,၄၀,၃၉၀ |
| ဇီးကုန်းမြူနီစီပါယ်အဖွဲ့ .... | .... | ၉၀,၃၇၀ | ၁,၅၀,၀၀၀ | .... | ၂,၄၀,၃၇၀ |
| သံလျင်မြူနီစီပါယ်အဖွဲ့ .... | .... | ၄,၂၁,၁၁၀ | ၅၆,၅၀၀ | .... | ၄,၇၇,၆၁၀ |

| | | | | |
|---|---|---|---|---|
| သုံးခွမြို့နယ်စီပါယ်အဖွဲ့ .... | ၁,၃၉,၆၇၀ | ၁၃,၀၀၀ | .... | ၁,၅၂,၆၇၀ |
| မြည်မြို့နယ်စီပါယ်အဖွဲ့ .... | ၄,၂၆,၈၅၀ | ၂၉,၅၀၀ | .... | ၄,၅၆,၃၅၀ |
| ပြည်ဒီစတြိတ်ကောင်စီ .... | ၂,၇၂,၄၀၀ | ၁,၅၅,၃၀၀ | .... | ၄,၂၇,၇၀၀ |
| ပေါင်းတည်မြို့နယ်စီပါယ်အဖွဲ့ | ၁,၈၉,၆၁၀ | .... | .... | ၁,၈၉,၆၁၀ |
| ရွှေတောင်မြို့နယ်စီပါယ်အဖွဲ့ | ၈၂,၆၁၀ | .... | .... | ၈၂,၆၁၀ |
| တောင်ငူမြို့နယ်စီပါယ်အဖွဲ့ | ၄,၂၆,၈၄၀ | ၁,၁၁,၀၀၀ | ၁,၇၀၀ | ၅,၃၉,၅၄၀ |
| တောင်ငူဒီစတြိတ်ကောင်စီ | ၂,၂၅,၈၂၀ | ၂၈,၃၀၀ | .... | ၂,၅၄,၁၂၀ |
| မြို့မြို့နယ်စီပါယ်အဖွဲ့ .... | ၁,၂၀,၄၃၀ | ၁၁,၀၀၀ | .... | ၁,၃၁,၄၃၀ |
| သာယာဝတီဒီစတြိတ်ကောင်စီ | ၂,၉၆,၂၉၀ | ၁၅,၂၀၀ | .... | ၃,၁၁,၄၉၀ |
| သာယာဝတီမြို့ကော်မီတီ | ၁,၂၂,၄၇၀ | ၁၃,၈၀၀ | .... | ၁,၃၆,၂၇၀ |
| ဟံသာဝတီဒီစတြိတ်ကောင်စီ | ၁,၄၉,၇၆၀ | ၁,၅၀,၀၀၀ | .... | ၂,၉၉,၇၆၀ |
| ခမောင်ဘီဒီစတြိတ်ကောင်စီ | ၂,၇၇,၉၇၀ | ၆၆,၄၀၀ | .... | ၃,၄၄,၃၇၀ |
| ဒိုက်ဦးမြို့ကော်မီတီ .... | ၇၈,၉၁၀ | .... | .... | ၇၈,၉၁၀ |
| ကျောက်တံခါးမြို့ကော်မီတီ | ၅၇,၈၇၀ | ၂,၉၀၀ | .... | ၆၀,၇၇၀ |
| ကဝမြို့ကော်မီတီ .... | ၂၉,၀၆၀ | ၅,၂၀၀ | .... | ၃၄,၂၆၀ |
| မဒေါက်မြို့ကော်မီတီ .... | ၂၄,၈၄၀ | ၂၈,၈၀၀ | .... | ၅၃,၆၄၀ |
| ပြွန်တံဆာမြို့ကော်မီတီ .... | ၇၀,၃၀၀ | .... | .... | ၇၀,၃၀၀ |
| ပဲနွယ်ကုန်းမြို့ကော်မီတီ.... | ၇၆,၈၅၀ | ၄,၅၀၀ | .... | ၈၁,၃၅၀ |
| သနပ်ပင်မြို့ကော်မီတီ .... | ၄၀,၈၉၀ | ၁၂,၂၀၀ | .... | ၅၃,၀၉၀ |
| ဝေါမြို့ကော်မီတီ .... | ၃၅,၂၁၀ | ၁၃,၃၀၀ | .... | ၄၈,၅၁၀ |
| မိုးညိုမြို့ကော်မီတီ .... | ၃၈,၄၀၀ | ၇,၃၀၀ | .... | ၄၅,၇၀၀ |
| အုတ်ဖိုမြို့ကော်မီတီ .... | ၇၃,၅၄၀ | ၆,၉၀၀ | .... | ၈၀,၄၄၀ |
| ခရမ်းမြို့ကော်မီတီ .... | ၈၈,၇၁၀ | ၁၈,၄၀၀ | .... | ၁,၀၇,၁၁၀ |
| ကျောက်တန်းမြို့ကော်မီတီ | ၇၁,၉၀၀ | ၂၃,၀၀၀ | .... | ၉၄,၉၀၀ |
| ကွမ်းခြံကုန်းမြို့ကော်မီတီ | ၄၂,၁၄၀ | ၃,၅၀၀ | .... | ၄၅,၆၄၀ |
| တွံတေးမြို့ကော်မီတီ .... | ၁,၁၉,၉၀၀ | .... | .... | ၁,၁၉,၉၀၀ |

နောက်ဆက်တွဲဇယား (ဃ)။ ။အဆက်။

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆက်

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| လှည်းကူးမြို့ကော်မီတီ .... .... | ၈၁,၉၅၀ | ၂၅,၀၀၀ | .... | ၁,၀၆,၉၅၀ |
| တိုက်ကြီးမြို့ကော်မီတီ .... .... | ၉၈,၆၁၀ | .... | .... | ၉၈,၆၁၀ |
| ပေါက်ခေါင်းမြို့ကော်မီတီ .... | ၂၇,၈၅၀ | ၉,၂၀၀ | .... | ၃၇,၀၅၀ |
| ပန်းတောင်းမြို့ကော်မီတီ .... | ၃၁,၉၆၀ | .... | .... | ၃၁,၉၆၀ |
| ပုသိမ်မြူနီစီပါယ်အဖွဲ့ .... .... | ၆,၉၁,၅၃၀ | ၁,၁၀,၅၀၀ | .... | ၈,၀၂,၀၃၀ |
| ပုသိမ်ဒိစတြိတ်ကောင်စီ .... | ၃,၃၂,၃၆၀ | ၁,၀၀,၃၀၀ | .... | ၄,၃၂,၆၆၀ |
| ပုသိမ်တပ်မြို့အာဏာပိုင်အဖွဲ့ .... | ၅၅,၅၄၀ | ၁၉,၅၀၀ | .... | ၇၅,၀၄၀ |
| ကျုံပျော်မြူနီစီပါယ်အဖွဲ့ .... | ၉၅,၂၇၀ | ၁၅,၀၀၀ | .... | ၁,၁၀,၂၇၀ |
| ငါးသိုင်းချောင်းမြူနီစီပါယ်အဖွဲ့ .... | ၉၃,၆၅၀ | ၁၁,၀၀၀ | .... | ၁,၀၄,၆၅၀ |
| ဟင်္သာတမြူနီစီပါယ်အဖွဲ့ .... | ၅,၂၇,၁၁၀ | ၇၂,၆၀၀ | .... | ၅,၉၉,၇၁၀ |
| ဟင်္သာတဒိစတြိတ်ကောင်စီ .... | ၂,၁၅,၃၃၀ | ၈၉,၀၀၀ | .... | ၃,၀၄,၃၃၀ |
| ကြံခင်းမြူနီစီပါယ်အဖွဲ့ .... .... | ၆၅,၂၉၀ | .... | .... | ၆၅,၂၉၀ |
| မြန်အောင်မြူနီစီပါယ်အဖွဲ့ .... | ၁,၂၃,၈၃၀ | .... | .... | ၁,၂၃,၈၃၀ |
| မြောင်းမြမြူနီစီပါယ်အဖွဲ့ .... | ၃,၁၂,၆၈၀ | ၁၂,၉၀၀ | .... | ၃,၂၅,၅၈၀ |
| မြောင်းမြဒိစတြိတ်ကောင်စီ .... | ၂,၆၈,၈၈၀ | ၃၂,၀၀၀ | .... | ၃,၀၀,၈၈၀ |

| | | | | | |
|---|---|---|---|---|---|
| မော်လမြိုင်ကျွန်းမြူနီစီပါယ်အဖွဲ့ | .... | ၃,၂၂,၉၇၀ | ၁၀,၀၀၀ | .... | ၃,၄၀,၉၇၀ |
| ဝါးခယ်မမြူနီစီပါယ်အဖွဲ့ | .... | ၂,၁၀,၉၃၀ | ၁၆,၁၀၀ | .... | ၂,၂၇,၀၃၀ |
| မအူပင်မြူနီစီပါယ်အဖွဲ့ .... | .... | ၂,၄၇,၉၀၀ | .... | .... | ၂,၄၇,၉၀၀ |
| မအူပင်ဒိစတြိတ်ကောင်စီ | .... | ၂,၀၃,၄၉၀ | ၈၈,၀၀၀ | .... | ၂,၀၃,၄၉၀ |
| မြန်မြမြူနီစီပါယ်အဖွဲ့ .... | .... | ၂,၀၈,၃၁၀ | ၁၇,၃၀၀ | .... | ၂,၂၅,၆၁၀ |
| ညောင်တုံးမြူနီစီပါယ်အဖွဲ့ | .... | ၁,၄၀,၂၇၀ | .... | .... | ၁,၄၀,၂၇၀ |
| ဖျာပုံမြူနီစီပါယ်အဖွဲ့ .... | .... | ၂,၉၅,၂၄၀ | ၂၅,၀၀၀ | .... | ၃,၂၀,၂၄၀ |
| ဖျာပုံဒိစတြိတ်ကောင်စီ .... | .... | ၁,၀၃,၁၀၀ | ၅၇,၅၀၀ | .... | ၁,၆၀,၆၀၀ |
| ဘိုကလေးမြူနီစီပါယ်အဖွဲ့ | .... | ၁,၄၃,၇၇၀ | ၂၆,၆၀၀ | .... | ၁,၇၀,၃၇၀ |
| ကျိုက်လတ်မြူနီစီပါယ်အဖွဲ့ | .... | ၁,၀၅,၅၄၀ | .... | .... | ၁,၀၅,၅၄၀ |
| ကနောင်မြို့ကော်မီတီ .... | .... | ၃၆,၄၁၀ | .... | .... | ၃၆,၄၁၀ |
| ဇလွန်မြို့ကော်မီတီ .... | .... | ၆၁,၂၀၀ | .... | .... | ၆၁,၂၀၀ |
| အဖျောက်မြို့ကော်မီတီ .... | .... | ၂၉,၃၉၀ | ၇,၂၀၀ | .... | ၃၆,၅၉၀ |
| ဒေးဒရဲမြို့ကော်မီတီ .... | .... | ၉၇,၂၄၀ | .... | .... | ၉၇,၂၄၀ |
| သထုံမြူနီစီပါယ်အဖွဲ့ .... | .... | ၂,၆၉,၄၃၀ | .... | .... | ၂,၆၉,၄၃၀ |
| သထုံဒိစတြိတ်ကောင်စီ .... | .... | ၉၈,၄၀၀ | ၅,၈၀၀ | .... | ၁,၀၄,၂၀၀ |
| ကျိုက်ထိုမြူနီစီပါယ်အဖွဲ့ .... | .... | ၉၃,၉၀၀ | ၄၁,၅၀၀ | .... | ၁,၃၅,၄၀၀ |
| မော်လမြိုင်မြူနီစီပါယ်အဖွဲ့ | .... | ၁၄,၇၅,၆၀၀ | ၁,၄၅,၁၀၀ | .... | ၁၆,၂၀,၇၀၀ |
| မော်လမြိုင်ဒိစတြိတ်ကောင်စီ | .... | ၁,၆၃,၁၆၀ | ၂၄,၀၀၀ | .... | ၁,၈၇,၁၆၀ |
| မော်လမြိုင်တပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၅၅,၅၄၀ | ၁၉,၅၀၀ | .... | ၇၅,၀၄၀ |
| ထားဝယ်မြူနီစီပါယ်အဖွဲ့ | .... | ၃,၇၄,၄၇၀ | ၁၂,၉၀၀ | .... | ၃,၈၇,၃၇၀ |
| ထားဝယ်ဒိစတြိတ်ကောင်စီ | .... | ၈၀,၅၉၀ | ၂၀,၄၀၀ | .... | ၁,၀၀,၉၉၀ |
| မြိတ်မြူနီစီပါယ်အဖွဲ့ .... | .... | ၃,၂၇,၁၂၀ | .... | .... | ၃,၂၇,၁၂၀ |
| မြိတ်ဒိစတြိတ်ကောင်စီ .... | .... | ၇၇,၄၁၀ | ၂၆,၅၀၀ | .... | ၁,၀၃,၉၁၀ |
| စစ်တွေမြူနီစီပါယ်အဖွဲ့ .... | .... | ၆,၇၀,၀၇၀ | ၁,၄၅,၁၀၀ | .... | ၈,၁၅,၁၇၀ |
| စစ်တွေဒိစတြိတ်ကောင်စီ | .... | ၂,၂၇,၁၉၀ | ၁,၁၅,၉၀၀ | .... | ၃,၄၃,၀၉၀ |

အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆက်

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကျောက်ဖြူမြို့နယ်စီပါယ်အဖွဲ့.... .... | ၁,၆၃,၄၆၀ | ၄၅,၁၀၀ | ၄,၀၀၀ | ၂,၁၂,၅၆၀ |
| ကျောက်ဖြူ ခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရရုံပုံငွေအဖွဲ့။ | ၄၈,၆၀၀ | ၄,၀၀၀ | .... | ၅၂,၆၀၀ |
| သံတွဲမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၁၉,၂၆၀ | ၂၄,၁၀၀ | .... | ၁,၄၃,၃၆၀ |
| သံတွဲ ခရိုင်ဝန်အုပ်ချုပ်သောဒေသန္တရရုံပုံငွေအဖွဲ့ | ၄၅,၂၂၀ | ၉,၂၀၀ | .... | ၅၄,၄၂၀ |
| မကွေးမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၄၂,၅၀၀ | .... | .... | ၁,၄၂,၅၀၀ |
| မကွေးဒိစတြိတ်ကောင်စီ .... | ၁,၁၈,၄၀၀ | ၃၃,၂၀၀ | .... | ၁,၅၁,၆၀၀ |
| ချောက်မြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၆၄,၀၉၀ | .... | .... | ၁,၆၄,၀၉၀ |
| တောင်တွင်းကြီးမြို့နယ်စီပါယ်အဖွဲ့ .... | ၂,၂၆,၃၀၀ | ၅၀,၀၀၀ | .... | ၂,၇၆,၃၀၀ |
| ရေနံချောင်းမြို့နယ်စီပါယ်အဖွဲ့ .... | ၄,၂၉,၂၃၀ | ၅,၆၀၀ | .... | ၄,၃၄,၈၃၀ |
| မင်းဘူးမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၈၈,၆၄၀ | ၄,၃၀၀ | .... | ၁,၉၂,၉၄၀ |
| မင်းဘူးဒိစတြိတ်ကောင်စီ .... | ၁,၇၉,၄၆၀ | ၁၈,၃၀၀ | .... | ၁,၉၇,၇၆၀ |
| စလင်းမြို့နယ်စီပါယ်အဖွဲ့ .... .... | ၉၅,၃၂၀ | ၉,၂၀၀ | .... | ၁,၀၄,၅၂၀ |
| ပခုက္ကူမြို့နယ်စီပါယ်အဖွဲ့ .... .... | ၂,၉၆,၇၁၀ | ၅၇,၂၀၀ | .... | ၃,၅၃,၉၁၀ |

| | | | | | |
|---|---|---|---|---|---|
| ပခုက္ကူဒိစတြိတ်ကောင်စီ .... | .... | ၁,၇၁,၅၆၀ | ၁၆,၀၀၀ | .... | ၁,၈၇,၅၆၀ |
| သရက်မြူနီစီပါယ်အဖွဲ့ .... | .... | ၁,၅၈,၆၉၀ | ၂၀,၀၀၀ | .... | ၁,၇၈,၆၉၀ |
| သရက်ဒိစတြိတ်ကောင်စီ.... | .... | ၁,၃၀,၀၆၀ | ၃၀,၁၀၀ | .... | ၁,၆၀,၁၆၀ |
| အောင်လံမြူနီစီပါယ်အဖွဲ့ .... | .... | ၁,၅၀,၃၃၀ | ၁၆,၆၀၀ | .... | ၁,၆၆,၉၃၀ |
| မန္တလေးမြူနီစီပါယ်အဖွဲ့ .... | .... | ၄၂,၂၂,၇၇၀ | ၇,၀၀,၇၀၀ | ၂၅,၅၀၀ | ၅၀,၂၈,၉၇၀ |
| မန္တလေးဒိစတြိတ်ကောင်စီ | .... | ၁,၉၀,၁၅၀ | ၃၁,၆၀၀ | .... | ၂,၂၁,၇၅၀ |
| မန္တလေးတပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၁,၅၆,၅၁၀ | ၄၃,၀၀၀ | .... | ၁,၉၉,၅၁၀ |
| မေမြို့မြူနီစီပါယ်အဖွဲ့ .... | .... | ၅,၀၀,၀၀၀ | ၄၅,၀၀၀ | ၄,၅၀၀ | ၅,၄၉,၅၀၀ |
| မေမြို့တပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၁,၃၈,၆၀၀ | ၆,၀၀၀ | .... | ၁,၄၅,၄၀၀ |
| ဗထူးတပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၈၉,၆၃၀ | .... | .... | ၈၉,၆၃၀ |
| ကျောက်ဆည်မြူနီစီပါယ်အဖွဲ့ | .... | ၁,၄၉,၉၇၀ | ၁၅,၄၀၀ | ၅၀၀ | ၁,၆၅,၈၇၀ |
| ကျောက်ဆည်ဒိစတြိတ်ကောင်စီ | .... | ၁,၁၇,၉၉၀ | ၇၃,၀၀၀ | .... | ၁,၉၀,၇၉၀ |
| မိတ္ထီလာမြူနီစီပါယ်အဖွဲ့ .... | .... | ၃,၆၉,၆၀၀ | ၁၁,၅၀၀ | ၁,၅၀၀ | ၃,၈၂,၆၀၀ |
| မိတ္ထီလာဒိစတြိတ်ကောင်စီ | .... | ၁,၃၉,၁၃၀ | .... | ၅၀၀ | ၁,၃၉,၆၃၀ |
| မိတ္ထီလာတပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၈၁,၆၉၀ | .... | .... | ၈၁,၆၉၀ |
| ရမည်းသင်းမြူနီစီပါယ်အဖွဲ့ | .... | ၁,၇၀,၈၄၀ | .... | ၅၀၀ | ၁,၇၁,၃၄၀ |
| ရမည်းသင်းဒိစတြိတ်ကောင်စီ | .... | ၁,၆၀,၆၆၀ | ၇၆,၄၀၀ | ၁,၀၀၀ | ၂,၃၈,၀၆၀ |
| ပျဉ်းမနားမြူနီစီပါယ်အဖွဲ့ .... | .... | ၂,၈၇,၆၅၀ | ၄၃,၇၀၀ | ၅၀၀ | ၃,၃၁,၈၅၀ |
| မြင်းခြံမြူနီစီပါယ်အဖွဲ့ .... | .... | ၃,၈၅,၉၀၀ | ၁,၀၇,၀၀၀ | .... | ၄,၉၂,၉၀၀ |
| မြင်းခြံဒိစတြိတ်ကောင်စီ .... | .... | ၁,၀၂,၇၆၀ | ၉၉,၆၀၀ | .... | ၂,၀၂,၃၆၀ |
| မြစ်ငယ်မြို့ကော်မီတီ .... | .... | ၂,၂၇၀ | .... | .... | ၂,၂၇၀ |
| မြစ်သားမြို့ကော်မီတီ .... | .... | ၃၇,၄၅၀ | ၁၇,၀၀၀ | .... | ၅၄,၄၅၀ |
| သာစည်မြို့ကော်မီတီ .... | .... | ၄၈,၄၄၀ | ၂၀,၅၀၀ | .... | ၆၈,၉၄၀ |
| ပျော်ဘွယ်မြို့ကော်မီတီ .... | .... | ၁,၄၈,၀၆၀ | ၁၇,၀၀၀ | .... | ၁,၆၅,၀၆၀ |
| ကျောက်ပန်းတောင်းမြို့ကော်မီတီ | .... | ၁,၀၂,၇၈၀ | ၆,၀၀၀ | .... | ၁,၀၈,၇၈၀ |

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏အသုံးစရိတ်စာရင်း။ ။အဆက်

| အဖွဲ့အစည်းအမည် | | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|---|
| | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ညောင်ဦးမြို့ကော်မီတီ .... | .... | ၁,၁၅,၄၃၀ | ၂၃,၀၀၀ | ၈၀၀ | ၁,၃၉,၂၃၀ |
| နွားထိုးကြီးမြို့ကော်မီတီ .... | .... | ၃၅,၅၄၀ | ၁၁,၅၀၀ | .... | ၄၇,၀၄၀ |
| တောင်သာမြို့ကော်မီတီ .... | .... | ၆၀,၁၁၀ | ၇,၁၀၀ | ၁,၀၀၀ | ၆၈,၂၁၀ |
| စစ်ကိုင်းမြူနီစီပါယ်အဖွဲ့ .... | .... | ၂,၃၉,၄၅၀ | ၁၇,၀၀၀ | .... | ၂,၅၆,၄၅၀ |
| စစ်ကိုင်းဒိစတြိတ်ကောင်စီ | .... | ၇၇,၄၇၀ | ၆,၉၀၀ | .... | ၈၄,၃၇၀ |
| ရွှေဘိုမြူနီစီပါယ်အဖွဲ့ .... | .... | ၂,၉၆,၆၄၀ | ၂,၃၀၀ | .... | ၂,၉၈,၉၄၀ |
| ရွှေဘိုဒိစတြိတ်ကောင်စီ .... | .... | ၂,၄၉,၃၀၀ | ၁၃,၄၀၀ | .... | ၂,၆၂,၇၀၀ |
| ကသာမြူနီစီပါယ်အဖွဲ့ .... | .... | ၁,၆၄,၇၄၀ | ၂၅,၀၀၀ | .... | ၁,၈၉,၇၄၀ |
| ကသာဒိစတြိတ်ကောင်စီ.... | .... | ၂,၀၁,၈၇၀ | .... | .... | ၂,၀၁,၈၇၀ |
| ကောလင်းမြူနီစီပါယ်အဖွဲ့ | .... | ၁,၀၉,၅၉၀ | ၅,၂၀၀ | .... | ၁,၁၄,၇၉၀ |
| မုံရွာမြူနီစီပါယ်အဖွဲ့ .... | .... | ၅,၅၃,၇၀၀ | ၁၅,၁၀၀ | .... | ၅,၆၈,၈၀၀ |
| မုံရွာဒိစတြိတ်ကောင်စီ .... | .... | ၂,၁၃,၈၄၀ | .... | .... | ၂,၁၃,၈၄၀ |
| မြင်းမူမြို့ကော်မီတီ .... | .... | ၁,၂၇,၆၂၀ | .... | .... | ၁;၂၇,၆၂၀ |
| ရေဦးမြို့ကော်မီတီ .... | .... | ၁,၀၃,၁၂၀ | .... | .... | ၁,၀၃,၁၂၀ |

| | | | | |
|---|---|---|---|---|
| မော်လိုက် ခရိုင်ဝန်အုပ်ချုပ်သောဒေသ၏ရရှိပုံငွေ အဖွဲ့။ | ၁,၅၉,၃၀၀ | ၁၀,၇၀၀ | .... | ၁,၇၀,၀၀၀ |
| ကလောမြူနီစီပါယ်အဖွဲ့ .... .... | ၁,၃၆,၆၇၀ | .... | .... | ၁,၃၆,၆၇၀ |
| တောင်ကြီးမြူနီစီပါယ်အဖွဲ့ .... | ၆,၅၉,၇၇၀ | ၇၀,၀၀၀ | .... | ၇,၂၉,၇၇၀ |
| လားရှိုးမြူနီစီပါယ်အဖွဲ့ .... .... | ၃,၀၉,၃၂၀ | .... | .... | ၃,၀၉,၃၂၀ |
| အောင်ပန်းမြို့ကော်မီတီ .... .... | ၁,၁၇,၆၁၀ | ၁၁,၅၀၀ | .... | ၁, ၉,၁၁၀ |
| ညောင်ရွှေမြို့ကော်မီတီ .... .... | ၁,၀၁,၄၄၀ | ၁၁,၆၀၀ | .... | ၁,၁၃,၀၄၀ |
| လွိုင်လင်မြို့ကော်မီတီ .... .... | ၁,၁၂,၅၆၀ | ၃,၆၀၀ | .... | ၁,၁၆,၁၆၀ |
| သီပေါမြို့ကော်မီတီ .... .... | ၁,၄၅,၈၆၀ | ၁၂,၀၀၀ | .... | ၁,၅၇,၈၆၀ |
| ကျောက်မဲမြို့ကော်မီတီ .... .... | ၂,၆၀,၉၃၀ | ၁၀,၀၀၀ | .... | ၂,၇၀,၉၃၀ |
| ပင်လုံမြို့ကော်မီတီ .... .... | ၄၁,၈၆၀ | ၂၀,၇၀၀ | .... | ၆၂,၅၆၀ |
| မိုးနဲမြို့ကော်မီတီ .... .... | ၂၀,၂၉၀ | ၁၀,၀၀၀ | .... | ၃၀,၂၉၀ |
| ကျိုင်းတုံမြို့ကော်မီတီ .... .... | ၁,၉၄,၈၃၀ | ၂၃,၀၀၀ | .... | ၂,၁၇,၈၃၀ |
| မြစ်ကြီးနားမြူနီစီပါယ်အဖွဲ့ .... | ၂,၅၂,၆၅၀ | ၂,၄၀၀ | .... | ၂,၅၅,၀၅၀ |
| မြစ်ကြီးနား ခရိုင်ဝန်အုပ်ချုပ်သောဒေသ၏ရရှိပုံငွေအဖွဲ့။ | ၈၄,၃၅၀ | ၄၇,၀၀၀ | .... | ၁,၃၂,၁၅၀ |
| ဗန်းမော်မြူနီစီပါယ်အဖွဲ့ .... .... | ၁,၈၂,၀၂၀ | ၂၀,၀၀၀ | ၁,၀၀၀ | ၂,၀၃,၀၂၀ |
| ဗန်းမော်ခရိုင်ဝန်အုပ်ချုပ်သော ဒေသ၏ရရှိပုံငွေ အဖွဲ့။ | ၆၄,၃၂၀ | ၄၈,၃၀၀ | .... | ၁,၁၂,၆၂၀ |
| လှိုင်ကော်မြို့ကော်မီတီ .... .... | ၁,၃၁,၇၄၀ | ၉,၂၀၀ | .... | ၁,၄၀,၉၄၀ |
| ဘားအံမြူနီစီပါယ်အဖွဲ့ .... .... | ၂,၅၉,၀၃၀ | ၂၃,၀၀၀ | .... | ၂,၈၂,၀၃၀ |
| ဘားအံခရိုင်ဝန်အုပ်ချုပ်သော ဒေသ၏ရရှိပုံငွေ အဖွဲ့။ | ၁၇,၇၆၀ | ၃၀,၀၀၀ | .... | ၄၇,၇၆၀ |
| ကော့ကရိတ်မြို့ကော်မီတီ .... | ၇၉,၀၀၀ | ၁၃,၆၀၀ | .... | ၉၂,၆၀၀ |

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆုံး

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကော့ကရိတ် ခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရရံပုံငွေအဖွဲ့။ | ၇,၀၀၀ | .... | .... | ၇,၀၀၀ |
| ဖလာတ်ဝခရိုင်ဝန်အုပ်ချုပ်သောဒေသန္တရရံပုံငွေအဖွဲ့။ | ၅,၅၇၀ | ၂၀,၇၀၀ | .... | ၂၆,၂၇၀ |
| ပေါင်း .... | ၅,၅၀,၂၆,၇၀၀ | ၁,၅၉,၉၂,၆၀၀ | ၅,၉၂,၀၀၀ | ၇,၁၆,၁၁,၃၀၀ |

ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊
၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

အမိန့်အရ၊
ဗိုလ်မှူးကြီးကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရအဖွဲ့။

ဗလ/၂၉၄/၃(၁)/၄-၁၂/၆၀/၄၊

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

# ဥပဒေများ

## (၁၉၆၈ ခုနှစ်)

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၂၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်။

(၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၈ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေကို ပြင်သည့် ဥပဒေ

[၁၉၆၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤဥပဒေကို ၁၉၆၈ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

၂။ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက်လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေ၏ အခန်း ၅ အစား၊ အောက်တွင်ဖော်ပြသည့် အခန်း ၅ ဖြင့် အစားထိုးလိုက်သည်။

### အခန်း ၅

### ပြစ်ဒဏ်များနှင့် အရေးယူနည်းများ

၁၃။ မည်သူမဆို အောက်တွင် ဖော်ပြသည့် အချက်များကို ပြုလုပ်လျှင် ဤဥပဒေအရ ပြစ်မှုကျူးလွန်သည်မည်၏။

(၁) ဤဥပဒေအရ အစိုးရကပြဋ္ဌာန်းသည့် အချက်များကို ဖေါက်ဖျက်ခြင်းနှင့် ဤကဲ့သို့ ဖေါက်ဖျက်သည်ကို အားပေးခြင်း။

(၂) အစိုးရကပိတ်ပင်ထားသည့် လုပ်ငန်းတရပ်ရပ်ကို လုပ်ကိုင်ခြင်းနှင့် ဤကဲ့သို့ လုပ်ကိုင်သည်ကို အားပေးခြင်း။

(၃) အစိုးရကသာ ဝယ်ယူရောင်းချရန် သတ်မှတ်သော ကုန်ပစ္စည်းများကို ပုဂ္ဂိုလ်တဦးချင်းအနေဖြင့် ပြန်လည်ရောင်းချရန် အလို့ငှါဝယ်ယူခြင်း၊ရယူခြင်း၊ကြိတ်ခွဲပြုပြင်မွမ်းမံခြင်း၊သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်း ပေးခြင်း စသော ကုန်သွယ်ရေး လုပ်ငန်းများကို ပြုလုပ်ခြင်း၊ ဤကဲ့သို့ ပြုလုပ်သည်ကို အားပေးခြင်း။

(၄) အစိုးရကသာ ဝယ်ယူရောင်းချရန် သတ်မှတ်သော ကုန်ပစ္စည်းများကို ပြန်လည်ရောင်းချရန်အလို့ငှါ ဝယ်ယူခြင်း၊ ရယူခြင်း၊ ကြိတ်ခွဲပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊လွှဲပြောင်းပေးခြင်းစသော ကုန်သွယ်ရေးလုပ်ငန်းများကို စည်းရုံး၍သော်၎င်း၊ ပူးပေါင်း၍သော်၎င်း၊ ပြုလုပ်ခြင်း၊ ဤကဲ့သို့ပြုလုပ်သည်ကို အားပေးခြင်း။

(၅) ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုတွင် အကျုံးဝင်သော ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်ရေး လုပ်ငန်း၊ သိုလှောင်ရေး လုပ်ငန်း၊ ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်း၊ ကြိတ်ခွဲပြုပြင်မွမ်းမံရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း စသည့်တို့ကို နှောက်ယှက်ခြင်း၊ ဤကဲ့သို့ နှောက်ယှက်သည်ကို အားပေးခြင်း။

(၆) ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံခြားတိုင်းပြည်များသို့သော်၎င်း၊ နိုင်ငံခြားတိုင်းပြည်များမှ ပြည်ထောင်စုမြန်မာနိုင်ငံသို့သော်၎င်း ကုန်ပစ္စည်းများ၊ ငွေများစသည်တို့ကို မတရား ထုတ်ယူခြင်း၊ တင်သွင်းခြင်းနှင့် ဤကဲ့သို့ ပြုလုပ်သည်ကို အားပေးခြင်း။

(၇) အစိုးရက တရားဝင်အဖြစ် ကြေညာထားသော ငွေစက္ကူနှင့် ငွေအကြေများကိုအတုပြုလုပ်ခြင်း၊၎င်းအတုများကိုသိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်း။

အစိုးရကတရားမဝင်ဟုကြေညာထားသော ငွေစက္ကူနှင့်ငွေအကြေများကို အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ သိုလှောင်ခြင်း၊ လက်ဝယ် ထားရှိခြင်း၊ သုံးစွဲခြင်း။

နိုင်ငံခြားသုံးငွေများကို အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းဝယ်ဖေါက်ကားခြင်း။

(၈) ပြည်သူပိုင်ပစ္စည်းများနှင့် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၂ တွင် ဖေါ်ပြထားသည့် အများနှင့်သက်ဆိုင်သောပစ္စည်းများကို ဖျက်ဆီးခြင်း၊ ဤကဲ့သို့ ဖျက်ဆီးသည်ကို အားပေးခြင်း။

(၉) အစိုးရကချမှတ်ထားသည့် ပေါ်လစီ၊ လုပ်ငန်းစဉ်နှင့် အစိုးရက လုပ်ကိုင်နေသည့် လုပ်ငန်းတရပ်ရပ်ကို ပျက်စီးအောင်လုပ်ကိုင်ခြင်း၊ ဤကဲ့သို့ လုပ်ကိုင်သည်ကို အားပေးခြင်း။

၁၄။ (၁) မည်သူမဆို ပုဒ်မ ၁၃၊ (၁)၊ (၂)၊ (၃) အရ ပြစ်မှုတခုကို ကျူးလွန်လျှင် အနည်းဆုံး ၆ လ၊ အများဆုံး ၁၀ နှစ်အထိထောင်ဒဏ်၊ သို့မဟုတ် ၎င်းထောင်ဒဏ်နှင့် အများဆုံး ကျပ် ၅,၀၀၀ အထိ ငွေဒဏ်နှစ်ရပ်လုံးကို ခံစေရမည်။

ထို့ပြင် ပြစ်မှုတွင်အကျုံးဝင်သည့် ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

ထို့ပြင် တရားရုံးသည် ပြစ်မှုတွင်အကျုံးဝင်သည့်ကုန်ပစ္စည်းများနှင့်ပတ်သက်သော ထုပ်ပိုးထည့်သွင်းသည့် ပစ္စည်းများကိုသော်၎င်း၊ သိုလှောင်ထားသည့် မြေနှင့် အဆောက်အဦကိုသော်၎င်း၊ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် တိရစ္ဆာန်၊ ယာဉ်နှင့် ကိရိယာများကို သော်၎င်း၊ ပြည်သူပိုင်အဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(၂) ဤပုဒ်မအရ ပြစ်မှုများကို စီရင်နိုင်ရန် ဒေသ ပြည်သူ့ တရားရုံးများကို အစိုးရကဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သောပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းက ဖြစ်စေ၊ အမိန့်ထုတ်ပြန်၍ လိုအပ်သလို ဖွဲ့စည်းပေးရမည်။

(၃) ဒေသပြည်သူ့တရားရုံး၏ စီရင်ချက်ကိုမကျေနပ်လျှင် အယူခံနိုင်ခွင့်ရှိစေရန် အစိုးရက အမိန့်ထုတ်ပြန်၍ အယူခံအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းပေးရမည်။ ၎င်းအယူခံအဖွဲ့များ၏ ဆုံးဖြတ်ချက်သည် အပြီးသတ် အတည်ဖြစ်စေရမည်။

(၄) အယူခံဝင်လိုသူသည် ဒေသ ပြည်သူ့တရားရုံးက စီရင်ချက်ချသော နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံအဖွဲ့သို့ အယူခံလွှာ တင်သွင်းရမည်။

သို့ရာတွင် အစိုးရက တင်သွင်းသော အယူခံမှုများတွင်မူ အယူခံလွှာကို ဒေသပြည်သူ့တရားရုံးက စီရင်ချက် ချသောနေ့မှ ၆ လ အတွင်း တင်သွင်းနိုင်သည်။

(၅) ပုဒ်မခွဲ (၁) အရ၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရသော ကုန်ပစ္စည်းများ၊ ထုပ်ပိုး ထည့်သွင်းသည့် ပစ္စည်းများ၊ သိုလှောင်ထားသည့် မြေနှင့် အဆောက်အဦများ၊ သယ်ယူ ပို့ဆောင်ရာတွင် အသုံးပြုသည့် တိရစ္ဆာန်၊ ယာဉ်နှင့်ကိရိယာများကို အစိုးရက ဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

၁၅။ (၁) မည်သူမဆို ပုဒ်မ ၁၃၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉) အရ၊ ပြစ်မှုတခုကို ကျူးလွန်လျှင် အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်၊ အများဆုံးသေဒဏ်အထိ ကျခံစေရမည်။

ထို့ပြင် ၎င်းပိုင်ဆိုင်သည့်ပစ္စည်းနှင့် ငွေများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(၂) ဤပုဒ်မအရ အရေးယူသည့် ကိစ္စတိုင်းတွင် အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ကိုဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သောပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်း၏ ကြိုတင်ခွင့်ပြုချက်ကိုဖြစ်စေ၊ ရယူရမည်။

(၃) အစိုးရသည် ဤပုဒ်မအရ အရေးယူသည့် အမှုများကို စစ်ဆေးရန် အထူးရာဇဝတ်ရုံးကို ဖွဲ့စည်းပေးရမည်။ အထူးရာဇဝတ်ရုံးသည် ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ရမည်။

(၄) ပုဒ်မခွဲ (၁) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရသော ကုန်ပစ္စည်းများ၊ ထုပ်ပိုးသည့်သွင်းသည့် ပစ္စည်းများ၊ သို လှောင်ထားသည့်မြေနှင့် အဆောက်အဦများ၊ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် တိရစ္ဆာန်၊ ယာဉ်နှင့် ကိရိယာများကို အစိုးရက ဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သောပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

၃။ ဤဥပဒေကို မပြဋ္ဌာန်းမီက ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ်တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေအရ စွဲဆိုထားသည့် အမှုများတွင် ၎င်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက် အရေးယူဆောင်ရွက်ရမည်။

မိုလ်နေဝင်း၊
ဥက္ကဋ္ဌ။
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်။
(၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်။)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

**ရန်ကုန်မြို့၊ ၁၃၃၀ ပြည့်နှစ်၊ ကဆုန် လပြည့်ကျော် ၁၁ ရက်။**

**(၁၉၆၈ ခုနှစ်၊ မေလ ၂၂ ရက်။)**

အောက်ပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

# ၁၉၆၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၂။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက ဤသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁-က) နောက်တွင် အောက်ပါကို ပုဒ်မခွဲ (၁-ခ) အဖြစ်ထည့်သွင်းရမည်။

"(၁-ခ) အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့က အခါအားလျော်စွာ ချမှတ်သည့် သက်ဆိုင်ရာဆုံးဖြတ်ချက်အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဝေပုံကျအစု (quota) တိုးမြှင့်ခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ သဘောတူသည့်အခါ၊ ထိုဝေပုံကျအစု (quota) ကို တိုးမြှင့်ခြင်းကြောင့် နောက်ထပ်ထည့်ဝင်ရန်ရှိသည့်ရွှေနှင့်မြန်မာနိုင်ငံသုံးငွေများကိုပြည်ထောင်စု မြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့သို့ ထုတ်ပေးရမည်။"

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (၁-က) နောက်တွင် အောက်ပါကို ပုဒ်မခွဲ (၁-ခ) အဖြစ်ထည့်သွင်းရမည်။

"(၁-ခ) အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့က အခါအားလျော်စွာ ချမှတ်သည့် သက်ဆိုင်ရာဆုံးဖြတ်ချက်အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ထည့်ဝင်ရန် ကြေးငွေတိုးမြှင့်ခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ သဘောတူသည့်အခါ ထိုထည့်ဝင်ရန် ကြေးငွေကို တိုးမြှင့်ခြင်းကြောင့် နောက်ထပ် ထည့်ဝင်ရန်ရှိသည့် ရွှေ၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ

ဘဏ်အဖွဲ့က သတ်မှတ်သည့်နိုင်ငံခြား သုံးငွေများနှင့် မြန်မာနိုင်ငံသုံးငွေများကို ပြည်ထောင်စု မြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှ အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့အား ထုတ်ပေးရမည်။''

(ပုံ) တင်ဖေ၊
ဥက္ကဋ္ဌ (ကိုယ်စား)၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်။
(၁၉၆၈ ခုနှစ်၊ မေလ ၂၂ ရက်။)

အမိန့်အရ၊
ဒု-ဗိုလ်မှူးကြီး ကြီးမြင့်၊
အတွင်းဝန် (ကိုယ်စား)၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်။

(၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်။)

အောက်ပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၈ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၆၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၅။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၈ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအကျိုးသက်ရောက်ရမည်။

၂။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊ အောက်ပါဇယားများတွင် ဖေါ်ပြထားသော သက်ဆိုင်ရာအသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်းသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၇ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ (၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

### အစိုးရဌာနများနှင့်ဌာနခွဲများ၏ အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတီ"ခွင့်ပြုငွေနှင့်အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ငွေလုံးငွေရင်းအသုံးစရိတ် | | |
| တော်လှန်ရေးအစိုးရအဖွဲ့နှင့်ဥက္ကဋ္ဌရုံး.... | ၃,၆၉,၄၆၀ | ၁၀ |
| မြန်ကြားရေး .... .... | ၁,၂၁,၅၀၀ | ၃၀ |
| ပညာရေး .... .... | ၃,၁၅,၀၀၀ | ၇၀ |
| လူမှုဝန်ထမ်း .... .... | ၁,၀၁,၉၀၀ | ၁၀ |

## အစိုးရဌာနများနှင့်ဌာနခွဲများ၏ အသုံးစရိတ်စာရင်း။ ။အဆုံး

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတိ" ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| **ငွေလုံးငွေရင်းအသုံးစရိတ်။ ။အဆုံး** | | |
| လယ်ယာစိုက်ပျိုးရေး နှင့် သစ်တောရေး | ၇၅,၀၀၀ | ၁၀ |
| လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး .... | ၂,၀၇,၉၅၀ | ၃၀ |
| သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး။ | ၁,၆၃,၉၄၀ | ၃၀ |
| ပြည်သူ့ လုပ်ငန်း နှင့် အိမ်ယာဆောက်လုပ်ရေး။ | ၁,၆၂,၅၀၀ | ၂၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... | ၂,၅၀၀ | ၁၀ |
| **ရင်းနှီးမြှုပ်နှံငွေစာရင်း** | | |
| အပြည်ပြည်ဆိုင်ရာ ငွေကြေး အဖွဲ့အစည်းများနှင့် ၎င်းတို့က ထုတ်သော အာမခံစာချုပ်များတွင် ရင်းနှီးမြှုပ်နှံငွေများ။ | ၉,၀၈,၆၇,၀၀၀ | ၉,၀၈,၆၇,၀၀၀ |
| ပေါင်း .... | ၉,၂၃,၈၅,၇၅၀ | ၉,၀၈,၆၇,၂၂၀ |

## ပြည်နယ်များ၏ အသုံးစရိတ်စာရင်း

| ပြည်နယ်များ၏အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတီ" ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| **ငွေလုံးငွေရင်းအသုံးစရိတ်** | | |
| ကော်သူးလေ .... .... | ၁,၇၀,၀၀၀ | ၁,၀၀,၀၀၀ |
| ပေါင်း .... | ၁,၇၀,၀၀၀ | ၁,၀၀,၀၀၀ |

## အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ် စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတီ" ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| **သာမန်အသုံးစရိတ်** | | |
| ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့ .... | ၇,၀၁,၅၀၀ | ၂၀ |
| **ငွေလုံးငွေရင်းအသုံးစရိတ်** | | |
| မိုလ်တထောင်သတင်းစာတိုက် .... | ၉၂,၀၀၀ | ၁၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မီတီ။ | ၁၁,၀၀,၆၀၀ | ၆၀ |

# အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ် စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတီ"ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ငွေလုံးငွေရင်းအသုံးစရိတ်။ ။အဆုံး | | |
| ဆိပ်ကမ်းအလုပ်သမားဘုတ်အဖွဲ့ .... | ၈,၃၀၀ | ၁၀ |
| ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့ .... | ၁၅,၂၂,၇၀၀ | ၁၀ |
| ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။ | ၁၁,၇၁,၂၁၀ | ၃၀ |
| မြန်မာနိုင်ငံ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်း။ | ၃,၆၄,၀၀၀ | ၁၀ |
| ပြည်သူ့ငွေချေး .... | ၁,၁၃,၄၀၀ | ၁၀ |
| ငွေရေး ကြေးရေး အသုံးစရိတ် | | |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း။ | ၁၅,၉၅,၂၁၀ | ၂၀ |
| ပြည်သူ့ဘော်တွင်းလုပ်ငန်း .... | ၂,၇၃,၁၂၀ | ၁၀ |
| ပေါင်း .... | ၇၀,၃၀,၀၄၀ | ၁၉၀ |

(ပုံ) ဗိုလ် နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊

ရန်ကုန်မြို့၊ ၁၃၃၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်။
(၁၉၆၈ ခုနှစ်၊ စက်တဘ်ာလ ၁၁ ရက်။)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်။

(၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်။)

အောက်ပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၈ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ။

[၁၉၆၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၄၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၈ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နေ့တွင်စတင်အကျိုးသက်ရောက်ရမည်။

၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံ အဖွဲ့အစည်း အားလုံး၏ ရငွေ အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ ဘဏ္ဍာ ရုံပုံငွေသို့ ထည့်သွင်း၍၊ တော်လှန်ရေး ကောင် စီနှင့် လက် အောက်ခံ အဖွဲ့ အစည်း အားလုံး၏အသုံးစရိတ်အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရုံပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ ။(၁) ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် အတွင်း တွင် စုစုပေါင်း ကျပ်ငွေ ခြောက် ရာ ကု ဋေ အထိ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ ဘဏ္ဍာရေးဌာနတာဝန်ခံသည်၊ အစိုးရငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ် များထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမှမဆို ငွေချေး ယူနိုင် သည်။ ထိုကဲ့သို့ ငွေချေး သောအခါ၊ မိမိသင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ချေးယူရရှိသော ငွေအားလုံးကို၊ တစု တပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရုံပုံငွေတွင်ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရရှိသည့် ချေးငွေများအတွက် ပြန်ဆပ်ရန် ငွေရင်းနှင့် အတိုးကိုရင်း၊ ကုန်ကျသည့်စရိတ်ငွေများကိုရင်း တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရုံပုံငွေမှထုတ်ပေးရမည်။

၄။ ။အောက်ပါ ဇယားတွင် ဖော်ပြရာပါ ပြည် ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဘဏ္ဍာရေး ကော်မီတီနှင့် တာဝန်ခံ အသီးသီးသည်၊ မိမိနှင့် တပြေးတည်းဖော်ပြ ထားသော အသုံးစရိတ် များအတွက် ဆက်လက်၍ ဖော်ပြသည့် ငွေစုစုပေါင်းအထိ၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာ ရုံပုံငွေမှ ထုတ်ယူ၍ ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နေ့မှ ၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း သုံးစွဲနိုင်သည်။

| အမှတ်စဉ် (၁) | တာဝန်ခံ (၂) | အသုံးစရိတ်အမည် (၃) | စုစုပေါင်းငွေ (၄) | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား (၅) |
|---|---|---|---|---|
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ဘဏ္ဍာရေးကော်မီတီ။ | တော်လှန်ရေးကောင်စီ၏ အသုံးစရိတ်များ။ | ၅,၆၄,၉၃,၉၉၀ | နောက်ဆက်တွဲ ဇယား(က)။ |
| ၂ | ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး အစိုးရ၊ ဘဏ္ဍာရေး ဌာနတာဝန်ခံ။ | အစိုးရဌာနများနှင့်ဌာန ခွဲများ၏ အသုံးစရိတ် များ။ | ၁,၆၀,၇၅,၂၀,၅၅၀ | နောက်ဆက်တွဲ ဇယား(ခ)။ |
| ၃ | ရှမ်းပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ အသုံး စရိတ်များ။ | ၂,၀၅,၆၃,၆၇၀ | နောက်ဆက်တွဲ ဇယား(ဂ)။ |
| ၄ | ကချင် ပြည်နယ် ဦးစီး အဖွဲ့ ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏အသုံး စရိတ်များ။ | ၁,၆၁,၀၂,၂၄၀ | နောက်ဆက်တွဲ ဇယား(ဃ)။ |
| ၅ | ကယားပြည်နယ် ဦးစီး အဖွဲ့ ဥက္ကဋ္ဌ။ | ကယား ပြည်နယ် ၏ အသုံးစရိတ်များ။ | ၄၄,၁၃,၂၃၀ | နောက်ဆက်တွဲ ဇယား(င)။ |
| ၆ | ကော်သူးလေ ဦးစီး အဖွဲ့ ဥက္ကဋ္ဌ။ | ကော်သူးလေ၏အသုံး စရိတ်များ။ | ၁,၀၇,၆၀,၁၂၀ | နောက်ဆက်တွဲ ဇယား (စ)။ |
| ၇ | ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး အစိုးရ ဘဏ္ဍာရေး ဌာနတာဝန်ခံ။ | အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြား အဖွဲ့အစည်း များ၏ အသုံးစရိတ်များ။ | ၆,၅၀,၄၅,၃၉,၀၀၀ | နောက်ဆက်တွဲ ဇယား(ဆ)။ |
| ၈ | ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေး အစိုးရ ဘဏ္ဍာရေး ဌာနတာဝန်ခံ။ | အစိုးရလက်အောက်ခံ ဒေသန္တရ အဖွဲ့အစည်း များ၏ အသုံးစရိတ် များ။ | ၇,၂၆,၀၂,၀၀၀ | နောက်ဆက်တွဲ ဇယား(ဇ)။ |

**နောက်ဆက်တွဲဇယား (က)**

# တော်လှန်ရေးကောင်စီ၏ အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စု ခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီး မြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင် ထုတ်ပေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| တော်လှန်ရေးကောင်စီ ... | ၅,၃၅,၀၄,၀၁၀ | ၂၉,၈၉,၉၈၀ | ... | ၅,၆၄,၉၃,၉၉၀ |

နောက်ဆက်တွဲဇယား (င)

## အစိုးရဌာနများနှင့်ဌာနခွဲများ၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ရင်းနှီးမြှုပ်နှံငွေနှင့်ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| တော်လှန်ရေးအစိုးရအဖွဲ့နှင့် ဥက္ကဋ္ဌရုံး .... | ၉၆,၈၈,၄၅၀ | ၁၀,၇၄,၉၅၀ | .... | ၁,၀၇,၆၃,၄၀၀ |
| ပြည်ထဲရေး .... .... | ၁၂,၂၇,၅၁,၀၀၀ | ၆၃,၀၁,၁၀၀ | .... | ၁၂,၉၀,၅၂,၁၀၀ |
| ပြန်ကြားရေး .... .... | ၂,၅၂,၃၉,၀၈၀ | ၂၈,၅၆,၅၄၀ | .... | ၂,၈၀,၉၅,၆၂၀ |
| တရားရေး .... .... | ၂,၇၁,၉၃,၆၀၀ | ၁၀,၉၅,၆၄၀ | .... | ၂,၈၂,၈၉,၂၄၀ |
| ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး .... | ၄,၀၅,၂၀၀ | .... | .... | ၄,၀၅,၂၀၀ |
| လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး | ၁,၅၀,၁၀,၁၂၀ | ၃၄,၈၃၀ | .... | ၁,၅၀,၄၄,၉၅၀ |
| နိုင်ငံခြားရေး .... .... | ၁,၂၃,၇၃,၂၃၀ | ၁၀,၂၆,၈၇၀ | .... | ၁,၃၄,၀၀,၁၀၀ |
| အမျိုးသားစီမံကိန်း .... .... | ၅၁,၂၁,၄၀၀ | ၂၃,၀၆၀ | .... | ၅၁,၄၄,၄၆၀ |
| ကာကွယ်ရေး .... .... | ၄၆,၀၆,၀၀,၀၀၀ | ၇,၀၇,၀၀,၀၀၀ | .... | ၅၃,၁၃,၀၀,၀၀၀ |
| ပညာရေး .... .... | ၂၃,၅၃,၅၂,၀၆၀ | ၁,၁၅,၄၃,၂၆၀ | .... | ၂၄,၆၈,၉၅,၃၂၀ |
| ကျန်းမာရေး .... .... | ၈,၃၁,၄၅,၉၀၀ | ၆၃,၂၂,၆၀၀ | .... | ၈,၉၄,၆၈,၅၀၀ |
| အလုပ်သမား .... .... | ၃၅,၂၇,၃၀၀ | ၂၆,၄၉၀ | .... | ၃၅,၅၃,၇၉၀ |
| ယဉ်ကျေးမှု .... .... | ၂၃,၄၇,၇၀၀ | ၁,၀၈,၆၀၀ | .... | ၂၄,၅၆,၃၀၀ |
| လူမှုဝန်ထမ်း .... .... | ၃၃,၃၅,၀၅၀ | ၂,၀၆,၄၆၀ | .... | ၃၆,၂၃,၅၁၅ |

| | | | | |
|---|---|---|---|---|
| ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး .... | ၁၄,၈၂,၁၁၀ | .... | .... | ၁၄,၈၂,၁၁၀ |
| သာသနာရေး .... .... | ၁၄,၂၁,၈၀၀ | ၁၇,၆၂၀ | .... | ၁၄,၃၉,၄၂၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး .... | ၆,၃၀,၅၇,၈၀၀ | ၂,၇၁,၆၇,၄၀၀ | .... | ၉,၀၂,၂၅,၂၀၀ |
| လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး .... | ၁,၉၁,၉၂,၂၁၀ | ၁၄,၉၀,၈၂၀ | ... | ၂,၀၆,၈၃,၀၃၀ |
| စက်မှုလက်မှု .... .... | ၂၅,၆၅,၆၃၀ | ၂၀,၅၀၀ | .... | ၂၅,၈၆,၁၃၀ |
| သတ္တုတွင်း .... .... | ၁,၉၁,၃၀၀ | ၁,၉၀၀ | .... | ၁,၉၃,၂၀၀ |
| သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး | ၄,၃၉,၂၉,၀၂၀ | ၂,၆၅,၈၂,၀၀၀ | .... | ၇,၀၅,၁၁,၈၂၀ |
| ပြည်သူ့လုပ်ငန်းနှင့်အိမ်ယာဆောက်လုပ်ရေး .... | ၃,၃၃,၈၆,၆၀၀ | ၃,၀၃,၁၁,၃၅၀ | .... | ၆,၃၆,၉၇,၉၅၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၃,၄၁,၆၃,၀၀၀ | ၄,၁၆,၁၀,၃၀၀ | .... | ၇,၅၇,၇၃,၃၀၀ |
| ကုန်သွယ်ရေး .... .... | ၃၁,၁၈,၉၈၀ | .... | .... | ၃၁,၁၈,၉၈၀ |
| သမဝါယမ .... .... | ၆၉,၂၆,၇၉၀ | ၂၆,၀၆၀ | .... | ၆၉,၅၂,၈၅၀ |
| ပင်ရှင်လစာငွေများနှင့် ဆုငွေများ .... | ၅,၄၈,၃၉,၉၀၀ | .... | .... | ၅,၄၈,၃၉,၉၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ .... | ၁,၈၄,၀၀,၀၀၀ | .... | .... | ၁,၈၄,၀၀,၀၀၀ |
| ချင်းရေးရာအုပ်ချုပ်ရေး .... .... | ၇၆,၇၈,၁၀၀ | ၃၈,၈၆,၀၀၀ | .... | ၁,၁၅,၆၄,၁၀၀ |
| အတိုးနှင့်ကြွေးမြီပေးဆပ်ခြင်းအတွက်ကုန်ကျစရိတ် | .... | .... | ၇,၉၇,၂၅,၂၆၀ | ၇,၉၇,၂၅,၂၆၀ |
| ထောက်ပံ့ငွေများ .... .... | .... | .... | ၃,၄၅,၉၅,၆၁၀ | ၃,၄၅,၉၅,၆၁၀ |
| ချေးငွေများနှင့် ကြိုတင်ထုတ်ပေးငွေများ .... | .... | .... | ၄,၄၂,၄၉,၀၄၀ | ၄,၄၂,၄၉,၀၄၀ |
| ပေါင်း .... | ၁,၂၉,၆၄,၄၃,၃၃၀ | ၂၃,၂၅,၁၅,၃၁၀ | ၁၅,၈၅,၆၉,၉၁၀ | ၁,၆၈,၇၅,၂၀,၅၅၀ |

**ရှမ်းပြည်နယ်၏အသုံးစရိတ်စာရင်း** **နောက်ဆက်တွဲဇယား (ဂ)**

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံး စရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့် ကြွေးမြီ၊ရင်းနှီးမြှုပ်နှံငွေ နှင့် ချေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ရှမ်းပြည်နယ်ဦးစီးအဖွဲ့ .... .... | ၅,၁၈,၁၉၀ | ၂၁,၂၀၀ | .... | ၅,၃၉,၃၉၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... .... | ၂၃,၃၂,၈၆၀ | ၁,၄၅,၈၈၀ | .... | ၂၄,၇၈,၇၄၀ |
| ပြန်ကြားရေး .... .... | ၃,၉၆,၇၅၀ | ၅၂,၀၉၀ | .... | ၄,၄၈,၈၄၀ |
| ပညာရေး .... .... | ၁,၀၆,၉၈,၈၆၀ | ၁၀,၀၂,၁၇၀ | .... | ၁,၁၇,၀၁,၀၃၀ |
| ကျန်းမာရေး .... .... | ၆၀,၁၈,၉၉၀ | ၁၀,၈၂,၃၂၀ | .... | ၇၁,၀၁,၃၁၀ |
| ယဉ်ကျေးမှု .... .... | ၁,၀၉,၉၆၀ | ၃၆,၀၀၀ | .... | ၁,၄၅,၉၆၀ |
| သာသနာရေး .... .... | ၄၄,၃၂၀ | ၅,၂၀၀ | .... | ၄၉,၅၂၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၁,၃၉,၉၈၀ | ၉၃,၀၂၀ | .... | ၂,၃၃,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... | ၂၄,၉၅,၀၀၀ | ၂၂,၃၁,၅၀၀ | .... | ၄၇,၂၆,၅၀၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၃,၆၅,၃၈၀ | .... | .... | ၃,၆၅,၃၈၀ |
| ပင်စင်လစာငွေများနှင့် ဆုငွေများ .... | ၆,၀၈,၀၀၀ | .... | .... | ၆,၀၈,၀၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်စင်ငွေများ .... | ၁,၅၀,၀၀၀ | .... | .... | ၁,၅၀,၀၀၀ |
| အတိုးနှင့် ကြွေးမြီပေးဆပ်ခြင်းအတွက် ကုန်ကျစရိတ်။ | .... | .... | ၁၆,၀၀၀ | ၁၆,၀၀၀ |
| ပေါင်း .... | ၂,၃၈,၇၈,၂၉၀ | ၄၆,၆၉,၃၈၀ | ၁၆,၀၀၀ | ၂,၈၅,၆၃,၆၇၀ |

**နောက်ဆက်တွဲဇယား (ဃ)**

## ကချင်ပြည်နယ်၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့် ကြွေးမြီ၊ရင်းနှီးမြှုပ်နှံငွေ နှင့် ချေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကချင်ပြည်နယ်ဦးစီးအဖွဲ့ .... .... | ၅,၅၁,၈၉၀ | ၁,၂၀,၀၀၀ | .... | ၆,၇၁,၈၉၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... .... | ၈,၅၅,၇၀၀ | ၁,၀၈,၆၆၀ | .... | ၉,၆၄,၃၆၀ |
| မြန်ကြားရေး .... .... | ၂,၈၀,၅၇၀ | ၁,၇၂,၇၆၀ | .... | ၄,၅၃,၃၃၀ |
| ပညာရေး .... .... | ၅၃,၀၂,၂၃၀ | ၆,၈၉,၇၃၀ | .... | ၅၉,၉၁,၉၆၀ |
| ကျန်းမာရေး .... .... | ၂၆,၅၁,၂၅၀ | ၁၂,၀၅,၅၁၀ | .... | ၃၈,၅၆,၇၆၀ |
| ယဉ်ကျေးမှု .... .... | ၅၁,၇၈၀ | ၃,၁၂၀ | .... | ၅၄,၉၀၀ |
| သာသနာရေး .... .... | ၁၉,၃၁၀ | .... | .... | ၁၉,၃၁၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၁,၆၀,၈၀၀ | .... | .... | ၁,၆၀,၈၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... | ၁၉,၆၇,၇၇၀ | ၁၂,၁၅,၀၀၀ | .... | ၃၁,၈၂,၇၇၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၄,၄၇,၂၆၀ | .... | .... | ၄,၄၇,၂၆၀ |
| ပင်ရှင်လစာငွေများနှင့် ဆုငွေများ .... | ၂,၇၅,၀၀၀ | .... | .... | ၂,၇၅,၀၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ .... | ၁,၀၀,၀၀၀ | .... | .... | ၁,၀၀,၀၀၀ |
| အတိုးနှင့် ကြွေးမြီပေးဆပ်ခြင်းအတွက် ကုန်ကျစရိတ်။ | .... | .... | ၃,၉၀၀ | ၃,၉၀၀ |
| ပေါင်း .... | ၁,၂၆,၆၃,၅၆၀ | ၃၅,၁၄,၇၀၀ | ၃,၉၀၀ | ၁,၆၁,၈၂,၂၄၀ |

## ကယားပြည်နယ်၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကယားပြည်နယ်ဦးစီးအဖွဲ့ .... | ၃,၁၄,၁၀၀ | ၄၈,၀၀၀ | .... | ၃,၆၂,၁၀၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... .... | ၂,၃၉,၇၆၀ | ၄၀,၆၀၀ | .... | ၂,၈၀,၃၆၀ |
| မြန်ကြားရေး .... .... | ၆၈,၇၅၀ | ၂၀,၀၀၀ | .... | ၈၈,၇၅၀ |
| ပညာရေး .... .... | ၉,၄၂,၉၁၀ | ၃,၂၈,၅၃၀ | .... | ၁၂,၇၁,၄၄၀ |
| ကျန်းမာရေး .... .... | ၆,၆၃,၆၂၀ | ၂,၁၂,၃၆၀ | .... | ၈,၇၅,၉၈၀ |
| ယဉ်ကျေးမှု .... .... | ၂၄,၉၄၀ | ၃၅၀ | .... | ၂၅,၂၉၀ |
| ကယ်ဆယ်ရေး .... .... | ၁,၅၀၀ | .... | .... | ၁,၅၀၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၇၄,၈၀၀ | .... | .... | ၇၄,၈၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... | ၄,၉၅,၁၀၀ | ၈,၇၅,၀၀၀ | .... | ၁၃,၇၀,၁၀၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၃၅,၉၁၀ | .... | .... | ၃၅,၉၁၀ |
| ပင်ရှင်လစာငွေများနှင့် ဆုငွေများ .... | ၂၀,၀၀၀ | .... | .... | ၂၀,၀၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ .... | ၇,၀၀၀ | .... | .... | ၇,၀၀၀ |
| ပေါင်း .... | ၂၈,၈၈,၃၉၀ | ၁၅,၂၄,၈၄၀ | .... | ၄၄,၁၃,၂၃၀ |

# ကော်သူးလေ၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|---|
| | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေ | |
| | | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကော်သူးလေဦးစီးအဖွဲ့ .... | .... | ၄,၂၅,၄၄၀ | ၃,၁၀၀ | .... | ၄,၂၈,၅၄၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... | .... | ၄,၂၅,၅၁၀ | ၁,၃၃,၁၁၀ | .... | ၅,၅၈,၆၂၀ |
| မြန်ကြားရေး .... | .... | ၂,၃၅,၅၀၀ | ၄၆,၂၀၀ | .... | ၂,၈၁,၇၀၀ |
| ပညာရေး .... | .... | ၄၁,၁၁,၄၁၀ | ၈,၅၅,၄၀၀ | .... | ၄၉,၆၆,၈၁၀ |
| ကျန်းမာရေး .... | .... | ၁၂,၆၀,၆၀၀ | ၄,၁၈,၈၀၀ | .... | ၁၆,၇၉,၄၀၀ |
| ယဉ်ကျေးမှု .... | .... | ၅၀,၃၂၀ | ၃၇,၇၂၀ | .... | ၈၈,၀၄၀ |
| သာသနာရေး .... | .... | ၁၃,၅၀၀ | .... | .... | ၁၃,၅၀၀ |
| ကယ်ဆယ်ရေး .... | .... | ၁၀,၁၀၀ | .... | .... | ၁၀,၁၀၀ |
| သယ်ယူပို့ဆောင်ရေး .... | .... | ၂,၄၇,၆၃၀ | ၈၉,၀၀၀ | .... | ၃,၃၆,၆၃၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... | .... | ၃,၇၃,၁၁၀ | ၁၅,၇၈,၇၁၀ | .... | ၁၉,၅၁,၈၂၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... | .... | ၂,၆၇,၂၄၀ | ၆၀၀ | .... | ၂,၆၇,၉၂၀ |
| ပင်စင်လစာငွေများနှင့် ဆုငွေများ | .... | ၈၂,၀၀၀ | .... | .... | ၈၂,၀၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်စင်ငွေများ | .... | ၉၅,၀၀၀ | .... | .... | ၉၅,၀၀၀ |
| ပေါင်း | .... | ၇၅,၉၇,၃၂၀ | ၃၁,၆၂,၈၀၀ | .... | ၁,၀၇,၆၀,၁၂၀ |

## နောက်ဆက်တွဲဇယား (ဆ)

### အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | အတိုးနှင့်ကြွေးမြီ၊ ချေးငွေ၊ရင်းနှီးမြှုပ်နှံငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ .... | ၄၅,၂၀၀ | .... | .... | ၄၅,၂၀၀ |
| ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးဘုတ်အဖွဲ့ .... | ၅,၆၀,၇၀၀ | ၂၀,၀၀၀ | .... | ၅,၈၀,၇၀၀ |
| နိုင်ငံခြားရုပ်ရှင်ကားတင်သွင်းရေးအေဂျင်စီ .... | ၉၅,၅၆,၀၀၀ | ၃၆,၀၀၀ | .... | ၉၅,၉၂,၀၀၀ |
| မြဝတီပုံနှိပ်တိုက် .... .... | ၁၂,၀၂,၇၀၀ | ၄,၀၀၀ | .... | ၁၂,၀၆,၇၀၀ |
| စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ .... | ၁,၆၄,၉၃,၆၀၀ | ၂,၄၇,၈၀၀ | .... | ၁,၆၇,၄၁,၄၀၀ |
| ကြေးမုံသတင်းစာတိုက် .... .... | ၄၀,၁၇,၀၀၀ | ၁၅,၀၀၀ | .... | ၄၀,၃၂,၀၀၀ |
| မိုလ်တထောင်သတင်းစာတိုက် .... | ၂၃,၀၄,၁၀၀ | ၅၄,၃၀၀ | .... | ၂၃,၅၈,၄၀၀ |
| ဂါးဒီးယန်းသတင်းစာတိုက် .... | ၁၀,၂၅,၉၀၀ | ၁၆,၀၀၀ | .... | ၁၀,၄၁,၉၀၀ |
| လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတိုက် .... | ၄၈,၅၆,၄၀၀ | ၃၃,၅၀၀ | .... | ၄၈,၈၉,၉၀၀ |
| မြန်မာနိုင်ငံဆေးသုတေသနကောင်စီ .... | ၉,၂၆,၅၀၀ | ၂,၀၁,၃၀၀ | .... | ၁၁,၂၇,၈၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံ အားကစားနှင့်ကာယပညာကော်မီတီ။ | ၄၈,၃၆,၀၀၀ | ၂၄,၀၇,၀၀၀ | .... | ၇၂,၄၃,၀၀၀ |
| ပင်လယ်ကူးသင်္ဘောကုန်တင်ကုန်ချအဖွဲ့ .... | ၇၀,၆၁,၇၀၀ | ၈၆,၂၀၀ | .... | ၇၉,၄၇,၉၀၀ |

| | | | | |
|---|---|---|---|---|
| ဆိပ်ကမ်းအလုပ်သမားဘုတ်အဖွဲ့ .... | ၄၅,၉၉,၅၀၀ | ၁,၄၈,၅၀၀ | .... | ၄၇,၄၈,၀၀၀ |
| လူမှုဖူလုံရေးအဖွဲ့ .... .... | ၉၂,၁၀,၂၀၀ | ၂,၄၀,၅၀၀ | .... | ၉၄,၅၀,၇၀၀ |
| ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) | ၁,၀၇,၆၃,၇၀၀ | ၂၁,၄၀၀ | .... | ၁,၀၇,၈၅,၁၀၀ |
| အလုပ်သမားများအလုပ်အကိုင်နေရာချထားရေး ဘုတ်အဖွဲ့။ | .... | .... | .... | .... |
| သင်္ဘောသားများအလုပ်အကိုင်ကြီးကြပ်ရေးအဖွဲ့ | ၁၂,၁၀၀ | .... | .... | ၁၂,၁၀၀ |
| တရုပ်-မြန်မာစီးပွါးရေးနှင့် ကျွမ်းကျင်မှုပူးပေါင်း ဆောင်ရွက်ရေးသဘောတူစာချုပ်အကောင် အထည်ဖေါ်ရေးဘုတ်အဖွဲ့။ | ၁,၄၆,၀၀၀ | .... | .... | ၁,၄၆,၀၀၀ |
| ပြည်ထောင်စုယဉ်ကျေးမှုကောင်စီ .... | ၁၅,၈၃,၀၀၀ | ၂,၅၅,၃၀၀ | .... | ၁၈,၃၈,၃၀၀ |
| မြေယာကျေးလက် ကြီးပွါးတိုးတက်ရေး ကော်ပို ရေးရှင်း။ | ၂၆,၆၈,၄၉,၀၀၀ | ၄,၆၆,၃၀,၂၀၀ | ၅၉,၇၄,၀၀၀ | ၃၁,၉၄,၅၃,၂၀၀ |
| ပြည်သူ့ပုလဲနှင့်ငါးလုပ်ငန်းအဖွဲ့ .... | ၁,၄၀,၇၈,၀၀၀ | ၇၉,၈၄,၀၀၀ | ၄,၈၆,၀၀၀ | ၂,၂၅,၄၈,၀၀၀ |
| နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ .... | ၃၄,၆၄,၅၀,၂၀၀ | ၅,၀၆,၈၉,၅၀၀ | .... | ၃၉,၇၁,၃၉,၇၀၀ |
| နိုင်ငံတော် စိုက်ပျိုးရေး ဘဏ် (ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်)။ | ၄၂,၃၈,၀၀၀ | ၇၇,၃၀၀ | ၁၆,၀၅,၀၀,၀၀၀ | ၁၆,၄၈,၁၅,၃၀၀ |
| မြန်မာနိုင်ငံလက်တွေ့သုတေသနလုပ်ငန်းအဖွဲ့.... | ၂၁,၅၄,၆၀၀ | ၇,၇၀,၄၀၀ | .... | ၂၉,၂၅,၀၀၀ |
| လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့ .... | ၅,၆၅,၀၇,၀၀၀ | ၂,၂၆,၀၂,၇၀၀ | .... | ၇,၉၁,၀၉,၇၀၀ |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း | ၅၀,၄၂,၅၃,၈၀၀ | ၂၀,၁၆,၈၈,၃၀၀ | ၉၈,၇၇,၀၀၀ | ၇၁,၅၈,၁၉,၁၀၀ |
| စက္ကူစက်နှင့် ဓါတုဗေဒလုပ်ငန်းအဖွဲ့ .... | ၇၃,၂၃,၅၀၀ | ၁,၉၆,၇၇,၆၀၀ | .... | ၂,၇၀,၀၁,၁၀၀ |
| စက်မှုလက်မှုမြှင့်တင်ရေးဘုတ်အဖွဲ့ .... | ၂,၉၄,၆၀၀ | .... | .... | ၂,၉၄,၆၀၀ |
| ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေး ကော်ပို ရေးရှင်း။ | ၁,၆၈,၇၇,၀၀၀ | ၁,၂၃,၆၀,၀၀၀ | .... | ၂,၉၂,၃၇,၀၀၀ |
| ပြည်သူ့ဘော်တွင်းလုပ်ငန်း .... | ၃,၂၈,၈၂,၁၀၀ | ၉၉,၅၀,၉၀၀ | .... | ၄,၂၈,၃၃,၀၀၀ |
| ပြည်သူ့ရေနံလုပ်ငန်း .... .... | ၃၈,၃၈,၁၄,၀၀၀ | ၆,၅၈,၀၀,၀၀၀ | .... | ၄၄,၉၆,၁၄,၀၀၀ |

နောက်ဆက်တွဲဇယား (ဆ)။ ။အဆုံး

အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆုံး

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | အတိုးနှင့်ကြွေးမြီ၊ ချေးငွေ၊ ရင်းနှီးမြှုပ်နှံငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| မြန်မာနိုင်ငံကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်း။ | ၅,၃၁,၅၄,၀၀၀ | ၆,၇၉,၀၀၀ | ၆၀,၇၁,၀၀၀ | ၅,၉၉,၀၄,၈၀၀ |
| ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့ .... | ၂,၂၁,၄၁,၃၀၀ | ၆၅,၀၀,၀၀၀ | ၁၅,၁၆,၀၀၀ | ၃,၇၁,၆၅,၃၀၀ |
| ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ .... | ၅,၂၀,၂၆,၇၀၀ | ၁,၉၄,၆၀,၀၀၀ | .... | ၇,၂၂,၀၆,၇၀၀ |
| ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ | ၄,၂၃,၉၁,၃၀၀ | ၄,၉၆,၀၃,၂၀၀ | ၉,၅၆,၀၀၀ | ၉,၂၉,၅၀,၅၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထားအုပ်ချုပ်ရေးအဖွဲ့။ | ၁၄,၂၂,၃၅,၀၀၀ | ၄,၆၂,၉၆,၀၀၀ | ၁,၃၆,၂၀,၀၀၀ | ၂၀,၂၁,၅၉,၀၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။ | ၂,၃၀,၆၆,၀၀၀ | ၁၇,၄၁,၁၀၀ | .... | ၂,၅၆,၀၇,၁၀၀ |
| ပြည်သူ့အိုးအိမ်ပြန်လည် ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့။ | ၅၀,၃၅,၅၀၀ | ၁,၀၀,၀၃,၂၀၀ | ၁၃,၁၀,၀၀၀ | ၁,၆၄,၂၀,၇၀၀ |
| ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်း .... | ၂၁,၇၄,၀၂,၀၀၀ | ၇၉,၄၅,၂၀၀ | .... | ၂၂,၅၃,၄၀,၀၀၀ |
| ပြည်သူ့ကျောက်မိုင်းကော်ပိုရေးရှင်း .... | ၅၀,၁၁,၄၀၀ | ၁၂,၅၂,၆၀၀ | .... | ၇၀,၆၄,၀၀၀ |

| | | | | |
|---|---|---|---|---|
| ပြည်ထောင်စုဘဏ် (ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်)။ | ၈၂,၈၆,၆၀၀ | ၁,၄၀,၂၀၀ | .... | ၈၄,၂၆,၈၀၀ |
| နိုင်ငံတော်ကုန်သွယ်ရေးဝယ်ရေးဘဏ် (ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်)။ | ၁,၅၃,၄၆,၀၀၀ | ၁,၉၀,၆၀၀ | .... | ၁,၅၅,၃၆,၆၀၀ |
| စက်မှုလက်မှု တိုးတက်ဖွံ့ဖြိုးရေးဘဏ် (ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်)။ | ၁,၉၀,၁၀၀ | .... | .... | ၁,၉၀,၁၀၀ |
| ပြည်သူ့ဘဏ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်)။ | ၁,၀၁,၆၀,၄၀၀ | ၁,၀၄,၅၀၀ | .... | ၁,၀၂,၆၄,၉၀၀ |
| ပြည်သူ့ငွေချေး (ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်)။ | ၁,၂၁,၁၆,၁၀၀ | ၅၄,၆၀၀ | ၁၇,၈၇,၀၀,၀၀၀ | ၁၉,၀၈,၇၀,၇၀၀ |
| ပြည်ထောင်စုအာမခံစံနစ်အဖွဲ့ (ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်)။ | ၂,၅၄,၀၉,၂၀၀ | ၁၀,၈၀၀ | ၇၅,၀၀,၀၀၀ | ၃,၂၉,၂၀,၀၀၀ |
| ဗုဒ္ဓသာသနာ့ကောင်စီ .... .... | ၁၉,၅၉,၄၀၀ | ၆၂,၆၀၀ | .... | ၂၀,၂၂,၀၀၀ |
| ကုန်သွယ်ရေးကောင်စီ .... .... | ၃,၁၆,၁၃,၀၇,၀၀၀ | ၅၉,၄၅,၂၀၀ | ၃၄,၇၆,၀၀၀ | ၃,၁၇,၀၇,၂၈,၂၀၀ |
| ပေါင်း .... | ၅,၅၁,၅၃,၆၈,၉၀၀ | ၅၉,၂၁,၇၆,၁၀၀ | ၃၉,၆၉,၉၄,၀၀၀ | ၆,၅၀,၄၅,၃၉,၀၀၀ |

နောက်ဆက်တွဲဇယား (စ)

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| အဖွဲ့အစည်းအမည် | | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|---|
| | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | |
| | | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ရန်ကုန်မြူနီစီပါယ်အဖွဲ့ .... | .... | ၂,၃၅,၈၈,၀၀၀ | ၁,၀၉,၄၄,၅၀၀ | ၅,၄၉,၀၀၀ | ၃,၅၀,၈၁,၅၀၀ |
| ရန်ကုန်တပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၁,၆၂,၀၀၀ | ၂,၆၀၀ | .... | ၁,၆၄,၆၀၀ |
| မင်္ဂလာဒုံတပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၂,၂၀,၉၀၀ | ၂၄,၀၀၀ | .... | ၂,၄၄,၉၀၀ |
| ပဲခူးမြူနီစီပါယ်အဖွဲ့ .... | .... | ၆,၅၇,၀၀၀ | ၄၀,၈၀၀ | .... | ၆,၉၇,၈၀၀ |
| ပဲခူးဒိစတြိတ်ကောင်စီ .... | .... | ၂,၃၉,၈၀၀ | ၂၅,၈၀၀ | .... | ၂,၆၅,၆၀၀ |
| မှော်ဘီတပ်မြို့အာဏာပိုင်အဖွဲ့ | ... | ၈၁,၅၀၀ | .... | .... | ၈၁,၅၀၀ |
| ညောင်လေးပင်မြူနီစီပါယ်အဖွဲ့ | .... | ၁,၉၆,၉၀၀ | ၂၀,၀၀၀ | .... | ၂,၁၆,၉၀၀ |
| ရွှေကျင်မြူနီစီပါယ်အဖွဲ့ .... | .... | ၆၀,၇၀၀ | ၃,၀၀၀ | .... | ၆၃,၇၀၀ |
| ကြို့ပင်ကောက်မြူနီစီပါယ်အဖွဲ့ | .... | ၁,၄၀,၁၀၀ | ၃,၆၅,၀၀၀ | .... | ၅,၀၅,၁၀၀ |
| လက်ပံတန်းမြူနီစီပါယ်အဖွဲ့ | .... | ၁,၃၀,၂၀၀ | ၂၀,၀၀၀ | .... | ၁,၅၀,၂၀၀ |
| မင်းလှမြူနီစီပါယ်အဖွဲ့ .... | .... | ၁,၀၈,၁၀၀ | .... | .... | ၁,၀၈,၁၀၀ |
| နတ္တလင်းမြူနီစီပါယ်အဖွဲ့ | .... | ၁,၄၈,၄၀၀ | ၁၀,၀၀၀ | .... | ၁,၅၈,၄၀၀ |
| သုံးဆယ်မြူနီစီပါယ်အဖွဲ့ .... | .... | ၁,၄၂,၂၀၀ | ၁၀,၀၀၀ | .... | ၁,၅၂,၂၀၀ |
| ဇီးကုန်းမြူနီစီပါယ်အဖွဲ့ | .... | ၁,၀၁,၁၀၀ | ၉၈,၄၀၀ | .... | ၁,၉၉,၅၀၀ |

| | | | | | |
|---|---|---|---|---|---|
| သံလျင်မြို့နယ်စီပါယ်အဖွဲ့ .... | .... | ၄,၂၂,၉၀၀ | ၃၃,၂၀၀ | .... | ၄,၅၆,၁၀၀ |
| သုံးခွမြို့နယ်စီပါယ်အဖွဲ့ .... | .... | ၁,၃၀,၁၀၀ | ၁၃,၀၀၀ | .... | ၁,၄၃,၁၀၀ |
| ပြည်မြို့နယ်စီပါယ်အဖွဲ့ .... | .... | ၄,၂၁,၆၀၀ | ၃၀,၀၀၀ | .... | ၄,၅၁,၆၀၀ |
| ပြည်ဒိစတြိတ်ကောင်စီ .... | .... | ၂,၉၃,၃၀၀ | ၈၂,၀၀၀ | .... | ၃,၇၅,၃၀၀ |
| ပေါင်းတည်မြို့နယ်စီပါယ်အဖွဲ့ | .... | ၂,၀၄,၅၀၀ | ၁၃,၃၀၀ | .... | ၂,၁၇,၈၀၀ |
| ရွှေတောင်မြို့နယ်စီပါယ်အဖွဲ့ | .... | ၈၃,၁၀၀ | .... | .... | ၈၃,၁၀၀ |
| တောင်ငူမြို့နယ်စီပါယ်အဖွဲ့ .... | .... | ၄,၄၁,၁၀၀ | ၄၂,၀၀၀ | .... | ၄,၈၃,၁၀၀ |
| တောင်ငူဒိစတြိတ်ကောင်စီ | .... | ၁,၉၆,၈၀၀ | ၃၃,၅၀၀ | .... | ၂,၃၀,၃၀၀ |
| မြို့မြို့နယ်စီပါယ်အဖွဲ့ .... | .... | ၁,၂၂,၅၀၀ | ၆,၀၀၀ | .... | ၁,၂၈,၅၀၀ |
| သာယာဝတီဒိစတြိတ်ကောင်စီ | .... | ၃,၁၄,၂၀၀ | ၃၉,၆၀၀ | .... | ၃,၅၃,၈၀၀ |
| သာယာဝတီမြို့ကော်မီတီ | .... | ၁,၀၈,၆၀၀ | ၁၂,၀၀၀ | .... | ၁,၂၀,၆၀၀ |
| ဟံသာဝတီဒိစတြိတ်ကောင်စီ | .... | ၁,၂၇,၁၀၀ | ၄၁,၀၀၀ | .... | ၁,၆၈,၁၀၀ |
| မှော်ဘီဒိစတြိတ်ကောင်စီ | .... | ၃,၂၈,၄၀၀ | ၅၅,၀၀၀ | .... | ၃,၈၃,၄၀၀ |
| ဒိုက်ဦးမြို့ကော်မီတီ .... | .... | ၈၆,၆၀၀ | ၁၀,၀၀၀ | .... | ၉၆,၆၀၀ |
| ကျောက်တံခါးမြို့ကော်မီတီ | .... | ၆၂,၀၀၀ | ၃,၉၀၀ | .... | ၆၅,၉၀၀ |
| ကဝမြို့ကော်မီတီ .... | .... | ၃၅,၄၀၀ | ၁၀,၅၀၀ | .... | ၄၅,၉၀၀ |
| မအူပင်မြို့ကော်မီတီ .... | .... | ၂၄,၈၀၀ | ၇,၅၀၀ | .... | ၃၂,၃၀၀ |
| မြန်တံဆာမြို့ကော်မီတီ .... | .... | ၇၂,၁၀၀ | ၁၅,၀၀၀ | .... | ၈၇,၁၀၀ |
| ဝဲနွယ်ကုန်းမြို့ကော်မီတီ | .... | ၇၁,၁၀၀ | ၁၀,၀၀၀ | .... | ၈၁,၁၀၀ |
| သနပ်ပင်မြို့ကော်မီတီ .... | .... | ၃၉,၁၀၀ | ၈,၉၀၀ | .... | ၄၈,၀၀၀ |
| ဝေါမြို့ကော်မီတီ .... | .... | ၅၁,၆၀၀ | ၁၆,၂၀၀ | .... | ၆၇,၈၀၀ |
| မိုးညိုမြို့ကော်မီတီ .... | .... | ၃၈,၂၀၀ | ၁၀,၀၀၀ | .... | ၄၈,၂၀၀ |
| အုတ်ဖိုမြို့ကော်မီတီ .... | .... | ၇၅,၆၀၀ | ၃,၀၀၀ | .... | ၇၈,၆၀၀ |
| ခရမ်းမြို့ကော်မီတီ .... | .... | ၈၉,၃၀၀ | ၁၅,၀၀၀ | .... | ၁,၀၄,၃၀၀ |
| ကျောက်တန်းမြို့ကော်မီတီ | .... | ၇၃,၂၀၀ | .... | .... | ၇၃,၂၀၀ |

**နောက်ဆက်တွဲဇယား (ဇ)။ ။အဆက်**

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆက်

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကွမ်းခြံကုန်းမြို့ကော်မီတီ .... | ၃၇,၃၀၀ | ၃,၅၀၀ | .... | ၄၀,၀၀၀ |
| တွံတေးမြို့ကော်မီတီ .... .... | ၁,၂၀,၅၀၀ | .... | .... | ၁,၂၀,၅၀၀ |
| လှည်းကူးမြို့ကော်မီတီ .... .... | ၀၁,၃၀၀ | ၁၃,၀၀၀ | .... | ၉၅,၁၀၀ |
| တိုက်ကြီးမြို့ကော်မီတီ .... .... | ၉၉,၆၀၀ | ၇၀,၀၀၀ | .... | ၁,၆၉,၆၀၀ |
| ပေါက်ခေါင်းမြို့ကော်မီတီ .... | ၄၁,၅၀၀ | ၁,၅၀၀ | .... | ၄၃,၀၀၀ |
| ပန်းတောင်းမြို့ကော်မီတီ.... .... | ၃၄,၁၀၀ | .... | .... | ၃၄,၁၀၀ |
| ပုသိမ်မြူနီစီပါယ်အဖွဲ့ .... .... | ၇,၂၄,၃၀၀ | ၁,၁၅,၀၀၀ | .... | ၀,၃၉,၃၀၀ |
| ပုသိမ်ဒိစတြိတ်ကောင်စီ .... | ၃,၂၄,၁၀၀ | ၆၂,၁၀၀ | .... | ၃,၀၆,၂၀၀ |
| ပုသိမ်တပ်မြို့အာဏာပိုင်အဖွဲ့ .... | ၅၅,၅၀၀ | ၂၁,၄၀၀ | .... | ၇၆,၉၀၀ |
| ကျုံပျော်မြူနီစီပါယ်အဖွဲ့ .... | ၁,၀၃,၉၀၀ | ၂၀,၀၀၀ | .... | ၁,၂၃,၉၀၀ |
| ငါးသိုင်းချောင်းမြူနီစီပါယ်အဖွဲ့ .... | ၁,၀၀,၃၀၀ | ၁၀,၉၀၀ | .... | ၁,၁၁,၂၀၀ |
| ဟင်္သာတမြူနီစီပါယ်အဖွဲ့.... .... | ၅,၃၂,၅၀၀ | ၆၀,၀၀၀ | .... | ၆,၀၀,၅၀၀ |
| ဟင်္သာတဒိစတြိတ်ကောင်စီ .... | ၂,၂၅,၅၀၀ | ၇၃,၂၀၀ | .... | ၂,၉၀,၇၀၀ |
| ကြံခင်းမြူနီစီပါယ်အဖွဲ့ .... .... | ၆၀,၁၀၀ | .... | .... | ၆၀,၁၀၀ |

| | | | | | |
|---|---|---|---|---|---|
| မြန်အောင်မြူနီစီပါယ်အဖွဲ့ | .... | ၁,၂၄,၅၀၀ | .... | .... | ၁,၂၄,၅၀၀ |
| မြောင်းမြမြူနီစီပါယ်အဖွဲ့ | .... | ၃,၁၁,၂၀၀ | ၁၂,၆၀၀ | .... | ၃,၂၃,၈၀၀ |
| မြောင်းမြဒိစတြိတ်ကောင်စီ | .... | ၂,၈၄,၃၀၀ | ၄၀,၀၀၀ | .... | ၃,၃၂,၃၀၀ |
| မော်လမြိုင်ကျွန်းမြူနီစီပါယ်အဖွဲ့ | .... | ၂,၈၉,၃၀၀ | ၁၃,၀၀၀ | .... | ၃,၀၂,၃၀၀ |
| ဝါးခယ်မမြူနီစီပါယ်အဖွဲ့ | .... | ၂,၁၉,၄၀၀ | ၁၆,၇၀၀ | .... | ၂,၃၆,၁၀၀ |
| မအူပင်မြူနီစီပါယ်အဖွဲ့ .... | .... | ၂,၇၀,၁၀၀ | ၅,၀၀၀ | .... | ၂,၇၅,၁၀၀ |
| မအူပင်ဒိစတြိတ်ကောင်စီ | .... | ၂,၀၉,၀၀၀ | ၆၀,၇၀၀ | .... | ၂,၆၉,၇၀၀ |
| ဓနုဖြူမြူနီစီပါယ်အဖွဲ့ .... | .... | ၂,၀၆,၇၀၀ | ၂၀,၀၀၀ | .... | ၂,၂၆,၇၀၀ |
| ညောင်တုန်းမြူနီစီပါယ်အဖွဲ့ | .... | ၁,၅၃,၆၀၀ | .... | .... | ၁,၅၃,၆၀၀ |
| ဖျာပုံမြူနီစီပါယ်အဖွဲ့ .... | .... | ၃,၂၁,၅၀၀ | ၂၅,၀၀၀ | .... | ၃,၄၆,၅၀၀ |
| ဖျာပုံဒိစတြိတ်ကောင်စီ .... | .... | ၁,၀၅,၁၀၀ | ၃၆,၅၀၀ | .... | ၁,၄၁,၆၀၀ |
| ဘိုကလေးမြူနီစီပါယ်အဖွဲ့ | .... | ၁,၄၀,၃၀၀ | ၂၀,၀၀၀ | .... | ၁,၆၀,၃၀၀ |
| ကျိုက်လတ်မြူနီစီပါယ်အဖွဲ့ | .... | ၂,၀၃,၄၀၀ | ၅,၀၀၀ | .... | ၂,၀၈,၄၀၀ |
| ကနောင်မြို့ကော်မီတီ .... | .... | ၃၈,၉၀၀ | ၅,၀၀၀ | .... | ၄၃,၉၀၀ |
| ဇလွန်မြို့ကော်မီတီ .... | .... | ၆၂,၃၀၀ | .... | .... | ၆၂,၃၀၀ |
| အဖျောက်မြို့ကော်မီတီ .... | .... | ၂၉,၆၀၀ | -၉,၂၀၀ | .... | ၃၈,၈၀၀ |
| ဒေးဒရဲမြို့ကော်မီတီ .... | .... | ၉၇,၇၀၀ | ၁,၁၀၀ | .... | ၉၈,၈၀၀ |
| သထုံမြူနီစီပါယ်အဖွဲ့ .... | .... | ၂,၇၃,၀၀၀ | ၅,၃၀၀ | .... | ၂,၇၈,၃၀၀ |
| သထုံဒိစတြိတ်ကောင်စီ.... | .... | ၉၇,၃၀၀ | ၃,၉၀၀ | .... | ၁,၀၁,၂၀၀ |
| ကျိုက်ထိုမြူနီစီပါယ်အဖွဲ့ | .... | ၉၅,၀၀၀ | ၂၀,၀၀၀ | .... | ၁,၁၅,၀၀၀ |
| မော်လမြိုင်မြူနီစီပါယ်အဖွဲ့ | .... | ၁၅,၁၁,၆၀၀ | ၁,၀၆,၀၀၀ | .... | ၁၆,၁၇,၆၀၀ |
| မော်လမြိုင်ဒိစတြိတ်ကောင်စီ | .... | ၁,၇၅,၂၀၀ | ၄,၇၀,၉၀၀ | .... | ၆,၄၆,၁၀၀ |
| မော်လမြိုင်တစ်မြို့အာဏာပိုင်အဖွဲ့ | .... | ၅၅,၂၀၀ | ၂၁,၄၀၀ | .... | ၇၆,၆၀၀ |
| ထားဝယ်မြူနီစီပါယ်အဖွဲ့.... | .... | ၃,၈၂,၀၀၀ | ၄၉,၂၀၀ | .... | ၄,၃၁,၂၀၀ |
| ထားဝယ်ဒိစတြိတ်ကောင်စီ | .... | ၆၆,၅၀၀ | ၂၇,၀၀၀ | .... | ၉၃,၅၀၀ |

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏အသုံးစရိတ်စာရင်း။ ။အဆက်

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| မြိတ်မြို့နယ်စီပါယ်အဖွဲ့ .... .... | ၃,၃၀,၀၀၀ | ၂၃,၀၀၀ | .... | ၃,၅၃,၀၀၀ |
| မြိတ်ဒိစတြိတ်ကောင်စီ .... .... | ၇၃,၉၀၀ | .... | .... | ၇၃,၉၀၀ |
| စစ်တွေမြို့နယ်စီပါယ်အဖွဲ့ .... .... | ၇,၅၇,၂၀၀ | ၃,၆၇,၉၀၀ | .... | ၁၁,၂၅,၁၀၀ |
| စစ်တွေဒိစတြိတ်ကောင်စီ .... | ၂,၄၅,၂၀၀ | ၁,၃၂,၃၀၀ | .... | ၃,၇၇,၅၀၀ |
| ကျောက်ဖြူမြို့နယ်စီပါယ်အဖွဲ့ .... | ၁,၇၈,၀၀၀ | ၈၂,၇၀၀ | .... | ၂,၆၀,၇၀၀ |
| ကျောက်ဖြူ ခရိုင်ဝန် အုပ်ချုပ်သော ဒေသန္တရ ရံပုံငွေအဖွဲ့။ | ၄၈,၄၀၀ | ၂၃,၃၀၀ | .... | ၇၁,၇၀၀ |
| သံတွဲမြို့နယ်စီပါယ်အဖွဲ့ ... .... | ၁,၁၇,၈၀၀ | ၂၂,၂၀၀ | .... | ၁,၄၀,၀၀၀ |
| သံတွဲခရိုင်ဝန်အုပ်ချုပ်သောဒေသန္တရရံပုံငွေအဖွဲ့ | ၄၈,၇၀၀ | ၈,၇၀၀ | .... | ၅၇,၄၀၀ |
| မကွေးမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၅၀,၁၀၀ | ၁၂,၀၀၀ | .... | ၁,၆၂,၁၀၀ |
| မကွေးဒိစတြိတ်ကောင်စီ .... | ၁,၀၅,၅၀၀ | ၉,၆၀၀ | .... | ၁,၁၅,၁၀၀ |
| ချောက်မြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၅၈,၁၀၀ | ၁၀,၀၀၀ | .... | ၁,၆၈,၁၀၀ |
| တောင်တွင်းကြီးမြို့နယ်စီပါယ်အဖွဲ့ .... | ၂,၂၅,၅၀၀ | ၅၄,၀၀၀ | .... | ၂,၇၉,၅၀၀ |
| ရေနံချောင်းမြို့နယ်စီပါယ်အဖွဲ့ .... | ၄,၇၄,၁၀၀ | ၁၀,၀၀၀ | .... | ၄,၈၄,၁၀၀ |
| မင်းဘူးမြို့နယ်စီပါယ်အဖွဲ့ .... .... | ၁,၈၈,၁၀၀ | ၃၃,၀၀၀ | .... | ၂,၂၁,၁၀၀ |

| | | | | | |
|---|---|---|---|---|---|
| မင်းဘူးဒိစတြိတ်ကောင်စီ | .... | ၁,၇၁,၈၀၀ | ၁၄,၀၀၀ | .... | ၁,၈၅,၈၀၀ |
| စလင်းမြူနီစီပါယ်အဖွဲ့ .... | .... | ၁,၁၂,၂၀၀ | ၅၀,၀၀၀ | .... | ၁,၆၂,၂၀၀ |
| ပခုက္ကူမြူနီစီပါယ်အဖွဲ့ .... | .... | ၂,၉၂,၇၀၀ | ၁၀,၀၀၀ | .... | ၃,၀၂,၇၀၀ |
| ပခုက္ကူဒိစတြိတ်ကောင်စီ | .... | ၁,၇၃,၂၀၀ | .... | .... | ၁,၇၃,၂၀၀ |
| သရက်မြူနီစီပါယ်အဖွဲ့ .... | .... | ၁,၄၉,၆၀၀ | ၁၀,၀၀၀ | .... | ၁,၅၉,၆၀၀ |
| သရက်ဒိစတြိတ်ကောင်စီ | .... | ၁,၃၈,၉၀၀ | .... | .... | ၁,၃၈,၉၀၀ |
| မအောင်လံမြူနီစီပါယ်အဖွဲ့ | .... | ၁,၃၄,၂၀၀ | ၁၀,၀၀၀ | .... | ၁,၄၄,၂၀၀ |
| မန္တလေးမြူနီစီပါယ်အဖွဲ့ | .... | ၄၂,၆၁,၄၈၀ | ၆,၀၀,၀၀၀ | ၂၇,၅၀၀ | ၄၈,၈၈,၉၀၀ |
| မန္တလေးဒိစတြိတ်ကောင်စီ | .... | ၂,၀၀,၀၀၀ | ၂၈,၅၀၀ | .... | ၂,၂၈,၅၀၀ |
| မန္တလေးတပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၁,၆၀,၀၀၀ | ၃၅,၉၀၀ | .... | ၁,၉၅,၉၀၀ |
| မေမြို့မြူနီစီပါယ်အဖွဲ့ .... | .... | ၅,၁၄,၀၀၀ | ၁၂,၀၀၀ | .... | ၅,၂၆,၀၀၀ |
| မေမြို့တပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၁,၂၆,၉၀၀ | ၇,၀၀၀ | .... | ၁,၃၃,၉၀၀ |
| မထူးတပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၉၀,၈၀၀ | .... | .... | ၉၀,၈၀၀ |
| ကျောက်ဆည်မြူနီစီပါယ်အဖွဲ့ | .... | ၁,၄၇,၀၀၀ | ၁၀,၀၀၀ | .... | ၁,၅၇,၀၀၀ |
| ကျောက်ဆည်ဒိစတြိတ်ကောင်စီ | .... | ၁,၁၄,၀၀၀ | ၅၀,၀၀၀ | .... | ၁,၆၄,၀၀၀ |
| မိတ္ထီလာမြူနီစီပါယ်အဖွဲ့.... | .... | ၃,၇၃,၉၀၀ | ၁၅,၀၀၀ | .... | ၃,၈၈,၉၀၀ |
| မိတ္ထီလာဒိစတြိတ်ကောင်စီ | .... | ၁,၂၄,၂၀၀ | ၃၀,၀၀၀ | .... | ၁,၅၄,၂၀၀ |
| မိတ္ထီလာတပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၈၄,၀၀၀ | .... | .... | ၈၄,၀၀၀ |
| ရမည်းသင်းမြူနီစီပါယ်အဖွဲ့ | .... | ၁,၇၃,၀၀၀ | ၁,၀၀၀ | .... | ၁,၇၄,၀၀၀ |
| ရမည်းသင်းဒိစတြိတ်ကောင်စီ | .... | ၁,၆၃,၀၀၀ | ၂၀,၀၀၀ | .... | ၁,၈၃,၀၀၀ |
| ပျဉ်းမနားမြူနီစီပါယ်အဖွဲ့ | .... | ၂,၉၃,၀၀၀ | ၇,၉၀၀ | ၁,၀၀၀ | ၃,၀၁,၉၀၀ |
| မြင်းခြံမြူနီစီပါယ်အဖွဲ့ ... | .... | ၄,၀၂,၀၀၀ | ၅၄,၀၀၀ | .... | ၄,၅၆,၀၀၀ |
| မြင်းခြံဒိစတြိတ်ကောင်စီ | .... | ၁,၀၀,၀၀၀ | ၁,၁၃,၀၀၀ | ၃,၀၀၀ | ၂,၁၆,၀၀၀ |
| မြစ်ငယ်မြို့ကော်မီတီ .... | .... | ၁,၉၀၀ | .... | .... | ၁,၉၀၀ |
| မြစ်သားမြို့ကော်မီတီ .... | .... | ၃၇,၀၀၀ | .... | .... | ၃၇,၀၀၀ |

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း အဆက်

| အဖွဲ့အစည်းအမည် | | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|---|
| | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | | ကျပ် | ကျပ် | ကျပ် | ကျပ် |
| သာစည်မြို့ကော်မီတီ .... | .... | ၄၉,၀၀၀ | ၁၅,၀၀၀ | .... | ၆၄,၀၀၀ |
| ပျော်ဘွယ်မြို့ကော်မီတီ .... | .... | ၁,၅၀,၀၀၀ | ၁၂,၉၀၀ | .... | ၁,၆၂,၉၀၀ |
| ကျောက်ပန်းတောင်းမြို့ကော်မီတီ | .... | ၁,၀၇,၃၀၀ | ၄၆,၀၀၀ | .... | ၁,၅၃,၃၀၀ |
| ညောင်ဦးမြို့ကော်မီတီ .... | .... | ၁,၁၈,၀၀၀ | ၁၅,၀၀၀ | .... | ၁,၃၃,၀၀၀ |
| နွားထိုးကြီးမြို့ကော်မီတီ.... | .... | ၃၄,၀၀၀ | ၉,၀၀၀ | .... | ၄၃,၀၀၀ |
| တောင်သာမြို့ကော်မီတီ | .... | ၆၁,၀၀၀ | ၆,၉၀၀ | .... | ၆၇,၉၀၀ |
| စစ်ကိုင်းမြူနီစီပါယ်အဖွဲ့.... | .... | ၂,၄၉,၀၀၀ | ၁၃,၀၀၀ | .... | ၂,၆၂,၀၀၀ |
| စစ်ကိုင်းဒိစတြိတ်ကောင်စီ | .... | ၇၈,၀၀၀ | ၅,၇၀၀ | .... | ၈၃,၇၀၀ |
| ရွှေဘိုမြူနီစီပါယ်အဖွဲ့ .... | .... | ၃,၀၄,၀၀၀ | ၅,၀၀၀ | .... | ၃,၀၉,၀၀၀ |
| ရွှေဘိုဒိစတြိတ်ကောင်စီ | .... | ၂,၅၁,၀၀၀ | ၁၀,၀၀၀ | .... | ၂,၆၁,၀၀၀ |
| ကသာမြူနီစီပါယ်အဖွဲ့ .... | .... | ၁.၆၇,၀၀၀ | ၁၉,၀၀၀ | .... | ၁,၈၆,၀၀၀ |
| ကသာဒိစတြိတ်ကောင်စီ | .... | ၂,၀၀,၀၀၀ | .... | .... | ၂,၀၀,၀၀၀ |
| ကော့လင်းမြူနီစီပါယ်အဖွဲ့ | .... | ၁,၁၀,၀၀၀ | ၃,၀၀၀ | .... | ၁,၁၃,၀၀၀ |
| မုံရွာမြူနီစီပါယ်အဖွဲ့ .... | .... | ၅,၆၁,၀၀၀ | ၁၅,၀၀၀ | .... | ၅,၇၆,၀၀၀ |
| မုံရွာဒိစတြိတ်ကောင်စီ .... | .... | ၂,၂၆,၀၀၀ | .... | .... | ၂,၂၆,၀၀၀ |

| | | | | |
|---|---|---|---|---|
| မြင်းမူမြို့ကော်မီတီ .... .... | ၁,၁၅,၃၀၀ | .... | .... | ၁,၁၅,၃၀၀ |
| ရေဦးမြို့ကော်မီတီ .... .... | ၁,၀၆,၀၀၀ | ၂,၀၀၀ | .... | ၁,၀၈,၀၀၀ |
| မော်လိုက် ခရိုင်ဝန် အုပ်ချုပ်သော ဒေသနှင့်ရပ်ရွာရှိ ရုံပုံငွေအဖွဲ့။ | ၁,၅၉,၉၀၀ | ၁၃,၀၀၀ | .... | ၁,၇၂,၉၀၀ |
| ကလေးမြူနီစီပါယ်အဖွဲ့ .... .... | ၁,၃၉,၀၀၀ | ၁၀,၀၀၀ | .... | ၁,၄၉,၀၀၀ |
| တောင်ကြီးမြူနီစီပါယ်အဖွဲ့ .... | ၆,၆၂,၀၀၀ | ၅၀,၀၀၀ | .... | ၇,၁၂,၀၀၀ |
| လားရှိုးမြူနီစီပါယ်အဖွဲ့ .... .... | ၃,၁၄,၀၀၀ | ၁၀,၀၀၀ | .... | ၃,၂၄,၀၀၀ |
| အောင်ပန်းမြို့ကော်မီတီ.... .... | ၁,၁၀,၀၀၀ | ၁၀,၀၀၀ | .... | ၁,၂၀,၀၀၀ |
| ညောင်ရွှေမြို့ကော်မီတီ .... .... | ၁,၀၀,၇၀၀ | ၁၀,၀၀၀ | .... | ၁,၁၀,၇၀၀ |
| လွိုင်လင်မြို့ကော်မီတီ .... .... | ၁,၁၆,၀၀၀ | .... | .... | ၁,၁၆,၀၀၀ |
| သီပေါမြို့ကော်မီတီ .... .... | ၁,၄၇,၇၀၀ | ၁၂,၀၀၀ | .... | ၁,၅၉,၇၀၀ |
| ကျောက်မဲမြို့ကော်မီတီ .... .... | ၂,၆၃,၉၀၀ | ၁၀,၀၀၀ | .... | ၂,၇၃,၉၀၀ |
| ပင်လုံမြို့ကော်မီတီ .... .... | ၄၃,၀၀၀ | ၁၇,၂၀၀ | .... | ၆၀,၂၀၀ |
| မိုးနဲမြို့ကော်မီတီ .... .... | ၂၀,၀၀၀ | ၁၀,၀၀၀ | .... | ၃၀,၀၀၀ |
| ကျိုင်းတုံမြို့ကော်မီတီ .... .... | ၂,၀၇,၆၀၀ | ၁၇,၀၀၀ | .... | ၂,၂၄,၆၀၀ |
| မြစ်ကြီးနားမြူနီစီပါယ်အဖွဲ့ .... | ၂,၆၃,၆၀၀ | ၈,၇၀၀ | .... | ၂,၇၂,၃၀၀ |
| မြစ်ကြီးနား ခရိုင်ဝန်အုပ်ချုပ်သော ဒေသနှင့်ရပ်ရွာရှိ ရုံပုံငွေအဖွဲ့။ | ၇၅,၄၀၀ | ၄၅,၀၀၀ | .... | ၁,၂၀,၄၀၀ |
| ဗန်းမော်မြူနီစီပါယ်အဖွဲ့ .... | ၁,၇၃,၃၀၀ | ၈,၅၀၀ | ၁,၀၀၀ | ၁,၈၂,၈၀၀ |
| ဗန်းမော်ခရိုင်ဝန်အုပ်ချုပ်သောဒေသနှင့်ရပ်ရွာရှိရုံပုံငွေအဖွဲ့။ | ၅၄,၀၀၀ | ၂၈,၀၀၀ | .... | ၈၃,၀၀၀ |
| လွိုင်ကော်မြို့ကော်မီတီ .... .... | ၁,၄၂,၀၀၀ | ၉,၀၀၀ | .... | ၁,၅၁,၀၀၀ |
| ဘားအံမြူနီစီပါယ်အဖွဲ့ .... | ၂,၆၁,၀၀၀ | ၁,၅၃,၂၀၀ | .... | ၄,၁၄,၂၀၀ |
| ဘားအံခရိုင်ဝန်အုပ်ချုပ်သော ဒေသနှင့်ရပ်ရွာရှိရုံပုံငွေအဖွဲ့။ | ၁၀,၄၀၀ | ၆၀၀ | ၄,၆၀၀ | ၁၅,၆၀၀ |

**နောက်ဆက်တွဲဇယား (ဇ)။ ။အဆုံး**

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆုံး

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေအတိုးနှင့်ကြွေးမြီ ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကော့ကရိတ်မြို့ကော်မီတီ .... | ၇၀,၀၀၀ | ၁၂,၀၀၀ | .... | ၈၂,၀၀၀ |
| ကော့ကရိတ်ခရိုင်ဝန် အုပ်ချုပ်သောဒေသန္တရ ရံပုံငွေအဖွဲ့။ | ၈,၀၀၀ | ၂၂,၄၀၀ | .... | ၃၀,၄၀၀ |
| ပလက်ဝခရိုင်ဝန် အုပ်ချုပ်သော ဒေသန္တရရံပုံငွေအဖွဲ့။ | ၅,၅၀၀ | ၁၀,၀၀၀ | .... | ၁၅,၅၀၀ |
| ပေါင်း .... | ၅,၆၀,၆၈,၂၀၀ | ၁,၆၀,၂၇,၇၀၀ | ၅,၀၆,၁၀၀ | ၇,၂၆,၈၂,၀၀၀ |

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊

အမိန့်အရ၊
ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

ရန်ကုန်မြို့၊ ၁၃၃၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊
(၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်။)

# ၁၉၆၇ ခုနှစ်တွင်ပြင်ဆင်ချက်ထုတ်ပြန်သည့် ဥပဒေများ

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ရန်ကုန်မြို့

ရန်ကုန်မြို့၊ ၁၃၂၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်။
(၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်။)

# ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၈။]

## နိဒါန်း

တော်လှန်ရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရာတွင် ရှိပြီးဖြစ်သော စီးပွါးရေးစနစ်များကို ပြောင်းလဲရပါမည်။ ရှိပြီးဖြစ်သော စီးပွါးရေးစနစ်မှာ ပုဂ္ဂလိကပိုင်စီးပွါးရေးစနစ်သာ အဓိကဖြစ်နေပါသည်။

၎င်းစနစ်ဟောင်းပေါ်တွင် အခြေပြု၍ ဥပဒေများသည်လည်း ပုဂ္ဂလိကပိုင်စနစ်ကို ကာကွယ်သည့် အားပေးသည့်ဥပဒေများသာဖြစ်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီက ထူထောင်နေသည့် ဆိုရှယ်လစ်စီးပွါးရေးစနစ်တွင် ပြည်သူပိုင်စနစ်သည်သာ အဓိကဖြစ်ရာ၊ ဥပဒေဟောင်းများသည် စနစ်သစ်ထူထောင်ရန်အတွက် မဆီလျော်ဖြစ်နေပါသည်။ ထို့ကြောင့် ဥပဒေဟောင်းများကို ဥပဒေသစ်များဖြင့် အစားထိုးရပါမည်။

တဖန် ဆိုရှယ်လစ်စီးပွါးရေးစနစ်ကိုထူထောင်ရာ၌ မလိုလားသူများက အမျိုးမျိုးနှောက်ယှက်ဖျက်ဆီးလျက်ရှိနေပါသည်။ ၎င်းသူများ၏အန္တရာယ်များမှလည်း ကာကွယ်ရပါမည်။

အထက်ပါ အကြောင်းများကြောင့် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း ၁။

### အမည်၊ အာဏာတည်ရန်ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်။

၁။ ။(၁) ၎င်းဥပဒေကို ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ၎င်းဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင် ချက်ခြင်း အာဏာတည်ရမည်။

၂။ ။(၁) ၎င်းဥပဒေတွင် စာလုံးများသည် အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) ''ဆိုရှယ်လစ် စီးပွါးရေးစနစ်'' ဆိုသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီက ၁၉၆၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ဝါဒသဘောတားကြေညာချက်အဖြစ် ထုတ်ပြန်သော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်တွင် ဖော်ပြသည့်အတိုင်း၊ သို့မဟုတ် ၎င်းလမ်းစဉ်၏ ဘောင်အတွင်း အခါအားလျော်စွာ

တော်လှန်ရေးကောင်စီက ထုတ်ပြန် ကြေညာမည့် အတိုင်း ဖြစ်သည်။

(ခ) ''စီးပွါးရေးလုပ်ငန်း''ဆိုသည့် စကားရပ်တွင် ဥပဒေအရဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ ဖွဲ့စည်းထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူအစု၊ သို့မဟုတ် တဦးချင်း လုပ်ကိုင် ဆောင်ရွက်သည့် ကုန်ကြမ်း ကုန်ချောထုတ်သည့်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သိုလှောင်ရေးလုပ်ငန်း၊ ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်း၊ ကုန်ပစ္စည်း ပြုပြင်မွမ်းမံရေး လုပ်ငန်းနှင့် စီးပွါးရေးနှင့် သက်ဆိုင်သည့် အခြား မည်သည့် လုပ်ငန်းမဆို ပါဝင်သည်။

(ဂ) ''ပစ္စည်း''ဆိုသည့် စကားရပ်တွင် အများပြည်သူက သော်၎င်း၊ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူတစုကသော်၎င်း၊ တဦးချင်းက သော်၎င်း ပိုင်ဆိုင်သည့် သက်ရှိ သက်မဲ့ အရာဝတ္ထု အားလုံးပါဝင်သည်။

(ဃ) ''အလုပ်သမား'' ဆိုသည်မှာ မိမိ၏ ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေရသူကိုဆိုသည်။

(င) ''လုပ်အားပေးမှု'' ဆိုသည်မှာ လူ၏ လုပ်အားဖြင့် သော်၎င်း၊ တိရစ္ဆာန်အင်အားဖြင့် သော်၎င်း၊ သက်မဲ့ ကိရိယာဖြင့်သော်၎င်း၊ဆောင်ရွက်ပေးမှုကိုဆိုလိုသည်။

(၂) ဤဥပဒေပါ စကားရပ်များ၏ အဓိပ္ပါယ် ကောက်ယူချက်နှင့် စပ်လျဉ်း၍ ဤကိစ္စအလို့ငှါ အစိုးရက ခန့်ထားသည့် အဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

## အခန်း ၂။

### လုပ်ပိုင်ခွင့်များ။

၃။ ။မည်သည့်စီးပွါးရေး လုပ်ငန်းကိုမဆို အစိုးရသည် အောက်တွင် ဖေါ်ပြသည့်အတိုင်း လုပ်ပိုင်ခွင့်များရရှိစေရမည်။

(က) ပြည်သူပိုင်လုပ်ငန်းအဖြစ် အသစ်ထူထောင်ခြင်း။

(ခ) လုပ်ငန်း တခုလုံးကို သော်၎င်း၊ အစိတ်အပိုင်းတခုကို သော်၎င်း ပြည်သူပိုင်ပြုလုပ်ခြင်း။

(ဂ) လုပ်ငန်း တခုလုံးကိုသော်၎င်း၊ အစိတ်အပိုင်း တခုကို သော်၎င်း၊ ခေတ္တသိမ်း၍ အသုံးပြုခြင်း။

(ဃ) လုပ်ငန်းတခုလုံးကို သော်၎င်း၊ အစိတ်အပိုင်း တခု ကို သော်၎င်း ဝင်ရောက်၍ ကြီးကြပ်ကွပ်ကဲခြင်း။

(င) လုပ်ငန်း တခုလုံးကိုသော်၎င်း၊ အစိတ်အပိုင်း တခုကို သော်၎င်း၊ လုပ်ကိုင်ဆောင်ရွက်ပုံနှင့် ပတ်သက်၍ စည်းကမ်းချမှတ်ခြင်း။

၄။ ။စီးပွါးရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် မည်သည့်ပစ္စည်းကိုမဆို အစိုးရသည်၊ အောက်ဘွင်ဖော်ပြသည့်အတိုင်း လုပ်ပိုင်ခွင့်များ ရရှိစေရမည်။

(က) ပြည်သူပိုင်ပြုလုပ်ခြင်း။
(ခ) ခေတ္တသိမ်း၍အသုံးပြုခြင်း။
(ဂ) အသုံးပြုမှု၊ သိုလှောင်မှု၊ ရောင်းဝယ်မှု၊ လွှဲပြောင်းမှု၊ သယ်ယူမှုများနှင့် ပတ်သက်၍ ဝင်ရောက်ပြီး ကြီးကြပ်ကွပ်ကဲခြင်း။
(ဃ) အသုံးပြုမှု၊ သိုလှောင်မှု၊ ရောင်းဝယ်မှု၊ လွှဲပြောင်းမှု၊ သယ်ယူမှုများနှင့် ပတ်သက်၍ စည်းကမ်းချမှတ်ခြင်း။

၅။ ။(၁) အစိုးရသည်၊ မည်သည့်ပစ္စည်းအတွက်မဆို အောက်ပါနှုန်းများကို သတ်မှတ်နိုင်စေရမည်။

(က) လက်ကားလက်လီရောင်းဈေးနှုန်း၊ ဝယ်ဈေးနှုန်း။
(ခ) ကုန်ကြမ်းကုန်ချောထုတ်လုပ်စရိတ်နှုန်း။
(ဂ) သိုလှောင်စရိတ်နှုန်း။
(ဃ) သယ်ယူပို့ဆောင်စရိတ်နှုန်း။
(င) စစ်ဆေးစရိတ်နှုန်း။
(စ) ပြုပြင်မွမ်းမံစရိတ်နှုန်း။
(ဆ) ငှါးခနှုန်း။
(ဇ) အခြားလိုအပ်သည့်နှုန်းများ။

(၂) အစိုးရသည်၊ မည်သည့်ပစ္စည်းအတွက်မဆို အမျိုးအစားနှင့် အဆင့်အတန်းများကို သတ်မှတ်နိုင်သည်။

၆။ ။စီးပွါးရေးလုပ်ငန်းတွင် လုပ်ကိုင်နေသည့် မည်သည့်အလုပ်သမားကိုမဆို သတ်မှတ်သည့်နေရာတွင်သော်၎င်း၊ သတ်မှတ်သည့်အလုပ်ကိုသော်၎င်း၊ လုပ်ကိုင်စေရမည်ဟု အစိုးရက စည်းကမ်းချမှတ်နိုင်စေရမည်။

၇။ ။အစိုးရသည်၊ မည်သည့်လုပ်အားပေးမှုအတွက်မဆို၊ အခကြေးငွေများကို သတ်မှတ်ပေးနိုင်စေရမည်။ သို့ရာတွင် လူ၏လုပ်အားနှင့်ပတ်သက်၍မူ အနည်းဆုံးအခကြေးငွေဥပဒေနှင့် မဆန့်ကျင်စေရ။

၈။ ။အစိုးရသည်၊ ဤဥပဒေပါရည်ရွယ်ချက်များကို ထမြောက်စေရန်အတွက် မည်သည့်အဆောက်အအုံ၊ သို့မဟုတ်ဥပစာအတွင်းသို့မဆို ဝင်ရောက်ပိုင်ခွင့်၊ ရှာဖွေပိုင်ခွင့်၊ စစ်ဆေးပိုင်ခွင့်၊ စာရင်းကောက်ယူပိုင်ခွင့်၊ ပစ္စည်းများကိုထိန်းထားပိုင်ခွင့်၊ လိုအပ်လျှင်ထိန်းထားသည့် ပစ္စည်းများကိုထုခွဲပိုင်ခွင့်၊ စာရင်းအင်းနှင့် စာရွက်စာတမ်းများကိုစစ်ဆေးပိုင်ခွင့်၊ ထိန်းသားပိုင်ခွင့်ဟူသော လုပ်ပိုင်ခွင့်များရရှိစေရမည်။

## အခန်း ၃။

### အစိုးရ၏စီးပွါးရေးအဖွဲ့အစည်းများ။

၉။ ။(၁) အစိုးရသည်၊ စီးပွါးရေးလုပ်ငန်းတခု၊ သို့မဟုတ် အများအတွက် တာဝန်ခံ၍လုပ်ကိုင်ရမည့် အဖွဲ့အစည်းများကိုအမိန့်ကြော်ငြာစာ ထုတ်ပြန်၍ဖွဲ့စည်းပြီးလျှင် တာဝန်နှင့်ဝတ္တရားများကို သတ်မှတ်ပေးနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ ဖွဲ့စည်းသင့်သည့်အဖွဲ့အစည်းသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့်လုပ်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲနိုင်ခွင့်နှင့် တရားစွဲဆိုခြင်းလည်း ခံနိုင်ခွင့်ရှိရမည့် အဖွဲ့အစည်းဖြစ်စေရမည်။

## အခန်း ၄။

### လုပ်ကိုင်ဆောင်ရွက်နည်း။

၁၀။ ။(၁) အစိုးရသည်၊ အခန်း ၂ အရ၊ ဆောင်ရွက်သည့်အခါ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်ရမည်။

(၂) အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များသည်၊ အမိန့်ကြော်ငြာစာတွင်သတ်မှတ်သောရက်မှစ၍ အာဏာတည်စေပြီးလျှင်၊ အစိုးရ ရရန်ရှိသည်များကို ထိုနေ့တွင်ရရှိစေရမည်။

၁၁။ ။အခန်း ၂ အရ၊ ပြည်သူပိုင်ပြုလုပ်သည့် အခါဖြစ်စေ၊ ခေတ္တသိမ်း၍ အသုံးပြုသည့် အခါဖြစ်စေ၊ သက်ဆိုင်ရာရပိုင်ခွင့်များကိုသာ အစိုးရက ရယူရမည်။ အမိန့်ကြော်ငြာစာတွင် အထူးဖော်ပြသည့် အချက်များမှအပ ပေးရန် ရှိသည်တို့ အတွက် အစိုးရက တာဝန်မယူရ။

၁၂။ ။(၁) အခန်း ၂ အရ၊ ပြည်သူပိုင်ပြုလုပ်သည့်အခါဖြစ်စေ၊ ခေတ္တသိမ်း၍အသုံးပြုသည့်အခါဖြစ်စေ၊ ထိုက်သင့်သောလျော်ကြေး၊ သို့မဟုတ် အခကြေးငွေကို ပြဋ္ဌာန်းပေးရန်အလို့ငှါ၊ အစိုးရသည်အမိန့်ကြော်ငြာစာထုတ်ပြန်၍ရာဖြတ်ကော်မီတီများကို ခန့်အပ်၍ တာဝန်ပေးနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါ ရာဖြတ်ကော်မီတီများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် အစိုးရသည် အမိန့်ကြော်ငြာစာတွင် လိုအပ်သည့်လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

## အခန်း ၅။

### ပြစ်ဒဏ်များနှင့် အရေးယူနည်းများ။

၁၃။ ။(၁) မည်သူမဆို၊ ဤဥပဒေအရ အစိုးရက ပြဋ္ဌာန်းသည့်အချက်များကို သာမန်အားဖြင့် ဖေါက်ဖျက်ကျူးလွန်လျှင်၊ အောက်ပါ ပြစ်ဒဏ်တခုခုကို ကျခံစေရမည်၊

(က) ဆုံးမသွန်သင်သတိပေးခံရခြင်း၊

(ခ) ဆုံးမသွန်သင် သတိပေးခံရ၍ ပစ္စည်းများကိုပြန်လည် ပေးခံရခြင်း၊ သို့မဟုတ်

(ဂ) ဆုံးမသွန်သင် သတိပေးခံရ၍၊ သက်ဆိုင်သည့်ပစ္စည်း များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရခြင်း။

(၂) ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်စီရင်နိုင်သည့် အခြေခံပြည်သူ့ တရားစီရင်ရေးအဖွဲ့ကို၊ အစိုးရက သတ်မှတ်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့က အစိုးရ ညွှန်ကြားသည့်အတိုင်း ဖွဲ့စည်းပေးရမည်။

(၃) အခြေခံ ပြည်သူ့ တရားစီရင်ရေးအဖွဲ့သည်၊ အစိုးရက အခါ အားလျော်စွာ သတ်မှတ်သည့်အမှုမျိုးကိုသာ စစ်ဆေးရမည်။

(၄) ပုဒ်မခွဲ (၂) အရ ဖွဲ့စည်းသော အခြေခံ ပြည်သူ့တရား စီရင်ရေးအဖွဲ့သည်၊ သိမ်းဆည်းသည့် ပစ္စည်းများကို အစိုးရက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

(၅) ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသော အခြေခံ ပြည်သူ့တရား စီရင်ရေး အဖွဲ့၏ စီရင်ချက်ကို မကျေနပ်လျှင်၊ မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီထံအယူခံနိုင်သည်။ အထူးအကြောင်းရှိလျှင်၊ အထူးအယူခံအဖွဲ့ကို အစိုးရက ဖွဲ့စည်းပေးရမည်။ ယင်းအယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးသတ်အတည် ဖြစ်စေ ရမည်။

(၆) အယူခံဝင်သူသည်၊ ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသော အခြေခံ ပြည်သူ့တရားစီရင်ရေး အဖွဲ့က၊ စီရင်ချက်ချသောနေ့မှ (၇) ရက်အတွင်း၊ ပုဒ်မခွဲ (၅) အရ၊ ဖွဲ့စည်းသောအယူခံအဖွဲ့သို့ အယူခံလွှာကို တင်သွင်းရမည်။

၁၄။ ။(၁) မည်သူမဆို၊ ဤဥပဒေအရ အစိုးရကပြဋ္ဌာန်းသည့်အချက်များကို သာမန်မျှသာမက၊ အဖန်ဖန်ကျူးလွန်ဖောက်ဖျက်လျှင်၊ သို့မဟုတ် စည်းရုံး၍သော်၎င်း၊ အစီအစဉ်ဖြင့်သော်၎င်း၊ ကျူးလွန်ဖောက်ဖျက်လျှင်၊ သက်ဆိုင်သည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်၊ သိမ်းဆည်းခြင်း ခံစေရမည့်အပြင်၊ ၃ နှစ်အထိ ထောင်ဒဏ်၊ သို့မဟုတ် ကျပ် ငါးထောင်အထိငွေဒဏ်၊ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ကျခံစေရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ပြစ်ဒဏ်စီရင်နိုင်သည့် ဒေသ ပြည်သူ့တရား ရုံးကို၊ အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းပေးရမည်။

(၃) ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသော ဒေသပြည်သူ့တရားရုံး၏ စီရင်ချက်ကို မကျေနပ်လျှင်၊ အယူခံနိုင်ခွင့်ရှိစေရန်၊ အစိုးရသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ အယူခံအဖွဲ့၊ သို့မဟုတ် အဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းပေးရမည်။ ယင်းအယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးသတ်အတည် ဖြစ်စေရမည်။

(၄) အယူခံဝင်သူသည်၊ ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသော ဒေသ ပြည်သူ့တရားရုံးက စီရင်ချက်ချသောနေ့မှ ရက်ပေါင်း (၆၀) အတွင်း၊ ပုဒ်မခွဲ (၃) အရ၊ ဖွဲ့စည်းသောအယူခံအဖွဲ့သို့၊ အယူခံလွှာကိုတင်သွင်းရမည်။ သို့ရာတွင် အစိုးရက တင်သွင်းသော အယူခံမှုများတွင် အယူခံလွှာကို ဒေသပြည်သူ့ တရားရုံးက စီရင်ချက်ချသောနေ့မှ ၆ လအတွင်း တင်သွင်းရမည်။

(၅) ပုဒ်မခွဲ (၁) အရ၊ အရေးယူသည့်ကိစ္စများတွင် သက်ဆိုင်သည့် ပစ္စည်းများကို အစိုးရက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

၁၅။ ။(၁) မည်သူမဆို၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ဆန့်ကျင်လျှင်၊ ဤပုဒ်မ အရ၊ ပြစ်မှုကျူးလွန်သည် မည်၏။ ဤသို့ပြစ်မှုကျူးလွန်သည့် လုပ်ငန်းများတွင် အောက်ပါတို့ အကျုံးဝင်သည်။

(က) အစိုးရက ချမှတ်ထားသည့် သဘောတရားလုပ်ငန်းစဉ်နှင့် အစိုးရလုပ်ကိုင်နေသည့် လုပ်ငန်းတရပ်ရပ်ကို ပျက်စီးစေရန်လုပ်ကိုင်ခြင်း၊ ယင်းသို့လုပ်ကိုင်သည်ကို အားပေးခြင်း။

(ခ) ပြည်သူပိုင်နှင့် အများပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ ယင်းသို့ ဖျက်ဆီးသည်ကို အားပေးခြင်း။

(ဂ) ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှု အတွက် အကျုံးဝင်သော ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သိုလှောင်ရေး လုပ်ငန်း၊ ကုန်ပစ္စည်းစစ်ဆေးရေးလုပ်ငန်း၊ ကုန်ပစ္စည်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းစသည်တို့အား နှောက်ယှက်ခြင်း၊ ယင်းသို့နှောက်ယှက်သည်ကို အားပေးခြင်း။

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှနိုင်ငံခြားများသို့သော်၎င်း၊နိုင်ငံခြားများမှပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ သော်၎င်း၊ ပစ္စည်းများ၊ ငွေများကို မတရားထုတ်ယူခြင်း၊ တင်သွင်းခြင်းနှင့် ယင်းသို့ပြုလုပ်သည်ကို အားပေးခြင်း။

(င) ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုတွင် ပါဝင်လုပ်ကိုင်နေသော သူများအား အလုပ်အကိုင် ပျက်အောင်နှောက်ယှက်ခြင်း ယင်းသို့နှောက်ယှက်သည်ကို အားပေးခြင်း။

(၂) အခြားတည်ဆဲ တရားဥပဒေတရပ်ရပ်တွင် မည်သို့ပင်ပါစေကာမူ၊ အထက်ပုဒ်မခွဲ (၁) အရ၊ ကျူးလွန်သူတဦးသည်၊ အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်၊ အများဆုံးသေဒဏ်အထိ ကျခံစေရမည့်အပြင်၊ ၎င်းပိုင်ဆိုင်သည့် ပစ္စည်းနှင့် ငွေများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(၃) ပုဒ်မ ၁၅ အရ၊ အရေးယူသည့် ကိစ္စတိုင်းတွင် အစိုးရ၏ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

(၄) အစိုးရသည်၊ ဤပုဒ်မအရအရေးယူသည့် အမှုများကို စစ်ဆေးရန် အထူးရာဇဝတ်ခုံရုံးကို ဖွဲ့စည်းပေးရမည်။

(၅) ပုဒ်မခွဲ (၁) အရ အရေးယူသည့် ကိစ္စများတွင် သက်ဆိုင်သည့် ပစ္စည်းများကို အစိုးရက အခါအားလျော်စွာ ထုတ်ပြန်မည့် ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

# အခန်း ၆။

## အထွေထွေ။

၁၆။ ။ဤဥပဒေနှင့် ပတ်သက်သည့် ကိစ္စရပ်များအတွက် အစိုးရသည် နည်းဥပဒေများပြုလုပ်၍ ပြဋ္ဌာန်းပေးနိုင်သည်။

၁၇။ ။အခန်း ၂ ပါ လုပ်ပိုင်ခွင့်များနှင့် ပတ်သက်၍ အစိုးရသည်၊အမိန့်ကြေငြာစာထုတ်ပြန်၍ အဖွဲ့အစည်းတခု၊ သို့မဟုတ် ပုဂ္ဂိုလ်တဦးအား တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခွဲဝေလွှဲအပ်ပေးနိုင်သည်။

၁၈။ ။(၁) အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(က) ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ။

(ခ) ၁၉၆၃ ခုနှစ်၊ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်း ဥပဒေ။

(၂) ပုဒ်မခွဲ (၁) အရ ဥပဒေများကို ရုပ်သိမ်းလိုက်သည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အကြောင်းဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များသည်အကျိုးသက်ရောက်စေရမည်။

(၃) ပုဒ်မခွဲ (၁) တွင် ဖော်ပြသော ဥပဒေများအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းများအဖြစ်ဆက်လက်တည်ရှိ၍ ရှိရင်းစွဲ လုပ်ကိုင်ဆောင်ရွက်ပုံ နည်းစံနစ်များ အတိုင်း နောက်ထပ် မပြင်ဆင်မခြင်း ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရမည်။

(၄) ဤဥပဒေအရ သီးခြား ပြဋ္ဌာန်းချက်များကို မထုတ်ပြန်နိုင်သေးမီ ကာလအတွင်းတွင် ပုဒ်မခွဲ(၁) တွင် ပါရှိသော ဥပဒေများအရ ဆောင်ရွက်ဆဲဖြစ်သည့် ကိစ္စရပ်များတွင် ယင်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်အရေးယူ ဆောင်ရွက်နိုင်သည်။

(ပုံ) ဗိုလ်နေဝင်း
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်။
(၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်။)

အမိန့်အရ၊
ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရအဖွဲ့။

# သမတအိမ်တော်၊ ရန်ကုန်မြို့

၁၃၁၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်။

(၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကိုထုတ်ပြန်ကြေညာသည်။

## ၁၉၅၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့အက်ဥပဒေ။

(INTERNATIONAL MONETARY FUND AND BANK)

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၇]

ပြည်ထောင်စု မြန်မာနိုင်ငံအား (နောက်တွင် အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့ဟု ရည်ညွှန်းသည့်) ၊အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့ (International Monetary Fund ) နှင့် (နောက်တွင် အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့ဟု ရည်ညွှန်းသည့်) အပြည်ပြည်ဆိုင်ရာပြန်လည်ထူထောင်ရေးနှင့် ကြီးပွားရေးဘဏ်အဖွဲ့ (International Bank for Reconstruction and Development) တွင်၊ အဖွဲ့ဝင်နိုင်ငံတနိုင်ငံအဖြစ် ဝင်ရောက်နိုင်စေရန် အက်ဥပဒေ။

၁၉၄၄ ခုနှစ်၊ ဇူလိုင်လတွင်၊ အမေရိကန် ပြည်ထောင်စုနိုင်ငံ၊ နယူးဟမ်(ပ်) ရှိုင်ယာနယ် (New Hampshire) ဘရက်တန်ဝုဒ်(စ်) (Bretton Woods) ၌ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂငွေကြေးနှင့် ဘဏ္ဍာရေးအစည်းအဝေးကြီးတွင်ရေးဆွဲသည့်သဘောတူစာချုပ်များနှင့်အညီ၊ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်သည့်လည်းတကြောင်း၊

ဆိုခဲ့သည့် သဘောတူစာချုပ်များ၏စာမူ မိတ္တူများကို၊ ပါလီမန်၌တင်ပြပြီးဖြစ်သည်လည်း တကြောင်း။

အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့တို့က၊ ဤအက်ဥပဒေ၏ ပထမဇယားနှင့် ဒုတိယဇယားတို့တွင် ဖော်ပြထားသည့်စည်းကမ်းချက်များကို၊ ပြည်ထောင်စုမြန်မာနိုင်ငံအား၊ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့တွင်၊ အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်နိုင်စေမည့် စည်းကမ်းချက်များအဖြစ်ဖြင့် ပြဋ္ဌာန်းပြီးဖြစ်သည်လည်း တကြောင်း။

အထက်ဆိုခဲ့သည့် စည်းကမ်းချက်များအတိုင်းလိုက်နာရန်ကိစ္စအလို့ငှါ၊ နောက်တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များကို ပြုလုပ်ရန်လိုအပ်သည်လည်းတကြောင်း၊

ထိုအကြောင်းများကြောင့် အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ဤအက်ဥပဒေကို ၁၉၅၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေ အဖွဲ့နှင့် ဘဏ်အဖွဲ့အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နိုင်ငံတော်သမတက အောက်ပါကိစ္စများအတွက် အာဏာအပ်နှင်းနိုင်သည်။

ရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ဆိုင်ရာသဘောတူ စာချုပ်အသီးသီးပါ အပိုဒ်များကို လက်မှတ် ရေးထိုးရန်အာဏာအပ်နှင်းခြင်း။

(က) (နောက်တွင် ရံပုံငွေအဖွဲ့စာချုပ်ဟု ရည်ညွှန်းသည့်) အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့ သဘောတူစာချုပ်ကိုင်း၊ (နောက်တွင် ဘဏ်အဖွဲ့စာချုပ်ဟု ညွှန်းသည့်) အပြည်ပြည် ဆိုင်ရာဘဏ်အဖွဲ့ သဘောတူစာချုပ် ကိုင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရအတွက် လက်မှတ်ရေးထိုးရန် ကိစ္စ၊ ထို့ပြင်

(ခ) အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံအား အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုရမည့် စည်းကမ်း ချက်များအဖြစ်ဖြင့်၊ ရံပုံငွေအဖွဲ့စာချုပ်ပါ အပိုဒ်များကိုင်း၊ ဘဏ်အဖွဲ့စာချုပ်ပါ အပိုဒ်များကိုင်း၊ ထိုအပိုဒ်များအရ ပြဋ္ဌာန်းထားသည့် စည်းကမ်း ချက်များကိုင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရက၊ မိမိ၏တရားဥပဒေနှင့်အညီ၊ လက်ခံကြောင်း ဖော်ပြလျက်၊ ထိုရံပုံငွေအဖွဲ့ စာချုပ်ပါ အပိုဒ်များနှင့် ဘဏ်အဖွဲ့စာချုပ်အပိုဒ်များကိုလက်ခံသည့်စာချွန်တော်များ အမေရိကန်ပြည်ထောင်စု အစိုးရထံပေးအပ်ရန်ကိစ္စ။

ပြည်ထောင်စု ဘဏ်သည်၊ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့အတွက် ငွေအပ်နှံရာဘဏ်ဖြစ်ခြင်း။

၃။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်သည်၊ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့တို့ပိုင်သော၊ မြန်မာနိုင်ငံသုံးငွေများ အပ်နှံရာဘဏ် ဖြစ်ရမည်။

အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့သို့ ထည့်ဝင်ရန်ကြေးငွေ။

၄။ ။(၁) ဤအက်ဥပဒေ၏ပဋ္ဌမဇယားရှိစည်းကမ်းချက်များတွင်ဖော်ပြထားသည့်၊ ပြည်ထောင်စု မြန်မာနိုင်ငံမှ ထည့်ဝင်ရန် ကြေးငွေများအနက်၊ အဆိုပါစည်းကမ်း ချက်များအရင်း၊ ရံပုံငွေအဖွဲ့ စာချုပ်ပါအပိုဒ် ၃၊ အပိုဒ်ငယ် ၃ နှင့် ၅ ရှိပြဋ္ဌာန်းချက်များအရင်း၊ ရွှေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံသုံးငွေများဖြင့်ဖြစ်စေ၊ ပေးနိုင်သည့်ထည့်ဝင်ရန်ကြေးငွေ အချို့အဝက်ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံအခွန်တော်ငွေများထဲမှ ပေးရမည်။

(၂) မြန်မာနိုင်ငံသုံးငွေဖြင့် ပေးရမည်ဖြစ်သည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံမှ ထည့်ဝင်ရန် ကြေးငွေအချို့အဝက်အစား၊ ရံပုံငွေအဖွဲ့စာချုပ်ပါအပိုဒ် ၃၊ အပိုဒ်ငယ် ၅ ရှိ ပြဋ္ဌာန်းချက်များအရ၊ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့က လက်ခံနိုင်ဆုံးဖြတ်သည့်၊ အတိုးမရှိ၊ မလွှဲပြောင်းနိုင်သော အာမခံလက်မှတ်များကိုဖြစ်စေ၊ အခြားခံဝန်ချက်များကိုဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက မိမိသင့်သည်ထင်မြင်သည့်အတိုင်း ပြုလုပ်၍၊ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့သို့ ထုတ်ပေးနိုင်သည်။

၅။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှ အောက်ပါငွေများကိုပေးရမည်။

အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့သို့ ပေးရန် ရှိသည့် အခြားငွေများ။

(က) [အဖွဲ့ဝင်နိုင်ငံတို့၏ငွေတန်ဘိုးသို့တည်းမဟုတ် ငွေခြင်း လဲလှယ်ရာတွင် အသုံးပြုသည့် နှုန်းထား(The par or the foreign exchange value) အပြောင်းအလဲနှင့်သက်ဆိုင်သည့်] ရံပုံငွေအဖွဲ့ စာချုပ်ပါအပိုဒ် ၄၊ အပိုင်းငယ် ဂ (ခ) အရ အပြည်ပြည်ဆိုင်ရာရံပုံငွေ အဖွဲ့သို့ ပေးရမည့်ငွေအားလုံး။

(ခ) ရံပုံငွေအဖွဲ့စာချုပ်ပါ အပိုဒ် ၁၃၊ အပိုင်ငယ် ၃ အရ၊ ပြဋ္ဌာန်းထားသည့် အာမခံချက်အတိုင်း ဆောင်ရွက်ရာ၌ လိုအပ်သည့် ငွေအားလုံး၊ အဆိုပါအပိုင်အရ၊ အာမခံချက်ဆိုသည်မှာ၊ ရံပုံငွေအဖွဲ့ပိုင်ပစ္စည်းများကိုလက်ခံထိန်းသိမ်းရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက ခန့်အပ်ထားသည့်ဘဏ် ပျက်ပြားသောကြောင့်ဖြစ်စေ၊ တာဝန်ပျက်ကွက်သောကြောင့်ဖြစ်စေ၊ ဆုံးရှုံးမှုမဖြစ်စေရဟု ပေးထားသော အာမခံချက်ကိုဆိုလိုသည်။

(ဂ) အပြည်ပြည် ဆိုင်ရာရံပုံငွေအဖွဲ့သို့ ငွေလုပ်ထုတ်ပေးထားသည့် အာမခံလက်မှတ်များ၊ သို့တည်းမဟုတ် ခံဝန်ချုပ်များကို ပြန်ရွေး ရန်လိုအပ်သည့် ငွေအားလုံး၊ ထိုပြင်

(ဃ) (အဖွဲ့ဝင်နိုင်ငံများ နုတ်ထွက်ခြင်းနှင့် သက်ဆိုင်သည့်) ရံပုံငွေအဖွဲ့စာချုပ်၏ဇယား (ဃ) အရ၊ သို့တည်းမဟုတ် (အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့ ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်) ထိုစာချုပ်၏ဇယား (င) အရ၊ ထိုရံပုံငွေအဖွဲ့သို့ဖြစ်စေ၊ ထိုရံပုံငွေအဖွဲ့ဝင်နိုင်ငံ တနိုင်ငံသို့ဖြစ်စေ၊ ပေးရန်လိုအပ်သည့်လျော်ကြေးငွေ။

(၂) ပုဒ်မခွဲ (၁) ၏အပိုဒ် (က)၊ သို့တည်းမဟုတ် အပိုဒ် (ခ) သို့တည်းမဟုတ် အပိုဒ် (ဂ) အရ၊ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့သို့၊ ပေးရမည့် မြန်မာနိုင်ငံသုံးငွေအစား အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့က၊ ရံပုံငွေအဖွဲ့ စာချုပ်ပါ အပိုဒ် ၃၊ အပိုင်ငယ် ၅ အရလက်ခံရန်ဆုံးဖြတ်သည့်အတိုင်းမရှိ၊ မလွှဲပြောင်းနိုင်သောအာမခံလက်မှတ်များကိုဖြစ်စေ၊ အခြားခံဝန်ချုပ်များကိုဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက မိမိသင့်တော်သည်ထင်မြင်သည့်အတိုင်း ပြုလုပ်၍ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့သို့ထုတ်ပေးနိုင်သည်။

**အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့သို့ ထည့်ဝင်ရန် ကြေးငွေ။**

၆။ ။(၁) ဤအက်ဥပဒေ၏ ဒုတိယဇယားပါ စည်းကမ်းချက်များ၏အပိုဒ် ၂ တွင်သီးခြားဖော်ပြထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံမှထည့်ဝင်ရန် ကြေးငွေများအနက်၊ အဆိုပါစည်းကမ်းချက်များအရရင်း၊ ဘဏ်အဖွဲ့စာချုပ်ပါအပိုဒ် ၂ နှိပြဋ္ဌာန်းချက်များအရရင်း၊ အမေရိကန်ပြည်ထောင်စု ဒေါ်လာဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံသုံးငွေဖြင့်ဖြစ်စေ ပေးနိုင်သည့် ထည့်ဝင်ရန်ကြေးငွေအချို့အဝက်ကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ အခွန်တော်ငွေများ ထဲမှ ပေးရမည်။

(၂) မြန်မာနိုင်ငံသုံးငွေဖြင့်ပေးရမည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံမှထည့်ဝင်ရန်ကြေးငွေအချို့အဝက်အစား၊ ဘဏ်အဖွဲ့စာချုပ်ပါအပိုဒ် ၅၊ အပိုဒ်ငယ် ၁၂ အရ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့က လက်ခံရန်ဆုံးဖြတ်သည့်အတိုးမရှိ၊ မလွှဲပြောင်းနိုင်သော အာမခံလက်မှတ်များကိုဖြစ်စေ၊ အခြားခံဝန်ချုပ်များကိုဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက မိမိသင့်သည်ထင်မြင်သည့် အတိုင်းပြုလုပ်၍၊ အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့သို့ထုတ်ပေးနိုင်သည်။

**အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့သို့ပေးရန်ရှိသည့် အခြားငွေများ။**

၇။ ။ပြည်ထောင်စုမြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှ အောက်ပါငွေများကိုပေးရမည်။

(က) [အဖွဲ့ဝင် နိုင်ငံတို့၏ ငွေတန်ဘိုး၊ သို့တည်းမဟုတ်ငွေခြင်းလဲလှယ်ရာတွင် အသုံးပြုသည့် နှုန်းထား (The par or the foreign exchange value) အပြောင်းအလဲနှင့် သက်ဆိုင်သည့်] ဘဏ်အဖွဲ့စာချုပ်ပါအပိုဒ် ၂၊ အပိုဒ်ခွဲငယ် ၉ အရ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့သို့ပေးရမည့်ငွေအားလုံး၊ တို့ပြင်

(ခ) အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့သို့ ပြုလုပ် ထုတ်ပေးထားသည့် အာမခံလက်မှတ်များကို၊ သို့တည်းမဟုတ်ခံဝန်ချုပ်များကို၊ ပြန်ရွေးရန်လိုအပ်သည့်ငွေအားလုံး။

**ပြည်ထောင်စု ဘဏ်သို့ အစိုးရအာမခံ လက်မှတ်များ၊သို့တည်းမဟုတ် ခံဝန်ချုပ်များ ထုတ်ပေးခြင်း၊**

၈။ ။(၁) ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ၊ သို့တည်းမဟုတ် ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) ၏အပိုဒ် (က)၊ သို့တည်းမဟုတ် အပိုဒ် (ခ)၊ သို့တည်းမဟုတ် အပိုဒ် (ဂ) အရ၊ သို့တည်းမဟုတ် ပုဒ်မ ၆ ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မ ၇ အရ၊ မြန်မာနိုင်ငံအခွန်တော်ငွေများထဲမှ ပေးရမည့်ငွေများ အသင့်ရနိုင်ရန်ကိစ္စအလို့ငှါ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည်၊ အတိုးမရှိ မလွှဲပြောင်းနိုင်သော အာမခံလက်မှတ်များကိုဖြစ်စေ၊ ခံဝန်ချုပ်များကိုဖြစ်စေ၊ မိမိသင့်သည်ထင်မြင်သည့်အတိုင်း ပြုလုပ်၍၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်သို့ ထုတ်ပေးခြင်းဖြင့် ငွေများချေးယူနိုင်သည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်ဥပဒေ (၁၉၄၇ ခုနှစ်၊ အက်ဥပဒေ အမှတ် (၆၀) တွင်မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ပေးထားသည့်အာမခံလက်မှတ်များကို၊ သို့တည်းမဟုတ်ခံဝန်ချုပ်များကိုလက်ခံ၍ လက်ရှိထားရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်အား၊ ဤအက်ဥပဒေဖြင့်အာဏာအပ်နှင်းသည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်သို့ပြုလုပ်ထုတ်ပေးထား သည့်အာမခံလက်မှတ်များ၊ သို့တည်းမဟုတ် ခံဝန်ချုပ်များပြန်ရွေးရန်လိုအပ်သောငွေအားလုံးကို၊ မြန်မာနိုင်ငံအခွန်တော်ငွေများထဲမှ ပေးရမည်။

၉။ ။(၁) ရံပုံငွေအဖွဲ့ စာချုပ်ပါအဒိုဒ် ၅၊ အဒိုဒ်ငယ် ၈ အရ၊ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့သို့ ပေးရမည့်ငွေများပေးရန်လိုအပ်သောငွေအားလုံးကို ထုတ်ပေးရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်အား ဤအက်ဥပဒေဖြင့် အာဏာအပ်နှင်းသည်။

ပေးငွေများနှင့်ရငွေများ

(၂) ရံပုံငွေအဖွဲ့စာချုပ်ပါ အပိုဒ် ၅ သို့တည်းမဟုတ်အပိုဒ် ၄၊ သို့တည်းမဟုတ်အပိုဒ် ၈ အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်၏ လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် ရရှိသောငွေများမှတပါး၊ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့မှ၊ သို့တည်းမဟုတ် အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့မှ၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရကသော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအတွက်သော်၎င်း၊ ရရှိသောအခြားငွေအားလုံးကို၊ မြန်မာနိုင်ငံအခွန်တော်ငွေများထဲသို့ ထည့်သွင်းရမည်။ ဤကဲ့သို့ရရှိသောငွေများသည်၊ မ,တည်ငွေရင်းနှင့် သက်ဆိုင်လျှင်၊ ထိုငွေများကို အခြားနည်းသုံးစွဲရန် တရားဥပဒေတခုခုတွင် ပြဋ္ဌာန်းထားခြင်းမရှိပါက၊ ဤအက်ဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်သို့ ထုတ်ပေးသည့် လက်မှတ်များ၊ သို့တည်းမဟုတ် အခြားခံဝန်ချုပ်များကို ပြန်ရွေးရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက ညွှန်ကြားသည့်အတိုင်း အခါအားလျော်စွာသုံးစွဲရမည်။

၁၀။ ။ အခြားတရားဥပဒေတွင် ဆန့်ကျင်ကွဲလွဲချက် မည်သို့ပင်ရှိစေကာမူ၊ အက်ဥပဒေ၏တတိယဇယားတွင်ဖေါ်ပြထားသောရံပုံငွေအဖွဲ့စာချုပ်နှင့်ဘဏ်အဖွဲ့စာချုပ်ပါပြဋ္ဌာန်းချက်များသည်ပြည်ထောင်စုမြန်မာနိုင်ငံတွင် တရားဥပဒေသဘောသက်ရောက်ရမည်။

စာချုပ်ပါအချို့ပြဋ္ဌာန်းချက်များသည်၊တရားဥပဒေသဘော သက်ရောက်ခြင်း။

ခြွင်းချက်။ ။သို့ရာတွင် ရံပုံငွေအဖွဲ့စာချုပ်အပိုဒ် ၉၊ အပိုဒ်ငယ် ၉၊ သို့တည်းမဟုတ် ဘဏ်အဖွဲ့စာချုပ်အပိုဒ် ၇၊ အပိုဒ်ငယ် ၉ ပါစကားကြောင့်—

(က) အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့၌သော်၎င်း၊ အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့၌ သော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းသို့ကုန်စည် ပစ္စည်းများကို အကောက်လွတ် သွင်းယူပြီးနောက်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ အချုပ်အချယ်မရှိဘဲ ရောင်းချနိုင်ခွင့်ရှိသည်ဟူ၍ အဓိပ္ပါယ်မကောက်ယူရ၊ သို့တည်းမဟုတ်

(ခ) ကုန်ပစ္စည်းများ ရောင်းချသည့် အဘိုးတွင်ပါဝင်သောအကောက်ခွန်များကိုဂင်း၊ လုပ်ကိုင် ဆောင်ရွက်မှုအတွက် အခကြေးငွေမှုသာဖြစ်သော အကောက်ခွန် များကိုဂင်း၊ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့ကဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့ကဖြစ်စေ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရရှိသည်ဟူ၍ အဓိပ္ပါယ်မကောက်ယူရ။

သတင်းပေးရန် တောင်းဆိုပိုင်ခွင့်အာဏာ။

၁၁။ ။(၁) ရံပုံငွေအဖွဲ့စာချုပ်အပိုဒ် ၈၊ အပိုဒ်ငယ် ၅အရ၊ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့က၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအား သိုအပ်သည့်သတင်းကို ပေးရန်တောင်းဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကသော်ဂင်း၊ ဤကိစ္စအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက ယေဘုယျအား ဖြင့်၊ သို့တည်းမဟုတ်အထူးအားဖြင့် အာဏာအပ်နှင်းထားပါက၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်ကသော်ဂင်း၊ အရာရှိ၊ သို့တည်းမဟုတ် အခြားပုဂ္ဂိုလ်တဦးတယောက်ကို အမိန့်စာတွင် သီးခြားဖေါ်ပြ၍၊ အပြည်ပြည်ဆိုင်ရာရံပုံငွေအဖွဲ့၏ တောင်းဆိုချက်အတိုင်း ပေးရန်ကိစ္စအတွက်လိုအပ်သည်ဟု၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ သို့တည်းမဟုတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်၊ ဆိုင်သင့်ရာရာက သတ်မှတ်သောအသေးစိတ်သတင်းများကို၊ထိုအရာရှိ၊ သို့တည်းမဟုတ်ပုဂ္ဂိုလ်ထံသို့ပေးရမည်ဟု မည်သူ့ကိုမဆို အမိန့်စာဖြင့်ဆင့်ဆိုနိုင်သည်။ ဤကဲ့သို့ဆင့်ဆိုခြင်းခံရသူမည်သူမှာမဆို၊ ယင်းသို့တောင်းဆိုသည့်သတင်းကို ပေးရန်တာဝန်ရှိရမည်။

(၂) ဤပုဒ်မအရ ပေးရမည်ဖြစ်သောသတင်းကိုလက်ခံရမည့်အရာရှိ၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်အသီးသီးသည်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ ၏အဓိပ္ပါယ်သဘောသက်ဝင်သည့် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

(၃) ဤပုဒ်မအရ ရရှိသောမည်သည့်သတင်းကိုမျှ တဦးကယောက်နှင့်ဆိုင်သော အရေးကိစ္စများပေါ်အောင် အသေးစိတ်၍ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့သို့မပေးရ။ ထို့ပြင်မြန်မာနိုင်ငံ အမြတ်တော်ခွန်အက်ဥပဒေပုဒ်မ ၅၄ ပါပြဋ္ဌာန်းချက်များသည်၊ ထိုပုဒ်မတွင်ရည်ညွှန်းထားသော အကြောင်းအရာများနှင့် သက်ဆိုင်ဘိသကဲ့သို့၊ ဤပုဒ်မအရ တောင်းဆိုသည့်သတင်းနှင့် ပတ်သက်၍လည်း သက်ဆိုင်ရမည်။

(၄) သတင်းကို မည့်သို့မျှမည်မျှ အသေးစိတ်၍ ပေးပို့ရမည်ဟူသောအကြောင်းနှင့်ပတ်သက်၍၊ ပုဒ်မခွဲ ၁ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏၊ သို့တည်းမဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်၏ သတ်မှတ်ချက်သည်၊ အပြီးအပြတ်အတည်ဖြစ်ရမည်။ ထို့ပြင် ဤပုဒ်မအရ ပေးပို့ရန်တောင်းဆိုသည့် သတင်းနှင့်စပ်လျဉ်း၍ ရာဇသတ်ကြီးပုဒ်မ ၁၇၆ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၁၇၇ အရ တရားစွဲဆိုရာတွင်၊ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့က တောင်းဆိုချက်ကို လိုက်လျောရန်အလို့ငှါ လိုသည်ထက်ပိုသော သတင်းအသေးစိတ်ကိုဖေါ်ပြရန် တောင်းဆိုသည်ဟုအကြောင်းပြ၍ ထုချေနိုင်ခွင့်မရှိစေရ။

(၅) ဤပုဒ်မအရ ပေးရန်တောင်းဆိုသော သတင်းနှင့်ပတ်သက်သည့်ပြစ်မှုအတွက်၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ အခွင့်အမိန့်ကို ကြိုတင်မရရှိဘဲ တရားစွဲဆိုခြင်းမပြုရ။

## ပဥ္စမဇယား

အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအား ဝင်ခွင့်ပြုရန်အတွက် ထိုအဖွဲ့ကြီးကြပ်အုပ်ချုပ်သူ လူကြီးများအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ပြဋ္ဌာန်းထားသည့်စည်းကမ်းချက်များ။

၁။ ။အဓိပ္ပါယ်ဖေါ်ပြချက်များ။ ။ဤဆုံးဖြတ်ချက်တွင် သုံးနှုန်းထားသည့် အတိုင်း—

(က) ''မြန်မာနိုင်ငံ''ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရကို ဆိုလိုသည်။

(ခ) ''ရံပုံငွေအဖွဲ့''ဆိုသည်မှာ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေ အဖွဲ့ကိုဆိုလိုသည်။

(ဂ) ''စာချုပ်ပါအပိုဒ်များ''ဆိုသည်မှာ၊ ရံပုံငွေအဖွဲ့ စာချုပ်ပါအပိုဒ် များကိုဆိုလိုသည်။

(ဃ) ''ဒေါ်လာ'' သို့တည်းမဟုတ် ဆိုသည်မှာ ၁၉၄၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် အတည်ဖြစ်သည့် အလေးချိန်နှင့် ရွှေရည်ပြည့် အမေရိကန်ပြည်ထောင်စု ဒေါ်လာကိုဆိုလိုသည်။

(င) ''အဖွဲ့ဝင်နိုင်ငံ''ဆိုသည်မှာ၊ ရံပုံငွေအဖွဲ့ဝင်နိုင်ငံကို ဆိုလိုသည်။

၂။ ။ဝေပုံကျအစု (quota)။ ။မြန်မာနိုင်ငံ၏ ဝေပုံကျအစုသည် ဒေါ်လာ ၁၅,၀၀,၀၀,၀၀,၀၀ ဖြစ်ရမည်။

၃။ ။ထည့်ဝင်ရန်ကြေးငွေ။ ။မြန်မာနိုင်ငံ၏ ထည့်ဝင်ရန် ကြေးငွေသည် မြန်မာနိုင်ငံ၏ ဝေပုံကျအစုနှင့်ညီတူညီမျှပင်ဖြစ်ရမည်။ ထည့်ဝင်ရန်ကြေးငွေ၏ ၃၁ ရာခိုင်နှုန်းထက်မနည်းသည့်အစိတ်အပိုင်းကို ရွှေဖြင့်ပေးရမည်။ ကျန်ငွေကိုမြန်မာနိုင်ငံ သုံးငွေဖြင့်ပေးရမည်။

၄။ ။ထည့်ဝင်ရန်ကြေးငွေကိုပေးခြင်း။ ။စာချုပ်ပါ အပိုဒ်များကို မြန်မာ နိုင်ငံအတွက်လက်မှတ်ရေးထိုးသည့်နေ့ထက် နောက်မကျစေဘဲထည့်ဝင်ရန် ကြေးငွေ၏ ရွှေဖြင့်ပေးရမည့်အစိတ်အပိုင်းကိုပေးရမည်။ အကယ်၍မြန်မာနိုင်ငံသည် ရံပုံငွေ အဖွဲ့ဝင်နိုင်ငံအဖြစ်ကို မရရှိခဲ့လျှင်၊ ယင်းသို့ပေးသောရွှေကို ရံပုံငွေအဖွဲ့က ပြန်ပေး ရမည်။

၅။ ။နိုင်ငံသုံးငွေ၏တန်ဘိုး (par value) ကိုသတ်မှတ်ခြင်း။ ။ရံပုံငွေ အဖွဲ့က၊ မြန်မာနိုင်ငံသည် ရံပုံငွေအဖွဲ့ဝင်နိုင်ငံဖြစ်လာသောနေ့ရက်တွင် မြန်မာနိုင်ငံ သုံးငွေနှင့်၊ အခြားနိုင်ငံသုံးငွေလဲလှယ်ရာ၌အသုံးပြုသောနှုန်းများ (rates of exchange) ကိုအခြေပြုလျက်၊ မိမိနိုင်ငံသုံးငွေ၏တန်ဘိုး (par value) ကို ရံပုံငွေ အဖွဲ့သို့ အကြောင်းကြားရန် မြန်မာနိုင်ငံအားတောင်းဆိုသည့်အခါ၊ ထိုသို့တောင်းဆိုသည့် နေ့ရက်မှ ရက်ပေါင်းသုံးဆယ်အတွင်း၊ မြန်မာနိုင်ငံက အကြောင်းကြားရမည်။ ရံပုံ

ငွေအဖွဲ့က ထိုငွေတန်ဘိုး (Par vaule) အကြောင်းကြားစာကို ရရှိပြီးနောက် ရက်ပေါင်း ခြောက်ဆယ်အတွင်း မြန်မာနိုင်ငံနှင့် ရံပုံငွေအဖွဲ့သည်၊ မြန်မာနိုင်ငံသုံးငွေ၏ လက်ဦးတန်ဘိုး (initial par value) ကိုသဘောတူညီကြရမည်။ သို့ရာတွင် ရံပုံငွေအဖွဲ့က ထိုရက်ပေါင်းခြောက်ဆယ်မျှသောအချိန်ကို နောက်ထပ်တိုး၍ပေးနိုင်သည်။ ထိုသို့နောက်ထပ်တိုး၍၊ ပေးသောကာလအပိုင်းအခြားကုန်ဆုံးသောအခါ၊ ထိုတန်ဘိုး (par value) နှင့်ပတ်သက်၍ သဘောကူညီချက်မရရှိလျှင်၊ မြန်မာနိုင်ငံသည် ရံပုံငွေအဖွဲ့မှ နုတ်ထွက်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံသည့်အချိန်မှ ဤအပိုဒ်နှင့်အညီ နိုင်ငံသုံးငွေ၏လက်ဦးတန်ဘိုး (initial par value) ကို ဆုံးဖြတ်အတည်ပြုသည့်အချိန်ထိကာလအပိုင်းအခြားအတွင်း၊ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံသောအချိန်၌ ငွေချင်းလဲလှယ်ရာ၌ ပေါက်သော ဈေးနှုန်းများ (rates of exchange) နှင့်ကြိုတင်ညှိနှိုင်းတိုင်ပင်၍ သဘောတူညီချက်မရရှိဘဲ မပြောင်းလဲရ။

၆။ ။ရံပုံငွေအဖွဲ့နှင့်ငွေလဲလှယ်မှုများ။ ။မြန်မာနိုင်ငံသည်၊ အထက်ပါအပိုဒ် ၅ နှင့်အညီ မိမိနိုင်ငံသုံးငွေ၏တန်ဘိုး (par value) ကို သဘောတူပြီးနောက် ရက်ပေါင်းသုံးဆယ်မတိုင်မီ၊ ရံပုံငွေအဖွဲ့နှင့်ငွေလဲလှယ်မှုများ၊ ပြုလုပ်ခွင့်မရှိစေရ။ ထို့ပြင် အဆိုပါရက်ပေါင်းသုံးဆယ်မတိုင်မီ၊ မိမိ၏ထည့်ဝင်ရန်ကြေးငွေကိုလည်း အပြည့်ပေးရမည်။

၇။ ။အကြောင်းကြားခြင်းနှင့် သတင်းပေးခြင်း။ ။ရံပုံငွေအဖွဲ့ဝင် နိုင်ငံအဖြစ်ကိုလက်မခံမီ၊ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံကြောင်း စာချုပ်တော်ကို လက်မှတ်ရေးထိုး၍အပ်နှံရန်၊ ထို့ပြင် ဤဆုံးဖြတ်ချက်အပိုဒ် ၈ (က) နှင့် (ခ) တွင် ရည်ရွယ်သည့်အတိုင်း စာချုပ်ပါအပိုဒ်များကို လက်မှတ်ရေးထိုးရန်လိုအပ်သည့်ကိစ္စအားလုံးကို အရေးယူဆောင်ရွက်ပြီးကြောင်းဖြင့် ရံပုံငွေအဖွဲ့သို့အကြောင်းကြားရမည်။ ထို့ပြင်မြန်မာနိုင်ငံသည်၊ ထိုသို့အရေးယူဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ၊ရံပုံငွေအဖွဲ့က တောင်းဆိုသည့်သတင်းကိုလည်း ရံပုံငွေအဖွဲ့သို့ပေးရမည်။

၈။ ။အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံခြင်း။ ။မြန်မာနိုင်ငံသည် ဤဆုံးဖြတ်ချက်ပါအပိုဒ် ၇ တွင် ဖော်ပြထားသည့်စည်းကမ်းချက်များအတိုင်း လိုက်နာပြီးကြောင်းဖြင့် ရံပုံငွေအဖွဲ့က၊ အမေရိကန်ပြည်ထောင်စု အစိုးရကို အကြောင်းကြားပြီးသည့်နောက်၊ မြန်မာနိုင်ငံသည်၊ အောက်ပါလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပြီးသည့်နေ့မှစ၍၊ ရံပုံငွေအဖွဲ့ဝင်နိုင်ငံဖြစ်ရမည်။

(က) မြန်မာနိုင်ငံသည်စာချုပ်ပါအပိုဒ်များကိုငင်း၊ ဤဆုံးဖြတ်ချက်တွင် ပြဋ္ဌာန်းထားသည့်စည်းကမ်းချက်အားလုံးကိုငင်း၊ မိမိ၏တရားဥပဒေနှင့်အညီလက်ခံပြီးကြောင်း ထို့ပြင်စာချုပ်အပိုဒ်များနှင့် ဤဆုံးဖြတ်ချက်အရ တာဝန်အားလုံးကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ကိစ္စအဝဝကိုလည်းဆောင်ရွက်ပြီးကြောင်းဖော်ပြသည့် စာချွန်တော်ကို၊ အမေရိကန်ပြည်ထောင်စု အစိုးရထံပေးအပ်ရမည်။

(ခ) မြန်မာနိုင်ငံသည်၊ အမေရိကန်ပြည်ထောင်စု အစိုးရ၏ အမှတ်တံဆိပ်မှတ်တမ်းများထားရာဌာနတွင် ထားရှိသည့် စာချုပ်ပါအပိုဒ်များ၏ မူရင်းစာစောင်ကို လက်မှတ်ရေးထိုးရမည်။

၉။ ။အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံရန် ကာလ အကန့်အသတ်။ ။မြန်မာနိုင်ငံသည်၊ ဤဆုံးဖြတ်ချက်နှင့်အညီ၊ ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ မတိုင်မီ ရံပုံငွေအဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံနိုင်သည်။ သို့သော်လည်းအကြောင်းထူးကိစ္စများပေါ်ပေါက်သောကြောင့်၊ ဤဆုံးဖြတ်ချက်နှင့်အညီ၊ အဖွဲ့ဝင်နိုင်ငံအဖြစ်လျှောက်ထားသူက လက်ခံနိုင်ရန် ကာလအပိုင်းအခြားကို တိုး၍ပေးသင့်သည်ဟုအမှုဆောင်ဒါရိုက်တာလူကြီးများကယူဆလျှင်၊ ထိုအမှုဆောင်ဒါရိုက်တာလူကြီးများသည်၊ အဆိုပါကာလအပိုင်းအခြားကို မိမိတို့ဆုံးဖြတ်သည့်နေ့ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။ သို့ရာတွင် မည်သည့်အကြောင်းနှင့်မျှ ၁၉၅၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ထက်ကျော်လွန်၍မရွှေ့ဆိုင်းရ။

## ဒုတိယဇယား

**အပြည်ပြည်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ကြီးပွါးရေးဘဏ်အဖွဲ့သို့ မြန်မာနိုင်ငံအစိုးရအားဝင်ခွင့်ပြုရန်အဘွက်၊ ထိုဘဏ်အဖွဲ့ကြီးကြပ်အုပ်ချုပ်သူ လူကြီးများအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်ပြဋ္ဌာန်းထားသည့်စည်းကမ်းချက်များ။**

၁။ ။အဓိပ္ပါယ်ဖေါ်ပြချက်များ။ ။ဤဆုံးဖြတ်ချက်တွင် သုံးနှုန်းထားသည့်အတိုင်း—

(က) ''မြန်မာနိုင်ငံ''ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရကို ဆိုလိုသည်။

(ခ) ''ဘဏ်အဖွဲ့''ဆိုသည်မှာ၊ အပြည်ပြည်ဆိုင်ရာ ပြန်လည် ထူထောင်ရေးနှင့် ကြီးပွါးရေး ဘဏ်အဖွဲ့ကိုဆိုလိုသည်။

(ဂ) ''စာချုပ်ပါအပိုဒ်များ'' ဆိုသည်မှာ၊ ဘဏ်အဖွဲ့ စာချုပ်ပါ အပိုဒ်များကိုဆိုလိုသည်။

(ဃ) ''ဒေါ်လာ'' သို့တည်းမဟုတ် '$' ဆိုသည်မှာ၊ ၁၉၄၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် နေ့တွင် အတည် ဖြစ်သည့် အလေးချိန်နှင့် ရွှေရည်ပြည့် အမေရိကန် ပြည် ထောင် စု ဒေါ်လာကို ဆိုလိုသည်။

(င) ''ထည့်ဝင်ရန် ကြေးငွေ'' ဆိုသည်မှာ၊ အဖွဲ့ဝင် နိုင် ငံ တနိုင်ငံက ဘဏ် အဖွဲ့၏ မ,တည် ငွေရင်းသို့ ထည့်ဝင်သည့် (Capital Stock) ကိုဆိုလိုသည်။

(စ) ''အဖွဲ့ဝင်နိုင်ငံ'' ဆိုသည်မှာ၊ ဘဏ်အဖွဲ့ဝင်နိုင်ငံကိုဆိုလိုသည်။

၂။ ထည့်ဝင်ရန်ကြေးငွေ။ ။ဘဏ်အဖွဲ့ဝင် အဖြစ် လက်ခံ ခြင်း အားဖြင့် မြန်မာနိုင်ငံသည်၊ ဘဏ်အဖွဲ့ မ,တည်ငွေရင်း၏ အစုရှယ်ယာ ၁၅၀ ကို၊ အစုရှယ်ယာတစုလျှင်တန်ဘိုးရင်း ဒေါ်လာ ၁,၀၀,၀၀၀ ကျဖြင့် ထည့်ဝင်ရမည်။

၃။ <u>ရံပုံငွေအဖွဲ့ဝင်နိုင်ငံဖြစ်ခြင်း။</u> ။ဘဏ်အဖွဲ့ဝင် နိုင်ငံအဖြစ်လက်မခံမီ မြန်မာနိုင်ငံသည်။ အပြည်ပြည် ဆိုင်ရာ ငွေကြေး ရံပုံငွေအဖွဲ့ဝင် နိုင်ငံအဖြစ်လက်ခံ၍၊ ထိုအဖွဲ့ဝင်နိုင်ငံဝင်နိုင်ငံဖြစ်ရမည်။

၄။ <u>တည့်ဝင်ရန်ကြေးငွေ ကိုပေးခြင်း။</u> ။(က) ဘဏ် အဖွဲ့ဝင်နိုင်ငံ အဖြစ်လက်မခံမီ၊ မြန်မာ နိုင်ငံသည် ဘဏ် အဖွဲ့သို့—

(၁) မိမိ၏ ထည့်ဝင်ရန်ကြေးငွေ ရာခိုင်နှုန်း ၂ နှင့် ညီမျှသော ရွှေ၊ သို့တည်းမဟုတ် အမေရိကန် ပြည်ထောင်စု ဒေါ်လာ များကို ပေးရမည်။ စာချုပ်ပါ အပိုဒ်များအနက် အပိုဒ် ၂၊ အပိုဒ်ငယ် ၈ (က) အရဆိုထည့်ဝင်ရန် ကြေးငွေအချို့အဝက်ကို နောက်မှ ပေးရန်ရွှေဆိုင်းခွင့်မရှိစေရ၊ ယိုပြင်

(၂) ငွေချင်းလဲလှယ်ရာ၌ ဆိုင်ရာပေါက်ဈေးနှုန်းအရ၊ မိမိ၏ ထည့်ဝင်ရန်ကြေးငွေ ရာခိုင်နှုန်း ၁၈ နှင့် အညီမျှသည့် ငွေကို၊ မြန်မာနိုင်ငံသုံးငွေဖြင့် ပေးရမည်။

(ခ) အထက်ပါအပိုဒ် (က) ၁ အရ ပေးရန် တောင်းဆိုသည့် ကြေးငွေအချိုအဝက်ကို၊မြန်မာနိုင်ငံက ရွှေဖြင့်ပေးလျှင် ရွှေ၏မူလဇစ်မြစ်ကို သက်သေခံသော လက်မှတ်၊ သို့တည်းမဟုတ် အခြားသက်သေခံချက်များ တောင်းသောရွှေဝယ်သည့် အဖွဲ့ဝင်နိုင်ငံများသို့ ထိုရွှေကိုလွတ်လပ်စွာ ခြွင်းချက်မရှိ မရောင်းနိုင်ဟု၊ ဘဏ်အဖွဲ့က ယူဆပါက၊ ထိုရွှေကို ငြင်းပယ်နိုင်သည့် အခွင့်အရေး ရှိသည်ဟု၊ မြန်မာနိုင်ငံက သဘောတူရမည်။

၅။ ။<u>အကြောင်းကြားခြင်းနှင့် သတင်းပေးခြင်း။</u> ။ဘဏ် အဖွဲ့ ဝင် နိုင်ငံအဖြစ်လက်မခံမီ၊ မြန်မာနိုင်ငံသည်၊ အဖွဲ့ဝင်နိုင်ငံ အဖြစ်လက်ခံကြောင်း စာချုပ်တော်ကိုလက်မှတ်ရေးထိုး၍ ပေးအပ်ရန် ထိုပြင် ဤဆုံးဖြတ်ချက် အပိုဒ် ၆ (က)နှင့်(ခ) အရ၊ ရည်ရွယ်သည့် အတိုင်း၊ စာချုပ်ပါအပိုဒ်များကို လက်မှတ်ရေးထိုးရန် လိုအပ်သည့် ကိစ္စအားလုံးကို အရေးယူဆောင်ရွက်ပြီးကြောင်းဖြင့် ဘဏ်အဖွဲ့သို့အကြောင်းကြားရမည်။ ထိုပြင်မြန်မာနိုင်ငံသည်။ ထိုသို့အရေးယူဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ဘဏ်အဖွဲ့က တောင်းဆိုသည့် သတင်းကိုလည်း ဘဏ်အဖွဲ့သို့ပေးရမည်။

၆။ ။<u>အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံခြင်း။</u> ။မြန်မာနိုင်ငံသည် (၁) ဤဆုံးဖြတ်ချက်ပါအပိုဒ် ၄ အရ ထည့်ဝင်ရန်ကြေးငွေကိုပေးပြီးကြောင်း။ (၂) ဤဆုံးဖြတ်ချက်ပါအပိုဒ် ၅ အရ အကြောင်းကြားပြီးကြောင်း။ ထို့ပြင်(၃) အဆိုပါအပိုဒ် ၅ နှင့်အညီ၊ဘဏ်အဖွဲ့က တောင်းဆိုသည့် သတင်းကို ပေးပြီးကြောင်းဖြင့်၊ ဘဏ်အဖွဲ့က အမေရိကန်ပြည်ထောင်စုအစိုးရအား အကြောင်းကြားပြီးသည့်ပြင်၊ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့ဝင် ဖြစ်ပြီးသည့်နောက်၊ အောက်ပါ လိုအပ်ချက်များကို လိုက်နာပြီးသည့်နေ့ရက်မှစ၍ ဤဆုံးဖြတ်ချက်အပိုဒ်(၂)တွင် ဖော်ပြထားသည့် ထည့်ဝင်ရန် ကြေးငွေကို ပေးသွင်းခြင်း အားဖြင့် ဘဏ် အဖွဲ့ဝင်နိုင်ငံ ဖြစ်ရမည်။

(က) မြန်မာ နိုင်ငံသည်၊ စာချုပ်ပါ အပိုဒ်များ ကိုင်၊ ဤဆုံးဖြတ်ချက်တွင် ပြဋ္ဌာန်း ထားသည့် စည်းကမ်းချက် အားလုံးကိုင်း မိမိ၏ ဟာရား ဥပဒေ နှင့် အညီ လက်ခံပြီး ကြောင်း။ ထို့ပြင် စာချုပ်ပါအပိုဒ်များနှင့် ဤဆုံးဖြတ်ချက်အရ တာဝန်အားလုံးကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ကိစ္စ အဝဝကိုလည်း ဆောင်ရွက် ပြီး ကြောင်း ဖော်ပြသည့် စာချွန်တော်ကို အမေရိကန် ပြည်ထောင်စု အစိုးရထံပေးအပ်ရမည်။

( ခ) မြန်မာ နိုင်ငံသည်၊ အမေရိကန် ပြည်ထောင်စု အစိုးရ၏ အမှတ်တွဲ မှတ် တမ်း များ ဘားဆာ ဌာနတွင် ထား၍သည့် စာချုပ်ပါ အပိုဒ်များ၏ မူရင်း စာစောင်ကို လက်မှတ် ရေးထိုးရမည်။

၄။ ။အဖွဲ့ဝင် နိုင်ငံအဖြစ်လက်ခံရန် ကာလအကန့်အသတ်။ ။မြန်မာနိုင်ငံသည်၊ ဤဆုံးဖြတ်ချက်နှင့်အညီ၊ ၁၉၅၁ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မတိုင်မီ ဘဏ်အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံနိုင်သည်။ သို့သော်လည်း အကြောင်းကိစ္စများပေါ်ပေါက်သောကြောင့်း ဤဆုံးဖြတ်ချက်နှင့် အညီ၊ အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက လက်ခံရန်ကာလ အပိုင်းအခြားကို တိုး၍ ပေးသင့်သည်ဟု အမှုဆောင် ဒါရိုက်တာလူကြီးများက ယူဆလျှင်၊ ထိုအမှုဆောင် ဒါရိုက်တာကြီးများသည်။ အဆိုပါကာလ အပိုင်းအခြားကို မိမိတို့ဆုံးဖြတ်သည့် နောက်ရက်သို့ ရွှေ့ဆိုင်း နိုင်သည်။ သို့ရာတွင် မည်သည့် အကြောင်းနှင့်မျှ ၁၉၅၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ ထက်ကျော်လွန်၍ မရွှေ့ဆိုင်းရ။

## တတိယဇယား

တရားဥပဒေ သဘော သက်ရောက်သည့် သဘောတူ စာချုပ်များပါ ပြဋ္ဌာန်းချက်များ။

## အပိုင်း ၁။

**ရံပုံငွေအဖွဲ့စာချုပ် (နောက်တွင် ဤစာချုပ်ဟု ရည်ညွှန်းသည်)။**

အပိုဒ် ၈၊ အပိုဒ် ငယ် ၂ (ခ)။ ။အဖွဲ့ဝင် တနိုင်ငံ၏ နိုင်ငံသုံး ငွေနှင့်ပတ်သက်ပြီးလျှင်. ဤစာချုပ်နှင့်အညီထားရှိသော၊ သို့တည်းမဟုတ်ပြဋ္ဌာန်းထားသော ထိုအဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်ရေး ကြီးကြပ်မှု စည်းမျဉ်းဥပဒေများနှင့် ဆန့်ကျင်သည့် ငွေလဲလှယ်ရေး ပဋိညာဉ် စာချုပ် များသည်၊ မည်သည့် အဖွဲ့ နိုင်ငံ၏ နယ်ပယ်တွင်မျှ အတည်မဖြစ်ရ။

**အပိုဒ် ၉။**

**အဆင့်အတန်းကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများ။**

အပိုဒ်ငယ် ၁။ ။အပိုဒ်၏ ရည်ရွယ်ချက်။ ။ရံပုံငွေ အဖွဲ့အား လွှဲအပ်ထားသည့် အလုပ်ဝတ္တရားများကို ဆောင်ရွက်နိုင်စေရန်အလို့ငှါ၊ ဤအပိုဒ်တွင် ဖော်ပြထားသည့် အဆင့်အတန်းကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများကို၊ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ နယ်ပယ်များ၌ ရံပုံငွေအဖွဲ့အားပေးရမည်။

အပိုဒ် ၂။ ။ရံပုံငွေအဖွဲ့၏ အဆင့်အတန်း။ ။ရံပုံငွေအဖွဲ့သည် တရားဝင်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါအားလုံးနှင့် ပြည့်စုံရမည့်ပြင်၊ အထူးသဖြင့်အောက်ပါအရည်အချင်းများလည်းရှိရမည်။

(၁) ပဋိညာဉ် စာချုပ် ချုပ်ဆိုနိုင်သည့် အရည်အချင်း။

(၂) မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ရယူထုခွဲနိုင်သည့် အရည်အချင်း။

(၃) တရားစွဲဆိုနိုင်သည့် အရည်အချင်း။

အပိုဒ် ၃။ ။ဘရားစွဲဆို ခံရခြင်းမှ ကင်းလွတ်ခွင့်။ ။ရံပုံငွေ အဖွဲ့သည်၎င်း၊ အဖွဲ့ပိုင်ပစ္စည်းများသည်၎င်း၊ မည်သည့်အရပ်မည်သူ့လက်တွင် မဆိုရှိစေကာမူ မည်သည့်အမှုမျိုးနှင့်မဆို တရားစွဲဆိုခံရခြင်းမှကင်းလွတ်ခွင့်ရရှိရမည်။ သို့သော်လည်း တရားစွဲဆိုမှု ကိစ္စအတွက်၊ သို့တည်းမဟုတ် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များအရ၊ ယင်းကင်းလွတ်ခွင့်ကို အတိအလင်း ထုတ်ဖော်၍ စွန့်လွှတ်ပါမူ၊ ရံပုံငွေအဖွဲ့ကို တရားစွဲဆိုနိုင်ခွင့်ရှိသည်။

အပိုဒ် ၄။ ။အခြားနည်း အရေး ယူခြင်းမှ ကင်းလွတ်ခွင့်။ ။ရံပုံငွေအဖွဲ့၏ ပစ္စည်းများသည်၊ မည်သည့်အရပ်၊ မည်သူ့လက်တွင်မဆိုရှိစေကာမူ၊ အစိုးရအာဏာ၊ သို့တည်းမဟုတ် ဥပဒေအာဏာဖြင့်၊ ရှာဖွေခြင်း၊ ခေတ္တသိမ်းယူခြင်း၊ ဘဏ္ဍာတော်ဖြစ်သိမ်းယူခြင်း၊ ပစ္စည်းလက်လွှတ်ဖြစ်စေခြင်း၊ သို့တည်းမဟုတ် အခြားတနည်းနည်းဖြင့်ဖမ်းဆီးခြင်းမှ ကင်းလွတ်ရမည်။

အပိုဒ် ၅။ ။အမှုတွဲမှတ်တမ်းထားရာ ဌာနနှင့်ပတ်သက်သည့် ကင်းလွတ်ခွင့်။ ။ရံပုံငွေအဖွဲ့၏ အမှုတွဲမှတ်တမ်းများထားရာ ဌာနသည်၊ ထိပါးနှောက်ယှက်ခြင်းမှကင်းလွတ်ရမည်။

အပိုဒ် ၆။ ။အဖွဲ့ပိုင်ပစ္စည်းများ ချုပ်ချယ်မှုများမှကင်းလွတ်ခွင့်။ ။ဤစာချုပ်ပြဋ္ဌာန်းထားသည့် လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ် သည်နှင့် အမျှ ရံပုံငွေအဖွဲ့၏ ပစ္စည်းအားလုံးသည် မည်သည့် ချုပ်ချယ်မှု၊ စည်းမျဉ်း သတ်မှတ်မှု၊ ကန့်သတ်မှုနှင့် ကြွေးမြီရပ်ဆိုင်းမှုမှမဆို ကင်းလွတ်ရမည်။

အပိုဒ် ၇။ ။စာဖြင့်ဆက်သွယ်မှုများ အတွက် အထူးအခွင့်အရေး။ ။အဖွဲ့နိုင်ငံများသည် ရံပုံငွေအဖွဲ့လုပ်ငန်းနှင့် သက်ဆိုင်သည့် စာဖြင့်ဆက်သွယ်မှုများကို၊ အခြားအဖွဲ့ဝင်နိုင်ငံတို့၏ အစိုးရကိစ္စနှင့်သက်ဆိုင်သည့် စာဖြင့်ဆက်သွယ်မှုများနည်းတူအထူးအခွင့်အရေးပေးရမည်။

အပိုဒ် ၈။ ။ရာထမ်းမှုထမ်းများ၏ ကင်းလွတ်ခွင့်များနှင့် အထူး အခွင့်အရေးများ။ ။ရံပုံငွေအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်သူလူကြီးများအမှုဆောင်ဒါရိုက်တာလူကြီးများ၊ ဒါရိုက်တာလူကြီးကိုယ်စား အလှည့်ကျ ဆောင် ရွက် သူ လူကြီး များ (Alternates) နှင့် ရာထမ်းမှုထမ်းအားလုံးသည်—

(၁) မိမိတို့၏ ရာထူးအလျောက် ဆောင်ရွက်သည့် ကိစ္စများနှင့် ပတ်သက်၍၊ တရားစွဲဆိုခံရခြင်းမှကင်းလွတ်ရမည်။ သို့ရာတွင် ရံပုံငွေအဖွဲ့က၊ ဤကင်းလွတ်ခွင့်ကို စွန့်လွှတ်သည့်အခါမှ၊ ထိုသူတို့ကို တရားစွဲဆိုနိုင်သည်။

(၂) ရောက်ရာအဖွဲ့ဝင်နိုင်ငံ၏ အမျိုးသားများ မဟုတ်သဖြင့်၊ လူဝင်လူထွက်ချုပ်ချယ်မှုများ၊ နိုင်ငံခြားသားမှတ်ပုံတင်ရန်လိုအပ်ချက်များ၊ ထိုပြင်နိုင်ငံတော်ဝန် ထမ်းရွက် ရမည့် တာဝန် များမှ ကင်းလွတ်ခွင့်ကိုရင်း၊ ငွေလဲလှယ်ရေး ကန့်သတ် ချက်များနှင့် ပတ်သက်သည့် လွယ်ကူမှုများကိုရင်း၊ အဖွဲ့ဝင် နိုင်ငံ များတွင် အခြားအဖွဲ့ဝင်နိုင်ငံများမှ ရာထူး အဆင့် အတန်းချင်းတူသည့် အစိုးရကိုယ်စားလှယ်များနှင့်ရာထမ်းမှုထမ်းများရရှိသည့်အတိုင်း ရရှိရမည်။

(၃) ခရီးအသွားအလာလွယ်ကူမှုများနှင့် ပတ်သက်၍၊ အဖွဲ့ဝင်နိုင်ငံများတွင် အခြားအဖွဲ့ဝင်နိုင်ငံများမှ ရာထူး အဆင့် အတန်းချင်းတူသည့် အစိုးရကိုယ်စားလှယ်များနှင့်ရာထမ်းမှုထမ်းများရရှိသည့် အခွင့်အရေးများကို ရရှိရမည်။

အပိုဒ်ငယ် ၉။ ။<u>အခွန်စည်းကြပ်ခြင်းမှကင်းလွတ်ခွင့်များ</u>။ ။(က) ရံပုံငွေအဖွဲ့သည်ရင်း၊ အဖွဲ့ပိုင်ပစ္စည်းများသည်ရင်း၊ အဖွဲ့၏ ဝင်ငွေသည်ရင်း၊ ဤစာချုပ်အရ ဆောင်ရွက်ခွင့်ရသည့်အဖွဲ့၏ လုပ်ငန်းဆောင်တာများသည်ရင်း၊ အခွန် အကောက် ကောက်ခံပေးရမည့် တာဝန်မှလည်းကင်းလွတ်ရမည်။

(ခ) ရောက်ရာ အဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံသားများ၊ သို့တည်းမဟုတ် လက်အောက်ခံ တိုင်းသူပြည်သားများ၊ သို့တည်းမဟုတ် အမျိုးသားများ မဟုတ်သည့် အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ လူကြီးများ၊ ဒါရိုက်တာလူကြီး၏ ကိုယ်စားအလှည့်ကျ ဆောင်ရွက်သည့် လူကြီးများ ( Alternates )၊ သို့တည်းမဟုတ် ရာထမ်း မှုထမ်းများအား ရံပုံငွေအဖွဲ့က ပေးသော လစာများနှင့် အခကြေးငွေများပေါ်တွင်သော်ရင်း ထိုလစာ အခကြေးငွေများနှင့် ပတ်သက်၍သော်ရင်း၊ မည်သည့် အခွန်ကိုမျှ မစည်းကြပ်ရ။

(ဂ) ရံပုံငွေအဖွဲ့က ထုတ်သော ခံဝန်ချုပ်၊ သို့တည်းမဟုတ် အာမခံစာချုပ် တခုခုကို မည်သူကပင် လက်ရှိထားစေကာမူ၊ ထိုခံဝန်ချုပ်၊ သို့တည်းမဟုတ် ထို အာမခံစာချုပ်ပေါ်တွင်ရင်း၊ ထိုစာချုပ်မှရသည့် အမြတ်ဝေစု၊ သို့တည်းမဟုတ် အတိုးပေါ်တွင်ရင်း—

(၁) အဆိုပါ ခံဝန်ချုပ်၊ သို့တည်း မဟုတ် အာမခံစာချုပ်ကို ရံပုံငွေအဖွဲ့က ထုတ်သည်ဟူသော အကြောင်းတခုတည်းဖြင့် ခွဲခြား၍ မည်သည့် အခွန်မျိုးကိုမျှ မစည်းကြပ်ရ၊ သို့တည်းမဟုတ်

(၂) မည်သည့်အရပ်တွင် မည်သည့်နိုင်ငံသုံး ငွေဖြင့်၊ အဆိုပါခံဝန်ချုပ်ကို၊ သို့တည်းမဟုတ် အာမခံ စာချုပ်ကို ထုတ်သည်၊ သို့တည်း မဟုတ်၊ ၎င်းအရ ငွေပေးရမည်၊ သို့တည်းမဟုတ် ငွေပေးသည် ဆိုသော အချက်ကိုအကြောင်းပြု၍သော်၎င်း၊ ရုံးငွေအဖွဲ့ကထားရှိသည့်ရုံး၊ သို့တည်း မဟုတ် အလုပ်ဌာနတည်ရာအရပ်ကိုအကြောင်းပြု၍သော်၎င်း၊ မည်သည့် ဖန္ဓန်မျိုးကိုမျှ မစည်းကြပ်ရ။

## အပိုင်း ၂။

### ဘဏ်အဖွဲ့စာချုပ် (နောက်တွင် 'ဤစာချုပ်'ဟု ရည်ညွှန်းသည်)။

### အပိုဒ် ၇

### အဆင့်အတန်းကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများ

အပိုဒ်ငယ် ၁။ ။အပိုဒ်၏ရည်ရွယ်ချက်။ ။ဘဏ်အဖွဲ့အား လွှဲအပ်ထားသည့် အလုပ်ဝတ္တရားများကို ဆောင်ရွက်နိုင်စေရန် အလို့ငှါ၊ ဤအပိုဒ်တွင် ဖေါ်ပြသည့် အဆင့်အတန်း၊ ကင်းလွတ်ခွင့်များနှင့် အထူး အခွင့်အရေးများကို အဖွဲ့ဝင် နိုင်ငံအသီးသီး၏ နယ်ပယ်များတွင် ဘဏ်အဖွဲ့အား ပေးရမည်။

အပိုဒ်ငယ် ၂။ ။ဘဏ်အဖွဲ့၏အဆင့်အတန်း။ ။ဘဏ်အဖွဲ့သည်၊ တရားဝင်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါအားလုံးနှင့် ပြည့်စုံရမည့်ပြင်၊ အထူးသဖြင့် အောက်ပါ အရည်အချင်းများလည်း ရှိရမည်။

(၁) ပဋိညာဉ်စာချုပ် ချုပ်ဆိုနိုင်သည့် အရည်အချင်း။

(၂) မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ရယူထုခွဲနိုင်သည့် အရည်အချင်း။

(၃) တရားစွဲဆိုနိုင်သည့် အရည်အချင်း။

အပိုဒ် ၃။ ။တရားစွဲဆိုခြင်းနှင့် စပ်လျဉ်း၍ဘဏ်အဖွဲ့၏အခြေအနေ။ ။ဘဏ်အဖွဲ့ကို တရားစွဲဆိုလျှင် ဘဏ်အဖွဲ့ရုံးတည်ရှိသည့်၊ သို့တည်း မဟုတ် ချအပ်သည့်နို့တစ်စာ၊ ဝါးရမ်းစာ၊ သို့တည်းမဟုတ် သမ္မာန်စာကို လက်ခံရန်ကိစ္စအလို့ငှါ၊ ဘဏ်အဖွဲ့က ခန့်ထားသော ကိုယ်စားလှယ်ရှိသည့်၊ သို့တည်းမဟုတ် ဘဏ်အဖွဲ့က အာမခံစာချုပ်များ ထုတ်ရာဖြစ်သည့်၊ သို့တည်း မဟုတ်ဘဏ်အဖွဲ့က ငွေချေးစာချုပ်များကို အာမခံရာဖြစ်သည့် အဖွဲ့ဝင်နိုင်ငံ၏ နယ်ပယ်များ၌ တည်ရှိသော စီရင်ပိုင်ခွင့် အာဏာရရုံးတွင်သာ တရားစွဲဆိုနိုင်သည်။ သို့သော်လည်း အဖွဲ့ဝင်နိုင်ငံများက ဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံများ အတွက် ဆောင်ရွက်သူများ၊ သို့တည်းမဟုတ် အဖွဲ့ဝင် နိုင်ငံများမှ တဆင့် ဆိုင်ရာဆိုင်ခွင့် ရရှိသူများကဖြစ်စေ၊ တရားစွဲဆိုခြင်းမပြုရ၊ ဘဏ်အဖွဲ့ပိုင်ပစ္စည်းများသည် မည်သည့်အရပ်၊ မည်သူ့လက်တွင် မဆိုရှိစေကာမူ၊ ဘဏ်အဖွဲ့ ပေါ်တွင် အပြီးသတ် စီရင်ချက် မချမှတ်မီ ဖမ်းဆီးခြင်း၊ ဝါးရမ်းကပ်ခြင်း၊ သို့တည်း မဟုတ် ဇာရီမှု ပြုလုပ်ခြင်း အမျိုးမျိုးမှ ကင်းလွတ်ခွင့် ရှိရမည်။

အပိုဒ်ငယ် ၄။ ။အဖွဲ့ပိုင် ပစ္စည်းများ ဖမ်းဆီးခြင်းမှ ကင်းလွတ်ခွင့်။ ။ဘဏ်အဖွဲ့ပိုင်ပစ္စည်းများသည် မည်သည့်အရပ်၊ မည်သူ့လက်တွင်မဆို ရှိစေကာမူ၊ အစိုးရအာဏာ၊ သို့တည်းမဟုတ် ဥပဒေ အာဏာဖြင့် ရှာဖွေခြင်း၊ ခေတ္တ သိမ်းယူခြင်း၊ ဘဏ္ဍာဘော်အဖြစ် သိမ်းယူခြင်း၊ ပစ္စည်းလက်လွတ်ဖြစ်စေခြင်း၊ သို့တည်း မဟုတ် အခြားတနည်းနည်းဖြင့် ဖမ်းဆီးခြင်းမှ ကင်းလွတ်ရမည်။

အပိုဒ်ငယ် ၅။ ။အမှုတွဲမှတ်တမ်းများ ထားရာ ဌာနနှင့်ပတ်သက်သည့်ကင်းလွတ်ခွင့်။ ။ဘဏ်အဖွဲ့၏ အမှုတွဲမှတ်တမ်းများ ထားရာဌာနသည်၊ ထိပါးနှောက်ယှက်ခြင်းမှ ကင်းလွတ်ရမည်။

အပိုဒ်ငယ် ၆။ ။အဖွဲ့ပိုင်ပစ္စည်းများချုပ်ချယ်မှုများမှ ကင်းလွတ်ခွင့်။ ။ဤစာချုပ်တွင် ပြဋ္ဌာန်းထားသည့် လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သည်နှင့်အမျှ ထို့ပြင် ဤစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်လည်း မဆန့်ကျင်ဘဲ၊ ဘဏ်အဖွဲ့ပိုင်ပစ္စည်းအားလုံးသည်၊ မည်သည့်ချုပ်ချယ်မှု စည်းမျဉ်း သတ်မှု၊ ကန့်သတ်မှုနှင့် ကြွေးမြီရပ်ဆိုင်းမှုမဆို ကင်းလွတ်ရမည်။

အပိုဒ်ငယ် ၇။ ။စာဖြင့် ဆက်သွယ်မှုများအတွက် အထူး အခွင့်အရေး။ ။အဖွဲ့ဝင်နိုင်ငံ အသီးသီးသည် ဘဏ်အဖွဲ့ လုပ်ငန်းနှင့် သက်ဆိုင်သည့် စာဖြင့် ဆက်သွယ်မှုများကို အခြားအဖွဲ့ဝင်နိုင်ငံတို့၏ အစိုးရ ကိစ္စနှင့်သက်ဆိုင်သည့်စာဖြင့် ဆက်သွယ်မှုများနည်းတူ အထူးအခွင့်အရေး ပေးရမည်။

အပိုဒ်ငယ် ၈။ ။ရာထမ်း မှုထမ်းများ၏ ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများ။ ။ဘဏ်အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်သူလူကြီးများ၊ အမှုဆောင် ဒါရိုက်တာလူကြီးများ၊ ဒါရိုက်တာလူကြီး ကိုယ်စားအလှည့်ကျ ဆောင်ရွက်သူ လူကြီး များ (Alternates) နှင့် ရာထမ်း မှုထမ်းအားလုံးသည်—

(၁) မိမိတို့၏ရာထူး အလျောက် ဆောင်ရွက်သည့် ကိစ္စများနှင့် ပတ်သက်၍ တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ရမည်။ သို့ရာတွင် ဘဏ်အဖွဲ့က၊ ဤကင်းလွတ်ခွင့်ကို စွန့်လွှတ်သည့်အခါမူ၊ ထိုသူတို့ကို တရားစွဲဆိုနိုင်သည်။

(၂) ရောက်ရာ အဖွဲ့ဝင်နိုင်ငံ၏ အမျိုးသားများ မဟုတ်သဖြင့်၊ လူဝင်လူထွက် ချုပ်ချယ်မှုများ၊ နိုင်ငံခြားသား မှတ်ပုံတင်ရန် လိုအပ်ချက်များ ထို့ပြင်နိုင်ငံတော်ဝန် ထမ်းရွက်ရမည့် တာဝန်များမှ ကင်းလွတ်ခွင့်ကိုငင်း၊ ငွေလဲလှယ်ရေး ကန့်သတ်ချက် များနှင့် ပတ်သက်သည့် လွယ်ကူမှု များကိုငင်း၊ အဖွဲ့ဝင်နိုင်ငံ များတွင် အခြားအဖွဲ့ဝင် နိုင်ငံများမှ ရာထူးအဆင့် အတန်းချင်း တူသည့် အစိုးရ ကိုယ်စားလှယ်များနှင့် ရာထမ်း မှုထမ်းများ ရရှိသည့် အတိုင်း ရရှိရမည်။

(၃) ခရီးအသွားအလာလွယ်ကူမှုများနှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံ များတွင် အခြားအဖွဲ့ဝင်နိုင်ငံများမှရာထူးအဆင့်အတန်းချင်း တူသည့် အစိုးရ ကိုယ်စားလှယ်များနှင့် ရာထမ်းမှုထမ်းများ ရရှိသည့်အခွင့်အရေးများကို ရရှိရမည်။

အပိုဒ်ငယ် ၉။ ။<u>အခွန်စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်များ</u>။ ။(က) ဘဏ်အဖွဲ့သည်၎င်း၊ အဖွဲ့ပိုင်ပစ္စည်းများသည်၎င်း၊ အဖွဲ့၏ဝင်ငွေသည်၎င်း၊ ဤစာချုပ်အရ ဆောင်ရွက်ခွင့်ရသည့် အဖွဲ့၏လုပ်ငန်း ဆောင်တာများသည်၎င်း၊ အခွန်အကောက်ပေးဆောင်ရခြင်းမှ ကင်းလွတ်ရမည်။ ဘဏ်အဖွဲ့သည် အခွန်အကောက် ကောက်ခံပေးရမည့် တာဝန်မှလည်း ကင်းလွတ်ရမည်။

(ခ) ရောက်ရာ အဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံသားများ၊ သို့တည်းမဟုတ် လက်အောက်ခံ တိုင်းသူပြည်သားများ၊ သို့တည်းမဟုတ် အမျိုးသားများ မဟုတ်သည့် အဖွဲ့၏ အမှုဆောင် ဒါရိုက်တာလူကြီးများ၊ ဒါရိုက်တာလူကြီး၏ ကိုယ်စားအလှည့်ကျ ဆောင်ရွက်သည့် လူကြီးများ (Alternates )၊ သို့တည်းမဟုတ် အရာထမ်းအမှုထမ်းများအား ဘဏ်အဖွဲ့ကပေးသော လစာများနှင့် အခကြေးငွေများပေါ်တွင်သော်၎င်း ထိုလစာ၊ အခကြေးငွေများနှင့် ပတ်သက်၍သော်၎င်း၊ မည်သည့်အခွန်ကိုမျှ မစည်းကြပ်ရ။

(ဂ) ဘဏ်အဖွဲ့က ထုတ်သော ခံဝန်ချုပ်၊ သို့တည်းမဟုတ် အာမခံ စာချုပ်တခုခုကို မည်သူကပင် လက်ရှိထားစေကာမူ၊ ထိုခံဝန်ချုပ်၊ သို့တည်း မဟုတ်ထိုအာမခံစာချုပ်ပေါ်တွင်သော်၎င်း၊ ထိုစာချုပ်မှ ရသည့်အမြတ် ဝေစု၊ သို့တည်းမဟုတ်အတိုးပေါ်တွင်သော်၎င်း—

(၁) အဆိုပါ ဝန်ခံချုပ်၊ သို့တည်းမဟုတ် အာမခံစာချုပ်ကိုဘဏ်အဖွဲ့က ထုတ်သည် ဟူသော အကြောင်း တခုတည်းဖြင့် ခွဲခြား၍ မည်သည့် အခွန်မျိုးကိုမျှ မစည်းကြပ်ရ၊ သို့တည်းမဟုတ်

(၂) မည်သည့် အရပ်တွင် မည်သည့်နိုင်ငံသုံးငွေဖြင့် အဆိုပါခံဝန်ချုပ်ကို၊ သို့တည်း မဟုတ် အာမခံစာချုပ်ကို ထုတ်သည်၊ သို့တည်းမဟုတ် ၎င်းအရငွေပေးရမည်၊ သို့တည်းမဟုတ် ငွေပေးသည် ဆိုသော အချက်ကို အကြောင်းပြု၍သော်၎င်း၊ ဘဏ်အဖွဲ့ကထားရှိသည့် ရုံး၊ သို့တည်း မဟုတ်အလုပ်ဌာနတည်ရာ အရပ်ကို အကြောင်းပြု၍သော်၎င်း မည်သည့် အခွန်မျိုးကိုမျှ မစည်းကြပ်ရ။

(ဃ) ဘဏ်အဖွဲ့အာမခံသော ခံဝန်ချုပ်၊ သို့တည်းမဟုတ် အာမခံ စာချုပ်တခုခုကို မည်သူကပင် လက်ရှိထားစေကာမူ၊ ထိုခံဝန်ချုပ်၊ သို့တည်း မဟုတ် ထိုအာမခံ စာချုပ်ပေါ်တွင်သော်၎င်း၊ ထိုစာချုပ်မှ ရသည့်အမြတ် ငွေစု၊ သို့တည်း မဟုတ်အတိုးပေါ်တွင်၎င်း—

(၁) အဆိုပါ ခံဝန်ချုပ်၊ သို့တည်းမဟုတ် အာမခံစာချုပ်ကို၊ ဘဏ်အဖွဲ့က အာမခံထားသည်ဟူသော အကြောင်း တခုတည်းဖြင့် ခွဲခြား၍ မည်သည့် အခွန်မျိုးကိုမျှ မစည်းကြပ်ရ၊ သို့တည်းမဟုတ်

(၂) ဘာက်အဖွဲ့က ထားရှိသည့်ရုံး၊ သို့တည်းမဟုတ် အလုပ် ဌာနတ်
တည်ရာ အရပ်ကို အကြောင်းပြု၍၊ မည်သည့် အခွန် မျိုးကိုမျှ
စည်းကြပ် ကောက်ခံခြင်းမပြုရ။

ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) စဝ်ရွှေသိုက်၊
နိုင်ငံတော် ယာယီသမတ၊
ပြည်ထောင်စု မြန်မာနိုင်ငံတော်။

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော် သမတအတွင်းဝန်။
ရန်ကုန်မြို့၊ ၁၃၁၃ ခု၊ သီတင်းကျွတ် လဆန်း ၁၂ ရက်။
(၁၉၅၁ ခု၊ အောက်တိုဘာလ ၁၂ ရက်)။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

# ဥပဒေများ

(၁၉၆၉ ခုနှစ်)

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၁ ခုနှစ်၊ ပဌမဝါဆိုလပြည့်ကျော် ၁၁ ရက်၊
(၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်။)

## ၁၉၆၉ ခုနှစ်၊ ပြည်ထောင်စု သတ္တုတွင်းများနှင့် သတ္တုများ အက်ဥပဒေကိုပြင်သည့် ဥပဒေ

[၁၉၆၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၉ ခုနှစ်၊ ပြည်ထောင်စု သတ္တုတွင်းများနှင့် သတ္တုများအက်ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၆၁ ခုနှစ်၊ ပြည်ထောင်စုသတ္တုတွင်းများနှင့် သတ္တုများ အက်ဥပဒေ၊ ပုဒ်မ ၇ နောက်တွင် အောက်ပါကို ပုဒ်မ ၇-က အဖြစ် ထည့်သွင်းရမည်။

> ''၇-က။ ။ပြည်သူ့ တော်တွင်း လုပ်ငန်းသည်၊ သတ္တုရှာစမ်းမှု (Exploration)၊ သို့မဟုတ် ရှာဖွေမှု (Prospecting)၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှု (Mining) ပြုလုပ်ရာ၌ အဆိုပါ စူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှုနှင့် သက်ဆိုင်သည့် တရားဥပဒေများပါ လိုအပ်ချက်များမှ ကင်းလွတ်စေရမည်။ သို့ရာတွင် ထိုတရားဥပဒေများတွင် ပါရှိသည့် အဆိုပါ စူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှုဆိုင်ရာ စနစ်တကျ လုပ်ငန်းဆောင်ရွက်မှု စည်းမျဉ်းသတ်မှတ်ချက်များ၊ ဘေးအန္တရာယ် ကာကွယ်ရေး ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။''

(ပုံ) ဗိုလ်စနေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

၁၃၃၁ ခုနှစ်၊ ပဌမဝါဆိုလပြည့်ကျော် ၁၁ ရက်၊
(၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်။)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၁ ခုနှစ်၊ ပဉ္စမဝါဆိုလပြည့်ကျော် ၁၁ ရက်။

(၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်။)

## ၁၉၆၉ ခုနှစ်၊ ရေနံဓါတ် ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊စည်းမျဉ်းသတ်မှတ်မှု)အက်ဥပဒေကိုပြင်သည့်ဥပဒေ

[၁၉၆၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဉက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၉ ခုနှစ်၊ ရေနံဓါတ် ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေကိုပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၇ ခုနှစ်၊ ရေနံဓါတ် ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေပုဒ်မ ၆ နောက်တွင် အောက်ပါကို ပုဒ်မ ၆-က အဖြစ် ထည့်သွင်းရမည်။

''၆-က။ ပြည်သူ့ရေနံလုပ်ငန်းသည် ရေနံဓါတ်စူးစမ်းမှု (Exploration)၊ သို့မဟုတ် ရှာဖွေမှု (Prospecting)၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှု (Mining) ပြုလုပ်ရာ၌ အဆိုပါ စူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှုနှင့် သက်ဆိုင်သည့် တရားဥပဒေများပါ လိုအပ်ချက်များမှ ကင်းလွတ်စေရမည်။ သို့ရာတွင် ထိုတရားဥပဒေများတွင် ပါရှိသည့် အဆိုပါ စူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှုဆိုင်ရာ စနစ်တကျ လုပ်ငန်းဆောင်ရွက်မှု စည်းမျဉ်းသတ်မှတ်ချက်များ၊ ဘေးအန္တရာယ် ကာကွယ်ရေး ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။''

(ပုံ) ဗိုလ်နေဝင်း၊

ဉက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

၁၃၃၁ ခုနှစ်၊ ပဉ္စမဝါဆိုလပြည့်ကျော် ၁၁ ရက်။

(၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်။)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး ကိုကို၊

အတွင်းဝန်၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊

(၁၉၆၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်။)

အောက်ပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့် ဥပဒေ

[၁၉၆၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၈။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်။ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့် ဥပဒေဟု ခေါ်တွင်ရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့အက်ဥပဒေပုဒ်မ ၂ နောက်တွင် အောက်ပါကို ပုဒ်မ ၂-က အဖြစ်ဖြင့် ထည့်သွင်းရမည်

ရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ဆိုင်ရာ သဘောတူစာချုပ်အသီးသီးပါ အပိုဒ်များတွင် ပြင်ဆင်ချက်များကို လက်ခံရန် အာဏာအပ်နှင်းခြင်း၊

"၂-က။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက အောက်ပါ ကိစ္စများအတွက် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရအား အာဏာ အပ်နှင်းနိုင်သည်။

(က) အပြည်ပြည်ဆိုင်ရာ ရံပုံငွေ အဖွဲ့က ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့ကဖြစ်စေ၊ အခါအားလျော်စွာ ဆုံးဖြတ်အတည်ပြုသည့် ရံပုံငွေအဖွဲ့စာချုပ် ပြင်ဆင်ချက်များ၊ သို့မဟုတ် ဘဏ်အဖွဲ့စာချုပ် ပြင်ဆင်ချက်များ ဆိုင်သင့်ရာရာကို လက်ခံရန်ကိစ္စ၊ ထို့ပြင်

(ခ) ထိုပြင်ဆင်ချက်များအရ၊ သက်ရောက်မည့် တာဝန်များ ဆောင်ရွက်မှု အပါအဝင် ထိုပြင်ဆင်ချက်များ အကျိုးသက်ရောက်စိမ့်သောငှါ လိုအပ်သည့် ဆောင်ရွက်မှု အရပ်ရပ်တို့ကို ပြုလုပ်ပေးရန်ကိစ္စ။"

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၃ နောက်တွင် အောက်ပါကို ပုဒ်မ ၃-က အဖြစ်ဖြင့် ထည့်သွင်းရမည်။

ရံပုံငွေအဖွဲ့မှ ဖန်တီးမည့် နိုင်ငံခြားသုံး သီးသန့်ငွေများကို ပြည်ထောင်စုဘဏ်က လက်ရှိထားနိုင်ခြင်း။

''၃-က။ ။အခြားတည်ဆဲ ဥပဒေတခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ အထူးငွေထုတ်ယူခွင့်များ (Special Drawing Rights) နှင့် အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့မှ ဖန်တီးမည့် နိုင်ငံခြားသုံး သီးသန့်ငွေ သဘောသက်ဝင်သည့် အခြားပစ္စည်းများကို ရယူရန်၊ မိမိ၏ သုံးစွဲငွေအတွက် ရံပုံငွေ တစိတ်တဒေသအဖြစ် လက်ရှိထားရန်၊ သို့မဟုတ် အသုံးပြုရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်အား ဤအက်ဥပဒေဖြင့် အခွင့်အာဏာအပ်နှင်းသည်။''

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်။
(၁၉၆၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်။)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊

(၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်။)

အောက်ပါ ဥပဒေကို ထုတ်ပြန် ကြေညာသည်။

# ၁၉၆၉ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

[၁၉၆၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄၄။]

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး ကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၉ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအကျိုးသက်ရောက်ရမည်။

၂။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနဝန်ကြီးသည်၊ အောက်ပါဇယားများတွင် ဖေါ်ပြထားသော သက်ဆိုင်ရာအသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်းသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၈ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

## အစိုးရဌာနများနှင့်ဌာနခွဲများ၏ အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတိ"ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| **ငွေလုံးငွေရင်းအသုံးစရိတ်** | | |
| မြန်ကြွားရေး .... .... | ၅,၀၀၀ | ၁၀ |
| ကာကွယ်ရေး .... .... | ၁,၀၀,၀၀,၀၀၀ | ၂၀ |
| ပညာရေး .... .... | ၂၀,၃၂,၇၀၀ | ၆၀ |

# အစိုးရဌာနများနှင့်ဌာနခွဲများ၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | ''စတီ''ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ငွေလုံးငွေရင်းအသုံးစရိတ်။ ။အဆုံး | | |
| လယ်ယာစိုက်ပျိုးရေး နှင့် သစ်တောရေး | ၆၅,၃၄,၇၂၀ | ၆၀ |
| လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး .... | ၁၅,၀၀၀ | ၁၀ |
| သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး။ | ၅၉,၇၄၀ | ၂၀ |
| ပြည်သူ့ လုပ်ငန်း နှင့် အိမ်ယာဆောက်လုပ်ရေး။ | ၉,၇၇,၃၉၀ | ၅၀ |
| ရင်းနှီးမြှုပ်နှံငွေအသုံးစရိတ် | | |
| ပုဂ္ဂလိကပိုင်လုပ်ငန်းများ နိုင်ငံပိုင်ပြုလုပ်သည့်အတွက် ကုန်ကျငွေ။ | ၁၂,၆၀,၁၀၀ | ၁၀ |
| အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများနှင့် ၎င်းတို့က ထုတ်သော အာမခံစာချုပ်များတွင် ရင်းနှီး မြှုပ်နှံငွေများ။ | ၅၀,၉၅,၂၄၀ | ၁၀ |
| ပေါင်း .... | ၃,၃၃,၇၉,၀၉၀ | ၂၅၀ |

# ပြည်နယ်များ၏ အသုံးစရိတ်စာရင်း

| ပြည်နယ်များ၏အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတီ"ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ငွေလုံးငွေရင်းအသုံးစရိတ် | | |
| ကော့သူးလေ .... .... | ၂၉,၉၀၀ | ၂၀ |
| ပေါင်း .... | ၂၉,၉၀၀ | ၂၀ |

## အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ် စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတီ"ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| **သာမန်အသုံးစရိတ်** | | |
| ဟံသာဝတီသတင်းစာတိုက် .... | ၅,၆၀,၀၀၀ | ၅,၆၀,၀၀၀ |
| မြန်မာ့အလင်းသတင်းစာတိုက် .... | ၄,၀၀,၀၀၀ | ၄,၀၀,၀၀၀ |
| ပြည်သူပိုင်ပြုလုပ်သည့် ရုပ်ရှင် လုပ်ငန်း ကွပ်ကဲအုပ်ချုပ်မှုအဖွဲ့။ | ၁,၈၀,၄၂,၂၀၀ | ၁,၈၀,၄၂,၂၀၀ |
| ပြည်သူပိုင်ပုံနှိပ်တိုက်နှင့် ပုံနှိပ်လုပ်ငန်း များ ကွပ်ကဲအုပ်ချုပ်မှုအဖွဲ့။ | ၁၁,၆၀,၀၀၀ | ၁၁,၆၀,၀၀၀ |
| ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့ .... | ၀,၆၆,၀၀၀ | ၁၀ |
| နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ .... | ၈၃,၁၇,၂၃၀ | ၂၀ |
| ပြည်သူပိုင် ပြုလုပ်သည့် စက်မှု လက် မှု လုပ်ငန်းများ။ | ၁၃,၆၁,၈၃,၅၀၀ | ၁၃,၆၁,၈၃,၅၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။ | ၄၅,၄၀,၀၀၀ | ၄၅,၄၀,၀၀၀ |
| ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့ .... | ၂,၀၀,၈၀၀ | ၁၀ |
| ပြည်သူပိုင်ပြုလုပ်သည့် သင်္ဘောလုပ်ငန်း ကွပ်ကဲအုပ်ချုပ်မှုအဖွဲ့။ | ၁၈,၀၃,၀၀၀ | ၁၈,၀၃,၀၀၀ |

## အစိုးရ လက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြား အဖွဲ့အစည်းများ၏ အသုံးစရိတ် စာရင်း။ ။အဆုံး

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတီ" ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| **ငွေလုံးငွေရင်းအသုံးစရိတ်** | | |
| စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း။ | ၃,၇၇,၄၉,၂၃၀ | ၃,၇၅,၈၄,၃၄၀ |
| မြန်မာနိုင်ငံ ကြယ် ငါး ပွင့် သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်း။ | ၂,၃၅,၂၀,၀၀၀ | ၂,၃၅,၂၀,၀၀၀ |
| ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။ | ၁၂,၅၃,၀၀၀ | ၁၂,၃၃,၀၁၀ |
| ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ .... | ၂,၀၀,၀၀,၈၃၀ | ၁,၉၃,၂၈,၆၇၀ |
| ပြည်ထောင်စု မြန်မာနိုင်ငံ မီးရထား အုပ်ချုပ်ရေးအဖွဲ့။ | ၇၄,၈၅,၀၀၀ | ၇၄,၈၅,၀၀၀ |
| ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။ | ၃,၀၄,၀၀၀ | ၃,၀၄,၀၀၀ |
| ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့။ | ၄,၆၉,၁၀၀ | ၁,၄၉,၁၁၀ |
| **ငွေရေးကြေးရေးအသုံးစရိတ်** | | |
| မြေယာ ကျေးလက်ကြီးပွါးတိုးတက်ရေး ကော်ပိုရေးရှင်း။ | ၆၅,၆၂,၅၀၀ | ၆၅,၆၂,၅၀၀ |
| စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း။ | ၂,၂၉,၁၆၀ | ၂၀ |
| ဓါတ်သတ္တု ပစ္စည်းရှာဖွေ ထုတ်လုပ်ရေး ကော်ပိုရေးရှင်း။ | ၃,၃၄,၁၈၀ | ၃,၃၄,၁၈၀ |
| ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ .... | ၁၀,၀၀,၀၀၀ | ၁၀,၀၀,၀၀၀ |
| ပေါင်း .... | ၂၇,၄၀,၆၇,၅၁၀ | ၂၆,၂၁,၈၉,၂၅၀ |

## အစိုးရ လက်အောက်ခံဒေသန္တရ အဖွဲ့အစည်းများ၏ အသုံး စရိတ်စာရင်း

| အဖွဲ့အစည်းအမည် | | ခွဲဝေသည့်ငွေ | |
|---|---|---|---|
| | | နောက်ထပ်ခွင့်ပြုငွေ | "စတိ" ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | | ကျပ် | ကျပ် |
| <u>ငွေလုံးငွေရင်းအသုံးစရိတ်</u> | | | |
| စစ်တွေမြူနီစီပါယ်အဖွဲ့ | .... | ၁,၀၇,၅၂၀ | ၁၀ |
| လှိုင်လင်မြို့ကော်မီတီ | .... | ၃,၀၀,၀၀၀ | ၁၀ |
| ပေါင်း | .... | ၄,၀၇,၅၂၀ | ၂၀ |

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်။
(၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်။)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်။
(၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်။)

အောက်ပါဥပဒေကို ထုတ်ပြန်ကျေညာသည်။

## ၁၉၆၉ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၆၉ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၉ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်အကျိုးသက်ရောက်ရမည်။

၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီနှင့်လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏ ရငွေအားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေသို့ ထည့်သွင်း၍၊ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏အသုံးစရိတ်အားလုံးကို၊ တစုတပေါင်းတည်းသောပြည်သူ့ ဘဏ္ဍာရံပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ ။(၁) ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေး နှစ်အတွင်းတွင် စုစုပေါင်း ကျပ်ငွေ ခြောက်ရာကုဋေ အထိ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနဝန်ကြီးသည်၊ အစိုးရငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ ငွေချေးသောအခါ၊ မိမိသင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များကိုလည်းပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ချေးယူရရှိသော ငွေအားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေတွင်ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ရရှိသည့်ချေးငွေများအတွက်ပြန်ဆပ်ရန် ငွေရင်းနှင့် အတိုးကိုဖြင်း၊ ကုန်ကျသည့်စရိတ်ငွေများကိုဖြင်း တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှထုတ်ပေးရမည်။

၄။ ။အောက်ပါ ဇယား၏ ဇယားကွက် (၂) တွင် ဖော်ပြရာပါ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဘဏ္ဍာရေးကော်မီတီနှင့် ပုဂ္ဂိုလ် အသီးသီးသည်၊ မိမိနှင့် တပြေးတည်း ဖော်ပြထားသော အသုံးစရိတ်များ အတွက် ဆက်သက်၍ ဖော်ပြသည့် ငွေစုစုပေါင်းအထိ၊ တစုတပေါင်းတည်းသော ပြည်သူ့ ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း သုံးစွဲနိုင်သည်။

| အမှတ်စဉ် (၁) | တာဝန်ခံသည့် ကော်မီတီနှင့် ပုဂ္ဂိုလ်များ (၂) | အသုံးစရိတ်အမည် (၃) | စုစုပေါင်းငွေ (၄) | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား (၅) |
|---|---|---|---|---|
| | | | ကျပ် | |
(၂) သမဝါယမအသင်းများသည်၊ မှတ်ပုံတင်သည့် အမျိုးအစားအလိုက် အစိုးရကသတ်မှတ်သော စီးပွါးရေးလုပ်ငန်းများကို၊ သတ်မှတ်သော နယ်နိမိတ်အတွင်း လုပ်ဆောင်ကြရမည်။

(၃) သမဝါယမအသင်းများသည်၊ ၎င်းတို့လုပ်ဆောင်သည့် စီးပွါးရေးလုပ်ငန်းများတွင် အစိုးရက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားစာများကို လိုက်နာကြရမည်။

**လူမှုရေးလုပ်ငန်းများ။**

၂၅။ ။သမဝါယမအသင်းများသည်၊ အသင်း သားများ၊ အသင်း ဝန်ထမ်းများနှင့် ၎င်းတို့၏ အိမ်ထောင်သားစုများအတွက် သင့်လျော်သော လူမှုရေး ‘ပုဝ်ငန်းများကို အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၂၆။ ။သမဝါယမ အသင်းများသည်၊ အစိုးရ၏ ညွှန်ကြားမှုဖြင့် အသင်းသားများနှင့် အသင်း ဝန်ထမ်းများအား၊ အောက်တွင် ဖော်ပြသော ပညာရပ်များကို သင်ကြားပေးရမည်။

**ပညာပေးရေး။**

(၁) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဆိုရှယ်လစ် စီးပွါးရေးပညာ။

(၂) သမဝါယမပညာ။

(၃) စီးပွါးရေးလုပ်ငန်းပညာ။

(၄) စာရင်းအင်းပညာ။

၂၇။ ။(၁) အခြေခံသမဝါယမအသင်းများသည်၊ အသင်းသားဖြစ်နိုင်သူတိုင်းအား အသင်းသား ဖြစ်အောင် မြို့နယ် သမဝါယမ အသင်းများသည်၊ အသင်းဝင် ဖြစ်နိုင်သည့် အခြေခံ သမဝါယမ အသင်းတိုင်းအား အသင်းဝင်ဖြစ်အောင် ဗဟိုသမဝါယမ အသင်းသည်၊ အသင်းဝင်ဖြစ်နိုင်သည့် မြို့နယ်သမဝါယမအသင်းတိုင်းအား အသင်းဝင်ဖြစ်အောင် စည်းရုံးကြရမည်။

**စည်းရုံးရေး။**

(၂) သမဝါယမ အသင်းများသည်၊ အချင်းချင်း၊ ယိုင်းပင်း ကူညီကြရမည်။ ပူးပေါင်းလုပ်ဆောင်ကြရမည်။

(၃) သမဝါယမ အသင်းများသည်၊ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပြည်သူ့အလုပ်သမားကောင်စီ၊ ပြည်သူ့တောင်သူလယ်သမားကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုကို ခံယူသော အခြားအဖွဲ့အစည်းများနှင့် လိုသကဲ့သို့ ညှိနှိုင်း၍ ဆောင်ရွက်ကြရမည်။ လိုသည့်အကူအညီများကို တောင်းခံကြရမည်။

(၄) သမဝါယမ အသင်း များသည်၊ လုပ်ငန်း ဆောင်ရွက်ရာ၌ အစိုးရ၏ အဖွဲ့အစည်းများနှင့် သက်ဆိုင်သကဲ့သို့ ညှိနှိုင်း၍ သော်လည်းကောင်း၊ အကူအညီ တောင်းခံ၍သော်လည်းကောင်း လုပ်ဆောင်ကြရမည်။

(၅) အစိုးရသည်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက သတ်မှတ်သော မူများ၏ ဘောင်အတွင်း၊ သမဝါယမစိတ်ဓါတ်ကို တက်ကြွစေရန်၊ လှုပ်ရှားမှုအတွက် အသေးစိတ်မူများကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

၂၈။ ။သမဝါယမ အသင်းများသည်၊ အသင်းသားနှင့် အသင်းဝန်ထမ်းများက အောက်တွင် ဖော်ပြသော စည်းကမ်းများကို ထိန်းသိမ်းရန် သွန်သင်ကြရမည်။ စည်းကမ်းဖေါက်ဖျက်မှုများ မရှိရန်အတွက် ကြိုးကြပ်ကွပ်ကဲကြရမည်။

**စည်းကမ်းထိန်းသိမ်းရေး။**

(၁) ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများ၏ ပြဋ္ဌာန်းချက်များ။

(၂) မြန်မာ့ဆိုရှယ်လစ် စီးပွါးရေးနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များ။

(၃) နိုင်ငံ၏ အခြေခံတရားဥပဒေပြဋ္ဌာန်းချက်များ။

(၄) ရပ်ရွာစည်းကမ်းပြဋ္ဌာန်းချက်များ။

## အခန်း ၈

## သမဝါယမအသင်းများ၏ စာရင်းအင်းများနှင့် စာရွက်စာတမ်းများ

စာအုပ်များ၊ စာရွက်စာတမ်းများ။

၂၉။ ။သမဝါယမ အသင်းများသည်၊ နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများနှင့်အညီ၊ အောက်တွင် ဖော်ပြသည့် စာအုပ်၊ စာရွက်စာတမ်းများကို ထားရှိကြရမည်။

(၁) စာအုပ်များ။

(၂) မှတ်တမ်းများ။

(၃) စာတွဲများ။

(၄) ငွေစာရင်း၊ ပစ္စည်းစာရင်း၊ လူစာရင်းစသည်များ။

(၅) တန်ဘိုးတွက်စာရင်းများနှင့် တန်ဘိုးသုံးသပ်ချက်စာရင်းများ။

(၆) အများနှင့် သက်ဆိုင်သည့် စာရင်းအင်းများ။

ငွေစာရင်း၊ ပစ္စည်းစာရင်း ခေါင်းစဉ်များ။

၃၀။ ။သမဝါယမ အသင်း များသည်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများနှင့်အညီ၊ ငွေစာရင်း ခေါင်းစဉ်များနှင့် ပစ္စည်းစာရင်း ခေါင်းစဉ်များကို ထားရှိကြရမည်။

စာရင်းချုပ်များ၊

၃၁။ ။သမဝါယမ အသင်းများသည်၊ နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများနှင့်အညီ၊ သတ်မှတ်သည့်ကာလအတွက် သတ်မှတ်သည့် စာရင်းချုပ်နှင့် အစီရင်ခံစာများကို ပြုလုပ်၍ သတ်မှတ်သည့်ဌာနများသို့ တင်ပို့ကြရမည်။

စာရင်းအင်းများ။

၃၂။ ။သမဝါယမအသင်းများသည်၊ အသင်း၏ လုပ်ငန်းစီမံရေးအတွက် သမဝါယမ အသင်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများအရ၊ စာရင်းအင်းများကို ပြုလုပ်ကြရမည်။

၎င်းစာရင်းအင်းများအရ၊ လုပ်ငန်းစီမံရေးကို လုပ်ဆောင်ကြရမည်။

# အခန်း ၉

## သမဝါယမအသင်းများအား ကြီးကြပ်ကွပ်ကဲရေး

သမဝါယမအသင်းအတွင်း ကြီးကြပ်ကွပ်ကဲခြင်း။

၃၃။ ။(၁) သမဝါယမအသင်း၏ ဝန်ထမ်းများအား အသင်း၏ သက်ဆိုင်ရာ လုပ်ငန်းကို၊ တာဝန်ခံလုပ်ကိုင်ရသူများက ကြီးကြပ်ကွပ်ကဲရမည်။

(၂) သမဝါယမအသင်းများ၏ လုပ်ငန်းများကို တာဝန်ခံလုပ်ကိုင်ရသူများအား သက်ဆိုင်ရာအခြားကော်မီတီ၊ သို့မဟုတ် လုပ်ငန်းအဖွဲ့က ကြီးကြပ်ကွပ်ကဲရမည်။

(၃) သမဝါယမအသင်းများ၏အခြားကော်မီတီများနှင့် လုပ်ငန်းအဖွဲ့များကို အမှုဆောင် ကော်မီတီက ကြီးကြပ်ကွပ်ကဲရမည်။

(၄) သမဝါယမ အသင်းများ၏ အမှုဆောင်ကော်မီတီများနှင့် လုပ်ငန်းအားလုံးကို သင်းလုံးကျွတ်အစည်းအဝေး၊ သို့မဟုတ် ကောင်စီများက ကြီးကြပ်ကွပ်ကဲရမည်။

သမဝါယမ အသင်း အချင်းချင်း ကြီးကြပ်ကွပ်ကဲခြင်း။

၃၄။ ။(၁) အခြေခံ သမဝါယမအသင်းများနှင့် အခြေခံသမဝါယမအသင်းစုများကို မြို့နယ်သမဝါယမအသင်းက ကြီးကြပ်ကွပ်ကဲရမည်။

(၂) မြို့နယ်သမဝါယမ အသင်းများနှင့် မြို့နယ်သမဝါယမ အသင်းစုများကို ဗဟိုသမဝါယမ အသင်းက ကြီးကြပ်ကွပ်ကဲရမည်။

အစိုးရက ကြီးကြပ်ကွပ်ကဲခြင်း။

၃၅။ ။အစိုးရသည်၊ သမဝါယမအသင်းအားလုံးကို ကြီးကြပ်ကွပ်ကဲရမည်။ အထူးသဖြင့် အောက် တွင် ဖော်ပြသည့် အချက်များကို ဆောင်ရွက်ရမည်။

(၁) သမဝါယမအသင်းများ၏ စည်းရုံးရေး၊ ပညာပေးရေး၊ စီးပွါးရေး၊ လူမှုရေးလုပ်ငန်းများ၊ စာရင်းအင်းများ၊ ပစ္စည်းများကိုစစ်ဆေးရမည်။ အရေးယူရန်ရှိသည်တို့ကို အရေးယူရမည်။ လိုသည့်အကြံဉာဏ်နှင့် အကူအညီများကို ပေးရမည်။

(၂) သမဝါယမအသင်းများ၏ကောင်စီတရပ်လုံးကိုသော်လည်းကောင်း၊ အမှုဆောင် ကော်မီတီတရပ်လုံးကို သော်လည်းကောင်း၊ အခြားကော်မီတီတရပ်လုံးကို သော်လည်းကောင်း၊ လုပ်ငန်းအဖွဲ့တရပ်လုံးကို သော်လည်းကောင်း၊ ကောင်စီဝင်တဦးကို သော်လည်းကောင်း၊ အမှုဆောင်ကော်မီတီဝင် တဦးကိုသော်လည်းကောင်း၊ အခြား ကော်မီတီဝင်တဦးကို သော်လည်းကောင်း၊ လုပ်ငန်းအဖွဲ့

ဝင်တဦးကို သော်လည်းကောင်း၊ ဝန်ထမ်းတဦးကို သော်လည်းကောင်း အကြောင်းအချက် ခိုင်လုံစွာရှိလျှင် အရေးယူနိုင်သည်၊ ထုတ်ပယ်နိုင်သည်၊ ၎င်းတို့၏နေရာတွင် အသစ်ရွေးချယ်ရန်စီစဉ်နိုင်သည်၊ သို့မဟုတ် အစားထိုး ခန့်ထားနိုင်သည်။

(၃) သမဝါယမ အသင်းသားတဦးအား အကြောင်းအချက်ခိုင်လုံလျှင်၊ အရေးယူနိုင်သည်၊ အသင်းမှထုတ်ပယ်နိုင်သည်။

(၄) အထက်ပုဒ်မခွဲ (၂) နှင့် (၃) အရ၊ အရေးယူခြင်းမပြုမီ သက်ဆိုင်သူများအား စွပ်စွဲချက်နှင့်စပ်လျဉ်း၍၊ ရှင်းလင်းချေပခွင့်ပေးရမည်။

## အခန်း ၁၀

### သမဝါယမအသင်းများ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၆။ ။မည်သည့်အသင်းမဆို၊ ဤဥပဒေအရ၊ သမဝါယမအသင်းမှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်၍၊ မှတ်ပုံတင် အမှတ်ရရှိသောအခါမှသာလျှင်—

အသိအမှတ်ပြုပုံ။

(၁) သမဝါယမအသင်းဟူသော အမည်နာမကို အသုံးပြုနိုင်သည်။

(၂) သမဝါယမအသင်းများ၏ ရပိုင်ခွင့်များကိုရရှိမည်။

၃၇။ ။သမဝါယမအသင်းများသည်၊ သတ်မှတ်သည့် လုပ်ငန်းများအပြင်၊ အောက်တွင် ဖေါ်ပြသောတာဝန်များကို ထမ်းဆောင်ကြရမည်။

တာဝန်များ။

(၁) သမဝါယမအသင်း ဝန်ထမ်းများအား၊ အစိုးရဝန်ထမ်းများနည်းတူ အခြေခံရပိုင်ခွင့်များကို ပေးကြရမည်။

(၂) သမဝါယမအသင်းများသည်၊ ၎င်းတို့၏လုပ်ငန်းများကို ဆောင်ရွက်ရာ၌၊ တဖက်တွင် သမဝါယမအသင်းသားနှင့် အသင်းဝင်များ၏အကျိုးကိုကြည့်ရှု၍၊ အခြားတဖက်တွင် သမဝါယမအသင်းများတွင် မပါဝင်သူများ၏အကျိုးကို မထိခိုက်အောင်ဆောင်ရွက်ကြရမည်။

(၃) သမဝါယမအသင်းသားများနှင့် အသင်းသား မဟုတ်သူများအတွင်း ပူးပေါင်းလုပ်ကိုင်လိုစိတ် ပြန့်ပွါးအောင် ဆောင်ရွက်ကြရမည်။

(၄) ဆိုရှယ်လစ်စီးပွါးရေးစံနစ် အထမြောက်အောင်မြင်အောင် ဆောင်ရွက်ကြရမည်။

၃၇။ ။(၁) သမဝါယမအသင်းများသည်၊ အောက်တွင်ဖော်ပြသောတာဝန်များမှ ကင်းလွတ်သည်။

ရပိုင်ခွင့်များ။

၁။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေက ပြဋ္ဌာန်းသည့်တာဝန်များ။

၂။ မှတ်ပုံတင်အက်ဥပဒေအရ၊ စာချုပ်စာတမ်းများကို မှတ်ပုံတင်ရသည့်တာဝန်များ။

၃။ တံဆိပ်ခေါင်းခွန်အက်ဥပဒေအရ၊ စာချုပ်စာတမ်းများအတွက် တံဆိပ်ခေါင်းခွန်ပေးရသည့်တာဝန်များ။

(၂) သမဝါယမ အသင်းများသည်၊ အောက်တွင် ဖော်ပြသည့်အတိုင်းဆောင်ရွက်ပိုင်ခွင့်ရှိကြသည်။

၁။ ကိုယ်ပိုင်တံဆိပ်တခုဖြင့် တရားဝင် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပိုင်ခွင့်။

၂။ စဉ်ဆက်မပြတ်ဆက်ခံနိုင်ခွင့်။

၃။ ပစ္စည်းများကို လက်ရှိထားပိုင်ခွင့်။

၄။ ပဋိညာဉ်စာချုပ်များကို ချုပ်ဆိုပိုင်ခွင့်။

၅။ တရားစွဲဆိုနိုင်ခွင့်နှင့် ခုခံချေပနိုင်ခွင့်။

၆။ အသင်းက ရရန်ရှိသော ကြွေးမြီများအတွက် အသင်းသား၊ သို့မဟုတ် အသင်းဝင်၏အစုငွေ၊ စုဆောင်းငွေနှင့် အခြားအကျိုးသက်ဆိုင်ခွင့်များအပေါ် ခုနှိမ်နိုင်ခွင့်၊ ရယူနိုင်ခွင့်။

(၃) သမဝါယမအသင်း၏ စာရင်းများကို အသင်းလုပ်ငန်းတာဝန်ခံက လက်မှတ်ရေးထိုးလျှင်၊ သို့မဟုတ် စာရင်းရှင်းလင်းဆဲဖြစ်ပါက စာရင်းရှင်း တာဝန်ခံက လက်မှတ်ရေးထိုးလျှင်၊ ၎င်းစာရင်းများသည်၊ တရားရုံးများတွင် တရားဝင်သက်သေခံဖြစ်စေရမည်။ စာရင်းနှင့်ပတ်သက်၍ စွပ်စွဲအရေးယူခြင်းခံရသူအားလည်း ဖြေရှင်းနိုင်ရန် အခွင့်အရေးပေးရမည်။

(၄) သမဝါယမအသင်း၏အသင်းသား၊ သို့မဟုတ် အသင်းဝင်၏ အစုငွေ၊ သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်ကို မည်သည့်တရားရုံးကမျှ ဝါရမ်းဖမ်းဆီးနိုင်ခွင့်မရှိ။

## အခန်း ၁၁

## သမဝါယမအသင်းသားများ၏ တာဝန်နှင့်ရပိုင်ခွင့်များ

၃၉။ ။သမဝါယမအသင်းသားတိုင်းသည်၊ အောက်တွင်ဖော်ပြသောတာဝန်များကို ထမ်းဆောင်ရမည်။

အသင်းသားများ၏ တာဝန်များ။

(၁) ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများကို လိုက်နာရမည်။

(၂) အသင်း၏ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(၃) အသင်းကပေးအပ်သည့် တာဝန်နှင့် လုပ်ငန်းများကို ထမ်းဆောင်ရမည်။

(၄) အသင်း၏ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

(၅) အစုငွေများကို၊ အပြည့်အဝထည့်ဝင်ရမည်။ ဤသို့ ထည့်ဝင်ရာ၌ ကိုယ်ပိုင်ငွေဖြင့်သာ ထည့်ဝင်ရမည်။

(၆) အသင်းအား ပေးရန်ငွေကို၊ အသင်းမှရရန်ငွေမှ နုတ်ယူခြင်းကိုလက်ခံရမည်။

(၇) အသင်းမှရရှိသော အခွင့်အရေးများကို အလွဲသုံးစားမပြုရ။

၄၀။ အသင်းသားများ၏ ရပိုင်ခွင့်များ။ (၁) သမဝါယမအသင်းသားတိုင်းသည်၊ အောက်တွင်ဖော်ပြသော ရပိုင်ခွင့်များကို ရရှိရမည်။

၁။ အသင်းမှရရှိသော အကျိုးခံစားခွင့်များကို၊ အချိုးကျကျ မျှတစွာရပိုင်ခွင့်။

၂။ ထည့်ဝင်ထားသော အစုငွေအထိသာ ပေးလျော်ပိုင်ခွင့်။

၃။ အမွေဆက်ခံသူအား၊ အသင်းတွင် မှတ်ပုံတင်ထားနိုင်ခွင့်။

၄။ အစုများကို တရားဝင်ပုဂ္ဂိုလ်အား လွှဲပြောင်းပေးပိုင်ခွင့်။

(၂) အခြားတည်ဆဲ တရားဥပဒေတခုခု၌ဖြစ်စေ၊ တရားဥပဒေကဲ့သို့ အကျိုးသက်ရောက်သော စာချုပ်စာတမ်းတခုခု၌ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ၊ ဤဥပဒေအရ၊ မှတ်ပုံတင်ထားသော သမဝါယမအသင်းတအသင်း၌၊ အသင်းသားတဦး၏အစုရှယ်ယာနှင့်အပေါင်းငွေ၊ သို့မဟုတ် အခြားအကျိုးခံစားခွင့်အားလုံးကို၊ အသင်းသားသေဆုံးသည့်အခါ အောက်တွင်ဖော်ပြသူတဦးသို့ လွှဲပြောင်းပေးအပ်နိုင်ရန်အလို့ငှါ၊ အမည်တင်သွင်းထားနိုင်သည်။

၁။ အသင်းသား၏ တရားဝင်ခင်ပွန်း၊ သို့မဟုတ် ဇနီးနှင့် ကလေးများ။

၂။ အသင်းသား၏ မိခင်၊ ဖခင်။

၃။ အသင်းသားအား မှီခိုအားထားခဲ့ရသည့်၊ သို့မဟုတ် ၎င်းအပေါ်၌ မှီခိုအားထားနေသည့် ဆွေမျိုးညာတိများနှင့် အခြားသူများ။

(၃) သမဝါယမအသင်းသားများ၏ ဆန္ဒမဲပေးပိုင်ခွင့်၊ အရွေးခံ ပိုင်ခွင့်နှင့် တာဝန်ထမ်းဆောင်ပိုင်ခွင့်များသည်၊ အစိုးရက နည်းဥပဒေများဖြင့် သတ်မှတ်ပေးသည့်အတိုင်း ဖြစ်သည်။

**အသင်းသားများ ရှိရမည့် အရည် အချင်းများကို အစိုးရက ပြဋ္ဌာန်းပိုင်ခွင့်။**

၄၁။ ။အစိုးရသည်၊ အခြေခံသမဝါယမအသင်းများ၏ အသင်းသားများနှင့် သမဝါယမအသင်း အဆင့်ဆင့်၏ကောင်စီ၊ အမှုဆောင်ကော်မီတီ၊ အခြားကော်မီတီ၊ လုပ်ငန်းအဖွဲ့ဝင်များ ရှိရမည့်အရည်အချင်းများကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

## အခန်း ၁၂

## သမဝါယမအသင်း ဝန်ထမ်းများ

**ဝန်ထမ်းများ ခန့်ပိုင်ခွင့်။**

၄၂။ ။(၁) သမဝါယမ အသင်းများသည်၊ အသင်း၏ လုပ်ငန်းများကို လုပ်ဆောင်ရန်၊ အသင်းဝန်ထမ်း အစားစားကို ခန့်ထားနိုင်သည်။

(၂) အစိုးရသည်၊ သမဝါယမအသင်းများတွင် လိုသည့်ဝန်ထမ်းများကို ခန့်ထားနိုင်သည်။

**ဝန်ထမ်းများ၏ ရပိုင်ခွင့်များနှင့်စည်းကမ်းများ။**

၄၃။ ။သမဝါယမအသင်းဝန်ထမ်းများ၏ ရပိုင်ခွင့်များနှင့် စည်းကမ်းများသည်၊ အစိုးရကအခါအားလျော်စွာ ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်ရမည်။

## အခန်း ၁၃

## သမဝါယမအသင်းများအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**စာရင်းရှင်းရန် အကြောင်း။**

၄၄။ ။သမဝါယမ အသင်းတသင်းအား၊ အောက်တွင် ဖော်ပြသည့် အကြောင်းတခုခုကြောင့်၊ စာရင်းရှင်းနိုင်သည်။

(၁) အစိုးရက အခါအား လျော်စွာ သတ်မှတ်သည့် အသင်းသား၊ သို့မဟုတ် အသင်း ဝင် ဦး ရေ မပြည့်ခြင်း။

(၂) သမဝါယမ အသင်းတခုသည်၊ ပုဒ်မ ၃ နှင့် ၄ တွင် ဖော်ပြသော ဦးတည်ချက်နှင့် အခြေခံသဘောတရားများကို ဆန့်ကျင်၍ဆောင်ရွက်ခြင်း။

(၃) ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများကို အကြိမ်ကြိမ် ဖောက်ဖျက်ခြင်း၊

(၄) အစိုးရကသတ်မှတ်ပေးသည့်စီးပွါးရေးလုပ်ငန်းများကို လုပ်ဆောင်မှု မပြုခြင်း။

(၅) အစိုးရက သတ်မှတ်ပေးသည့် စီးပွါးရေးလုပ်ငန်းကို လုပ်ဆောင်သော်လည်း စံနစ်မကျခြင်း၊ မအောင်မြင်ခြင်း၊ ဆုံးရှုံးခြင်း၊ မ,တည်ရင်းနှီးငွေ မပြည့်စုံခြင်း၊ ကျွမ်းကျင်သည့်ဝန်ထမ်း မပြည့်စုံခြင်း။

(၆) သင်းလုံးကျွတ်အစည်းအဝေး၊ သို့မဟုတ် ကောင်စီအစည်းအဝေးက အညီအညွတ်ဆုံးဖြတ်၍၊ စာရင်းရှင်းပေးရန် တောင်းဆိုခြင်း။

(၇) အစိုးရက အကြောင်းအမျိုးမျိုးကြောင့်၊ စာရင်းရှင်းသင့်သည်ဟု ဆုံးဖြတ်ခြင်း။

**စာရင်းရှင်းတာဝန်ခံ ခန့်ထားခြင်း။**

၄၅။ ။(၁) အစိုးရသည်၊ သမဝါယမအသင်း တသင်းအား၊ စာရင်းရှင်းရမည်ဟု အမိန့်ချမှတ်သည်နှင့် တပြိုင်တည်း၊ စာရင်းရှင်း တာဝန်ခံကို တပါတည်းခန့်အပ်ရမည်။

(၂) စာရင်းရှင်းတာဝန်ခံသည်၊ ဤဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာများအရသော်လည်းကောင်း၊ အခြားဥပဒေနှင့် အခြားနည်းဥပဒေများအရသော်လည်းကောင်း၊ အစိုးရ၏ညွှန်ကြားစာများအရသော်လည်းကောင်း ပေးအပ်သည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရရှိရမည်။

**တရားမကြောင်း အရ၊ တရားစွဲဆိုမှုကိုပိတ်ပင်ခြင်း။**

၄၆။ ။(၁) ဤဥပဒေအရ၊ သမဝါယမအသင်းကို စာရင်းရှင်းခြင်းနှင့် စပ်လျဉ်း၍၊ မည်သည့် တရားရုံးကမျှ အရေးယူပိုင်ခွင့် မရှိစေရ။

(၂) စာရင်းရှင်းတာဝန်ခံ ခန့်ထားပြီးဖြစ်သော သမဝါယမအသင်း အား၊ အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ၊ တရားစွဲဆိုခြင်း၊ အခြားနည်း အရေးယူခြင်း မပြုရ။

**စာရင်းရှင်း တာဝန်ခံ၏ အမိန့်များ။**

၄၇။ ။(၁) သမဝါယမအသင်း၏ စာရင်းရှင်း တာဝန်ခံက ချမှတ်သော အမိန့်များကို၊ သက်ဆိုင်သူများက လိုက်နာ ဆောင်ရွက်ရမည်။

(၂) ဤကဲ့သို့ဆောင်ရွက်ခြင်း မရှိလျှင်၊ ၎င်းအမိန့်ကို စီရင်ပိုင်ခွင့်ရှိသော တရားမရုံးက ချမှတ်သော ဒီကရီ ဖြစ်ဘိသကဲ့သို့ ဆောင်ရွက်ရမည့်အပြင်၊ အမိန့်အရတောင်းခံရမည့်ငွေကို၊ အခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ ရယူရမည်။

**သမဝါယမ အသင်းကို မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ခြင်း။**

၄၈။ ။သမဝါယမအသင်းကို စာရင်းရှင်းလင်းပြီးနောက်၊စာရင်းရှင်း တာဝန်ခံ၏နောက်ဆုံးအပြီးသတ် အစီရင်ခံစာ အပေါ်တွင် မူတည်၍၊ အစိုးရက အောက်တွင် ဖော်ပြသည့်အတိုင်း ဆောင်ရွက်နိုင်သည်။

(၁) သမဝါယမအသင်းအား၊ ဆက်လက် တည်ရှိသင့်သည်ဟု ဆုံးဖြတ်လျှင်၊ စာရင်း ရှင်းလင်းဖျက်သိမ်းရန် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်နိုင်သည်။

(၂) သမဝါယမအသင်းအား၊ ဆက်လက်တည်ရှိရန် မသင့်ဟု ဆုံးဖြတ်လျှင် သမဝါယမအသင်းကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည်။

## အခန်း ၁၄

## ပြစ်မှုများနှင့် ပြစ်ဒဏ်များ

**အသင်းအမှုဆောင်ကော်မီတီကစီရင်ပိုင်ခွင့်။**

၄၉။ ။(၁) ဤဥပဒေ၏ နောက်ဆက်တွဲ ဇယား ၁ တွင် ဖော်ပြသော ပြစ်မှုများကို၊ သက်ဆိုင်ရာ သမဝါယမ အသင်း၏ အမှုဆောင်ကော်မီတီက စီရင်၍၊ အစိုးရက အတည်ပြုရမည်။

(၂) သမဝါယမအသင်း၏ အမှုဆောင်ကော်မီတီသည်၊ ဇယား ၁ တွင် စာတိုင် ၁ ၌ ဖော်ပြသော အမှတ်စဉ်တခုစီတွင် စာတိုင် ၂ ၌ဖော်ပြသော ပြစ်မှုအတွက်၊ စာတိုင် ၃ ၌ ဖော်ပြသော ပြစ်ဒဏ်များကို တခုစီ သော်လည်းကောင်း၊ စုပေါင်း၍ သော်လည်းကောင်း ကျခံရန်စီရင်နိုင်သည်။

(၃) တချိန်တည်းတွင် ပြစ်မှု တခုထက်ပို၍ ကျူးလွန်လျှင်၊ နောက်ဆက်တွဲ ဇယား ၁ ၏ စာတိုင် ၃ ၌ ဖော်ပြသည့် ပိုမိုကြီးလေးသော ပြစ်ဒဏ်ကို၊ စီရင်ရမည်။

**ဒေသ တရားရုံးက စီရင်ပိုင်ခွင့်။**

၅၀။ ။(၁) ဤ ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၂ နှင့် ၃ တွင်ဖော်ပြသော ပြစ်မှုများတွင် ၅ နှစ်အထိထောင်ဒဏ် အပြစ်ပေးနိုင်သည့် ပြစ်မှုများကို၊ ဒေသ တရားရုံးက စီရင်နိုင်သည်။

(၂) အစိုးရသည်၊ လိုသည့်ဒေသတရားရုံးများကို ဖွဲ့စည်းပေးရမည်။

(၃) ဒေသတရားရုံး၏ စီရင်ချက်ကို မကျေနပ်လျှင်၊ အယူခံဝင်ခွင့် ရှိစေရန်၊ အယူခံအဖွဲ့များကို အစိုးရကလိုသကဲ့သို့ဖွဲ့စည်းပေးရမည်။

(၄) နိုင်ငံတော်တရားရုံးချုပ်သည်၊ဤဥပဒေ၏ နောက်ဆက်တွဲ ဇယား ၂ နှင့် ၃ တွင်ဖော်ပြသောပြစ်မှုများနှင့်စပ်လျဉ်း၍၊ ပြင်ဆင်စီရင်ပိုင်ခွင့် ရှိစေရမည့်အပြင်၊ ဒေသ တရားရုံးများနှင့် အယူခံအဖွဲ့များကို ကြီးကြပ်ကွပ်ကဲ ပိုင်ခွင့်လည်း ရှိရမည်။

(၅) ဤဥပဒေ၏နောက်ဆက်တွဲဇယား ၂ နှင့် ၃ အသီးသီး၏ စာတိုင် ၁ တွင် ဖေါ်ပြသော အမှတ်စဉ်တခုစီတွင်၊ စာတိုင် ၂ ၌ဖေါ်ပြသောပြစ်မှုအတွက်၊ စာတိုင် ၃ ၌ ဖေါ်ပြသော ပြစ်ဒဏ်များကို၊ တခုစီသော်လည်းကောင်း၊ စုပေါင်း၍ သော်လည်း ကောင်း ကျခံရန်စီရင်နိုင်သည်။

(၆) တချိန်တည်းတွင် ပြစ်မှု တခုထက်ပို၍ ကျူးလွန်လျှင်၊ နောက်ဆက်တွဲ ဇယား ၂ နှင့် ၃ အသီးသီး၏ စာတိုင် ၃ ၌ ဖေါ်ပြသည့် ဝိုမို ကြီးလေးသော ပြစ်ဒဏ်ကိုစီရင်ရမည်။

အထူး ရာဇဝတ်ရုံးက စီရင်ပိုင်ခွင့်။

၅၁။ ။(၁) ဤဥပဒေ၏ နောက်ဆက်တွဲဇယား ၂ နှင့် ၃ ၌ ဖေါ်ပြသော ပြစ်မှုများတွင် ၅ နှစ်အထက် ထောင်ဒဏ် အပြစ် ပေးနိုင်သည့် ပြစ်မှုများကို၊ အထူး ရာဇဝတ် ရုံးက စစ်ဆေး နိုင်သည်။

(၂) အစိုးရသည်၊ လိုသည့် အထူးရာဇဝတ်ရုံးများကို ဖွဲ့စည်းပေးရမည်။

(၃) ဤကဲ့သို့ ရာဇဝတ်ရုံးမှ စီရင်သော်လည်း၊ တရားမကြောင်းဖြင့် အရေးယူမှုကို ပိတ်ပင်ခြင်း မရှိစေရ။

အစိုးရကစီရင်ပိုင်ခွင့်။

၅၂။ ။(၁) ဤဥပဒေ၏ နောက်ဆက်တွဲဇယား ၄ တွင် ဖေါ်ပြသော ပြစ်မှုများအတွက် ငွေဒဏ်များကို အစိုးရက စီရင်ရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ငွေဒဏ်စီရင်ချက်သည်၊ စီရင်ပိုင်ခွင့်ရှိသည့်ရာဇဝတ်တရားရုံး၏ငွေဒဏ်စီရင်ချက်ဖြစ်ဘိသကဲ့သို့အကျိုးသက်ရောက်စေရမည်။

ဤဥပဒေအရသာ အရေးယူခြင်း။

၅၃။ ။ဤဥပဒေအရ ကျူးလွန် ဖေါက်ဖျက်သော ပြစ်မှု များကို၊ ဤ ဥပဒေအရသာလျှင် အရေးယူရမည်။

အခန်း ၁၅

<u>အထွေထွေ</u>

အရှယ်ရောက်သည့် အသက်။

၅၄။ ။အခြားတည်ဆဲ ဥပဒေများတွင်၊ မည်သို့ပင် ပါရှိစေကာမူ၊ ဤဥပဒေအရ မှတ်ပုံတင် ထားသည့် သမဝါယမ အသင်းများတွင် အသင်းသားအဖြစ်ဝင်ရောက် ခွင့်ကို ရရှိစေရန်၊ အရွယ်ရောက်သည့် အသက်သည်၊ ၁၆ နှစ်ဖြစ်စေရမည်။

အငြင်းပွါးမှုများ။

၅၅။ ။(၁) အစိုးရသည်၊ သမဝါယမ အသင်း များတွင်ဖြစ်ပွါးသော အငြင်းပွါးမှုများကို အပြီးသတ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

(၂) ဤအငြင်းပွါးမှု များကို၊ တရားရုံးက ဆုံးဖြတ်ပိုင်ခွင့်မရှိ။

(၃) အငြင်းပွါးမှု များနှင့် ပတ်သက်၍၊ အစိုးရ၏ဆုံးဖြတ် ချက်များကို၊ တရားရုံးတွင် အယူခံပိုင်ခွင့်မရှိ။

သမဝါယမ ဆိုသည့် စကားရပ်ကိုအသုံးပြုခြင်းမှ တားမြစ်ခြင်း။

၅၆။ ။သမဝါယမအသင်း စာရင်းတွင်မှတ်ပုံတင်ပြီး၍၊ မှတ်ပုံတင်အမှတ်ရရှိပြီးဖြစ်သောသမဝါယမအသင်းမှတပါး၊ "သမဝါယမ" ဆိုသည့်စကားရပ်၊ သို့မဟုတ် သမဝါယမဟု အဓိပ္ပါယ်သက်ရောက်သောအခြားဘာသာရပ်တခုခုဖြင့် ရေးသားထားသည့် စကားရပ်ကိုသော်လည်းကောင်း၊ အစိုးရက သတ်မှတ်ပေးသည့် သမဝါယမတံဆိပ်ကိုသော်လည်းကောင်း အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှအသုံးမပြုရ။

သမဝါယမအသင်းများကို ဥပဒေပြဋ္ဌာန်းချက်များမှကင်းလွတ်ခွင့်ပေးခြင်း။

၅၇။ ။အစိုးရသည်၊ သမဝါယမအသင်းတသင်းအား၊အကြောင်းအားလျော်စွာ ဤဥပဒေ၊ သို့မဟုတ် နည်းဥပဒေများတွင် ပေါ်ပြူသောပြဋ္ဌာန်းချက်တခုခုမှ သော်လည်းကောင်း၊ အများမှသော်လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

သမဝါယမ အသင်း၏ ဆောင်ရွက်ချက်များ ပျက်ပြယ်မှုမရှိခြင်း။

၅၈။ ။သမဝါယမ အသင်းတသင်းကိုဖွဲ့စည်းရာတွင် သော်လည်းကောင်း၊ ကောင်စီ၊ အမှုဆောင်ကော်မီတီ၊ အခြားကော်မီတီများနှင့် လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်းရာတွင်သော်လည်းကောင်း ချို့ယွင်းသည့် အကြောင်းတခုခုကြောင့်ဖြစ်စေ၊ ကောင်စီ၊ အမှုဆောင်ကော်မီတီ၊ အခြားကော်မီတီ၊ လုပ်ငန်းအဖွဲ့ဝင်တဦး အရည်အချင်းမပြည့်ဝသောကြောင့်ဖြစ်စေ၊ သမဝါယမအသင်း၏ ဆောင်ရွက်ချက်၊ ကောင်စီ၊ အမှုဆောင်ကော်မီတီ၊ အခြားကော်မီတီများနှင့်လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ချက်များသည်၊ ပျက်ပြယ်ခြင်းမရှိစေရ။

နည်းဥပဒေစသည်များ။

၅၉။ ။အစိုးရသည်၊ ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာ စသည်တို့ကိုထုတ်ပြန်နိုင်သည်။

လုပ်ထုံးလုပ်နည်းများ။

၆၀။ ။အစိုးရသည်၊ သမဝါယမအသင်း အမျိုးအစားအလိုက်၊ လုပ်ထုံးလုပ်နည်းများကို သတ်မှတ် ပေးနိုင်သည်၊ ပြင်ဆင်နိုင်သည်၊ ပယ်ဖျက်နိုင်သည်။

လုပ်ပိုင်ခွင့်လွှဲအပ်ခြင်း။

၆၁။ ။(၁) အစိုးရသည်၊ ဤဥပဒေပါရည်ရွယ်ချက်များကို အထမြောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် လိုသည့် အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်သည်။

(၂) အစိုးရသည်၊ နည်းဥပဒေနှင့် စည်းမျဉ်းဥပဒေများကို၊ ထုတ်ပြန်နိုင်ခွင့်မှတပါး၊ အခြားဤဥပဒေအရ လုပ်ပိုင်ခွင့်များကို၊ အဖွဲ့အစည်းတခု၊ သို့မဟုတ် ပုဂ္ဂိုလ်တဦးအားလွှဲအပ်နိုင်သည်။

(၃) ဤကဲ့သို့ လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းခံရသောအဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်သည်၊ လုပ်ငန်းတခုနှင့်ပတ်သက်၍ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို၊ အခြားအဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်အားထပ်မံလွှဲအပ်နိုင်သည်။

၆၂။ ။(၁) ၁၉၅၆ ခုနှစ်၊ သမဝါယမ အသင်းများအက်ဥပဒေကို၊ ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

၁၉၅၆ ခုနှစ်၊ သမဝါယမ အသင်းများ အက်ဥပဒေကိုရုပ်သိမ်းခြင်း။

(၂) ၁၉၅၆ ခုနှစ်၊ သမဝါယမအသင်းများ အက်ဥပဒေအရ တည်ထောင်ခဲ့သော သမဝါယမအသင်းများသည်၊ ဤဥပဒေအရ မှတ်ပုံတင်ထားသောအသင်းများဖြစ်ဘိသကဲ့သို့ ဆက်လက်တည်ရှိစေရမည်။ သို့သော် ဤဥပဒေအရပြဋ္ဌာန်းထားသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေများအရ၊ ပြန်လည်ဖွဲ့စည်းရမည်။ အဆိုပါအက်ဥပဒေအရ၊ အရေးယူဆဲဖြစ်သောကိစ္စအရပ်ရပ်ကိုလည်း၊ အဆိုပါအက်ဥပဒေပြဋ္ဌာန်းချက်များအရ ဆက်လက်အရေးယူရမည်။

(၃) ပုဒ်မခွဲ(၁)အရ၊ ရုပ်သိမ်းရာတွင် မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက် များသည်၊ အကျိုးသက်ရောက်စေရမည်။

# နောက်ဆက်တွဲဇယား ၁

## သမဝါယမအသင်းသားများ၏ပြစ်မှုများ

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၁ | သမဝါယမ အသင်းသားတဦးသည်၊ အသင်း၏ အစုငွေကို သတ်မှတ်သည့်အတိုင်း ထည့်ဝင်ရန်ပျက်ကွက်ခြင်း။ | ၁ | ပျက်ကွက်သည့် ကာလတွင် အသင်းသားအဖြစ်မှ ယာယီရပ်စဲခြင်း။ |
| ၂ | သမဝါယမ အသင်းသားတဦးသည်၊ အသင်း၏ အစုငွေကို၊ မိမိကိုယ်ပိုင်ငွေဖြင့် မဟုတ်ဘဲ၊ အခြားသူပိုင်ငွေဖြင့် ထည့်ဝင်ခြင်း။ | ၁<br>၂<br>၃ | ၎င်းကဲ့သို့ထည့်ဝင်သည့် ငွေကို၊ အသင်းပိုင်အဖြစ် ပြုလုပ်ခြင်း။<br>၎င်းကဲ့သို့ထည့်ဝင်သည့် အသင်းသားကို၊ အသင်းမှထုတ်ပယ်ခြင်း။<br>၎င်းကဲ့သို့ထည့်ဝင်နိုင်ရန် ငွေပေးသူကိုအသင်းမှထုတ်ပယ်ခြင်း။ |
| ၃ | သမဝါယမ အသင်းသားတဦး၊ သို့မဟုတ် အသင်းဝန်ထမ်းတဦးသည်၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားစာတခုခုကို၊ သာမန်အားဖြင့် လိုက်နာရန် ပျက်ကွက်ခြင်း။<br>အသင်း၏ဆုံးဖြတ်ချက်များကို သာမန် အားဖြင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။<br>အသင်းကပေးအပ်သည့် တာဝန်နှင့် လုပ်ငန်းများကို သာမန်အားဖြင့် ထမ်းဆောင်ရန် ပျက်ကွက်ခြင်း။ | ၁<br>၂<br>၃<br>၄ | ပျက်ကွက်သည့်အတွက် အသင်းတွင် နစ်နာဆုံးရှုံးသော အကျိုး တန်ဘိုးအထိလျော်ကြေးကို သက်ဆိုင်ရာ ပျက်ကွက်သူက ပေးဆောင်ခြင်း။<br>ပျက်ကွက် သူ၏ အသင်းမှ တနှစ်အတွက် ရရန်ရှိသော အကျိုးဝေစုနှင့် ပြန်အမ်းငွေကို၊ အသင်းပိုင်ပြုလုပ်ခြင်း။<br>ကာလအပိုင်းအခြားဖြင့်အသင်းသားအဖြစ်မှယာယီရပ်စဲခြင်း။<br>၎င်းကဲ့သို့ပျက်ကွက်သည့်အတွက် အသင်း၌၊ နစ်နာဆုံးရှုံးမှုများပြားလျှင်၊ ရာဇဝတ်မှုအဖြစ်၊ ရဲစခန်းတွင် တိုင်ကြားခြင်း။ |

## နောက်ဆက်တွဲဇယား ၁။ ။အဆုံး

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် |
| --- | --- | --- |
| (၁) | (၂) | (၃) |
| ၄ | သမဝါယမအသင်းသားတဦး၊ သို့မဟုတ် အသင်းဝန်ထမ်းတဦးသည်၊ အကြောင်းအချက်ခိုင်လုံစွာ မရှိဘဲ၊ သို့မဟုတ် မမှန်ဘဲအသင်း၏ စည်းလုံးညီညွတ်မှုကိုနစ်နာ ပျက်စီးအောင် ပြောဆိုခြင်း၊ လုပ်ဆောင်ခြင်း။ ၎င်းကဲ့သို့ပြောဆိုလုပ်ဆောင်သည်ကို၊ အားပေးကူညီခြင်း။ | ၁ အသင်းသား အဖြစ်မှ ထုတ်ပယ်ခြင်း။<br>၂ အသင်းသား၏ အစုငွေ၊ စုဆောင်းငွေနှင့်အခြားအကျိုးခံစားခွင့်များကို၊ အသင်းမိုင်ပြုလုပ်ခြင်း။<br>၃ ရာဇဝတ်မှုအဖြစ် ရုံးခန်းတွင် တိုင်ကြားခြင်း။ |

# နောက်ဆက်တွဲဇယား ၂

## သမဝါယမအသင်း၏ လုပ်ငန်းနှင့်ပစ္စည်းများကို ကျူးလွန်မှုများ

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၁ | မိမိ၏ သမဝါယမ အသင်းပိုင် ပစ္စည်းများကိုခိုးယူ၊ ပျောက်ဆုံး၊ ပျက်စီး၊ လျော့နည်းဖိတ်စင်သည့်ကို၊ သိရှိသူက၊ အသင်းလုပ်ငန်း တာဝန်ခံ၊ သို့မဟုတ် ဝန်ထမ်း၊ သို့မဟုတ် အနီးဆုံး ပြည်သူ့ရဲစခန်းအား၊ အကြောင်းကြားရန်၊ သို့မဟုတ် လွှဲအပ်ရန် တာဝန်ရှိသော်လည်း၊ ဤကဲ့သို့ အကြောင်းကြားရန်၊ သို့မဟုတ် လွှဲအပ်ရန်ပျက်ကွက်ခြင်း။<br>ဤကဲ့သို့ ပျက်ကွက်သည်ကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃ | ၆ လအထိထောင်ဒဏ်၊<br>ကျပ် ၂၅၀ အထိငွေဒဏ်၊<br>ဆုံးရှုံးသည့် ပစ္စည်းတန်ဖိုး၏ ၃ ဆ အထိ လျော်ကြေး။ |
| ၂ | သမဝါယမအသင်းများကသာလျှင်၊ ဝယ်ယူ ရောင်းချရန်အတွက်၊ အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သော ပစ္စည်းများကို၊ ပုဂ္ဂလိကလုပ်ငန်းရှင်တဦး၊ သို့မဟုတ် ပုဂ္ဂလိက အဖွဲ့က ဝယ်ယူရောင်းချခြင်းကိုသိရှိ၍၊ မိမိကိုယ်တိုင် အရေးယူ ပိုင်ခွင့်ရှိလျက်၊ မိမိကိုယ်တိုင်အရေးယူရန် ပျက်ကွက်ခြင်း၊ သို့မဟုတ် အသင်းလုပ်ငန်း တာဝန်ခံအား တိုင်ကြားရန်ပျက်ကွက် | ၁<br>၂ | ၂ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၁,၀၀၀ အထိ ငွေဒဏ်။ |

## နောက်ဆက်တွဲဇယား ၂။ ။အဆက်

| နံပတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| | ခြင်း၊ သို့မဟုတ် ရဲစခန်းအား တိုင်ကြားရန်ပျက်ကွက်ခြင်း။<br>ထို့ပြင် အခြားသူ တဦးက အခွန်ရေး ယူရန် ပျက်ကွက်အောင်၊ သို့မဟုတ် အသင်းလုပ်ငန်းတာဝန်ခံအား တိုင်ကြားရန် ပျက်ကွက်အောင်၊ သို့မဟုတ် ရဲစခန်းအားတိုင်ကြားရန် ပျက်ကွက်အောင် ပြောဆိုခြင်း၊ လုပ်ဆောင်ခြင်း။ | | |
| ၃ | သမဝါယမအသင်းပိုင် ပစ္စည်းများကို၊ လက်ဝယ် ထားပိုင်ခွင့်၊ သိုလှောင်ပိုင်ခွင့်၊ ကြိတ်ခွဲပိုင်ခွင့်၊ထုပ်ပိုးပိုင်ခွင့်၊ ပြုပြင်မွမ်းမံပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်၊ သယ်ယူပိုင်ခွင့်၊ ကိုင်တွယ်တင်ချပိုင်ခွင့်၊ တရားဝင် ဖျက်ဆီးပိုင်ခွင့်မရှိဘဲ၊ လက်ဝယ်ထားခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ထုပ်ပိုးခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ရောင်းချခြင်း၊လွှဲပြောင်းခြင်း၊ သယ်ယူခြင်း၊ ကိုင်တွယ်တင်ချခြင်း၊ ဖျက်ဆီးခြင်း။<br>၎င်းကဲ့သို့ ပြုလုပ်သည်ကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br><br>၄ | ၃ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၁,၅၀၀ အထိငွေဒဏ်။<br>ဆုံးရှုံးသည့်ပစ္စည်းတန်ဘိုး၏ ၃ ဆအထိ လျော်ကြေး။<br>ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို၊ ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |

## နောက်ဆက်တွဲဇယား ၂။ ။အဆက်

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
| --- | --- | --- | --- |
| (၁) | (၂) | (၃) | |
| ၄ | သမဝါယမအသင်းပိုင် ပစ္စည်းများကို၊ လက်ဝယ်ထားခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ထုပ်ပိုးခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပိုးမွှား တိရစ္ဆာန် ကာကွယ်ခြင်း၊ လုံခြုံမှုများကို ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ သယ်ယူခြင်း၊ ကိုင်တွယ်တင်ချခြင်း၊ တရားဝင်ဖျက်ဆီးခြင်းနှင့် ပတ်သက်၍၊ သက်ဆိုင်ရာတို့က ပြုလုပ်ထားသည့် စည်းကမ်းချက်များကို၊ လိုက်နာလုပ်ဆောင်ရန် ပျက်ကွက်ခြင်း။<br>ဤကဲ့သို့ ပျက်ကွက်သည်ကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃ | ၃ နှစ်အထိထောင်ဒဏ်။<br>ကျပ် ၁,၅၀၀ အထိ ငွေဒဏ်၊<br>ဆုံးရှုံးသည့်ပစ္စည်းတန်ဘိုး၏ ၃ ဆအထိ လျော်ကြေး။ |
| ၅ | သမဝါယမအသင်းပိုင် ပစ္စည်းများကို၊ လိုသည်ထက်ပို၍ ပျက်စီးခြင်း၊ လျော့နည်းခြင်း၊ ဖိတ်စင်ခြင်း၊ ဆုံးရှုံးခြင်းမရှိအောင် သက်ဆိုင်ရာတို့၏ သတ်မှတ်သည့် စည်းကမ်းချက်များအရဖြစ်စေ၊ သာမန်အားဖြင့် ဆောင်ရွက်မြဲအတိုင်း၊ လုပ်ရိုးလုပ်စဉ်အားဖြင့် ဖြစ်စေ လုပ်ဆောင်ရန် ပျက်ကွက်ခြင်း။<br>ဤကဲ့သို့ ပျက်ကွက်သည်ကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃ | ၃ နှစ်အထိထောင်ဒဏ်။<br>ကျပ် ၁,၅၀၀ အထိငွေဒဏ်၊<br>ဆုံးရှုံးသည့်ပစ္စည်းတန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။ |

# နောက်ဆက်တွဲဇယား ၂။ ။အဆက်

| အမှတ်စဉ် | ဖြစ်မှု | ဖြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၆ | သမဝါယမအသင်းပိုင် ပစ္စည်းကို၊ ဥပဒေ ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂလိကပိုင်ပစ္စည်းအဖြစ် လွှဲပြောင်းခြင်း၊အခြားနည်းဖြင့် အလွဲသုံးစားပြုခြင်း။ ဤကဲ့သို့ အလွဲသုံးစားပြုထားကြောင်းကို၊ သိလျက်နှင့် လက်ခံခြင်း။ ဤကဲ့သို့ လုပ်ဆောင်မှုများကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br><br>၄ | ၅ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိငွေဒဏ်။<br>ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ဖြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |
| ၇ | သမဝါယမအသင်းပိုင် ပစ္စည်းများကို၊ တမင်ဖျက်ဆီးခြင်း၊ ဖျက်ဆီးရန်ကြိုးပမ်းခြင်း။ ဤကဲ့သို့ လုပ်ဆောင်မှုများကို၊ အားပေးကူညီခြင်း။ | ၁<br><br>၂<br>၃<br><br>၄ | အနည်းဆုံး ၅ နှစ်၊အများဆုံး ၁၀ နှစ်အထိထောင်ဒဏ်။<br>ကျပ် ၅,၀၀၀ အထိငွေဒဏ်။<br>ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ဖြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |
| ၈ | အမှတ်စဉ် ၇ တွင် ဖေါ်ပြသော ဖြစ်မှုများကို ကျူးလွန်ရာတွင် အခြား သော ပြည်သူပိုင် ပစ္စည်း၊သမဝါယမပိုင်ပစ္စည်း၊ အများပိုင် ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ပျက်စီးဆုံးရှုံးစေခြင်း၊ သို့မဟုတ် လူကို ထိခိုက်ဒဏ်ရာ ရစေခြင်း။ | ၁<br><br><br>၂<br><br>၃<br><br>၄ | အနည်းဆုံး ၅ နှစ်၊အများဆုံး တသက် တကျွန်း အထိ ထောင်ဒဏ်။<br>ကျပ် ၁၀,၀၀၀ အထိ ငွေဒဏ်။<br>ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ဖြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |

## နောက်ဆက်တွဲ ဇယား ၂။ ။အဆက်

| အမှတ်စဉ် | ဖြစ်မှု | ဖြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၉ | အမှတ်စဉ် ၇ တွင်ဖော်ပြသော ဖြစ်မှုများကို ကျူးလွန်ရာတွင် မီးလောင်စေခြင်း၊ သို့မဟုတ် လူကိုသေစေခြင်း။ | ၁<br>၂ | သေဒဏ်။<br>ကျူး လွန် သူ ပိုင်ဆိုင်သည့် ပစ္စည်းကိုပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |
| ၁၀ | သမဝါယမ အသင်းပိုင် ပစ္စည်း များကို ခိုးယူခြင်း၊ လိမ်လည် ရယူခြင်း၊ ချောက်လှန့် ရယူ ခြင်း။ ခိုးရန်၊ လိမ်လည် ရယူ ရန်၊ ချောက်လှန့် ရယူရန် ကြိုးပမ်းခြင်း။ ခိုး၍၊လိမ်လည် ၍၊ ချောက်လှန့်၍ ရရှိထား သည့်သမဝါယမ အသင်းပိုင် ပစ္စည်း များအား၊ ဤကဲ့သို့ ရရှိထားကြောင်း သိလျက်နှင့် လက်ခံခြင်း။<br>ဤကဲ့သို့ လုပ်ဆောင် မှုများကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br>၄ | ၅ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိငွေဒဏ်။<br>ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ဖြစ်မှုကျူးလွန်ရာတွင် အသုံး ပြုသည့် ပစ္စည်းကို ပြည်သူ ပိုင် အဖြစ် သိမ်းဆည်း ခြင်း။ |
| ၁၁ | အမှတ်စဉ် ၁၀ တွင် ဖော်ပြ သော ဖြစ်မှုများကို ကျူးလွန် ရာတွင် အခြားသော ပြည် သူပိုင်ပစ္စည်းများ၊သမဝါယမ အသင်းပိုင် ပစ္စည်းများ၊ အ များပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင် ပစ္စည်းကို ပျက်စီး ဆုံးရှုံး စေ ခြင်း၊ သို့မဟုတ် လူကိုထိခိုက် ဒဏ်ရာရစေခြင်း။ | ၁<br>၂<br>၃<br>၄ | အနည်းဆုံး ၅ နှစ်၊အများဆုံး ၁၀ နှစ် အထိ ထောင် ဒဏ်။<br>ကျပ် ၅,၀၀၀ အထိငွေဒဏ်။<br>ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ဖြစ်မှုကျူးလွန်ရာတွင် အသုံး ပြုသည့် ပစ္စည်းကို ပြည်သူ ပိုင် အဖြစ် သိမ်း ဆည်း ခြင်း။ |

# နောက်ဆက်တွဲ ဇယား ၂။ ။အဆက်

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၁၂ | အမှတ်စဉ် ၁၀ တွင် ဖော်ပြသော ပြစ်မှုများကို ကျူးလွန်ရာတွင် မီးလောင် စေခြင်း၊ သို့မဟုတ် လူကို သေစေခြင်း။ | ၁<br>၂ | သေဒဏ်။<br>ကျူး လွန်သူ ပိုင်ဆိုင် သည့် ပစ္စည်း ကို ပြည် သူ ပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| ၁၃ | သမဝါယမအသင်းပိုင် ပစ္စည်းများကို လုယက်ခြင်း၊ ဓါးပြတိုက်ခြင်း၊လုယက်ရန်၊ဓါးပြတိုက်ရန်ကြံ့း ပမ်း ခြင်း၊ လုယက်၍၊ဓါးပြတိုက်၍ရရှိသည့် သမဝါယမအသင်း ပိုင် ပစ္စည်း များအား၊ ဤကဲ့သို့ ရရှိကြောင်းကို သိလျက်နှင့် လက်ခံခြင်း။<br>ဤကဲ့သို့ လုပ်ဆောင်မှုများကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br>၄ | အနည်းဆုံး ၅ နှစ်၊ အများဆုံးတသက် တကျွန်း အထိ ထောင်ဒဏ်။<br>ကျပ် ၁၀,၀၀၀ အထိ ငွေဒဏ်။<br>ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းကိုပြည်သူပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| ၁၄ | အမှတ်စဉ် ၁၃ တွင် ဖော်ပြသောပြစ်မှုများကို၊ ကျူးလွန်ရာတွင် အခြားသောပြည်သူပိုင်ပစ္စည်းများ၊ သမဝါယမအသင်းပိုင် ပစ္စည်းများ၊ အများပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင် ပစ္စည်းများကို ပျက်စီးဆုံးရှုံး စေခြင်း၊ သို့မဟုတ် လူကို ထိခိုက် ဒဏ်ရာ ရစေခြင်း။ | ၁<br>၂<br>၃<br>၄ | အနည်းဆုံး ၅ နှစ်၊ အများဆုံးတသက် တကျွန်း အထိ ထောင်ဒဏ်။<br>ကျပ် ၁၀,၀၀၀ အထိ ငွေဒဏ်။<br>ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းကိုပြည်သူပိုင် အဖြစ် သိမ်း ဆည်းခြင်း။ |

## နောက်ဆက်တွဲဇယား ၂။ ။အဆက်

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၁၅ | အမှတ်စဉ် ၁၃ တွင် ဖေါ်ပြသော ပြစ်မှုများကို ကျူးလွန်ရာတွင် မီးလောင် စေခြင်း၊ သို့မဟုတ် လူကိုသေစေခြင်း။ | ၁<br>၂ | သေဒဏ်။<br>ကျူး လွန်သူ ပိုင်ဆိုင် သည့် ပစ္စည်းကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |
| ၁၆ | သမဝါယမ အသင်းပိုင် ပစ္စည်းများကို၊ အတု ပြုလုပ်ခြင်း၊ မူလအခြေပျက်အောင် ပြုလုပ်ခြင်း၊ အပ ပစ္စည်းများဖြင့် ရောနှောခြင်း၊ အခြားပစ္စည်းများကိုအစားထိုးခြင်း၊ အသင်းပိုင် ပစ္စည်း၏ တံဆိပ် အမှတ် အသားကို အတု ပြုလုပ်ခြင်း၊ လိမ်လည်သုံးစွဲခြင်း။<br>ဤကဲ့သို့ လုပ်ဆောင်မှု များကို အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br>၄ | ၅ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိ ငွေဒဏ်။<br>ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| ၁၇ | အမှတ်စဉ် ၁၆ တွင် ဖေါ်ပြသောပြစ်မှုများကို၊ ကျူးလွန်ခြင်းကြောင့်၊ လူ၏ ကျန်းမာရေးကို ထိခိုက်စေခြင်း၊ သမဝါယမ အသင်း၏ လုပ်ငန်းကို ထိခိုက်စေခြင်း။ | ၁<br>၂<br>၃<br>၄ | အနည်းဆုံး၅ နှစ်၊ အများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၅,၀၀၀ အထိ ငွေဒဏ်။<br>ထိခိုက်နစ်နာသည့်တန်ဘိုး၏ ၃ ဆအထိ လျော်ကြေး။<br>ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင် အဖြစ်သိမ်းဆည်းခြင်း။ |

## နောက်ဆက်တွဲဇယား ၂။ ။အဆက်

| အမှတ်စဉ် | ဖြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၁၈ | အမှတ်စဉ် ၁၆ တွင် ဖော်ပြသော ပြစ်မှုများကို၊ ကျူးလွန်ခြင်းကြောင့် လူကို သေစေခြင်း။ | ၁<br>၂ | သေဒဏ်။<br>ကျူး လွန် သူ ပိုင် ဆိုင် သည့် ပစ္စည်းကို ပြည် သူ ပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| ၁၉ | သမဝါယမအသင်းပိုင် ပစ္စည်းများနှင့် ပတ်သက်၍၊ လုပ်ပိုင်ခွင့်မရှိပါဘဲလျက်၊ လုပ်ပိုင်ခွင့်ရှိဟန် လိမ်လည်ခြင်း။ အသင်း၏တာဝန်ခံ၊ သို့မဟုတ် ဝန်ထမ်း အယောင် ဆောင်၍ လိမ်လည်ခြင်း။<br>ဤကဲ့သို့ လိမ်လည် သည်ကို၊ အားပေး ကူညီခြင်း။ | ၁<br>၂<br>၃<br>၄ | ၅ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိငွေဒဏ်။<br>ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိလျော်ကြေး။<br>ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| ၂၀ | သမဝါယမအသင်း၏ တံဆိပ်၊ စာရွက် စာတမ်းများ၊စာရင်းအင်းများကိုအတုပြုလုပ်ခြင်း၊ အစား ထိုးခြင်း၊ လိမ်လည်ပြုလုပ်ခြင်း၊ အလွဲ သုံးစားပြုခြင်း၊ အသင်း၏တာဝန်ခံ၊ သို့မဟုတ် ဝန်ထမ်း၏ လက်မှတ်ကိုအတုပြုလုပ်ခြင်း၊အလွဲ သုံးစား ပြုခြင်း။<br>ဤကဲ့သို့ လုပ်ဆောင်မှုများကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br>၄ | ၅ နှစ်အထိထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိငွေဒဏ်။<br>ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆ အထိလျော်ကြေး။<br>ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းကိုပြည်သူပိုင် အဖြစ်သိမ်းဆည်းခြင်း။ |

## နောက်ဆက်တွဲ ဇယား ၂။ ။အဆက်

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၂၁ | သမဝါယမအသင်း၏ လုပ်ငန်းကို၊ နှောင့်နှေးစေရန် သော်လည်းကောင်း၊ ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆုံးရှုံးစေရန်သော်လည်းကောင်း နှောင့်ရှက်ခြင်း။<br><br>ဤကဲ့သို့ နှောင့်ရှက် သည်ကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃<br><br>၄ | ၅ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိ ငွေဒဏ်။<br>ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆ အထိ လျော်ကြေး။<br>ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |
| ၂၂ | သမဝါယမ အသင်း၏ လုပ်ငန်းများနှင့်ပတ်သက်၍ သမဝါယမ အသင်း၏ လျှို့ဝှက်ချက်အဖြစ် သတ်မှတ် ပိတ်ပင် ထား ဆီး ထား သော အကြောင်း ကိစ္စ အချက်အလက်များကို သက်ဆိုင်ရာများ၏ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းနှင့် သက်ဆိုင်ခြင်း မရှိသော ပုဂ္ဂိုလ်တစ်စုံတစ်ယောက်အားဖြင်စေ၊ အဖွဲ့ အစည်းအားဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း နည်းအမျိုးမျိုးဖြင့်သတင်းပေးခြင်း။<br><br>ဤကဲ့သို့ လုပ်ဆောင် သည်ကို၊ အားပေးကူညီခြင်း။ | ၁<br>၂<br>၃ | ၅ နှစ်အထိ ထောင်ဒဏ်။<br>ကျပ် ၂,၅၀၀ အထိ ငွေဒဏ်။<br>လုပ်ငန်းဆုံးရှုံးမှုရှိလျှင် ဆုံးရှုံးသည့် လုပ်ငန်း တန်ဘိုး၏ ၅ ဆ အထိ လျော်ကြေး။ |

## နောက်ဆက်တွဲဇယား ၂။ ။အဆုံး

| အမှတ်စဉ် | ပြစ်မှု | ပြင်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၂၃ | သမဝါယမ အသင်းပိုင်၊ သို့မဟုတ် သမဝါယမ အသင်းက အသုံးပြုသော မြေနှင့် အဆောက်အဦအတွင်း၊ အရံအတားအတွင်း ရာဇဝတ်မှုများကို ကျူးလွန်ခြင်း။<br><br>ဤကဲ့သို့ ပြုလုပ်သည်ကို၊ အားပေးကူညီခြင်း။ | ၁ | ၃ နှစ်အထိ ထောင်ဒဏ်။ |
| | | ၂ | ကျပ် ၁,၅၀၀ အထိ ငွေဒဏ်။ |
| | | ၃ | ဆုံးရှုံးသည့် တန်ဘိုး၏ ၃ ဆအထိ လျော်ကြေး။ |
| | | ၄ | ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်း။ |

# နောက်ဆက်တွဲဇယား ၃

## သမဝါယမ အသင်းက ကျူးလွန်သည့် ပြစ်မှုများ

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| ၁ | တရားဥပဒေအရဖြစ်စေ၊ တရားရုံး၏ စီရင်ချက်အရ ဖြစ်စေ၊ စာချုပ်အရဖြစ်စေ၊ သဘောတူညီချက်အရဖြစ်စေ၊ ကတိအရ ဖြစ်စေ—<br>(၁) အသင်းက ပေးအပ်ရန်၊ လွှဲအပ်ရန်ရှိသည့်ပစ္စည်းများ ကို အကြောင်းအချက် မခိုင်လုံဘဲ သတ်မှတ်သည့်အတိုင်း အသင်းကပေးအပ်ရန်၊ လွှဲအပ်ရန် ပျက်ကွက်ခြင်း။<br>(၂) အသင်းက ဆောင်ရွက်ပေးရန် ရှိသည် တို့ကို အကြောင်းအချက်မခိုင်လုံဘဲအသင်းကဆောင်ရွက်ပေးရန် ပျက်ကွက်ခြင်း။ | ၁ | အသင်း၏တာဝန်ခံများနှင့်ဝန်ထမ်းများထဲမှ ပြစ်မှုအတွက် တာဝန်ရှိသူများ အတွက် ၃ နှစ်အထိ ထောင်ဒဏ်။ |
| | | ၂ | ပြစ်မှုအတွက် ဆုံးရှုံးသည့် တန်ဖိုး၏ ၃ ဆ အထိ လျော်ကြေးကို အသင်း၏ ဘဏ္ဍာမှ ကျခံစေခြင်း။ |
| | | ၃ | အသင်းအား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း။ |
| ၂ | တရားဥပဒေအရဖြစ်စေ၊ တရားရုံး၏ စီရင်ချက်အရ ဖြစ်စေ၊ စာချုပ်အရဖြစ်စေ၊ သဘောတူညီချက်အရဖြစ်စေ၊ ကတိအရဖြစ်စေ အသင်းက ပေးအပ်ရန်၊ လွှဲအပ်ရန် ရှိသည့် ပစ္စည်း များကို ပျက်အောင် ပြုလုပ်၍၊ သို့မဟုတ် အစားထိုး၍၊ သို့မဟုတ် အပိုပစ္စည်း | ၁ | အသင်း၏ တာဝန် ခံများနှင့် ဝန် ထမ်း များ ထဲ မှ ပြစ်မှု အတွက် တာဝန် ရှိသူများ အတွက် ၃ နှစ်အထိ ထောင် ဒဏ်။ |
| | | ၂ | ပြစ်မှုအတွက် ဆုံးရှုံးသည့်တန်ဖိုး၏ ၃ ဆ အထိ လျော်ကြေးကို အသင်း၏ဘဏ္ဍာမှ ကျခံစေခြင်း။ |

## နောက်ဆက်တွဲ ဇယား ၃။ ။အဆုံး

| အမှတ်စဉ် | ပြစ်မှု | ပြစ်ဒဏ် | |
|---|---|---|---|
| (၁) | (၂) | (၃) | |
| | များဖြင့် ရောနှော၍၊ သို့မဟုတ် အတုပြုလုပ်၍၊ သို့မဟုတ် လိမ်လည်၍ ပေးအပ်ခြင်း၊ လွှဲအပ်ခြင်း။ | ၃ | အသင်းအား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း။ |
| ၃ | အစိုးရက သတ်မှတ်ပေးသည့် လုပ်ငန်းများထက် ကျော်လွန်၍ အစိုးရ၏ခွင့်ပြုချက် မရှိဘဲ အသင်းက လုပ်ဆောင်ခြင်း။ | ၁ | အသင်း၏တာဝန်ခံများနှင့်ဝန်ထမ်းများထဲမှ ပြစ်မှု အတွက် တာဝန် ရှိသူများ အတွက် ၃ နှစ်အထိ ထောင်ဒဏ်။ |
| | | ၂ | ပြစ်မှုအတွက် ဆုံးရှုံးသည့်တန်ဘိုး၏ ၃ ဆအထိ လျော်ကြေးကို အသင်း၏ဘဏ္ဍာမှ ကျခံစေခြင်း။ |
| | | ၃ | အသင်းအား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း။ |
| ၄ | အစိုးရက ပိတ်ပင် ထားသည့် လုပ်ငန်းများကိုအသင်းအနေဖြင့် လုပ်ကိုင်ခြင်း၊ ပြည်သူပိုင် ပစ္စည်းများကို အသင်းအနေဖြင့် တရားဥပဒေနှင့်ဆန့်ကျင်၍ ရောင်းဝယ်ခြင်း၊ ပြည်သူပိုင် ပစ္စည်းများကို အသင်းအနေဖြင့် အလွဲသုံးစား ပြုခြင်း၊ အသင်း အနေဖြင့် ပစ္စည်းများကို နိုင်ငံခြားတိုင်းပြည် များသို့ ခိုးထုတ်ခြင်း၊ နိုင်ငံခြား တိုင်း ပြည် များမှ ခိုးသွင်းခြင်း။ | ၁ | အသင်း၏တာဝန်ခံများနှင့်ဝန်ထမ်းများထဲမှ ပြစ်မှုအတွက်၊ တာဝန် ရှိသူများ အတွက် အနည်းဆုံး ၁၀ နှစ် အထိ ထောင်ဒဏ်၊ အများဆုံး သေဒဏ်။ |
| | | ၂ | အသင်းပိုင် ပစ္စည်းနှင့် ပြစ်မှုကျူးလွန်သူများ၏ ကိုယ်ပိုင် ပစ္စည်းများကို ပြည်သူပိုင် အဖြစ် သိမ်းဆည်းခြင်း။ |
| | | ၃ | အသင်းကို စာရင်း ရှင်း လင်း ဖျက်သိမ်းခြင်း။ |

# နောက်ဆက်တွဲ ဇယား ၄

## သမဝါယမ စကားရပ်ကို အလွဲသုံးစားပြုမှု

| အမှတ်စဉ် | ပြစ်မှု | | ပြစ်ဒဏ် |
|---|---|---|---|
| (၁) | (၂) | | (၃) |
| ၁ | သမဝါယမ အသင်း စာရင်းတွင် မှတ်ပုံတင်ပြီး၍ မှတ်ပုံတင်အမှတ် ရရှိပြီး ဖြစ်သော သမဝါယမ အသင်း မဟုတ်ပါဘဲ၊ သို့မဟုတ် အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ သမဝါယမ ဆိုသည့်စကားရပ်၊ သို့မဟုတ် သမဝါယမ ဟု အဓိပ္ပါယ် သက်ရောက်သော အခြားဘာသာရပ် တခုခုဖြင့် ရေးသားထားသည့် စကားရပ်ကို ဖြစ်စေ၊ အစိုးရက သတ်မှတ်ပေးသည့် သမဝါယမတံဆိပ်ကို ဖြစ်စေ အသုံးပြုခြင်း။ | ၁ | ကျပ် ၅၀၀ အထိ ငွေဒဏ်။ |
| | | ၂ | ဆက်လက်၍ ပြစ်မှု ကျူးလွန်လျှင် ကျူးလွန်သည့် ရက်တိုင်း အတွက် ကျပ် ၁၀၀ အထိ ငွေဒဏ်။ |

(ပုံ) စန်းယု၊
ဥက္ကဋ္ဌ (ကိုယ်စား)၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်။
(၁၉၇၀ ခုနှစ်၊ မေလ ၂၈ ရက်။)

အမိန့်အရ၊

(ပုံ) ဒု-ဗိုလ်မှူးကြီး ကြီးမြင့်၊
အတွင်းဝန် (ကိုယ်စား)၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့**

၁၃၃၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်။
(၁၉၇၀ ခုနှစ်၊ ဇွန်လ ၂၉ ရက်။)

**အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။**

# ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်များ ဥပဒေ။

[၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များ ဥပဒေဟု ခေါ်တွင်စေရမည်။

အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်။

(၂) ဤဥပဒေသည်။ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ဤဥပဒေ အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်တို့နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

အဓိပ္ပါယ်ဖော်ပြချက်။

(က) ''ကောင်စီ''ဆိုသည်မှာ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၃ (၁) အရ ဖွဲ့စည်းထားသော ''ပြည်ထောင်စု မြန်မာနိုင်ငံဆေးကောင်စီ''ကို ဆိုလိုသည်။

(ခ) ''မှတ်ပုံတင်အရာရှိ'' ဆိုသည်မှာ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၀ အရ ခန့်ထားသော ''မှတ်ပုံတင်အရာရှိ''ကို ဆိုလိုသည်။

(ဂ) ''သွားဘက်ဆိုင်ရာ ဆရာဝန်'' ဆိုသည်မှာ ဤ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ အမည်စာရင်း တွင် အမည် တင်သွင်း ခံရသူ သွားဘက်ဆိုင်ရာ ဆရာဝန်တဦးဦးကို ဆိုလိုသည်။

(ဃ) ''အမည်စာရင်း'' ဆိုသည်မှာ''ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ထားရှိသော ''သွားဘက် ဆိုင်ရာ ဆရာဝန်အမည်စာရင်း'' ကို ဆိုလိုသည်။

(င) ''သွားဘက်ဆိုင်ရာဆေးပညာ''ဆိုသည်မှာ သွားရောဂါများကို ဆေးဝါးဖြင့် ကုသသည့် အတတ်၊ ခွဲစိတ်ကုသသည့်အတတ်၊ သွားနုတ်ခြင်း၊ သွားဖါထေး ပြုပြင်ခြင်း၊ သွားတုတပ်ခြင်း အတတ်စသည့် သွားနှင့် စပ်ဆိုင်သော ခေတ်မှီလောကဓါတ်ပညာနှင့် ကိုက်ညီသည့် ဆေးပညာကို ဆိုလိုသည်။

(စ) ''စိစစ်ရေးဘုတ်အဖွဲ့'' ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ အမည်စာရင်း၌ အမည်တင်သွင်းရန် လျှောက်ထားသော လျှောက်လွှာများကို စိစစ်ရန် ဖွဲ့စည်းထားသော ဘုတ်အဖွဲ့ကို ဆိုလိုသည်။

**အမည်စာရင်း၌ အမည်တင်သွင်းရခြင်း။**

၃။ ။မည်သူမဆို၊ သွားဘက်ဆိုင်ရာဆေးပညာကိုအခကြေးငွေယူ၍ဖြင်စေ စေတနာဝန်ထမ်းဖြစ်စေ အသုံးချ ဆောင်ရွက်လုပ်ကိုင်လိုလျှင်၊ သို့မဟုတ် ဆက်လက်အသုံးချ ဆောင်ရွက်လုပ်ကိုင်လိုလျှင် သွားဘက်ဆိုင်ရာ ဆရာဝန် အမည်စာရင်းတွင် အမည်တင်သွင်းရမည်။

<u>ခြွင်းချက်။</u> ။(၁) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာအက်ဥပဒေပုဒ်မ ၁၆-က အရ ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်ရုံးရှိဆရာဝန်အမည်စာရင်းတွင်အမည်တင်သွင်းထားသူ ဆရာဝန်တဦးဦးအား အစိုးရက တာဝန်ပေးအပ်လျှင်၊ ထိုသူသည် သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်းတွင် အမည်မတင်သွင်းသော်လည်း သွားဘက်ဆိုင်ရာဆေးပညာကို အသုံးချဆောင်ရွက်လုပ်ကိုင်နိုင်သည်။

(၂) ရန်ကုန်မြို့၊ဆေးတက္ကသိုလ် (၁)၊သွားဘက်ဆိုင်ရာဆေးကောလိပ်မှ ချီးမြှင့်သော B.D.S. ဘွဲ့၊ သို့မဟုတ် ကောင်စီမှ အသိအမှတ်ပြုသည့် နိုင်ငံခြားတိုင်းနိုင်ငံများမှချီးမြှင့်သော L.D.S. ဘွဲ့ထက်နိမ့်ကျသည့်လက်မှတ်ရပုဂ္ဂိုလ်များ၊သို့မဟုတ် မည်သည့်လက်မှတ်မှမရှိသော်လည်း အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် သွားဘက်ဆိုင်ရာဆေးပညာကို အသုံးချဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့်ပုဂ္ဂိုလ်များသည်၊ သွားဘက်ဆိုင်ရာဆရာဝန်အမည်စာရင်းတွင် အမည်တင်သွင်းခွင့်မရှိစေရ။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးအား ကောင်စီမှ သတ်မှတ်ပေးသော လုပ်ပိုင်ခွင့် ဘောင်အတွင်း၌သာ ဆောင်ရွက်လုပ်ကိုင်စေရမည်။

**အမည်စာရင်း၌အမည်တင်သွင်းခွင့်ရှိသူများ။**

၄။ ။အောက်ပါ ပုဂ္ဂိုလ်များသည်၊ သွားဘက်ဆိုင်ရာ ဆရာဝန် အမည်စာရင်းတွင် အမည်တင်သွင်းရန်လျှောက်ထားခွင့်ရှိသည်။

(က) ရန်ကုန်မြို့၊ ဆေးတက္ကသိုလ် (၁)၊ သွားဘက်ဆိုင်ရာ ဆေးကောလိပ်မှ ချီးမြှင့်သော B.D.S. ဘွဲ့ရရှိသူများ။

(ခ) ကောင်စီမှ အသိအမှတ်ပြုသည့် နိုင်ငံခြားတိုင်းနိုင်ငံများမှ ချီးမြှင့်သော L.D.S. ဘွဲ့ထက်မနိမ့်ကျသည့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့၊ သို့မဟုတ် ဒီဂရီ ရရှိသူများ။

သွားဘက်ဆိုင်ရာ အလုပ်သင် ဆရာဝန် အဖြစ် အမှုထမ်းရန် လိုအပ်ခြင်း။

၅။ ။(၁) ရန်ကုန်မြို့၊ ဆေးတက္ကသိုလ် (၁)၊ သွားဘက်ဆိုင်ရာဆေးကောလိပ်မှ B.D.S ဘွဲ့ ရရှိသူများသည်၊ ရန်ကုန်မြို့၊ ဆေးတက္ကသိုလ် (၁)၊ သွားဘက်ဆိုင်ရာ ဆေးကောလိပ်တွင်ဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အခါကာလအားလျော်စွာ သတ်မှတ်ပေးသည့် ဆေးရုံတခုခုတွင်ဖြစ်စေ သွားဘက်ဆိုင်ရာအလုပ်သင်ဆရာဝန်အဖြစ် ၁ နှစ်တာမျှ အမှုထမ်းရွက်ကြပြီးမှသာ အမည်တင်သွင်းရန် လျှောက်ထားခွင့်ရှိသည်။

(၂) ကောင်စီမှ အသိအမှတ်ပြုသည့်နိုင်ငံခြား တိုင်းနိုင်ငံများမှ ချီးမြှင့်သောသွားဘက်ဆိုင်ရာဆေးပညာဘွဲ့၊ သို့မဟုတ်ဒီဂရီကို ရရှိလာသူများသည်၊ ကောင်စီမှလိုအပ်သည်ဟုယူဆလျှင်၊ ကောင်စီမှ သတ်မှတ်ပေးသော ကာလအပိုင်းအခြားအတွက် အထက်ပါအတိုင်း သွားဘက်ဆိုင်ရာ အလုပ်သင်ဆရာဝန်အဖြစ် အမှုထမ်းရွက်ရမည်။

အမည်စာရင်း၌အမည် တင်သွင်းရန် လျှောက်ထားခြင်း။

၆။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အမည်စာရင်း၌ အမည်တင်သွင်းခွင့်ရှိသူများသည်၊ ဤဥပဒေပါ ကိစ္စများအတွက်ပြုလုပ်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ပုံစံဖြင့်သတ်မှတ်သော အခကြေးငွေကိုပေးဆောင်၍၊ အမည်စာရင်း၌ အမည်တင်သွင်းခွင့်ရရန်၊ မှတ်ပုံတင်အရာရှိထံ လျှောက်လွှာများတင်သွင်းကြရမည်။

စိစစ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း၊

၇။ ။မှတ်ပုံတင်အရာရှိထံတင်သွင်းလာသော လျှောက်လွှာများကိုစိစစ်ရန်အတွက် စိစစ်ရေး ဘုတ်အဖွဲ့တဖွဲ့ကို ဖွဲ့စည်းပေးရမည်။ မှတ်ပုံတင်အရာရှိသည်၊ စိစစ်ရေးဘုတ်အဖွဲ့၏အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရမည်။

အမည်စာရင်း၌အမည် တင်သွင်းခြင်း။

၈။ ။(၁) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီ၍၊ စိစစ်ရေးဘုတ်အဖွဲ့မှကြံနှင်ပြီး၊ ကောင်စီမှလက်ခံအတည်ပြုသော လျှောက်လွှာရှင်၏အမည်ကို မှတ်ပုံတင်အရာရှိကသွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်းတွင် အမည်တင်သွင်းရမည်။

(၂) အမည်စာရင်း၌ အမည်တင်သွင်းခွင့်ရသူ၊ သွားဘက်ဆိုင်ရာဆရာဝန်တဦးသည်၊ အမည်၊ သို့မဟုတ် နေရပ်လိပ်စာပြောင်းလျှင်သော်၎င်း၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့၊ သို့မဟုတ် ဒီဂရီထပ်မံရရှိလျှင်သော်၎င်း၊ စိစစ်ရေးအဖွဲ့နှင့် ကောင်စီ၏အဘည်ပြုချက်ကို ရယူပြီး၊ မှတ်ပုံတင်အရာရှိသည်၊ အမည်စာရင်းကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်သည်။

**အမည်စာရင်း၌အမည်တင်သွင်းရန် ငြင်းပယ်ခြင်း။**

၉။ ။စီစစ်ရေးဘုတ်အဖွဲ့က အမည်စာရင်း၌အမည်တင်သွင်းရန် လျှောက်ထားသူ၏ အရည်အချင်းနှင့်စပ်လျဉ်း၍ ကြေနပ်မှုမရှိလျှင်သော်၎င်း၊ လျှောက်ထားသူသည်၊ အကျင့်စာရိတ္တချို့ယွင်းသည့်သဘော သက်ရောက်သော ပြစ်မှုတခုခုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်သော်၎င်း၊ ရူးသွပ်လျှင် သော်၎င်း၊ ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာ ကျင့်မိသွားပြုကျင့်ကြောင်း ယုတ္တိရှိသည့် အပြုအမူကို ကျူးလွန်လျှင်သော်၎င်း၊ လျှောက်ထားသူ၏အမည်ကိုသွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်းခြင်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အကျိုးစီးပွါးကို ထိခိုက်နစ်နာစေမည်ဟူ၍ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အကျိုးစီးပွါးအတွက် တစုံတရာ ဖြစ်ထွန်းဘွယ်ရာမရှိဟူ၍ဖြစ်စေ ယုံကြည်လျှင်သော်၎င်း ထိုလျှောက်ထားသူ၏ အမည်ကို သွားဘက်ဆိုင်ရာ ဆရာဝန် အမည်စာရင်း၌ ထာဝစဉ်၊ သို့မဟုတ်သတ်မှတ်သည့် အချိန်ကာလအပိုင်းအခြားအတွက် အမည်တင်သွင်းရန် ငြင်းပယ်နိုင်သည်။

**စီစစ်ရေး ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ကောင်စီသို့အယူခံပင်ခြင်း။**

၁၀။ ။(၁) မည်သူမဆို၊ မိမိ၏အမည်ကိုဖြစ်စေ၊ သွားဘက်ဆိုင်ရာ ဆေးပညာ အရည်အချင်းတခုခုကိုဖြစ်စေ စီစစ်ရေးဘုတ်အဖွဲ့က အမည်စာရင်းတွင် မရေးသွင်းလိုကြောင်း ငြင်းဆိုသည့် ဆုံးဖြတ်ချက်ကို မကျေနပ်လျှင်၊ ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

(၂) အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကောင်စီ၏ဆုံးဖြတ်ချက်သည်အဆုံးသတ်အပြီးအပြတ်ဖြစ်စေရမည်။

**အမည်စာရင်းကို ကောင်စီကပြင်ဆင်ခြင်း။**

၁၁။ ။အမည်စာရင်းတွင် ရေးသွင်းချက်တခုခုသည် လိမ်လည်၍သော်၎င်း၊ မှားယွင်း၍သော်၎င်း ပြုလုပ်ထည့်သွင်းထားသည်ဟု ကောင်စီအား ကြေနပ်အောင်သက်သေ ထင်ရှားပြခဲ့လျှင်၊ ကောင်စီသည်သင့်သည်ဟုထင်မြင်သည့်အတိုင်း၊ သက်ဆိုင်သူအား အကြောင်းကြားပြီးနောက်၊ ကန့်ကွက်ချက်များရှိလျှင်၊ ထိုကန့်ကွက်ချက်များကို စုံစမ်းစစ်ဆေးပြီးသည့်အခါ၊ ထိုရေးသွင်းချက်ကို အမည်စာရင်းမှထုတ်ပယ်ရန်၊ သို့မဟုတ်ပြင်ဆင်ရန် သင့်သည်ဟု ထင်မြင်လျှင်၊ ထိုသို့ထင်မြင်သည့်အတိုင်း အမိန့်ချမှတ်နိုင်သည်။

**အမည်စာရင်းမှထုတ်ပယ်ခြင်း။**

၁၂။ ။(၁) သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်းပြီးသူတဦးဦးသည်—

(က) သေဆုံးသွားလျှင်သော်၎င်း၊

(ခ) အကျင့်စာရိတ္တ ပျက်ပြားရာရောက်သည်ဟု ကောင်စီကက ထင်မြင်သည့်ပြစ်မှုဖြင့် တရားရုံးကပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်သော်၎င်း၊

(ဂ) ကောင်စီက နည်းလမ်းတကျ စုံစမ်းစစ်ဆေးပြီး နောက် (ထိုသို့စုံစမ်းစစ်ဆေးရာတွင်၊ ထိုသူသည်၊ ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ချေပအကြောင်း ပြခွင့်ရရှိပြီးဖြစ်လျက်) ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာကျင့်မိသွာပြုကျင့်ကြောင်း ကောင်စီက ဆုံးဖြတ်လျှင်သော်၎င်း၊

(ဃ) စိတ္တဇရောဂါစွဲကပ်လာလျှင်၊ သို့မဟုတ်တွေဝေထိုင်းမှိုင်းစေသော ဆေးစွဲသူဖြစ်လာလျှင်၊ သို့မဟုတ် နားမကြားသူ၊ ဆွံ့အသူ၊ မျက်မမြင်သူဖြစ်လာလျှင်၊ သို့မဟုတ် သွားဘက်ဆိုင်ရာ ဆေးပညာကိုမှန်ကန်စွာ အသုံးမချနိုင်အောင် ရောဂါဝေဒနာတခုခု စွဲကပ်လာလျှင်သော်၎င်း၊

(င) မိမိသဘောဆန္ဒ အလျှောက် အမည်စာရင်းမှ ပယ်ဖျက်ခွင့်ပြုရန်လျှောက်ထားလာလျှင်သော်၎င်း၊

(စ) သွားဘက်ဆိုင်ရာ ဆေးပညာကို အသုံးချဆောင်ရွက် လုပ်ကိုင်ခြင်းမပြုတော့လျှင်သော်၎င်း၊

ကောင်စီသည်၊ ထိုသူနှင့် ပတ်သက်သည့်ကိစ္စကို မှတ်ပုံတင်အရာရှိက တင်ပြသောကြောင့်ဖြစ်စေ၊ အခြားတနည်းကြောင့်ဖြစ်စေ သိရှိလျှင်၊ ထိုသူ၏အမည်ကို အမည်စာရင်းမှ ထာဝစဉ်၊ သို့မဟုတ် သတ်မှတ်သည့်အချိန်ကာလ အပိုင်းအခြားအတွက် အမည်စာရင်းမှထုတ်ပယ်ရန် အမိန့်ချမှတ်နိုင်သည်။

(၂) ပုဒ်မခွဲ ၁ (က) အရ၊ သေဆုံးကြောင်းသိရှိနိုင်ရန်အတွက်၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ စာရင်းအင်း မှတ်ပုံတင်အရာရှိတိုင်းသည်၊ သွားဘက်ဆိုင်ရာ ဆရာဝန်တဦးသေဆုံးကြောင်း တိုင်ချက်ကို ရရှိလျှင် ရရှိခြင်း၊ ထိုသို့သေဆုံးကြောင်း မိမိလက်မှတ်ရေးထိုးထားသော သက်သေခံလက်မှတ်ကို သေဆုံးသည့်အချိန်နှင့် နေရပ်ပါဖော်ပြလျက်၊ ဤဥပဒေတွင် အမိပ္ပါယ် ဖော်ပြထားသော မှတ်ပုံတင် အရာရှိထံပေးပို့ရမည်။

(၃) ပုဒ်မခွဲ ၁ (ဃ) အရ၊ ရောဂါဝေဒနာတခုခုစွဲကပ်သဖြင့်အမည်စာရင်းမှ ထုတ်ပယ်ခြင်းခံရသူ သွားဘက်ဆိုင်ရာ ဆရာဝန်တဦးသည်၊ ထိုရောဂါဝေဒနာ ပျောက်ကင်းကြောင်း သက်သေအထောက်အထား ခိုင်လုံစွာ ပြသနိုင်လျှင်၊ အမည်စာရင်း၌ ပြန်လည်အမည်တင်သွင်းနိုင်ခွင့်ရှိသည်။

(၄) ပုဒ်မခွဲ ၁ (စ) အရ၊ သွားဘက်ဆိုင်ရာ ဆရာဝန်တဦးသည်၊ သွားဘက်ဆိုင်ရာဆေးပညာကိုအသုံးချဆောင်ရွက်လုပ်ကိုင်ခြင်းမပြုတော့ဟုကြားသိရလျှင် ၎င်းအချက်ကို ထိုသူထံသို့ မှတ်ပုံတင် အရာရှိက စာဖြင့်ရေးသား မေးမြန်းရမည်။ ထိုသို့မေးမြန်းရာတွင် သွားဘက်ဆိုင်ရာ ဆေးပညာကို အသုံးချဆောင်ရွက် လုပ်ကိုင်ခြင်းမပြုတော့သည်မှာ မှန်ကန်ကြောင်း အကြောင်းပြန်ကြားချက် ရရှိလျှင်သော်၎င်း၊ ၆ လကြာသည့်တိုင်အောင် စောင့်ဆိုင်းသော်လည်း မည်သို့မျှ အကျိုးအကြောင်း ပြန်ကြားစာကိုမရရှိလျှင်သော်၎င်း ထိုသူ၏အမည်ကို အမည်စာရင်းမှထုတ်ပယ်ရမည်။

**အမည် စာရင်း တွင် ပြန်လည်အမည် တင်သွင်းခြင်း။**

၁၃။ ။ကောင်ဗီသည်၊ အမည်စာရင်းမှ ထုတ်ပယ်ထားသော ရေးသွင်းချက်မည်သည့်ကိုမဆို ပြန်လည်ရေးသွင်းရန်အမိန့်ချမှတ်နိုင်ခွင့်ရှိသည်။

**နှစ်စဉ်စာရင်း။**

၁၄။ ။(၁) မှတ်ပုံတင်အရာရှိသည်၊ နှစ်စဉ်ကောင်စီက၊ ဤကိစ္စအလို့ငှါ သတ်မှတ်ရမည့်နေ့ရက်တွင်ဖြစ်စေ၊ ထိုနေ့ရက်မတိုင်မီ ဖြစ်စေ အခါအားလျော်စွာ သွားဘက် ဆိုင်ရာ ဆရာဝန် အမည်စာရင်းကို မှန်ကန်စွာ ပုံနှိပ်ထုတ်ဝေရမည်။

(၂) တရားရုံး အသီးသီးသည်၊ ထိုနှစ်စဉ်စာရင်းများအနက်၊ နောက်ဆုံးစာရင်းတွင် အမည်ရေးသွင်းထားသူ အသီးသီးကို၊ မှတ်ပုံဝင် သွားဘက် ဆိုင်ရာ ဆရာဝန် ဟူ၍၎င်း၊ ထိုသို့ အမည် ရေးသွင်း မထားသူ အသီးသီးကို မှတ်ပုံဝင် သွားဘက် ဆိုင်ရာ ဆရာဝန် မဟုတ်ဟူ၍၎င်း မှတ်ယူ စေရမည်။ သို့ရာတွင် အဆိုပါ စာရင်းတွင် အမည်ပါသင့်သော်လည်း မပါသူတဦးဦးဖြစ်လျှင်၊ အမည်စာရင်းတွင် ထိုသူ၏အမည်ရေးသွင်းထားရှိကြောင်း မှတ်ပုံတင်အရာရှိက မှန်ကန်သည်ဟု ဝန်ခံလက်မှတ်ရေးထိုးသည့် သက်သေခံလက်မှတ်သည်၊ ထိုသူမှတ်ပုံဝင် သွားဘက် ဆိုင်ရာဆရာဝန်ဖြစ်ကြောင်း ထင်ရှားသည့် သက်သေခံဖြစ်စေရမည်။

**မှတ်ပုံဘင် မထားသူများမဆောင်ရွက်နိုင်သည့် ကိစ္စများ၊**

၁၅။ ။(၁) တရားဥပဒေအရလိုအပ်သည့်ဆေးလက်မှတ်မည်သည်ကိုမျှ မှတ်ပုံဝင်သွားဘက်ဆိုင်ရာဆရာဝန်က လက်မှတ်မရေးထိုးလျှင်၊ ထိုလက်မှတ်သည် မှတ်ပုံဝင် ဆရာဝန်ကပေးသော တရားဝင်ဆေးလက်မှတ်ဖြစ်သည်ဟု မမှတ်ယူရ။

(၂) မည်သူမျှမှတ်ပုံဝင် သွားဘက်ဆိုင်ရာ ဆရာဝန်မဟုတ်လျှင်၊ မိမိ၏ အမည်တွင် ''ဒေါက်တာ''၊ သို့မဟုတ် ''ဆရာဝန်'' "Dr." or "Doctor" ဟု ထည့်တပ်ခြင်းမပြုရ။

**အပြန်အလှန် အသိအမှတ် ပြုခြင်း။**

၁၆။ ။ကောင်စီသည်၊ မြန်မာနိုင်ငံ သွား ဘက် ဆိုင် ရာ ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့၊ ဒီဂရီများနှင့်နိုင်ငံခြားတိုင်းနိုင်ငံများမှသွားဘက်ဆိုင်ရာဆရာဝန်များ၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့၊ ဒီဂရီများကို အပြန် အလှန် အသိအမှတ် ပြုနိုင်သည်။

**ပြစ်ဒဏ်များ။**

၁၇။ ။(၁) မည်သူမဆို၊ သွားဘက်ဆိုင်ရာ ဆရာဝန် မဟုတ်ဘဲလျက် သွားဘက်ဆိုင်ရာ ဆရာဝန်ယောင်ဆောင်လျှင်၊ သို့မဟုတ် သွားဘက်ဆိုင်ရာ ဆရာဝန်တဦးကဲ့သို့ ပြုမူလုပ်ကိုင်လျှင်၊ ထိုသို့အယောင်ဆောင် ပြုမူလုပ်ကိုင်ခြင်းကြောင့် လူတဦးတယောက် အလိမ်ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ ငါးနှစ်မှဆယ်နှစ်အထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်း ဇီရင်ခြင်းခံရမည်။

(၂) မည်သူမဆို ပုဒ်မ ၃၊ သို့မဟုတ် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များကို ဆန့်လျှင်လျှင်၊ ငါးနှစ်မှ ဆယ်နှစ်အထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ် အပြင်၊ ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။

**အခကြေးငွေများကို စီမံခန့်ခွဲခြင်း။**

၁၈။ ဤဥပဒေအရကောက်ခံသောအခကြေးငွေအားလုံးကို၊ ကောင်စီမှ လက်ရှိကျင့်သုံးလျက်ရှိသော စည်းကမ်း နည်းလမ်းများ အတိုင်း အသုံးပြုရမည်။

**နည်းဥပဒေများ ပြုခြင်းနှင့်ညွှန်ကြားချက်များထုတ်ခြင်း။**

၁၉။ (၁) အစိုးရသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များအတိုင်းဆောင်ရွက်ရန်အလို့ငှါ အမိန့်ကြော်ငြာစာဖြင့် နည်းဥပဒေများပြုနိုင်သည်။

(၂) အစိုးရသည်၊ သို့မဟုတ် အစိုးရကလွှဲအပ်သောအဖွဲ့သည်၊ အထက်ပါ နည်းဥပဒေများနှင့် မဆန့်ကျင်သော ညွှန်ကြားချက်များကို ထုတ်နိုင်သည်။

(ပုံ) စန်းယု၊
ဥက္ကဋ္ဌ (ကိုယ်စား)၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

၁၃၃၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်။
(၁၉၇၀ ခုနှစ်၊ ဇွန်လ ၂၉ ရက်။)

အမိန့်အရ၊

(ပုံ) ဒု–ဗိုလ်မှူးကြီး ကြီးမြင့်၊
အတွင်းဝန် (ကိုယ်စား)၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

၁၃၃၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊
(၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၀ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ။

[၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၇၀ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအကျိုးသက်ရောက်ရမည်။

၂။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာန ဝန်ကြီးသည်၊ အောက်ပါဇယားများတွင် ဖော်ပြထားသော သက်ဆိုင်ရာ အသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာ ရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း သုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၉ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေး ဥပဒေ (၁၉၆၉ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၅) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲခြင်း အပြင်၊ နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**အစိုးရဌာနများနှင့် ဌာနခွဲများ၏ အသုံးစရိတ်စာရင်း**

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | ''စတိ''ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| **သာမန်အသုံးစရိတ်** | | |
| ကာကွယ်ရေး .... | ၂,၅၄,၀၀,၀၀၀ | ၂,၅၄,၀၀,၀၀၀ |
| **ငွေလုံးငွေရင်းအသုံးစရိတ်** | | |
| အမျိုးသားစီမံကိန်း .... | ၃၁,၄၉၀ | ၁၀ |
| ပညာရေး .... | ၆,၃၄,၀၀၀ | ၃၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး။ | ၂၃,၉၂,၀၀၀ | ၇၀ |
| သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး။ | ၂,၁၀,၆၉၀ | ၅၀ |
| ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေး။ | ၂,၁၁,၀၀၀ | ၁၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... | ၁,၂၆,၆၂,၀၀၀ | ၁,၂၆,၆၂,၀၀၀ |
| **ထောက်ပံ့ငွေ** | | |
| ထောက်ပံ့ငွေများ .... | ၁၂,၅၀,၀၀၀ | ၃၀ |
| **ပေါင်း** .... | ၄,၂၀,၀၀,၇၀၀ | ၃,၈၀,၆၃,၀၀၀ |

## မြည်နယ်များ၏အသုံးစရိတ်စာရင်း

| မြည်နယ်များ၏အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | ''စတီ''ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| **သာမန်အသုံးစရိတ်** | | |
| ကချင်ပြည်နယ် .... | ၁၃,၂၈,၁၁၀ | ၁၃,၂၈,၁၁၀ |
| ကော်သူးလေ .... | ၁,၁၉,၄၀၀ | ၁,၁၉,၄၀၀ |
| ပေါင်း .... | ၁၄,၄၇,၅၁၀ | ၁၄,၄၇,၅၁၀ |

## အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတိ"ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| **သာမန်အသုံးစရိတ်** | ကျပ် | ကျပ် |
| ပြည်သူ့ပုလဲနှင့်ငါးလုပ်ငန်းအဖွဲ့ | ၁၀,၉၁,၉၀၀ | ၂၀ |
| ရန်ကုန် ဆိပ်ကမ်း အုပ်ချုပ်ရေး အဖွဲ့။ | ၁၆,၁၁,၆၀၀ | ၁၀ |
| **ငွေလုံးငွေရင်းအသုံးစရိတ်** | | |
| ပြည် ထောင် စု မြန်မာ နိုင်ငံ အားကစားနှင့် ကာယပညာ ကော်မီတီ။ | ၆,၀၉,၁၀၀ | ၂၀ |
| မြေယာကျေးလက် ကြီးပွါးတိုး တက်ရေးကော်ပိုရေးရှင်း။ | ၆၅,၆၀၀ | ၂၀ |
| ပြည်သူ့ ပုလဲနှင့် ငါးလုပ်ငန်း အဖွဲ့။ | ၁,၃၇,၄၀၀ | ၁၀ |
| စက်မှု လက်မှု တိုးချဲ့ လုပ်ကိုင် ရေး ကော်ပိုရေးရှင်း။ | ၅,၂၀,၀၅,၉၆၀ | ၄,၄၀,၉၃,၉၀၀ |
| ပြည်သူပိုင်မြှုလုပ်သည့် စက်မှု လက်မှုလုပ်ငန်းများ။ | ၃၉,၄၀၀ | ၂၀ |
| ဓါတ်သတ္တုပစ္စည်း ရှာဖွေထုတ် လုပ်ရေးကော်ပိုရေးရှင်း။ | ၃၉,၀၀,၀၀၀ | ၂၀ |
| မြန် မာ နိုင် ငံ ကြယ် ငါး ပွင့် သင်္ဘောလုပ်ငန်းကော်ပိုရေး ရှင်း။ | ၇၁,၅၇,၀၀၀ | ၆၅,၅၇,၀၀၀ |

အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆုံး

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတိ"ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ငွေလုံးငွေရင်းအသုံးစရိတ်။ ။အဆုံး | | |
| ကုန်းလမ်း သယ်ယူပို့ဆောင်ရေးအဖွဲ့။ | ၁,၆၄,၆၅,၄၀၀ | ၁,၆၃,၄၀,၄၁၀ |
| ပြည်ထောင်စု မြန်မာနိုင်ငံ မီးရထား အုပ်ချုပ်ရေးအဖွဲ့။ | ၄,၄၇,၀၀၀ | ၁၀ |
| ပြည်ထောင်စု မြန်မာနိုင်ငံ လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့။ | ၁၅,၅၀,၃၀၀ | ၂၀ |
| အိုးအိမ်အဖွဲ့ .... | ၃,၀၀,၀၀၀ | ၁၀ |
| ငွေရေးကြေးရေးအသုံးစရိတ် | | |
| ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်။ | ၃၂,၀၀,၀၂,၉၀၀ | ၂၀ |
| ပေါင်း .... | ၄၀,၆၁,၀၃,၅၆၀ | ၆,၆၉,၉၁,၅၀၀ |

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ။

ရန်ကုန်မြို့၊ ၁၃၃၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊
(၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်။)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့၊

# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၁ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၇၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅၊]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၇၁ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်အကျိုးသက်ရောက်ရမည်။

၂။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီနှင့်လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏ ရငွေအားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေသို့ ထည့်သွင်း၍၊ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏အသုံးစရိတ်အားလုံးကို၊တစုတပေါင်းတည်းသောပြည်သူ့ ဘဏ္ဍာရံပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ ။(၁) ၁၉၇၁ ခုနှစ်၊အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေး နှစ်အတွင်းတွင် စုစုပေါင်း ကျပ်ငွေ လေးရာကုဋေ အထိ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ အစိုးရငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ်များထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ ငွေချေးသောအခါ၊ မိမိသင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များကိုလည်းပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ချေးယူရရှိသော ငွေအားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေတွင်ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ရရှိသည့်ချေးငွေများအတွက်ပြန်ဆပ်ရန် ငွေရင်းနှင့် အတိုးကိုဎင်း၊ ကုန်ကျသည့်စရိတ်ငွေများကိုဎင်း တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှထုတ်ပေးရမည်။

၄။ ။အောက်ပါ ဇယား၏ ဇယားကွက် (၂) တွင် ဖော်ပြရာပါ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဘဏ္ဍာရေးကော်မီတီနှင့် ပုဂ္ဂိုလ် အသီးသီးသည်၊ မိမိနှင့် တပြေးတည်း ဖော်ပြထားသော အသုံးစရိတ်များ အတွက် ဆက်လက်၍ ဖော်ပြသည့် ငွေစုစုပေါင်းအထိ၊ တစုတပေါင်းတည်းသော ပြည်သူ့ ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း သုံးစွဲနိုင်သည်။

| အမှတ်စဉ် (၁) | တာဝန်ခံသည့် ကော်မီတီနှင့် ပုဂ္ဂိုလ်များ (၂) | အသုံးစရိတ်အမည် (၃) | စုစုပေါင်းငွေ (၄) | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား (၅) |
|---|---|---|---|---|
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ဘဏ္ဍာရေးကော်မီတီ။ | တော်လှန်ရေးကောင်စီ၏ အသုံးစရိတ်များ။ | ၆,၁၆,၉၃,၀၁၀ | နောက်ဆက်တွဲ ဇယား (က)။ |
| ၂ | ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရ၊ ဘဏ္ဍာရေး ဝန်ကြီး။ | အစိုးရဌာနများနှင့်ဌာနခွဲများ၏အသုံးစရိတ်များ။ | ၁,၈၆,၂၇,၇၃,၃၇၀ | နောက်ဆက်တွဲ ဇယား (ခ)။ |
| ၃ | ရှမ်းပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ အသုံးစရိတ်များ။ | ၃,၁၁,၀၀,၅၃၀ | နောက်ဆက်တွဲ ဇယား (ဂ)။ |
| ၄ | ကချင် ပြည်နယ် ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏အသုံးစရိတ်များ။ | ၁,၇၄,၉၀,၁၈၀ | နောက်ဆက်တွဲ ဇယား (ဃ)။ |
| ၅ | ကယားပြည်နယ် ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ကယား ပြည် နယ် ၏ အသုံးစရိတ်များ။ | ၄၉,၀၄,၉၁၀ | နောက်ဆက်တွဲ ဇယား (င)။ |
| ၆ | ကော် သူး လေ ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ကော်သူးလေ၏အသုံး စရိတ်များ။ | ၁,၁၇,၃၉,၅၀၀ | နောက်ဆက်တွဲ ဇယား (စ)။ |
| ၇ | ချင်းရေးရာ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ချင်းရေးရာ အုပ် ချုပ် ရေး၏ အသုံးစရိတ် များ။ | ၁,၁၈,၉၇,၀၁၀ | နောက်ဆက်တွဲ ဇယား(ဆ)။ |
| ၈ | ပြည်ထောင်စု မြန်မာ နိုင်ငံ အစိုးရ ဘဏ္ဍာရေး ဝန်ကြီး။ | အစိုးရ လက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြား အဖွဲ့အစည်း များ၏ အသုံး စရိတ်များ။ | ၇,၅၂,၂၈,၃၆,၆၀၀ | နောက်ဆက်တွဲ ဇယား (ဇ)။ |
| ၉ | ပြည်ထောင်စု မြန်မာ နိုင်ငံ အစိုးရ ဘဏ္ဍာရေး ဝန်ကြီး။ | အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်း များ၏ အသုံးစရိတ် များ။ | ၈,၂၅,၁၂,၃၄၀ | နောက်ဆက်တွဲ ဇယား (ဈ)။ |

**နောက်ဆက်တွဲဇယား (က)**

# တော်လှန်ရေးကောင်စီ၏ အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စု ခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| တော်လှန်ရေးကောင်စီ ... | ၅,၇၆,၃၀,၀၁၀ | ၄၀,၅၅,၀၀၀ | ... | ၆,၁၆,၉၃,၀၁၀ |

နောက်ဆက်တွဲဇယား (ခ)

## အစိုးရဌာနများနှင့် ဌာနခွဲများ၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအဖွဲ့နှင့် ဝန်ကြီးချုပ်ရုံး | ၁,၀၈,၉၁,၅၄၀ | ၈၂,၇၁၀ | .... | ၁,၀၉,၇၄,၂၅၀ |
| ပြည်ထဲရေး .... .... | ၁၃,၂၂,၁၇,၀၀၀ | ၅၇,၃၆,၁၀၀ | .... | ၁၃,၇၉,၅၃,၁၀၀ |
| ပြန်ကြားရေး .... .... | ၂,၃၇,၄၆,၃၆၀ | ၅,၆၂,၄၇၀ | .... | ၂,၄၃,၀၈,၈၃၀ |
| တရားရေး .... .... | ၂,၈၁,၉၅,၀၀၀ | ၁၀,၆၉,၇၀၀ | .... | ၂,၉၂,၆၄,၇၀၀ |
| ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး — | ၃,၉၅,၆၀၀ | .... | .... | ၃,၉၅,၆၀၀ |
| လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး.... | ၁,၅၈,၇၁,၁၇၀ | ၁,၅၈,၀၀၀ | .... | ၁,၆၀,၂၉,၉၇၀ |
| နိုင်ငံခြားရေး .... .... | ၁,၄၂,၃၅,၅၂၀ | ၁၈,၇၂,၁၂၀ | .... | ၁,၆၁,၀၇,၆၄၀ |
| အမျိုးသားစီမံကိန်း .... .... | ၅၈,၇၂,၅၀၀ | ၇၄,၈၀၀ | .... | ၅၉,၄၇,၃၀၀ |
| ကာကွယ်ရေး — .... | ၄၉,၃၈,၉၆,၀၀၀ | ၉,၉၂,၇၇,၀၀၀ | .... | ၅၉,၃၁,၇၃,၀၀၀ |
| ပညာရေး .... .... | ၂၈,၀၅,၀၀,၇၆၀ | ၁,၈၃,၀၆,၄၁၀ | .... | ၂၉,၈၈,၀၇,၁၇၀ |
| ကျန်းမာရေး .... .... | ၁၁,၂၇,၄၈,၀၀၀ | ၈၃,၂၁,၁၀၀ | .... | ၁၂,၁၀,၆၉,၁၀၀ |
| အလုပ်သမား .... .... | ၄၁,၈၇,၂၀၀ | ၁,၂၃,၂၀၀ | .... | ၄၃,၁၀,၄၀၀ |
| ယဉ်ကျေးမှု .... .... | ၂၆,၁၆,၄၀၀ | ၃,၁၇,၂၀၀ | .... | ၂၉,၃၃,၆၀၀ |
| လူမှုဝန်ထမ်း .... .... | ၃၆,၇၁,၁၆၀ | ၃,၀၁,၈၄၀ | .... | ၃၉,၇၃,၀၀၀ |

| | | | | |
|---|---|---|---|---|
| ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး .... | ၁၇,၂၉,၆၅၀ | .... | .... | ၁၇,၂၉,၆၅၀ |
| သာသနာရေး .... .... | ၁၄,၇၁,၁၄၀ | ၈,၇၀၀ | .... | ၁၄,၈၀,၁၈၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး .... | ၇,၅၉,၅၀,၈၀၀ | ၇,၆၇,၂၇,၀၀၀ | .... | ၁၅,၂၆,၇၇,၈၀၀ |
| လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး .... | ၁,၉၅,၂၉,၆၆၀ | ၈,၇၈,၃၀၀ | .... | ၂,၀၄,၀၇,၉၆၀ |
| စက်မှုလက်မှု .... .... | ၃၅,၅၃,၁၀၀ | ၁,၉၁,၀၄၀ | .... | ၃၇,၄၄,၁၄၀ |
| သတ္တုတွင်း .... .... | ၂,၈၅,၈၀၀ | .... | .... | ၂,၈၅,၈၀၀ |
| သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး .... | ၄,၈၅,၂၀,၂၂၀ | ၁,၇၁,၁၀,၃၆၀ | .... | ၆,၅၆,၃၀,၅၈၀ |
| ပြည်သူ့လုပ်ငန်းနှင့်အိမ်ယာဆောက်လုပ်ရေး .... | ၄,၁၉,၁၂,၃၆၀ | ၂,၉၃,၅၀,၀၀၀ | .... | ၇,၁၂,၆၂,၃၆၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၃,၆၀,၈၇,၀၀၀ | ၅,၅၃,၈၀၀ | .... | ၃,၆၆,၄၀,၈၀၀ |
| ကုန်သွယ်ရေး .... .... | ၂၅,၆၂,၄၆၀ | .... | .... | ၂၅,၆၂,၄၆၀ |
| သမဝါယမ .... .... | ၃,၀၈,၅၉,၅၅၀ | ၁၂,၂၂,၉၀၀ | .... | ၃,၂၀,၈၂,၄၅၀ |
| ပင်စင်လစာငွေများနှင့် ဆုငွေများ .... | ၆,၀၀,၂၉,၆၇၀ | .... | .... | ၆,၀၀,၂၉,၆၇၀ |
| ဆုငွေများနှင့် တသုံးတည်းစင်ရှင်ငွေများ .... | ၁,၉၂,၂၅,၀၀၀ | .... | .... | ၁,၉၂,၂၅,၀၀၀ |
| အတိုးနှင့်ကြွေးမြီပေးဆပ်ခြင်းအတွက်ကုန်ကျစရိတ်များ | .... | .... | ၇,၃၃,၃၆,၅၁၀ | ၇,၃၃,၃၆,၅၁၀ |
| ထောက်ပံ့ငွေများ .... .... | .... | .... | ၃,၉၂,၅၁,၉၃၀ | ၃,၉၂,၅၁,၉၃၀ |
| အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများနှင့် ၎င်းတို့ကလုပ်သော အာမခံစာချုပ်များတွင် ရင်းနှီးမြှုပ်နှံငွေများ။ | .... | .... | ၁,၂၅,၀၀၀ | ၁,၂၅,၀၀၀ |
| ချေးငွေများနှင့် ကြိုတင်ထုတ်ပေးငွေများ .... | .... | .... | ၁,၇၀,၅၃,၄၀၀ | ၁,၇၀,၅၃,၄၀၀ |
| ပေါင်း .... | ၁,၄၇,၀၇,၆၀,၀၀၀ | ၂၆,၂၂,၄၆,၄၅၀ | ၁၂,၉၇,၆၆,၀၄၀ | ၁,၈၆,၂၇,၇၃,၃၇၀ |

# ရှမ်းပြည်နယ်၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ — သာမန်အသုံးစရိတ် | ခွဲဝေသည့်ငွေ — ငွေလုံးငွေရင်းအသုံးစရိတ် | ခွဲဝေသည့်ငွေ — ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေ | ပေါင်း |
|---|---|---|---|---|
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ရှမ်းပြည်နယ်ဦးစီးအဖွဲ့ .... .... | ၅,၁၂,၃၄၀ | ၉,၇၅၀ | .... | ၅,၂၂,၀၈၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... .... | ၂၃,၇၄,၁၄၀ | ၅၆,၂၈၀ | .... | ၂၄,၃၀,၄၃၀ |
| မြန်ကြားရေး .... .... | ၃,၅၁,၀၄၀ | ၃၅,၇၂၀ | .... | ၃,၀၆,၇၆၀ |
| ပညာရေး .... .... | ၁,၃၉,၁၄,၄၂၀ | ၇,၃၉,၄၉၀ | .... | ၁,၄၆,၅၃,၉၁၀ |
| ကျန်းမာရေး .... .... | ၆၇,၇၅,၉၉၀ | ၆,၉၀,၆၀၀ | .... | ၇၄,၇၄,၅၉၀ |
| ယဉ်ကျေးမှု .... .... | ၁,၁၉,၂၅၀ | ၁၉,၄၁၀ | .... | ၁,၃၀,၆၆၀ |
| သာသနာရေး .... .... | ၄၅,၃၄၀ | .... | .... | ၄၅,၃၄၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၁,၄၇,၂၀၀ | ၂၃,၀၀၀ | .... | ၁,၇၀,၂၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... | ၂၃,၂၀,၀၀၀ | ၁၅,၀၅,၀၀၀ | .... | ၃၉,၀၅,၀၀၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၄,၅၄,၃၇၀ | .... | .... | ၄,၅၄,၃၇၀ |
| ပင်ရှင်လစာငွေများနှင့် ဆုငွေများ .... | ၇,၆၀,၁၀၀ | .... | .... | ၇,၆၀,၁၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ .... | ၁,၂၀,၀၀၀ | .... | .... | ၁,၂၀,၀၀၀ |
| အတိုးနှင့် ကြွေးမြီပေးဆပ်ခြင်းအတွက် ကုန်ကျစရိတ် | .... | .... | ၂၀,၀၀၀ | ၂၀,၀၀၀ |
| ပေါင်း .... | ၂,၇၉,၁၃,၂၇၀ | ၃၁,၆၇,၂၆၀ | ၂၀,၀၀၀ | ၃,၁၁,၀၀,၅၃၀ |

**နောက်ဆက်တွဲဇယား (ဃ)**

## ကချင်ပြည်နယ်၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီ၊ရင်းနှီးမြုပ်နှံငွေနှင့် ချေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကချင်ပြည်နယ်ဦးစီးအဖွဲ့ .... .... | ၅,၅၁,၅၈၀ | ၁,၂၉,၄၀၀ | .... | ၆,၈၀,၉၈၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... .... | ၉,၄၀,၉၈၀ | ၅၃,၅၅၀ | .... | ၉,၉၄,၅၃၀ |
| မြန်ကြားရေး.... .... .... | ၂,၈၇,၃၉၀ | ၂၁,၈၂၀ | .... | ၃,၀၉,၂၁၀ |
| ပညာရေး .... .... .... | ၇၂,၂၇,၀၂၀ | ၇,၈၄,၇၆၀ | .... | ၈၀,၁၁,၇၈၀ |
| ကျန်းမာရေး .... .... | ၃၀,၇၈,၄၀၀ | ၄,၆၉,၀၅၀ | .... | ၃၅,၄၇,၄၅၀ |
| ယဉ်ကျေးမှု .... .... .... | ၅၃,၉၄၀ | ၆၀၀ | .... | ၅၄,၅၄၀ |
| သာသနာရေး .... .... | ၂၀,၆၆၀ | .... | .... | ၂၀,၆၆၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၁,၆၂,၅၇၀ | .... | .... | ၁,၆၂,၅၇၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... | ၂၁,၆၂,၀၀၀ | ၆,၃၉,၉၂၀ | .... | ၂၈,၀၁,၉၂၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၄,၈၉,၂၄၀ | .... | .... | ၄,၈၉,၂၄၀ |
| ပင်ရှင်လစာငွေများနှင့် ဆုငွေများ .... | ၃,၃၀,၀၀၀ | .... | .... | ၃,၃၀,၀၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ .... | ၈၀,၀၀၀ | .... | .... | ၈၀,၀၀၀ |
| အတိုးနှင့် ကြွေးမြီ ပေးဆပ်ခြင်း အတွက် ကုန်ကျစရိတ် | .... | .... | ၇,၃၀၀ | ၇,၃၀၀ |
| ပေါင်း ... | ၁,၅၃,၈၃,၇၈၀ | ၂၀,၉၉,၁၀၀ | ၇,၃၀၀ | ၁,၇၄,၉၀,၁၈၀ |

နောက်ဆက်တွဲဇယား (ဝ)

# ကယားပြည်နယ်၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|---|
| | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေ | |
| | | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကယားပြည်နယ်ဦးစီးအဖွဲ့ .... | .... | ၃,၂၅,၃၁၀ | ၁,၇၃,၂၀၀ | .... | ၄,၉၈,၅၁၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... | .... | ၂,၄၉,၄၉၀ | ၄၁,၂၆၀ | .... | ၂,၉၀,၇၅၀ |
| ပြန်ကြားရေး .... | .... | ၇၆,၄၄၀ | ၄,၅၀၀ | .... | ၈၀,၉၄၀ |
| ပညာရေး .... .... | .... | ၁၁,၅၁,၉၈၀ | ၅,၀၅,၆၅၀ | .... | ၁၆,၅၇,၆၃၀ |
| ကျန်းမာရေး .... | .... | ၈,၄၀,၅၇၀ | ၁,၈၁,၃၄၀ | .... | ၁၀,၂၁,၉၁၀ |
| ကုန်ကျေးမှု.... .... | .... | ၃၁,၄၄၀ | ၅,၈၀၀ | .... | ၃၇,၂၄၀ |
| ကယ်ဆယ်ရေး .... | .... | ၂,၅၀၀ | .... | .... | ၂,၅၀၀ |
| သယ်ယူပို့ဆောင်ရေး .... | .... | ၈၂,၉၆၀ | .... | .... | ၈၂,၉၆၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... | .... | ၅,၂၀,၀၀၀ | ၃,၉၅,၀၀၀ | .... | ၉,၁၅,၀၀၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... | .... | ၂,၉၂,၄၇၀ | .... | .... | ၂,၉၂,၄၇၀ |
| ပင်ရှင်လစာငွေများနှင့် ဆုငွေများ | .... | ၂၀,၀၀၀ | .... | .... | ၂၀,၀၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ | .... | ၅,၀၀၀ | .... | .... | ၅,၀၀၀ |
| ပေါင်း | .... | ၃၅,၉၈,၁၆၀ | ၁၃,၀၆,၇၅၀ | .... | ၄၉,၀၄,၉၁၀ |

နောက်ဆက်တွဲဇယား (ဓ)

## ကော်သူးလေ၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်ပုခေါင်းစဉ်အစဉ် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကော်သူးလေဦးစီးအဖွဲ့ .... .... | ၄,၃၃,၁၁၀ | ၃,၇၄၀ | .... | ၄,၃၆,၀၅၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... .... | ၄,၄၅,၁၁၀ | ၁,၂၀,၃၇၀ | .... | ၅,၇၃,၄၀၀ |
| မြန်ကြားရေး .... .... | ၂,၆၀,၇၇၀ | ၂၁,၀၀၀ | .... | ၂,၀၁,၇၇၀ |
| ပညာရေး .... .... .... | ၅၀,၅၉,၄၅၀ | ၃,၉၀,၄၅၀ | .... | ၅၄,၅၇,၉၀၀ |
| ကျန်းမာရေး .... .... | ၁၄,၅၅,၅၄၀ | ၂,၉၉,၂၅၀ | .... | ၁၇,၅၄,၇၉၀ |
| ယဉ်ကျေးမှု.... .... .... | ၅၂,၉၅၀ | ၁,၀၀၀ | .... | ၅၃,၉၅၀ |
| သာသနာရေး .... .... | ၁၄,၃၆၀ | .... | .... | ၁၄,၃၆၀ |
| သယ်ယူပို့ဆောင်ရေး .... .... | ၂,၄၀,၉၉၀ | ၉၆,၆၀၀ | .... | ၃,၃၇,၅၉၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... | ၆,၇၂,၀၀၀ | ၁၆,၂၃,၃၄၀ | .... | ၂၂,၉၅,၃၄၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၃,၄၉,၁၀၀ | .... | .... | ၃,၄၉,၁၀၀ |
| ပင်စင်လစာငွေများနှင့် ဆုငွေများ .... | ၁,၂၄,၂၉၀ | .... | .... | ၁,၂၄,၂၉၀ |
| ဆုငွေများနှင့် တလုံးတည်းပင်စင်ငွေများ .... | ၆၀,၀၀၀ | .... | .... | ၆၀,၀၀၀ |
| ပေါင်း .... | ၉၁,၆၇,၇၅၀ | ၂၅,၇၁,၇၅၀ | .... | ၁,၁၇,၃၉,၅၀၀ |

## ချင်းရေးရာအုပ်ချုပ်ရေး၏ အသုံးစရိတ်စာရင်း

နောက်ဆက်တွဲဇယား (ဆ)

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ချင်းရေးရာဦးစီးအဖွဲ့ .... .... | ၆,၉၀,၄၇၀ | ၂,၉၁,၂၄၀ | .... | ၉,၈၁,၇၁၀ |
| မြို့ပြဆိုင်ရာအုပ်ချုပ်ရေး .... .... | ၈,၇၈,၆၀၀ | ၁,၂၇,၇၆၀ | .... | ၁၀,၀၆,၃၆၀ |
| ပြင်ကြီးရေး .... .... | ၆၉,၆၂၀ | ၁၇,၂၂၀ | .... | ၈၆,၈၄၀ |
| ပညာရေး .... .... | ၄၇,၆၂,၆၀၀ | ၄,၈၆,၅၆၀ | .... | ၅၂,၄၉,၁၆၀ |
| ကျန်းမာရေး .... .... | ၁၀,၃၉,၁၅၀ | ၃,၀၅,၆၆၀ | .... | ၁၃,၄၄,၈၁၀ |
| ယဉ်ကျေးမှု .... .... | ၄၉,၈၈၀ | ၁,၁၂၀ | .... | ၅၁,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ .... .... | ၁၃,၀၀,၀၀၀ | ၁၅,၀၅,၀၀၀ | .... | ၂၈,၀၅,၀၀၀ |
| ဘဏ္ဍာရေးနှင့် အခွန် .... .... | ၃၇,၁၃၀ | .... | .... | ၃၇,၁၃၀ |
| ပင်ရှင်လစာငွေများနှင့် ဆုငွေများ .... | ၂,၆၀,၀၀၀ | .... | .... | ၂,၆၀,၀၀၀ |
| ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ .... | ၇၅,၀၀၀ | .... | .... | ၇၅,၀၀၀ |
| ပေါင်း .... | ၉၁,၆၂,၄၅၀ | ၂၇,၃၄,၅၆၀ | .... | ၁,၁၈,၉၇,၀၁၀ |

နောက်ဆက်တွဲဇယား (၉)

နောက်ဆက်တွဲဇယား (ဓ)

# အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့်ဘဏ်များ | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | အတိုးနှင့်ကြွေးမြီ၊ ချေးငွေ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးဘုတ်အဖွဲ့ .... | ၅,၂၇,၅၀၀ | ၃၄,၄၀၀ | .... | ၅,၆၁,၉၀၀ |
| နိုင်ငံခြားရုပ်ရှင်ကားတင်သွင်းရေးအေဂျင်စီ .... | ၁,၀၆,၆၃,၂၀၀ | ၇,၀၀၀ | — | ၁,၀၆,၇၀,၀၀၀ |
| ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ .... .... | ၄၀,၄၀၀ | ၃,၀၀၀ | .... | ၅၁,၄၀၀ |
| မြဝတီပုံနှိပ်တိုက် .... .... | ၁၃,၄၃,၃၀၀ | ၄၁,၀၀၀ | ၅,၀၀၀ | ၁၃,၀၉,၃၀၀ |
| စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ .... .... | ၂,၆၆,၆၇,၆၀၀ | ၆,၃၀,၆၀၀ | .... | ၂,၇၂,၉၀,၂၀၀ |
| ကြေးမုံသတင်းစာတိုက် .... .... | ၄၀,၅၅,၇၀၀ | ၁၇,၂၀၀ | .... | ၄၀,၇၂,၉၀၀ |
| ဗိုလ်တထောင်သတင်းစာတိုက် .... .... | ၃၃,၀၃,၄၀၁ | ၁၀,၀၀၀ | .... | ၃၃,၁၄,၂၀၀ |
| ဂါးဒီးယန်းသတင်းစာတိုက် .... .... | ၁၁,၆၀,၀၀၀ | ၂၆,၀၀၀ | .... | ၁၁,၉၅,၆၀၀ |
| လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတိုက် .... | ၅၅,၅၆,၇၀၀ | ၄,၉၅,၄၀၀ | .... | ၆၀,၅၂,၁၀၀ |
| ဟံသာဝတီ သတင်းစာတိုက် .... .... | ၁၀,၆၃,၅၀၀ | ၁၁,၇၀၀ | .... | ၁၀,၇၅,၂၀၀ |
| မြန်မာ့ အလင်း သတင်းစာတိုက် .... | ၁၀,၉၆,၂၀၀ | ၂၁,၀၀၀ | .... | ၁၁,၁၀,၀၀၀ |
| ရုပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်း .... | ၅,၇၄,၆၇,၆၀၀ | ၆,၆၇,၄၀၀ | .... | ၅,၀၁,၃၅,၀၀၀ |
| ပြည်သူပိုင်ပုံနှိပ်တိုက်နှင့် ပုံနှိပ်လုပ်ငန်းများ ကွပ်ကဲအုပ်ချုပ်မှုအဖွဲ့။ | ၅၃,၉၀,၁၀၀ | ၉၀,၆၀၀ | .... | ၅၄,၀၀,၇၀၀ |

| | | | | |
|---|---|---|---|---|
| ပခုက်–မြန်မာ စီးပွါး ရေးနှင့် ကျွမ်း ကျင်မှု ပူးပေါင်း ဆောင်ရွက်ရေး သ ဘော တူ စာချုပ် အကောင် အထည်ဖေါ်ရေးဘုတ်အဖွဲ့။ | ၁,၃၆,၅၀၀ | .... | .... | ၁,၃၆,၅၀၀ |
| မြန်မာနိုင်ငံလက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ .... | ၂၁,၅၉,၁၀၀ | ၅,၈၃,၆၀၀ | ၀,၀၀၀ | ၂၇,၆၀,၇၀၀ |
| မြန်မာနိုင်ငံဆေးသုတေသနကောင်စီ .... | ၁၁,၀၅,၃၀၀ | ၃,၉၅,၀၀၀ | .... | ၁၅,၀၀,၃၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံ အားကစားနှင့်ကာယပညာ ကောင်စီ။ | ၄၅,၄၁,၃၀၀ | ၆,၂၀,၁၀၀ | ၄,၀၀၀ | ၅၁,၆၅,၄၀၀ |
| လူမှုဖူလုံရေးအဖွဲ့ .... .... | ၅၃,၇၀,၃၀၀ | ၂၂,၄၀၀ | ၃၃,၀၀၀ | ၅၄,၃၃,၇၀၀ |
| ပြည်ထောင်စု ယဉ်ကျေးမှုကောင်စီ .... | ၂၁,၇၀,၅၀၀ | ၁,၇၀,၇၀၀ | ၁,၀၀၀ | ၂၃,၅၀,၂၀၀ |
| မှုခင်းသာသနာ့ကောင်စီ .... .... | ၂၀,၀၃,၄၀၀ | .... | ၅,၀၀၀ | ၂၀,၀၀,၄၀၀ |
| မြေယာကျေးလက် ကြီးပွါး တိုးတက် ရေး ကော်ပိုရေး ရှင်း။ | ၂၆,၇၇,၅၁,၇၀၀ | ၂,၇၄,၁၂,၀၀၀ | ၅,၅၆,၄၀,၂၀၀ | ၃၅,၀၀,၁၁,၉၀၀ |
| ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့ .... | ၁,၈၂,၇၁,၉၀၀ | ၇၂,၃၂,၂၀၀ | ၁၁,၆၀,၂၀၀ | ၂,၇၆,၇၂,၃၀၀ |
| နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ .... .... | ၃၇,၆၆,၁၁,၇၀၀ | ၄,၆၄,၂၁,၂၀၀ | ၂၂,၃၇,၆၀၀ | ၄၂,၅၂,၇၀,၅၀၀ |
| လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့.... .... | ၇,၆၅,၅၉,၀၀၀ | ၃,၀၃,၉၄,၀၀၀ | ၇,၅၉,၅၀,၀၀၀ | ၁၉,၀၉,၀၃,၀၀၀ |
| သတ္တုစက်နှင့် ဓါတုဗေဒလုပ်ငန်းအဖွဲ့ .... | ၂,၃၉,၀၂,၄၀၀ | ၁,၆၃,၂၄,၂၀၀ | ၄၁,၁၃,၀၀၀ | ၄,၄၄,၁၉,၆၀၀ |
| စက်လက်မှု မြှင့်တင်ရေးဘုတ်အဖွဲ့ .... | ၂,၀၄,၂၀၀ | ၉၀၀ | .... | ၂,၀၅,၁၀၀ |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း .... | ၇၁,၀၉,၅၉,၂၀၀ | ၂၉,၁၆,၀၉,၃၀၀ | ၀,၇၀,၀၇,၉၀၀ | ၁,၀၉,၀၄,၅၆,၄၀၀ |
| ပြည်သူပိုင်ပြုလုပ်သည့် စက်မှု လက်မှုလုပ်ငန်းများ .... | ၂၅,၉၂,၉၉,၇၀၀ | ၄၁,၀၂,၀၀၀ | .... | ၂၆,၃၄,၀၁,၇၀၀ |
| ဓါတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်း | ၃,၃၇,၂၀,၃၀၀ | ၂,၇၂,၆၂,၃၀၀ | .... | ၆,၀၉,၈၀,၆၀၀ |

## အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆုံး

| ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့်ဘဏ်များ | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | အတိုးနှင့်ကြွေးမြီ ချေးငွေ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| မြန်မာ့ဘော်တွင်းကော်ပိုရေးရှင်း .... | ၃,၁၁,၆၄,၅၀၀ | ၈၈,၅၃,၉၀၀ | ၁၅,၀၀၀ | ၄,၀၀,၃၃,၄၀၀ |
| မြန်မာ့ရေနံကော်ပိုရေးရှင်း .... .... | ၄၇,၉၃,၆၈,၆၀၀ | ၈,၅၃,၂၈,၉၀၀ | ၅၈,၄၃,၀၀၀ | ၅၇,၀၅,၄၀,၅၀၀ |
| မြန်မာ့ဘော်တွင်းလက်အောက်ခံ ဘော်ဆိုင်း သတ္တုတွင်း။ | ၁၀,၇၀,၉၀၀ | ၃၈,၇၂,၉၀၀ | .... | ၄၉,၄၃,၈၀၀ |
| ရထနာသီဂီရိသတ္တုတွင်း .... .... | ၃၆,၂၉,၆၀၀ | ၄၉,၉၀,၁၀၀ | .... | ၈၆,၁၉,၇၀၀ |
| မြန်မာနိုင်ငံ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်း။ | ၉,၅၁,၂၉,၅၀၀ | ၉,၄၁,၀၀၀ | ၇,၀၃,၀၀၀ | ၉,၆၇,၇၃,၅၀၀ |
| ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ .... | ၄,၈၄,၈၉,၀၀၀ | ၉၁,၀၆,၂၀၀ | ၁,၀၀,၀၀၀ | ၅,၇၆,၉၅,၂၀၀ |
| ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ .... | ၇,၁၀,၄၃,၉၀၀ | ၂,၂၀,၈၄,၆၀၀ | .... | ၉,၃၁,၂၈,၅၀၀ |
| ပြည်ထောင်စု မြန်မာနိုင်ငံ မီးရထားအုပ်ချုပ်ရေးအဖွဲ့ | ၁၃,၀၂,၄၀,၂၀၀ | ၅,၄၄,၉၉,၂၀၀ | ၂,၂၈,၅၀,[illegible]၀၀ | ၂၀,၇၅,၈၉,၆၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့။ | ၄,၆၆,၇၂,၀၀၀ | ၄၄,၇၇,၀၀၀ | .... | ၅,၁၁,၄၉,၀၀၀ |

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့ | .... | ၂,၉၀,၅၉,၂၀၀ | ၁,၁၉,၃၂,၅၀၀ | ၇၀,၆၅,၀၀၀ | ၄,၀၀,၅၆,၇၀၀ |
| ဆင်မလိုက်သင်္ဘောကျင်းအုပ်ချုပ်ရေးအဖွဲ့ | .... | ၆၃,၉၅,၁၀၀ | ၃၁,၄၀,၉၀၀ | .... | ၉၅,၄၄,၀၀၀ |
| ပြည်သူပိုင် မြို့လုပ်သည့် သင်္ဘောလုပ်ငန်းကွပ်ကဲအုပ်ချုပ်မှုအဖွဲ့။ | | ၂၉,၄၄,၄၀၀ | ၆၆,၃၀၀ | .... | ၃၀,၁၀,၇၀၀ |
| သင်္ဘောသားများအလုပ်အကိုင် ကြီးကြပ်ရေးအဖွဲ့ | | ၁၄,၀၀၀ | .... | .... | ၁၄,၀၀၀ |
| အိုးအိမ်အဖွဲ့ | .... .... | ၅၉,၁၀,၀၀၀ | ၇၀,၀၅,၃၀၀ | ၁၅,၅၀,၀၀၀ | ၁,၅၃,၅၄,၁၀၀ |
| ဆောက်လုပ်ရေးကော်ပိုရေးရှင်း | .... | ၂၅,၀၇,၇၁,၀၀၀ | ၇၀,၁၂,၄၀၀ | ၁,၀၀,၀၀၀ | ၂၅,၀၆,၀၄,၂၀၀ |
| ကျောက်မိုင်းကော်ပိုရေးရှင်း | .... | ၇၃,၄၁,၂၀၀ | ၃၁,၀၆,၇၀၀ | .... | ၁,၀၄,၄၇,၉၀၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ဘဏ် | .... | ၇,၇၂,၆၉,၄၀၀ | ၄,၂၀,၉၀၀ | ၃၀,၉၂,၄၃,၀၀၀ | ၄၆,၆၉,၄၂,၂၀၀ |
| ဝါဇီလုပ်ငန်းစီမံကိန်း | .... .... | ၂,၃၅,၆၂,၁၀၀ | ၂,၀၅,၃၁,၃၀၀ | ၄၀,၆၀,၄၀၀ | ၅,၆၁,၅၃,၀၀၀ |
| ကုန်သွယ်ရေးကောင်စီ | .... .... | ၂,၉၁,၇၂,၃၆,၀၀၀ | ၁,၁၂,၇၀,၀၀၀ | ၇,၀၀,၁၀၀ | ၂,၉၂,၉၂,၁၄,၀၀၀ |
| ပေါင်း | ... | ၆,၁၃,၂၄,၉၄,၇၀၀ | ၇၃,၁၀,၅၀,၅၀၀ | ၆၅,၉၂,၉၁,၄၀၀ | ၇,၅၂,၂၀,၃၆,၆၀၀ |

နောက်ဆက်တွဲဇယား (ဈ)

## အစိုးရလက်အောက်ခံဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| အဖွဲ့အစည်းအမည် | | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|---|
| | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | ထောက်ပံ့ငွေ၊အတိုးနှင့်ကြွေးမြီချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ရန်ကုန်မြို့နယ်စီပါယ်အဖွဲ့ | .... | ၂,၇၀,၈၁,၀၀၀ | ၁,၂၀,၂၆,၀၀၀ | ၅,၆၄,၉၀၀ | ၃,၉၆,၇၁,၉၀၀ |
| ရန်ကုန်တစ်မြို့အာဏာပိုင်အဖွဲ့ | .... | ၁,၇၈,၅၀၀ | ၂၃,၀၂၀ | .... | ၂,၀၁,၅၂၀ |
| မင်္ဂလာဒုံတစ်မြို့အာဏာပိုင်အဖွဲ့ | .... | ၂,၃၁,၂၀၀ | ၁၃,၄၀၀ | .... | ၂,၄၄,၆၀၀ |
| ပဲခူးမြို့နယ်စီပါယ်အဖွဲ့ | .... | ၆,၃၉,၃၀၀ | ၁၈,၀၀၀ | .... | ၆,၅၇,၃၀၀ |
| ပဲခူးဒိစတြိတ်ကောင်စီ | .... | ၂,၂၈,၄၀၀ | ၁,၀၀,၀၀၀ | .... | ၃,၂၈,၄၀၀ |
| မှော်ဘီတစ်မြို့အာဏာပိုင်အဖွဲ့ | .... | ၈၈,၉၀၀ | ၃၆,၀၀၀ | .... | ၁,၂၄,၉၀၀ |
| ညောင်လေးပင်မြို့နယ်စီပါယ်အဖွဲ့ | .... | ၂,၀၀,၄၀၀ | .... | .... | ၂,၀၀,၄၀၀ |
| ရွှေကျင်မြို့နယ်စီပါယ်အဖွဲ့ | .... | ၇၃,၂၀၀ | ၁,၅၀၀ | .... | ၇၄,၇၀၀ |
| ကြို့ပင်ကောက်မြို့နယ်စီပါယ်အဖွဲ့ | .... | ၁,၅၂,၅၀၀ | ၅၉,၀၀၀ | .... | ၂,၁၁,၅၀၀ |
| လက်ပံတန်းမြို့နယ်စီပါယ်အဖွဲ့ | .... | ၁,၆၃,၆၀၀ | .... | .... | ၁,၆၃,၆၀၀ |
| မင်းလှမြို့နယ်စီပါယ်အဖွဲ့ | .... | ၁,၀၇,၄၀၀ | .... | .... | ၁,၀၇,၄၀၀ |
| နတ္တလင်းမြို့နယ်စီပါယ်အဖွဲ့ | .... | ၁,၄၀,၉၀၀ | .... | .... | ၁,၄၀,၉၀၀ |
| သုံးဆယ်မြို့နယ်စီပါယ်အဖွဲ့ | .... | ၁,၆၃,၈၀၀ | .... | .... | ၁,၆၃,၈၀၀ |
| မီးကျွန်းမြို့နယ်စီပါယ်အဖွဲ့ | .... | ၉၉,၁၀၀ | ၅၉,၂၉၀ | .... | ၁,၅၉,၀၂၀ |

| | | | | | |
|---|---|---|---|---|---|
| သံလျင်မြို့နယ်စီပါယ်အဖွဲ့ | .... | ၄,၄၅,၆၀၀ | ၂,၄၈,၃၀၀ | .... | ၆,၅၀,၆၀၀ |
| သုံးခွမြို့နယ်စီပါယ်အဖွဲ့ | .... | ၁,၃၀,၀၀၀ | ၂၀,၀၀၀ | .... | ၁,၅၀,၀၀၀ |
| ပြည်မြို့နယ်စီပါယ်အဖွဲ့ | .... | ၄,၆၂,၀၀၀ | ၅,၀၀၀ | .... | ၄,၆၇,၀၀၀ |
| ပြည်ဒီစတြိတ်ကောင်စီ | .... | ၃,၃၄,၂၀၀ | .... | .... | ၃,၃၄,၂၀၀ |
| ပေါင်းတည်မြို့နယ်စီပါယ်အဖွဲ့ | .... | ၂,၁၄,၁၀၀ | .... | .... | ၂,၁၄,၁၀၀ |
| ရွှေတောင်မြို့နယ်စီပါယ်အဖွဲ့ | .... | ၉၀,၂၀၀ | ၄၀,၀၀၀ | .... | ၁,၃၀,၂၀၀ |
| တောင်ငူမြို့နယ်စီပါယ်အဖွဲ့ | .... | ၅,၁၆,၃၀၀ | ၁၀,၀၀၀ | .... | ၅,၂၆,၃၀၀ |
| တောင်ငူဒီစတြိတ်ကောင်စီ | .... | ၂,၁၇,၁၀၀ | .... | .... | ၂,၁၇,၁၀၀ |
| မြို့မြို့နယ်စီပါယ်အဖွဲ့ | .... | ၁,၃၀,၉၀၀ | ၂,၂၉,၀၀၀ | .... | ၃,၅၉,၀၀၀ |
| သာယာဝတီဒီစတြိတ်ကောင်စီ | .... | ၃,၇၅,၅၀၀ | ၃၄,၃၀၀ | .... | ၁,၀၇,၃၀၀ |
| သာယာဝတီမြို့ကော်မီတီ | .... | ၁,၀၇,၃၀၀ | .... | .... | ၁,၆၀,၇၀၀ |
| ဟင်္သာတဒီစတြိတ်ကောင်စီ | .... | ၁,၄၁,၇၀၀ | ၂၀,၀၀၀ | .... | ၅,၄၀,၆၀၀ |
| မှော်ဘီဒီစတြိတ်ကောင်စီ | .... | ၄,၆၀,၁၀၀ | ၇၂,၅၀၀ | .... | ၉၀,၇၀၀ |
| ဒိုက်ဦးမြို့ကော်မီတီ | .... | ၉၄,၇၀၀ | ၄,၀၀၀ | .... | ၇၁,၄၄၀ |
| ကျောက်တံခါးမြို့ကော်မီတီ | .... | ၆၉,၇၀၀ | ၁,၇၄၀ | .... | ၄၀,၂၀၀ |
| ကဝမြို့ကော်မီတီ | .... | ၂၃,၂၀၀ | ၂၅,၀၀၀ | .... | ၂၆,၄၀၀ |
| မအူပင်မြို့ကော်မီတီ | .... | ၂၆,၄၀၀ | .... | .... | ၉၂,၄၀၀ |
| ပြန်တန်ဆာမြို့ကော်မီတီ | .... | ၉၂,၄၀၀ | .... | .... | ၉၂,၅၄၀ |
| ဝဲနွယ်ကုန်းမြို့ကော်မီတီ | .... | ၉၀,၀၀၀ | ၁,၇၄၀ | .... | ၄၀,၆၅၀ |
| သနပ်ပင်မြို့ကော်မီတီ | .... | ၃၉,၅၀၀ | ၁,၁၅၀ | .... | ၅၀,၂၀၀ |
| ဝေါမြို့ကော်မီတီ | .... | ၅၀,၂၀၀ | .... | .... | ၃၀,၉၀၀ |
| မိုးညိုမြို့ကော်မီတီ | .... | ၃၀,၉၀၀ | .... | .... | ၁,၀၀,၆၀၀ |
| အုတ်ဖိုမြို့ကော်မီတီ | .... | ၉၆,၆၀၀ | ၄,၀၀၀ | .... | ၁,၀၀,၄၀၀ |
| ခရမ်းမြို့ကော်မီတီ | .... | ၉၀,၄၀၀ | ၁၀,၀၀၀ | .... | ၁,၀၀,၄၀၀ |
| ကျောက်တန်းမြို့ကော်မီတီ | .... | ၇၃,၇၀၀ | ၂၀,၀၀၀ | .... | ၉၃,၇၀၀ |

နောက်ဆက်တွဲဇယား (ဈ)။ ။အဆက်

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆက်

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့်ကြွေးမြီ၊ ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ကွမ်းခြံကုန်းမြို့ကော်မီတီ .... .... | ၃၉,၂၀၀ | .... | .... | ၃၉,၂၀၀ |
| တွံတေးမြို့ကော်မီတီ .... .... | ၁,၂၄,၆၀၀ | ၄,၂၆,၇၀၀ | .... | ၅,၅၁,၃၀၀ |
| လှည်းကူးမြို့ကော်မီတီ .... .... | ၈၆,၉၀၀ | .... | .... | ၈၆,၉၀၀ |
| တိုက်ကြီးမြို့ကော်မီတီ .... .... | ၁,၂၀,၆၀၀ | ၂၀,၀၀၀ | .... | ၁,၄၀,၆၀၀ |
| ပေါက်ခေါင်းမြို့ကော်မီတီ .... .... | ၃၄,၀၀၀ | ၈,၀၀၀ | .... | ၄၂,၀၀၀ |
| ပန်းတောင်းမြို့ကော်မီတီ .... .... | ၄၄,၀၀၀ | ၁၀,၀၀၀ | .... | ၅၄,၀၀၀ |
| ပုသိမ်မြူနီစီပါယ်အဖွဲ့ .... .... | ၇,၈၁,၈၀၀ | ၂၃,၂၆၀ | .... | ၈,၀၅,၀၆၀ |
| ပုသိမ်ဒိစတြိတ်ကောင်စီ .... .... | ၂,၉၄,၂၀၀ | ၁,၄၁,၀၀၀ | .... | ၄,၃၅,၂၀၀ |
| ပုသိမ်တပ်မြို့အာဏာပိုင်အဖွဲ့ .... | ၆၂,၀၀၀ | ၂၁,၁၆၀ | .... | ၈၃,၁၆၀ |
| ကျုံပျော်မြူနီစီပါယ်အဖွဲ့ .... .... | ၁,၁၄,၇၀၀ | ၂၂,၂၆၀ | .... | ၁,၃၆,၉၆၀ |
| ငါးသိုင်းချောင်းမြူနီစီပါယ်အဖွဲ့ .... | ၁,၀၁,၆၀၀ | .... | .... | ၁,၀၁,၆၀၀ |
| ဟင်္သာတမြူနီစီပါယ်အဖွဲ့ .... .... | ၅,၈၈,၀၀၀ | ၂၉,၄၀၀ | .... | ၆,၁၇,၄၀၀ |
| ဟင်္သာတဒိစတြိတ်ကောင်စီ .... | ၂,၈၄,၄၀၀ | .... | .... | ၂,၈၄,၄၀၀ |
| ကြံခင်းမြူနီစီပါယ်အဖွဲ့ .... .... | ၇၄,၆၀၀ | ၁၂,၂၆၀ | .... | ၈၆,၈၆၀ |

| | | | | | |
|---|---|---|---|---|---|
| မြန်အောင်မြို့နယ်ပါယ်အဖွဲ့ | .... | ၁,၂၃,၁၀၀ | ၂၄,၀၀၀ | .... | ၁,၄၇,၁၀၀ |
| မြောင်းမြမြို့နယ်ပါယ်အဖွဲ့ | .... | ၃,၄၀,၉၀၀ | ၂၂,၀၀၀ | .... | ၃,၆၂,၉၀၀ |
| မြောင်းမြဒိစတြိတ်ကောင်စီ | .... | ၃,၀၇,၄၀၀ | ၁,၈၈,၀၀၀ | .... | ၄,၉၅,၄၀၀ |
| မော်လမြိုင်ကျွန်းမြို့နယ်ပါယ်အဖွဲ့ | .... | ၃,၁၆,၄၀၀ | .... | .... | ၃,၁၆,၄၀၀ |
| ဝါးခယ်မမြို့နယ်ပါယ်အဖွဲ့ | .... | ၂,၂၆,၄၀၀ | ၂၆၀ | .... | ၂,၂၆,၆၆၀ |
| မအူပင်မြို့နယ်ပါယ်အဖွဲ့ | .... | ၂,၈၇,၅၀၀ | ၇၃,၂၀၀ | .... | ၃,၆၀,၇၀၀ |
| မအူပင်ဒိစတြိတ်ကောင်စီ | .... | ၁,၉၃,၈၀၀ | ၉၂၀ | .... | ၁,၉၄,၇၂၀ |
| ဓနုဖြူမြို့နယ်ပါယ်အဖွဲ့ | .... | ၂,၁၂,၀၀၀ | .... | .... | ၂,၁၂,၀၀၀ |
| ညောင်တုန်းမြို့နယ်ပါယ်အဖွဲ့ | .... | ၁,၅၇,၅၀၀ | ၄၀,၀၀၀ | .... | ,၁,၉၇,၅၀၀ |
| ဖျာပုံမြို့နယ်ပါယ်အဖွဲ့ | .... | ၃,၅၃,၈၀၀ | .... | .... | ၃,၅၃,၈၀၀ |
| ဖျာပုံဒိစတြိတ်ကောင်စီ | .... | ၇၆,၂၀၀ | ၇၀,၀၀၀ | .... | ၁,၄၆,၂၀၀ |
| ဘိုကလေးမြို့နယ်ပါယ်အဖွဲ့ | .... | ၁,၇၂,၆၀၀ | .... | .... | ၁,၇၂,၆၀၀ |
| ကျိုက်လတ်မြို့နယ်ပါယ်အဖွဲ့ | .... | ၂,၀၇,၀၀၀ | .... | .... | ၂,၀၇,၀၀၀ |
| ကနောင်မြို့ကော်မီတီ | .... | ၃၈,၀၀၀ | ၃,၀၀၀ | .... | ၄၁,၀၀၀ |
| ဇလွန်မြို့ကော်မီတီ | .... | ၈၄,၁၀၀ | ၆,၂၀၀ | .... | ၉၀,၃၀၀ |
| အဖျောက်မြို့ကော်မီတီ | .... | ၃၃,၅၀၀ | .... | .... | ၃၃,၅၀၀ |
| ဒေးဒရဲမြို့ကော်မီတီ | .... | ၁,၂၇,၀၀၀ | ၂,၀၀၀ | .... | ၁,၂၉,၀၀၀ |
| သထုံမြို့နယ်ပါယ်အဖွဲ့ | .... | ၂,၈၁,၉၀၀ | ၂၅,၀၀၀ | .... | ၃,၀၆,၉၀၀ |
| သထုံဒိစတြိတ်ကောင်စီ | .... | ၁,၄၅,၇၀၀ | .... | .... | ၁,၄၅,၇၀၀ |
| ကျိုက်ထိုမြို့နယ်ပါယ်အဖွဲ့ | .... | ၉၅,၄၀၀ | .... | .... | ၉၅,၄၀၀ |
| မော်လမြိုင်မြို့နယ်ပါယ်အဖွဲ့ | .... | ၁၅,၃၃,၇၀၀ | ၆၀,၀၀၀ | .... | ၁၅,၉၃,၇၀၀ |
| မော်လမြိုင်ဒိစတြိတ်ကောင်စီ | .... | ၂,၁၃,၇၀၀ | ၃,၄၂,၀၀၀ | .... | ၅,၅၅,၇၀၀ |
| မော်လမြိုင်တပ်မြို့အာဏာပိုင်အဖွဲ့ | .... | ၆၇,၀၀၀ | ၁၇,၅၃၀ | .... | ၈၄,၅၃၀ |
| ထားဝယ်မြို့နယ်ပါယ်အဖွဲ့ | .... | ၃,၉၆,၁၀၀ | ၄၉,၅၀၀ | .... | ၄,၄၅,၆၀၀ |
| ထားဝယ်ဒိစတြိတ်ကောင်စီ | .... | ၆၆,၇၀၀ | .... | .... | ၆၆,၇၀၀ |

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆက်

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| မြိတ်မြို့နယ်အဖွဲ့ .... .... | ၃,၄၂,၉၀၀ | ၃၂,၅၀၀ | .... | ၃,၇၅,၄၀၀ |
| မြိတ်ဒီစတြိတ်ကောင်စီ .... .... | ၇၁,၅၀၀ | .... | .... | ၇၁,၅၀၀ |
| စစ်တွေမြို့နယ်အဖွဲ့ .... .... | ၇,၃၅,၅၀၀ | ၁၄,၄၉၀ | .... | ၇,၄၉,၉၉၀ |
| စစ်တွေဒီစတြိတ်ကောင်စီ .... .... | ၃,၂၀,၈၀၀ | ၄,၅၃,၂၆၀ | .... | ၇,၇၄,၀၆၀ |
| ကျောက်ဖြူမြို့နယ်အဖွဲ့ .... .... | ၁,၈၀,၃၀၀ | .... | .... | ၁,၈၀,၃၀၀ |
| ကျောက်ဖြူခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရ ရံပုံငွေအဖွဲ့။ | ၂၀,၂၀၀ | ၆၀,၀၀၀ | .... | ၈၀,၂၀၀ |
| သံတွဲမြို့နယ်အဖွဲ့ .... .... | ၁,၀၉,၆၀၀ | ၁၈,၂၆၀ | .... | ၁,၂၇,၈၆၀ |
| သံတွဲခရိုင်ဝန် အုပ်ချုပ်သော ဒေသန္တရ ရံပုံငွေအဖွဲ့ | ၄၉,၄၀၀ | ၉,၅၀၀ | .... | ၅၈,၉၀၀ |
| မကွေးမြို့နယ်အဖွဲ့ .... .... | ၂,၄၅,၈၀၀ | ၁,၁၈,၇၈၀ | .... | ၃,၆၄,၅၈၀ |
| မကွေးဒီစတြိတ်ကောင်စီ .... .... | ၁,၉၁,၆၀၀ | ၈,၃၀၀ | .... | ၁,၉၉,၉၀၀ |
| ချောက်မြို့နယ်အဖွဲ့ .... .... | ၁,၇၂,၈၀၀ | ၁၇,၇၂၀ | .... | ၁,၉၀,၅၂၀ |
| တောင်တွင်းကြီးမြို့နယ်အဖွဲ့ .... | ၂,၄၅,၀၀၀ | ၁၀,၀၀၀ | .... | ၂,၅၅,၀၀၀ |

| | | | | |
|---|---|---|---|---|
| ရေနံချောင်းမြူနီစီပါယ်အဖွဲ့ .... .... | ၃,၇၆,၉၀၀ | ၂၅,၄၂၀ | .... | ၄,၀၂,၃၂၀ |
| မင်းဘူးမြူနီစီပါယ်အဖွဲ့ .... .... | ၂,၁၀,၃၀၀ | ၂၀,၀၀၀ | .... | ၂,၃၀,၃၀၀ |
| မင်းဘူးဒီစတြိတ်ကောင်စီ .... .... | ၂,၅၂,၇၀၀ | ၂၃,၁၀၀ | .... | ၂,၇၅,၈၀၀ |
| စလင်းမြူနီစီပါယ်အဖွဲ့ .... .... | ၁,၂၅,၄၀၀ | ၃,၂၆၀ | .... | ၁,၂၈,၆၆၀ |
| ပခုက္ကူမြူနီစီပါယ်အဖွဲ့ .... .... | ၃,၁၆,၆၀၀ | ၁၀,၂၃၀ | .... | ၃,၂၆,၈၃၀ |
| ပခုက္ကူဒီစတြိတ်ကောင်စီ .... .... | ၂,၁၆,၉၀၀ | ၁,၅၀၀ | .... | ၂,၁၈,၄၀၀ |
| သရက်မြူနီစီပါယ်အဖွဲ့ .... .... | ၁,၆၅,၂၀၀ | ၂,၂၄၀ | .... | ၁,၆၇,၄၄၀ |
| သရက်ဒီစတြိတ်ကောင်စီ .... .... | ၁,၃၀,၁၀၀ | .... | .... | ၁,၃၀,၁၀၀ |
| အောင်လံမြူနီစီပါယ်အဖွဲ့ .... .... | ၁,၄၇,၃၀၀ | ၂,၆၁၀ | .... | ၁,၄၉,၉၁၀ |
| မန္တလေးမြူနီစီပါယ်အဖွဲ့ .... .... | ၅၂,၀၇,၃၀၀ | ၁၂,၉၉,၂၀၀ | ၁၂,၀၀၀ | ၆၅,၁၈,၅၀၀ |
| မန္တလေးဒီစတြိတ်ကောင်စီ ... .... | ၂,၇၀,၃၀၀ | ၅,၀၀၀ | .... | ၂,၇၅,၃၀၀ |
| မန္တလေးတစ်မြို့အာဏာပိုင်အဖွဲ့ .... | ၁,၂၇,၄၀၀ | .... | .... | ၁,၂၇,၄၀၀ |
| မေမြို့မြူနီစီပါယ်အဖွဲ့ .... .... | ၇,၄၆,၂၀၀ | ၇၅,၀၀၀ | .... | ၈,၂၁,၂၀၀ |
| မမြို့တစ်မြို့အာဏာပိုင်အဖွဲ့ ... .... | ၁,၃၉,၄၀၀ | ၂၃,၈၂၀ | .... | ၁,၆၃,၂၂၀ |
| မထုံးတစ်မြို့အာဏာပိုင်အဖွဲ့ .... .... | ၉၀,၂၀၀ | .... | .... | ၉၀,၂၀၀ |
| ကျောက်ဆည်မြူနီစီပါယ်အဖွဲ့ .. .... | ၂,၄၀,၆၀၀ | ၂၁,၀၀၀ | .... | ၂,၆၁,၆၀၀ |
| ကျောက်ဆည်ဒီစတြိတ်ကောင်စီ .... | ၁,၄၃,၀၀၀ | .... | .... | ၁,၄၃,၀၀၀ |
| မိတ္ထီလာမြူနီစီပါယ်အဖွဲ့ .... .... | ၃,၉၃,၅၀၀ | .... | .... | ၃,၉၃,၅၀၀ |
| မိတ္ထီလာဒီစတြိတ်ကောင်စီ .... .... | ၁,၅၈,၃၀၀ | ၇၂,၀၅၀ | .... | ၂,၃၀,၃၅၀ |
| မိတ္ထီလာတစ်မြို့အာဏာပိုင်အဖွဲ့ .... | ၉၂,၄၀၀ | ၇၀၀ | .... | ၉၃,၁၀၀ |
| ရမည်းသင်းမြူနီစီပါယ်အဖွဲ့ .... .... | ၁,၈၅,၁၀၀ | ၁၁,၉၀၀ | .... | ၁,၉၇,၀၀၀ |
| ရမည်းသင်းဒီစတြိတ်ကောင်စီ .... .... | ၁,၈၀,၃၀၀ | ၂၀,၀၀၀ | .... | ၂,၀၀,၃၀၀ |
| ပျဉ်းမနားမြူနီစီပါယ်အဖွဲ့ .... .... | ၃,၀၆,၅၀၀ | ၆၄,၆၀၀ | .... | ၃,၇၁,၁၀၀ |
| မြင်းခြံမြူနီစီပါယ်အဖွဲ့ .... .... | ၄,၁၁,၇၀၀ | ၅၃,၉၂၀ | .... | ၄,၆၅,၆၂၀ |
| မြင်းခြံဒီစတြိတ်ကောင်စီ .... .... | ၁,၀၁,၀၀၀ | ၃,၀၀၀ | .... | ၁,၀၄,၀၀၀ |

နောက်ဆက်တွဲဇယား (၅)။ ။အဆက်

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏အသုံးစရိတ်စာရင်း။ ။အဆက်

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| မြစ်ငယ်မြို့ကော်မီတီ .... .... | ၁,၉၈၀ | .... | .... | ၁,၉၀၀ |
| မြစ်သားမြို့ကော်မီတီ .... .... | ၄၀,၃၀၀ | .... | .... | ၄၀,၃၀၀ |
| သာစည်မြို့ကော်မီတီ .... .... | ၁,၁၉,၆၀၀ | ၅၀,၂၅၀ | .... | ၁,၆၉,၈၅၀ |
| ပျော်ဘွယ်မြို့ကော်မီတီ .... .... | ၁,၆၈,၆၀၀ | .... | .... | ၁,၆၈,၆၀၀ |
| ကျောက်ပန်းတောင်းမြို့ကော်မီတီ .... | ၁,၀၈,၇၀၀ | ၁,၇၄၀ | .... | ၁,၁၀,၄၄၀ |
| ညောင်ဦးမြို့ကော်မီတီ .... .... | ၁,၅၃,၂၀၀ | .... | .... | ၁,၅၃,၂၀၀ |
| နွားထိုးကြီးမြို့ကော်မီတီ .... .... | ၃၆,၇၀၀ | .... | .... | ၃၆,၇၀၀ |
| ထောင်သာမြို့ကော်မီတီ .... .... | ၉၈,၈၀၀ | ၁၀,၉၆၀ | .... | ၁,၀၉,၇၆၀ |
| စစ်ကိုင်းမြူနီစီပါယ်အဖွဲ့ .... .... | ၂,၇၄,၇၀၀ | ၅,၀၀၀ | .... | ၂,၇၉,၇၀၀ |
| စစ်ကိုင်းဒိစတြိတ်ကောင်စီ .... .... | ၁,၃၁,၅၀၀ | ၂၁,၀၀၀ | .... | ၁,၅၂,၅၀၀ |
| ရွှေဘိုမြူနီစီပါယ်အဖွဲ့ .... .... | ၃,၃၇,၃၀၀ | .... | .... | ၃,၃၇,၃၀၀ |
| ရွှေဘိုဒိစတြိတ်ကောင်စီ .... .... | ၂,၈၄,၇၀၀ | ၁၄,၅၂၀ | .... | ၂,၉၉,၂၂၀ |
| ကသာမြူနီစီပါယ်အဖွဲ့ .... .... | ၁,၇၀,၃၀၀ | ၂၂,၀၀၀ | .... | ၁,၉၂,၃၀၀ |
| ကသာဒိစတြိတ်ကောင်စီ .... .... | ၂,၁၁,၂၀၀ | ၄,၂၀၀ | .... | ၂,၁၅,၄၀၀ |

| | | | | |
|---|---|---|---|---|
| ကောလင်းမြို့နီစီပါယ်အဖွဲ့ .... .... | ၁,၆၃,၉၀၀ | ၈၀,၀၀၀ | .... | ၂,၄၃,၉၀၀ |
| မုံရွာမြို့နီစီပါယ်အဖွဲ့ .... .... | ၆,၀၈,၆၀၀ | ၇၅,၀၆၀ | .... | ၆,၈၃,၆၆၀ |
| မုံရွာဒီစထြိတ်ကောင်စီ .... .... | ၁,၉၈,၃၀၀ | .... | .... | ၁,၉၈,၃၀၀ |
| မြင်းမူမြို့ကော်မီတီ .... .... | ၁,၄၁,၁၀၀ | ၂၁,၀၀၀ | .... | ၁,၆၁,၁၀၀ |
| ရေဦးမြို့ကော်မီတီ .... .... | ၁,၁၉,၀၀၀ | .... | .... | ၁,၁၉,၀၀၀ |
| မော်လိုက်ခရိုင်ဝန် အုပ်ချုပ်သော ဒေသန္တရ ရံပုံငွေ အဖွဲ့။ | ၁,၆၉,၈၀၀ | ၃,၁၀၀ | .... | ၁,၇၂,၉၀၀ |
| ကလေးမြို့နီစီပါယ်အဖွဲ့ .... .... | ၁,၃၉,၈၀၀ | ၇၅,၀၀၀ | .... | ၂,၁၄,၈၀၀ |
| တောင်ကြီးမြို့နီစီပါယ်အဖွဲ့ .... .... | ၇,၄၇,၈၀၀ | ၈၉,၀၀၀ | .... | ၈,၃၆,၈၀၀ |
| လားရှိုးမြို့နီစီပါယ်အဖွဲ့ .... .... | ၃,၂၂,၃၀၀ | ၁,၁၄,၀၀၀ | .... | ၄,၃၆,၃၀၀ |
| အောင်ပန်းမြို့ကော်မီတီ .... .... | ၁,၇၅,၈၀၀ | ၂၂,၀၀၀ | .... | ၁,၉၇,၈၀၀ |
| ညောင်ရွှေမြို့ကော်မီတီ .... .... | ၁,၂၁,၃၀၀ | ၃၃,၀၀၀ | .... | ၁,၅၄,၃၀၀ |
| လွိုင်လင်မြို့ကော်မီတီ .... .... | ၁,၃၂,၈၀၀ | ၁,၀၀,၀၀၀ | .... | ၂,၃၂,၈၀၀ |
| သီပေါမြို့ကော်မီတီ .... .... | ၁,၄၇,၀၀၀ | ၅၂၀ | .... | ၁,၄၇,၅၂၀ |
| ကျောက်မဲမြို့ကော်မီတီ .... .... | ၂,၆၀,၁၀၀ | ၁၀,၀၀၀ | .... | ၂,၇၀,၁၀၀ |
| ပင်လုံမြို့ကော်မီတီ .... .... | ၆၃,၉၀၀ | .... | .... | ၆၃,၉၀၀ |
| မိုးနဲမြို့ကော်မီတီ .... .... | ၃၅,၉၀၀ | ၁၀,၀၀၀ | .... | ၄၅,၉၀၀ |
| ကျိုင်းတုံမြို့ကော်မီတီ .... .... | ၂,၇၀,၃၀၀ | ၅၀,၀၀၀ | .... | ၃,၂၀,၃၀၀ |
| မြစ်ကြီးနားမြို့နီစီပါယ်အဖွဲ့ .... .... | ၂,၆၀,၄၀၀ | ၁,၂၄,၅၀၀ | .... | ၃,၈၄,၉၀၀ |
| မြစ်ကြီးနားခရိုင်ဝန် အုပ်ချုပ်သော ဒေသန္တရ ရံပုံငွေ အဖွဲ့။ | ၁,၀၁,၈၀၀ | ၃၅,၅၀၀ | .... | ၁,၃၇,၃၀၀ |
| ဗန်းမော်မြို့နီစီပါယ်အဖွဲ့ .... .... | ၁,၇၈,၃၀၀ | ၅၂,၀၀၀ | .... | ၂,၃၀,၃၀၀ |
| ဗန်းမော်ခရိုင်ဝန် အုပ်ချုပ်သော ဒေသန္တရ ရံပုံငွေအဖွဲ့ | ၅၃,၃၀၀ | ၁၇,၅၀၀ | .... | ၇၀,၈၀၀ |
| ပူတာအိုခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရ ရံပုံငွေအဖွဲ့ | ၇,၅၀၀ | ၉၂,၀၀၀ | .... | ၉၉,၅၀၀ |

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆုံး

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | | | ပေါင်း |
|---|---|---|---|---|
| | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | ထောက်ပံ့ငွေအတိုးနှင့် ကြွေးမြီ၊ ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေများ | |
| | ကျပ် | ကျပ် | ကျပ် | ကျပ် |
| လွိုင်ကော်မြို့ကော်မီတီ .... .... | ၁,၄၄,၉၀၀ | ၁၉,၀၀၀ | ... | ၁,၆၃,၉၀၀ |
| ဘားအံမြူနီစီပါယ်အဖွဲ့ .... .... | ၂,၉၁,၉၀၀ | ၁,၆၅,၀၀၀ | .... | ၄,၅၆,၉၀၀ |
| ဘားအံခရိုင်ဝန် အုပ်ချုပ်သော ဒေသန္တရရုံပုံငွေအဖွဲ့ | ၂၀၄,၀၀ | ၆,၀၀၀ | .... | ၂၆,၄၀၀ |
| ကော့ကရိတ်မြို့ကော်မီတီ .... .... | ၁,၀၁,၃၀၀ | ၃၃,၉၀၀ | .... | ၁,၃၅,၂၀၀ |
| ကော့ကရိတ်ခရိုင်ဝန် အုပ်ချုပ်သော ဒေသန္တရရုံပုံငွေအဖွဲ့။ | ၂,၆၀၀ | ၄၇,၀၀၀ | .... | ၄၉,၆၀၀ |
| ပလက်ဝခရိုင်ဝန် အုပ်ချုပ်သော ဒေသန္တရရုံပုံငွေအဖွဲ့ | ၅,၀၀၀ | ၁၅,၀၀၀ | .... | ၂၀,၀၀၀ |
| ပေါင်း .... | ၆,၃၃,၂၂,၃၀၀ | ၁,၀၆,၁၃,၃၅၀ | ၅,၇၆,၉၀၀ | ၈,၂၅,၁၂,၅၅၀ |

(ပုံ) ဗိုလ် နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်။
(၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်။)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းရေးမှူး၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

# ဥပဒေများ

(၁၉၇၂ ခုနှစ်)

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်။

(၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

# ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ။

[၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန် ရေးကောင်စီ ဥပဒေ အမှတ် ၁။]

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် ဆိုရှယ်လစ်လူ့ဘောင်ကို တည်ဆောက်လျက်ရှိသည်။ ထိုသို့ဆိုရှယ်လစ်လူ့ဘောင်ကို တည်ဆောက်ရာ၌ လုပ်သားပြည်သူတို့၏ စီးပွါးရေးဘဝကို မြှင့်တင်ပေးရန်သာမက၊ ထိုလုပ်သားပြည်သူတို့၏ လူမှုရေးဘဝ သည် စီးပွါးရေးစံနစ်ကြီး အောင်မြင်လာသည်နှင့်အမျှ ''ရေမြင့်လျှင်ကြာတင့်သည်''ဆိုသည့်အတိုင်း တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ဤသို့လူမှုရေးဘဝကို တိုးတက်လာစေရန် ဆောင်ရွက်ရာ၌ လူမှုရေးကဏ္ဍတရပ်ဖြစ်သော လုပ်သားပြည်သူတို့၏ ကျန်းမာရေးကိစ္စ အဝဝတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ လုပ်သားပြည်သူတို့၏ ကျန်းမာရေးကိစ္စအဝဝကို စံနစ်တကျ တိတိကျကျ ဆောင်ရွက်နိုင်ရန် အလို့ငှါ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေပြဋ္ဌာန်းလိုက်သည်။ ဥက္ကဋ္ဌသည်၊ ဤဥပဒေကိုပြဋ္ဌာန်း

## အခန်း ၁

### စကားချီး

အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်။

၁။ (၁) ဤဥပဒေကို ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တဝှမ်းလုံးတွင် ချက်ခြင်း အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ဤဥပဒေတွင် စကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) ''အမှိုက်သရိုက်၊ အညစ်အကြေး''ဆိုသည်မှာ၊ အမှိုက်သရိုက် စားကြွင်းစားကျန်၊ မီးလွှာ၊ ချေးပုပ် ချေးစော်၊ စက်ဆုပ်ရွံရှာဖွယ်ရှိသည့်အရာ၊ လူ၊ သို့မဟုတ် တိရစ္ဆာန်အလောင်းကို ဆိုလိုသည်။

(ခ) ''လုပ်သား ပြည်သူတို့ သွားလာ နေထိုင် အသုံးပြုသည့် အဆောက်အဦ၊ သို့မဟုတ် နေရာများ'' ဆိုသည်မှာ၊ ဈေး၊ ကျောင်း၊ ရုပ်ရှင်ရုံ၊ ကပွဲရုံ၊ ပန်းခြံ၊ ကစားကွင်း၊ တော်ဒါဆောင်၊ ဟော်တယ်၊ ပျော်ပွဲစားရုံ၊ သို့မဟုတ် တည်းခိုခန်း၊ ကိုဆိုလိုသည်။

(ဂ) ''အစားအသောက်'' ဆိုသည်မှာ အသီးအရွက်၊ သားငါး၊ ချက်ပြုတ်ပြုပြင် ရောင်းချသော အစားအစာ၊ အဖျော်ယမကာ၊ စည်သွတ်ဗူးစသော လူတို့စားသုံးသည့် စည်သည့်အစား အသောက်မျိုးကိုမဆို ဆိုလိုသည်။

(ဃ) ''ဆေးဝါး'' ဆိုသည်မှာ၊ အစား အစာနှင့် ဆေးဝါးများ အက်ဥပဒေ (The Food and Drugs Act) တွင် အဓိပ္ပါယ် ဖေါ်ပြထားသော ဆေးဝါးအပြင် အစိုးရက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍ သတ်မှတ်သည့်လူတို့ အတွက် ရောဂါအမျိုးမျိုးမှ ကာကွယ်ကုသရန် မည်ကဲ့သို့မဆို အသုံးပြုသော အငွေ့၊ အရည်၊ အမှုန့်၊ အခဲဖြင့် ပြုလုပ်ထားသည့် ဝားဆေး၊ သောက်ဆေး၊ ထိုးဆေး၊ လိမ်းဆေး၊ သို့မဟုတ် ရှူဆေးကို ဆိုလိုသည်။

(င) ''နေအိမ်သုံးပစ္စည်း'' ဆိုသည်မှာ၊ နေအိမ်တွင် လူမှုရေးအတွက် အသုံးပြုသည့်ပစ္စည်း၊ ကလေး ကစားစရာပစ္စည်း၊ သို့မဟုတ် အားကစားနှင့် ကာယပစ္စည်းများကို ဆိုလိုသည်။

(စ) ''အလှကုန်ပစ္စည်း'' ဆိုသည်မှာ၊ မသုံးလျှင် ဖြစ်သော်လည်း၊ ပင်ကိုယ်အလှကို နဂိုထက်ပိုမို၍ လှပဝင့်တယ်စေရန် အသုံးပြုသော ပစ္စည်းကိရိယာကို ဆိုလိုသည်။

(ဆ) ''ကိုယ်ပိုင်ဆေးကုဂေဟာ'' ဆိုသည်မှာ၊ အစိုးရဌာန လက်အောက်ရှိသော ဆေးရုံ၊ ဆေးပေးရုံနှင့် အလားတူ ဥပစာများမှအပ မကျန်းမာသူများကိုဖြစ်စေ၊ ထိခိုက်ဒဏ်ရာ ရသူများကိုဖြစ်စေ၊ မသန်မစွမ်းသူများကိုဖြစ်စေ၊ ကိုယ်ဝန်ဆောင်များနှင့် မီးဖွါးအမျိုးသမီး များကိုဖြစ်စေ အတွင်းလူနာ၊ သို့မဟုတ် အပြင်လူနာအဖြစ် လက်ခံပြုစုကုသရေးအတွက် အသုံးပြုသော ဥပစာတခုခု၊ သို့မဟုတ် ရောဂါကုသရေးကို အထောက်အကူပြုရန် ဓါတ်ခွဲစစ်ဆေးခြင်း၊ ဓါတ်မှန်ရိုက်ခြင်းနှင့် အခြားစစ်ဆေးစမ်းသပ်ခြင်းများအတွက် အသုံးပြုသည့် ဥပစာတခုခုကို ဆိုလိုသည်။

## အခန်း ၂

## <u>ပြည်သူတို့၏ ကျန်းမာရေးကို ကာကွယ်ခြင်း</u>

လုပ်ပိုင်ခွင့်များ။

၃။ ။အခြားတည်ဆဲ တရားဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ အစိုးရသည် လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို ပိုမိုတိုးတက် ကောင်းမွန်လာစေရန်၎င်း၊ လုပ်သားပြည်သူတို့၏

ကျန်းမာရေးကို ထိခိုက်ခြင်းမှ ကာကွယ်ရန်ရင်း အောက်တွင်ဖော်ပြသော ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အကြံပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်ခြင်း၊ တားမြစ်ခြင်းစသည့် လုပ်ငန်းတို့ကို လုပ်ဆောင်ရမည်။

(၁) ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ—

(က) လူအများနေထိုင်ရာ ပတ်ဝန်းကျင်တွင် အမှိုက်သရိုက်၊ အညစ်အကြေးများကို သိမ်းဆည်းစွန့်ပစ်ခြင်း။

(ခ) လူအများအတွက် သောက်သုံးသောရေများကို အပြည့်ပြည့်ဆိုင်ရာစံချိန်မှီသတ်မှတ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း။

(ဂ) လူအများနေထိုင်ရာ ပတ်ဝန်းကျင်လေထုတွင် လူတို့ကိုဘေးအန္တရာယ်ဖြစ်စေမည့်အခိုးအငွေ၊ အနံ့အသက်၊ အမှုန်အမွှား၊ အသံပလံနှင့် ဓါတ်ရောင်ခြည် များကြောင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း။

(ဃ) မြို့ရွာစည်ပင်သာယာရေး၊ အိမ်ယာဆောက်လုပ်ခြင်းနှင့် လုပ်သားပြည်သူတို့သွားလာနေထိုင်အသုံးပြုသည့် အဆောက်အဦ၊ သို့မဟုတ် နေရာများ၏ ကျန်းမာသန့်ရှင်းရေးအတွက် ဆောင်ရွက်ခြင်း။

(၂) လုပ်သားပြည်သူတို့ ထုတ်လုပ် ရောင်းချသော အစားအသောက်နှင့် ပတ်သက်သည့်ကိစ္စများ—

(က) အစားအသောက် ထုတ်လုပ်ရောင်းချသည့် အလုပ်ရုံ၊ စက်ရုံ၊ လုပ်ငန်းဌာနများကို မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ခြင်းမှပယ်ဖျက်ခြင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်း။

(ခ) လုပ်သားပြည်သူသို့ ရောင်းချသော အစားအသောက်တို့ကို ကျန်းမာသန့်ရှင်းစေခြင်း။

(ဂ) လုပ်သားပြည်သူသို့ ရောင်းချသော အစားအသောက်များကို အတုအပပြုလုပ်ခြင်း၊ အခြားယုတ်ညံ့သောပစ္စည်းများနှင့် ရောစပ်ခြင်း၊ အစားအသောက်ထဲတွင် ရှိယင်းစွဲဝတ္ထု ပစ္စည်းများအား ထုတ် နုတ်ခြင်းတို့မှ ကာကွယ်ခြင်း။

(ဃ) အစားအသောက် ထုတ်လုပ်ရောင်းချသော အလုပ်ရုံ၊စက်ရုံ၊ လုပ်ငန်းဌာနတို့ကို ကျန်းမာသန့်ရှင်းစေခြင်း။

(င) အစားအသောက်ရောင်းချသော ဥပစာအဆောက်အဦများကို ကျန်းမာသန့်ရှင်းစေခြင်း။

(စ) လုပ်သားပြည်သူသို့ ရောင်းချသော အစားအသောက်များ ထုတ်လုပ်ရောင်းချသည့်နေရာများတွင် ကူးစက်ရောဂါ ရှိသူများ ဝင်ရောက်အမှုထမ်းခြင်းမှ ကာကွယ်ခြင်း။

(ဆ) ဘေးအန္တရာယ်ဖြစ်စေသော အစားအသောက်များကို သိမ်းဆည်းဖျက်ဆီးခြင်း။

(ဇ) အစားအသောက်နှင့် ပတ်သက်သည့်ကိစ္စရပ်များကို စစ်ဆေးကြည့်ရှုရန် လိုအပ်လျှင် အစိုးရ၏ဓါတ်ခွဲခန်းများသို့ ပို့၍ စစ်ဆေးခြင်း။

(ဈ) အစားအသောက်များကို အစိုးရကအခါအားလျော်စွာ သတ်မှတ်ပေးသော စံချိန်နှင့်ကိုက်ညီစေရန် ဆောင်ရွက်ခြင်း။

(၃) လုပ်သားပြည်သူများအတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများ—

(က) နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်သော အလုပ်ရုံ၊ စက်ရုံများမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်မှုပယ်ဖျက်ခြင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်း။

(ခ) ထုတ်လုပ်သော နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများသည်လုပ်သားပြည်သူတို့အတွက်ဘေးအန္တရာယ်ဖြစ်ပွါးနိုင်မျှင်သော်ငြင်း၊ အဆိပ်အတောက် ဖြစ်စေနိုင်လျှင်သော်ငြင်း၊ ဘေးအန္တရာယ်ဖြစ်စေတတ်သော ဓါတ်ရောင်ခြည်ပါခဲ့လျှင်သော်ငြင်း ကုန်ထုတ်လုပ်ခြင်းကို တားမြစ်ခြင်း။

(ဂ) ဘေးအန္တရာယ်ရှိသော ထုတ်လုပ်ပြီးသည့် နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို လုပ်သားပြည်သူများအား ဘေးအန္တရာယ် မရှိစေသောနည်းဖြင့် ဖျက်ဆီးခြင်း။

(ဃ) ကုန်ရောင်းဆိုင်များ၌ ဘေးအန္တရာယ်ရှိစေသော နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို သိမ်းဆည်းဖျက်ဆီးခြင်း။

(င) နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို အစိုးရက အခါအားလျော်စွာ သတ်မှတ်ပေးသော စံချိန်နှင့် ကိုက်ညီစေရန် ဆောင်ရွက်ခြင်း။

(၄) ကူးစက်ရောဂါများနှင့် ပတ်သက်သည့်ကိစ္စများ—

(က) ကူးစက်ရောဂါပြန့်ပွါးခြင်းကို နှိမ်နင်းကာကွယ်ရန် အလို့ငှါ အခါအားလျော်စွာ ဒေသအလိုက် တိုင်ကြားရမည့် ရောဂါအမည်စာရင်းများကို ထုတ်ပြန်ကျေညာခြင်း။

(ခ) ကူးစက်ရောဂါ ကာကွယ်ရေးအလို့ငှါ၊ စုံစမ်းမေးမြန်းခြင်း၊ လုပ်သားပြည်သူတရပ်လုံးကာကွယ်ဆေးထိုးသည့်အစီအစဉ်ချမှတ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ပိုးမွှားတိရစ္ဆာန်များသုတ်သင်ခြင်းနှင့် အခြားလိုအပ်သောလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဂ) လုပ်သားပြည်သူတို့၏ ကျန်းမာရေးကိုစိုးရိမ်ဘွယ်ရာ ကူးစက်ရောဂါကျရောက်နိုင်သည့် အခြေအနေရှိလျှင်၊ သို့မဟုတ်ကူးစက်ရောဂါ ဖြစ်ပွားနေလျှင်၊ အစိုးရသည်ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ သို့မဟုတ်ဒေသတခုခုကို ကျန်းမာရေးအတွက် စိုးရိမ်ရသောအရေးပေါ်ဒေသဟုအမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းနှင့်လိုအပ်သောရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(၅) ကိုယ်ပိုင်ဆေးကုဂေဟာများနှင့် ပတ်သက်သည့် ကိစ္စများ—

(က) ကိုယ်ပိုင်ဆေးကု ဂေဟာများနှင့် ပတ်သက်၍ လိုအပ်သည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

(ခ) ကိုယ်ပိုင်ဆေးကုဂေဟာအားလုံးကိုမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်မှ ပယ်ဖျက်ခြင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်း။

(၆) လုပ်သားပြည်သူများအတွက် အသုံးပြုရန်လိုအပ်သည့် ဆေးဝါးနှင့် ပတ်သက်သည့် ကိစ္စများ—

(က) ဆေးဝါးများကို ဖြန့်ဖြူးရောင်းချရန် ထုတ်လုပ်ခြင်း၊ လက်လီလက်ကားရောင်းချခြင်း စသည့်လုပ်ငန်းများကို မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်မှ ပယ်ဖျက်ခြင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်း။

(ခ) လုပ်သားပြည်သူတို့အား ဆေးဝါးများသည် ဘေးအန္တရာယ်မဖြစ်စေရေးနှင့် တန်ခိုးအာနိသင် ပြည့်ဝမှန်ကန်ရေးအတွက် ဖေါ်စပ်နည်းနှင့် ဆေးဝါးနမူနာများကို အစိုးရက ဤကိစ္စအလို့ငှါဖွဲ့စည်းထားရှိမည့်အဖွဲ့အစည်းများသို့ပေးပို့စေခြင်း။

(ဂ) ဆေးဝါးတန်ခိုးအာနိသင်ရှိသည်ထက် ပိုမို၍ဖြစ်စေ၊ သို့မဟုတ် လိမ်လည်၍ဖြစ်စေ၊ ကြော်ငြာခြင်းများကို တားမြစ်ခြင်း။

(ဃ) နိုင်ငံခြားမှတင်သွင်းသော ဆေးဝါးများကို တန်ခိုးအာနိသင် စိစစ်ပြီးမှသာလျှင် ဖြန့်ဝေစေခြင်း။

(င) ဆေးဝါးတန်ခိုး အာနိသင် စစ်ဆေးစမ်းသပ်ရန် အလို့ငှါ၊ အစိုးရက သတ်မှတ်ပေးသည့် ဓါတ်ခွဲဌာနတခုခုကို တာဝန်ပေးခြင်း။

## အခန်း ၃

## လုပ်ပိုင်ခွင့်နှင့် တာဝန်များ

တာဝန်ပေးခြင်း။

၄။ အစိုးရသည်၊ ဤဥပဒေ၌ ပြဋ္ဌာန်းထားသည့် မည်သည့်ကိစ္စရပ်ကိုမဆို ဆောင်ရွက်ရန်—

(က) လိုအပ်သည့်အဖွဲ့ အစည်းများဖွဲ့စည်း၍၊ ယင်းသို့ဖွဲ့စည်းသည့် အဖွဲ့အစည်းများအား သက်ဆိုင်ရာကိစ္စရပ်များအတွက်အကြံပေးစေခြင်း၊ စစ်ဆေးစေခြင်း၊ကြီးကြပ်စေခြင်း၊ပြုပြင်စေခြင်း၊ တားမြစ်စေခြင်း၊ ဖျက်ဆီးစေခြင်းတို့အတွက် တာဝန်ပေးအပ်နိုင်ခွင့်ရှိသည်။

(ခ) မည်သည့်အစိုးရဌာန၊ အစိုးရလက်အောက်ခံ အဖွဲ့အစည်းများသို့မဆို တာဝန်ပေးအပ်နိုင်ခွင့်ရှိသည်။

**အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်။**

၅။ ဤဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများကသော်၎င်း၊ ၎င်းအဖွဲ့များမှ တာဝန်ပေးအပ်ထားခြင်း ခံရသူများကသော်၎င်း၊ ဤဥပဒေအရ တာဝန်ပေးအပ် ထားခြင်းခံရသော အစိုးရဌာနများနှင့် အစိုးရလက်အောက်ခံ အဖွဲ့အစည်းများကသော်၎င်း၊ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စများ၊ အစားအသောက်နှင့် ပတ်သက်သည့် ကိစ္စများ၊ လုပ်သားပြည်သူများအတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ ကူးစက်ရောဂါနှင့် ပတ်သက်သည့်ကိစ္စများ၊ ကိုယ်ပိုင်ဆေးကုဂေဟာနှင့်ပတ်သက်သည့်ကိစ္စများ၊ လုပ်သားပြည်သူတို့အသုံးပြုသည့် ဆေးဝါးများနှင့်ပတ်သက်သည့်ကိစ္စများ စသည်တို့အတွက် အလုပ်ရုံ၊ စက်ရုံများ၊ လုပ်ငန်းဌာနများ၊ ဆိုင်များ၊ ဥပစာများ၊ နေရာများ၊ အဆောက်အဦများသို့ အချိန်အခါမရွေး ဝင်ရောက်စစ်ဆေး ညွှန်ကြားခွင့်ရှိသည်။

## အခန်း ၄

### နည်းဥပဒေများအဖြစ်၊ မှတ်ယူရမည့်တည်ဆဲဥပဒေများ၏ ပြဋ္ဌာန်းချက်များ

**တည်ဆဲဥပဒေများ။**

၆။ ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်းမပြုမီ အောက်ဖော်ပြပါ ဥပဒေများ၏ ပြဋ္ဌာန်းချက်များကို ဤဥပဒေအရ ပြုလုပ်ထားသည့် နည်းဥပဒေများ အဖြစ် မှတ်ယူ၍လိုက်နာဆောင်ရွက်ရမည်။ သို့ရာတွင် ယင်းဥပဒေများတွင်ပါသော ပြဋ္ဌာန်းချက်များသည်၊ ဤဥပဒေ၏ရည်ရွယ်ချက်နှင့် သဘောထားများနှင့် မဆန့်ကျင်သမျှသာလျှင် ဆက်လက်အတည်ဖြစ်စေရမည်။

၁။ ၁၉၅၇ ခုနှစ်၊ကိုယ်ပိုင်သူနာပြုဂေဟာများမှတ်ပုံတင်အက်ဥပဒေ

၂။ The Dangerous Drugs Act.

၃။ The Epidemic Diseases Act.

၄။ The Food and Drugs Act.

၅။ The Food and Drugs (Amendment) Act 1949.

၆။ The Ghee Adulteration Act.

၇။ The Leprosy Act.

၈။ The Vaccination Act.

၇။ ဤဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်း မပြုမီ မည်သည့်တည်ဆဲ တရားဥပဒေ များတွင်မဆို၊ အထူးသဖြင့် အောက်ဖေါ်ပြပါ ဥပဒေများတွင် ပါရှိသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဤဥပဒေအရ ပြုလုပ်ထားသည့်နည်းဥပဒေများအဖြစ် မှတ်ယူ၍လုပ်ကိုင် ဆောင်ရွက်ရမည်။ သို့ရာတွင် ယင်းဥပဒေ များတွင် ပါသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် သဘောထားများနှင့် မဆန့်ကျင်သမျှသာလျှင် ဆက်လက် အတည်ဖြစ်စေရမည်။

အခြား တည်ဆဲ ဥပဒေများ၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်း ချက်များ။

၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ။

၂။ The Animal Pest Act.

၃။ The Burma Merchant Shipping Act.

၄။ The Burma Aircraft Act.

၅။ The City of Rangoon Municipal Act.

၆။ The Cantonments Act.

၇။ The Municipal Act.

၈။ The Ports Act.

၉။ The Rural Self-Government Act.

၁၀။ The Railways Act.

၁၁။ The Towns Act.

၁၂။ The Village Act.

၈။ ။(၁) ပုဒ်မ ၆ နှင့် ၇ များတွင် ဖေါ်ပြထားသော ဥပဒေများအရ၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကိစ္စများအတွက် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများ၊ သို့မဟုတ် ခန့်ထားသည့် ပုဂ္ဂိုလ်များသည် ဤဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ သို့မဟုတ်ခန့်ထားသည့်ပုဂ္ဂိုလ်များအဖြစ် ဆက်လက်တည်ရှိ၍ ရှိရင်းစွဲလုပ်ကိုင် ဆောင်ရွက်ပုံ နည်းစံနစ်များအတိုင်း နောက်ထပ်မပြင်ဆင်မခြင်း ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရမည်။

ဤဥပဒေ ပြဋ္ဌာန်း ခြင်း မပြုမီ ဖွဲ့စည်းထားသည့် အဖွဲ့ အစည်း များနှင့် ဆောင်ရွက်ဆဲ ကိစ္စရပ်များ။

(၂) ဤဥပဒေအရ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များကို မပြုလုပ်မထုတ်ပြန်နိုင်သေးမီ ကာလအတွင်း ပုဒ်မ ၆ နှင့် ၇ များတွင်ပါရှိသော ဥပဒေများအရ ဆောင်ရွက်ဆဲ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ယင်းဥပဒေများပါ ပြဋ္ဌာန်းချက်များ အတိုင်း ဆက်လက်အရေးယူဆောင်ရွက်နိုင်သည်။

(၃) ပုဒ်မ ၆ နှင့် ၇ တွင်ဖော်ပြထားသော ဥပဒေ တခုခုအရ ပြုသည့်၊ သို့မဟုတ်ထုတ်သည့် ပြည်သူ့ကျန်းမာရေးနှင့်သက်ဆိုင်သောနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက် တခုခုသည်၊ ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်တခုခုဖြင့် နုတ်သိမ်းပယ်ဖျက်ခြင်းမပြုသေးမီ ကာလအတွင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှသာဆက်လက်အကျိုးသက်ရောက်စေရမည့်ပြင်၊ ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်ဖြစ်သည်ဟူ၍လည်း မှတ်ယူရမည်။

## အခန်း ၅

## ပြစ်ဒဏ်နှင့် အရေးယူနည်းများဆိုင်ရာ ပြဋ္ဌာန်းချက်များ

ပြစ်ဒဏ် များနှင့် အရေးယူနည်းများ။

၉။ (၁) အခြားဘည်သည့်တရားဥပဒေများတွင်မည်သို့ပင် ပါရှိစေကာမူ မည်သို့မဆို၊ ပုဒ်မ ၆ နှင့် ၇ တွင် ဖော်ပြထားသော ဥပဒေများနှင့် ယင်းဥပဒေများအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်ပြည်သူ့ကျန်းမာရေးနှင့် သက်ဆိုင်သောနည်းဥပဒေ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များပါ ပြဋ္ဌာန်းချက် တခုခုကိုသော်၎င်း၊ ဤဥပဒေနှင့် ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များပါ ပြဋ္ဌာန်းချက်တခုခုကိုသော်၎င်း —

—လိုက်နာရန်ပျက်ကွက်လျှင်၊ သို့မဟုတ်

—ဖေါက်ဖျက်ကျူးလွန်လျှင်၊ သို့မဟုတ်

—ဖေါက်ဖျက်ကျူးလွန်ရန် ကြိုးပမ်းအားထုတ်လျှင်၊ သို့မဟုတ်

—သိလျက်နှင့်ဖြစ်စေ၊ သိနိုင်လောက်သော အကြောင်းများရှိလျက်နှင့်ဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်ကို ဖေါက်ဖျက် ကျူးလွန်စေရန် သူတပါးကိုအားပေးကူညီလျှင် —

(က) ယင်းပြဋ္ဌာန်းချက်သည်၊ ပတ်ဝန်းကျင်ကျန်းမာရေး ဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စသော်၎င်း၊ လုပ်သားပြည်သူများအတွက် အသုံးပြုရန် ဖြစ်သော နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စသော်၎င်း ဖြစ်လျှင်၊ ပဌမအကြိမ်တွင် ၁ နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀ ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ခံစေရမည်။

(ခ) ယင်းပြဋ္ဌာန်းချက်သည်၊ လုပ်သားပြည်သူသို့ ထုတ်လုပ်ရောင်းချသော အစားအသောက်နှင့် ပတ်သက်သည့် ကိစ္စသော်၎င်း၊ ကုသဆေးဝါးများနှင့်ပတ်သက်သည့် ကိစ္စသော်၎င်း

လုပ်သားပြည်သူများအတွက် အသုံးပြုရန် လိုအပ်သည့် ဆေးဝါးနှင့် ပတ်သက်သည့် ကိစ္စသော်၎င်းဖြစ်လျှင် ပဌမ အကြိမ် ၃ နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁,၀၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သော ပစ္စည်းများကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံစေရမည်။

(ဂ) ယင်းပြဋ္ဌာန်းချက်သည် ကိုယ်ပိုင်ဆေးကု ဂေဟာများနှင့် ပတ်သက်သည့် ကိစ္စဖြစ်လျှင် ပဌမ အကြိမ်တွင် ၅ နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅,၀၀၀ ထိဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သော ပစ္စည်းများကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံစေရမည်။

(၂) ပုဒ်မခွဲ(၁) တွင် ဖော်ပြထားသည့် တရားရုံးပဒေတခုခုပါ ပြည်သူ့ ကျန်းမာရေးနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်တခုခုကို ကျူးလွန်ကြိမ်သာမက၊ ဒုတိယ အကြိမ်၊ သို့မဟုတ်နောက်ထပ်—

—လိုက်နာရန်ပျက်ကွက်လျှင်၊ သို့မဟုတ်

—ဖေါက်ဖျက်ကျူးလွန်လျှင်၊ သို့မဟုတ်

—ဖေါက်ဖျက် ကျူးလွန်ရန်ကြိုးပမ်းအားထုတ်လျှင်၊ သို့မဟုတ်

—သိလျက်နှင့်ဖြစ်စေ သိနိုင်လောက်သော အကြောင်းများ ရှိလျက်နှင့်ဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်ကို ဖေါက်ဖျက် ကျူးလွန်စေရန် သူတပါးကို အားပေးကူညီလျှင်—

(က) ယင်းပြဋ္ဌာန်းချက်သည်၊ ပုဒ်မခွဲ(၁) (က)ပါ ကိစ္စဖြစ်လျှင် ၃ နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

(ခ) ယင်းပြဋ္ဌာန်းချက်သည်၊ ပုဒ်မခွဲ(၁) (ခ)နှင့် (ဂ)ပါကိစ္စ ဖြစ်လျှင် ၁၀ နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

(၃) ဤပုဒ်မအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသည့်ပစ္စည်းများကိုအစိုးရကဖြစ်စေ၊ အစိုးရကတာဝန်လွှဲအပ်သောပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းက ဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

(၄) ဤပုဒ်မအရ ထောင်ဒဏ် ၃ နှစ်ထိနှင့် ၃ နှစ်အထက်စီရင်ထိုက်သည့် ပြစ်မှုတစုံတရာကို ဤကိစ္စအလို့ငှါ အစိုးရက လုပ်ပိုင်ခွင့်လွှဲအပ်ထားသူ၊ သို့မဟုတ် အဖွဲ့အစည်း၏ အခွင့်အမိန့်မရရှိဘဲ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မပြုရ။

၁၀။ ။(၁) မည်သူမဆိုပုဒ်မ ၉ (၁) တွင် ရည်ညွှန်းသည့်တရားဥပဒေ တခုခုပါ ပြည်သူ့ကျန်းမာရေးနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်တခုခုကို—

ကုမ္ပဏီများကျူးလွန်သည့် ပြစ်မှုများ။

—လိုက်နာရန်ပျက်ကွက်လျှင်၊ သို့မဟုတ်

—ဖောက်ဖျက်ကျူးလွန်လျှင်၊ သို့မဟုတ်

—ဖောက်ဖျက်ကျူးလွန်ရန် ကြိုးပမ်းအားထုတ်လျှင်၊ သို့မဟုတ်

—သိလျက်နှင့်ဖြစ်စေ၊ သိနိုင်လောက်သော အကြောင်းများရှိလျက်နှင့်ဖြစ်စေ ယင်းပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်စေရန် သူတပါးကိုအားပေးကူညီလျှင်၊

ထိုသူသည်၊ ကုမ္ပဏီဖြစ်သော် ထိုပြစ်မှုကို ကျူးလွန်စဉ်က၊ ထိုကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ရေးအတွက် ကုမ္ပဏီကို ကြီးကြပ်တာဝန်ခံသူ အသီးသီးနှင့်ကုမ္ပဏီသည်၊ ထိုပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည့်အပြင်၊ ထိုသို့မှတ်ယူသည့် အားလျော်စွာ တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းလည်း ခံရမည်။

သို့ရာတွင်ထိုသူသည်၊ ထိုပြစ်မှုကိုမိမိမသိဘဲ ကျူးလွန်ကြောင်းဖြင့်သော်၎င်း၊ အဆိုပါပြစ်မှုမကျူးလွန်ရလေအောင် မိမိလုံ့လပြုသင့်သမျှ ပြုခဲ့ကြောင်းဖြင့် သော်၎င်း၊ သက်သေထင်ရှားပြလျှင်၊ ဤပုဒ်မခွဲပါစကားကြောင့်၊ ထိုသူအားဤဥပဒေတွင် ပြဋ္ဌာန်းထားသော မည်သည့်ပြစ်ဒဏ်ကိုမျှ မစီရင်ရ။

(၂) ပုဒ်မခွဲ (၂) တွင်မည်သို့ပင်ပါရှိစေကာမူ၊ ဤဥပဒေအရဖြစ်သောပြစ်မှုကို ကုမ္ပဏီက ကျူးလွန်သည့်ကိစ္စတွင်၊ ထိုပြစ်မှုကိုကုမ္ပဏီ၏ဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ သို့မဟုတ် အခြားအရာရှိတဦးဦး၏ သဘောတူညီချက်ဖြင့် ကျူးလွန်ကြောင်း၊ သို့မဟုတ် ၎င်းတို့တဦးဦး အလိုတူ အလိုပါ ကျူးလွန်ကြောင်း၊ သို့မဟုတ် ၎င်းတို့တဦးဦး ပေါ့လျော့မှုတခုခုကြောင့် ကျူးလွန်ကြောင်း သက်သေထင်ရှားပြလျှင် အဆိုပါဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ သို့မဟုတ် အခြားအရာရှိသည် ထိုပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင်၊ တရားစွဲဆိုခြင်းလည်း ခံရမည်။

ရှင်းလင်းချက်။ ။ဤပုဒ်မပါကိစ္စများအလို့ငှါ—

(က) ''ကုမ္ပဏီ''ဆိုသည်မှာ၊ တရားဝင်အဖွဲ့အစည်း တခုခုကို ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် အစုစပ်လုပ်ငန်း၊ သို့မဟုတ် အခြားအသင်းအဖွဲ့ တခုခုလည်းပါဝင်သည်။

(ခ) ''ဒါရိုက်တာ'' ဆိုသည်မှာ၊ အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်း၍၊ ထိုအစုစပ်လုပ်ငန်းတွင် အစုစပ်ပါဝင်သူ၊ သို့မဟုတ် အစုရှင်ကို ဆိုလိုသည်။

## အခန်း ၆

### အထွေထွေပြဋ္ဌာန်းချက်များ

နည်းဥပဒေနှင့် စည်းကမ်းဥပဒေများ၊ စသည် တို့ ပြုလုပ်ပိုင်ခွင့်။

၁၁။ ။(၁) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက် အောင်မြင်စေရန်နှင့် ဤဥပဒေနှင့်ပတ်သက်သည့် ကိစ္စရပ်များအတွက် အစိုးရသည်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊အမိန့်နှင့် ညွှန်ကြားချက်များကို ပြုလုပ်နိုင်သည်၊ သို့မဟုတ် ထုတ်ပြန်နိုင်သည်။

(၂) အစိုးရသည်၊ ပုဒ်မ ၆ နှင့် ၇ တွင် ဖော်ပြထားသော ဥပဒေများ၏ အမည်စာရင်းကို အခါနှင့်ကြော်ငြာစာထုတ် ပြန်၍ လိုအပ်သလိုဖြည့်စွက် နိုင်သည်၊ ထုတ်ပယ်နိုင်သည်။

ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်ခြင်း။

၁၂။ ။မည်သူမဆို၊ ဤဥပဒေအရဆောင်ရွက်နေစဉ်၊ သို့မဟုတ် ဆောင်ရွက်သည့်သဘော သက်ရောက်သော အပြုအမူကို ပြုနေစဉ်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် အဓိပ္ပါယ် ဖော်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

တရားစွဲဆိုခြင်းမှ ပိတ်ပင်ခြင်း။

၁၃။ ။ဤဥပဒေအရသော်၎င်း၊ ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်း ဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များ အရသော်၎င်း၊ ရိုးသားသောသဘောဖြင့် ပြုလုပ်သည့်အတွက်၊ သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်၍ ဆောင်ရွက်သည့်အတွက် မည်သူ့ကိုမျှတရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

ဤဥပဒေအရ မှတ်ပုံတင်ခြင်းမပြုရသည့် လုပ်ငန်းများ။

၁၄။ ။ပုဒ်မ ၃ ၏ အပိုဒ်(၂) (က)၊ အပိုဒ်(၃) (က)၊ အပိုဒ်(၅) (ခ)နှင့် အပိုဒ်(၆) (က) တို့တွင် ဖော်ထားသည့် မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သည့် ကိစ္စများသည်၊ အစိုးရ၊ သို့မဟုတ် အစိုးရလက်အောက်ခံ အဖွဲ့အစည်းတခုခုက ဦးစီးကွပ်ကဲထုတ်လုပ် ရောင်းချသောအလုပ်ရုံ၊ စက်ရုံ၊ လုပ်ငန်းဌာနနှင့်သော်၎င်း၊ ပြည်သူ့အလုပ်သမားကောင်စီ၊ သို့မဟုတ် ပြည်သူ့တောင်သူလယ်သမားကောင်စီ၊ သို့မဟုတ် သမဝါယမ အသင်းများက ဖွင့်လှစ်ထားရှိသည့် ဆေးခန်းများနှင့် သော်၎င်းမသက်ဆိုင်စေရ။

အဓိပ္ပါယ်ကောက်ယူခြင်း စသည် တို့နှင့် စပ်လျဉ်းသည့်အဆုံးအဖြတ်။

၁၅။ ။ဤဥပဒေပါစကားရပ်များ၏ အဓိပ္ပါယ်ကောက်ယူချက်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပုဒ်မ ၆ နှင့် ၇ တွင် ဖော်ပြထားသော ဥပဒေများနှင့် ယင်းဥပဒေများအရပြုသည့်၊ သို့မဟုတ် ထုတ်သည့် ပြည်သူ့ကျန်းမာရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များပါ ပြဋ္ဌာန်းချက်များသည်၊ ဤဥပဒေရည်ရွယ်ချက်နှင့် သဘောထားနှင့် ဆန့်ကျင်သည်၊ မဆန့်ကျင်သည်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ အစိုးရက ဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်သည် အဆုံးသတ်အပြီးအပြတ်ဖြစ်စေရမည်။

**ကင်းလွတ်ခွင့်။**

၁၆။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးမှဖြစ်စေ၊ တခုခုမှဖြစ်စေ မည်သည့် ပုဂ္ဂိုလ်၊ သို့မဟုတ် မည်သည့်အရာကိုမဆိုစည်းကမ်းချက် ထား၍သော်၎င်း၊ စည်းကမ်းချက် မထားဘဲ သော်၎င်း၊ အစိုးရက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

**အခက်အခဲများပပျောက်ရန်အမိန့်ဖြင့် လိုအပ်သလို ဆောင်ရွက်နိုင်ခွင့်။**

၁၇။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၊ သို့မဟုတ် တခုခု ထမြောက် အောင်မြင်အောင် ဆောင်ရွက်ရာတွင် အခက်အခဲများ ပေါ်ပေါက်လာလျှင်၊ အစိုးရသည် ထိုအခက်အခဲပပျောက် ရန်အလို့ငှါ အကြောင်းအားလျော်စွာ အမိန့်ဖြင့် လိုအပ် သည် ထင်မြင်သော မည်သည့်ဆောင်ရွက်ချက်ကိုမဆို ပြု လုပ်ဆောင်ရွက်နိုင်သည်။

(ပုံ) ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်။

(၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက်။)

အမိန့်အရ၊

(ပုံ) ဗိုလ်မှူးကြီး ကိုကို၊

အတွင်းရေးမှူး၊

ပြည်ထောင်စုမြန်မာနိုင်ငံ၊ တော်လှန်ရေးကောင်စီ။

ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊

# ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်။
(၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန် ကြေညာသည်။

## ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ။

[၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဆိုရှယ်လစ်စီးပွါးရေးစံနစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မည့် အရည်အချင်း ပြည့်မီသော စာရင်းပညာရှင် လုပ်သားကောင်းများ တိုးပွါး များပြားလာစေရန် အတွက်၎င်း၊ စာရင်းပညာရပ်များ၊ အစဉ်တစိုက် တိုးတက်စေရန်အလို့ငှါ၊ ပညာပေးလုပ်ငန်းများကို ပြုစု ပျိုးထောင်ပေးရန် အတွက်၎င်း၊ စာရင်းပညာရပ်နှင့် စပ်လျဉ်းသော ကိစ္စများတွင် လိုအပ်သလို အကြံဉာဏ်များပေးရန် အတွက်၎င်း၊ ထိုရည်ရွယ်ချက်များမှ အကြောင်းသင့် ဖြစ်ပေါ်လာသည့်၊ သို့မဟုတ် ထိုရည်ရွယ်ချက်များနှင့်ဆက်စပ်သည့်အခြားကိစ္စများကိုဆောင်ရွက်ရန်အတွက်၎င်း လိုအပ်ခြင်းကြောင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

အဓိပ္ပါယ် ဖော်ပြချက်။

၂။ ။ဤဥပဒေတွင် စကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) ''ကောင်စီ''ဆိုသည်မှာ၊ ပုဒ်မ ၃ အရ၊ ဖွဲ့စည်းတည်မထောင်သည့် မြန်မာနိုင်ငံ စာရင်းကောင်စီကို ဆိုလိုသည်။

(ခ) ''စာရင်းပညာရပ်''ဆိုသည်မှာ၊ စာရင်းပြုစုခြင်း၊ စာရင်းကိုင်ခြင်း၊ စာရင်းစစ်ခြင်း၊ စာရင်းရှင်းခြင်းဆိုင်ရာ ပညာရပ်တို့ကို ဆိုလိုသည့်ပြင်၊ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် များက လုပ်ဆောင်သင့်သည်ဟု ကောင်စီက သတ်မှတ်သည့် ပညာရပ်များကိုလည်းဆိုလိုသည်။

(ဂ) ''စာရင်းကိုင်သင်တန်း''ဆိုသည်မှာ၊ စာရင်း ပညာရပ် ဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးရန် ပုဒ်မ ၇ အရ ကောင်စီက ဖွင့်လှစ် တည်ထောင်သည့် စာရင်းကိုင်ကျောင်း၊ သို့မဟုတ် သင်တန်းများကို ဆိုလိုသည်။ ထိုစကားရပ်တွင် အစိုးရ၏ ညွှန်ကြားချက် အရဖြစ်စေ၊ အစိုးရ၏ သဘောတူညီချက်အရဖြစ်စေ၊ ကောင်စီက ကြီးကြပ်အုပ်ချုပ်သည့်၊ သို့မဟုတ် ကောင်စီက စီမံထိန်းသိမ်းကွပ်ကဲသည့် စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချသော ကျောင်း၊ သို့မဟုတ် သင်တန်းများလည်းပါဝင်သည်။

(ဃ) ''လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း'' ဆိုသည်မှာ၊ စာရင်းကိုင် အလုပ်သင်များအား၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်ဖြစ်စေရန် သင်ကြားပို့ချပေးသည့် စာရင်းပညာရပ်ဆိုင်ရာ သင်တန်းကို ဆိုလိုသည်။

(င) ''စာရင်းကိုင်အလုပ်သင်'' ဆိုသည်မှာ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်ဖြစ်ရန် ကောင်စီ၏ ခွင့်ပြုချက်အရ လက်တွေ့အလုပ်သင် သင်ကြားခွင့် ရရှိသူကို ဆိုလိုသည်။

(စ) ''အလုပ်သင်လုပ်သက်'' ဆိုသည်မှာ၊ စာရင်းကိုင် အလုပ်သင်များက စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များကို လက်တွေ့သင်ကြားရန်အတွက်၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများအရ၊ သတ်မှတ်သော လုပ်သက်ကို ဆိုလိုသည်။

(ဆ) ''လက်မှတ်ရပြည်သူ့စာရင်းကိုင်'' ဆိုသည်မှာ၊ ပုဒ်မ ၁၅ အရ၊ အမည်စာရင်း တင်သွင်းခြင်းခံရသူကို ဆိုလိုသည်။

(ဇ) ''အမည်စာရင်း'' ဆိုသည်မှာ၊ ဤဥပဒေ ပြဋ္ဌာန်းချက်များအရ ထားရှိသော လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အမည်စာရင်းကို ဆိုလိုသည်။

(ဈ) ''မှတ်ပုံတင်အရာရှိ'' ဆိုသည်မှာ၊ ပုဒ်မ ၁၂ အရ ခန့်ထားသည့် မှတ်ပုံတင် အရာရှိကို ဆိုလိုသည်။

၃။ ။(၁) မြန်မာနိုင်ငံ စာရင်းကောင်စီဟူသော အမည်ဖြင့် ကောင်စီတခုကို အစိုးရက ဖွဲ့စည်းတည်ထောင်ရမည်။

ကောင်စီဖွဲ့စည်းပုံ။

(၂) ယင်းကောင်စီသည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့် တကွ ကောင်စီပိုင် တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ ဖြစ်ရမည့်ပြင်၊ အဆိုပါ အမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမည်။

(၃) ကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်။

(က) မြန်မာနိုင်ငံ စာရင်းစစ်ချုပ် (ရာထူးအလျောက်ဥက္ကဋ္ဌ)။

( ခ) ဝါရင့်သော စာရင်းပညာရှင်များအနက် အစိုးရက ရွေးချယ် ခန့်ထားသော ကောင်စီလူကြီးအများဆုံး ၁၀ ဦး၊

( ဂ) အခြားသင့်တော်သော ပုဂ္ဂိုလ်များအနက်၊ အစိုးရက ရွေးချယ် ခန့်ထားသော ပုဂ္ဂိုလ်အများဆုံး ၄ ဦး။

ကောင်စီလူကြီးများ၏ ရာထူးသက်တမ်း။

၄။ ။ပုဒ်မ ၃၊ ပုဒ်မခွဲ (၃) ၏ အပိုဒ် (ခ) နှင့် (ဂ) အရ၊ ရွေးချယ် ခန့်ထားသော ကောင်စီလူကြီးများ၏ ရာထူးသက်တမ်းသည်၊ တကြိမ်လျှင် ၄ နှစ်ထက်မပိုစေရ။ သက်တမ်းစေ့သော ကောင်စီလူကြီးများအား ပြန်လည် ခန့်ထားနိုင်ခွင့်ရှိသည်။

ကောင်စီ လူကြီး အဖြစ်မှ ရပ်စဲခြင်း။

၅။ ။ကောင်စီလူကြီးတဦးသည်—

(က) နုတ်ထွက်စာကို ကောင်စီဥက္ကဋ္ဌထံ ပေးပို့လျှင်ဖြစ်စေ၊

( ခ) ကောင်စီ၏ ခွင့်ပြုချက်မရရှိဘဲ အစည်းအဝေးသို့ သုံးကြိမ်တိုင်တိုင် ဆက်လက် မတက်ရောက် ဘဲ ပျက်ကွက်လျှင်ဖြစ်စေ၊

( ဂ) အစိုးရက ကောင်စီလူကြီးတဦးအနေဖြင့် ဆက်လက်မတည်ရှိသင့်ဟု ယူဆလျှင်ဖြစ်စေ

ကောင်စီလူကြီးအဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်။

လစ်လပ်သော ကောင်စီ လူကြီး ရာထူးများတွင် ဖြည့်စွက်ခန့်ထားခြင်း။

၆။ ။(၁) ပုဒ်မ ၅ ပါအကြောင်းတရပ်ရပ်ကြောင့်ဖြစ်စေ၊သေဆုံးသောကြောင့်ဖြစ်စေ၊ ကောင်စီလူကြီးတဦးဦး၏ ရာထူး လစ်လပ်သည့်အခါ၊ လစ်လပ်သောရာထူးတွင် ကောင်စီလူကြီးသစ်တဦးကို ပုဒ်မ ၃၊ ပုဒ်မခွဲ (၃)၊ အပိုဒ် (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်။

(၂) ပုဒ်မခွဲ (၁) အရဖြည့်စွက်ခန့်ထားခြင်းခံရသောကောင်စီလူကြီးသည်၊ မိမိအား ခန့်ထားသည့်နေရာတွင် ဆောင်ရွက်ခဲ့သည့်ကောင်စီလူကြီးဟောင်း၏ ရာထူး သက်တမ်းစေ့ကုန်မည့်အချိန်အထိသာ ရာထူး၌ ထမ်းရွက်ရမည်။

ကောင်စီအစည်းအဝေးများ။

၇။ ။(၁) ကောင်စီ၏ အစည်းအဝေး ကျင်းပခြင်းနှင့် အစည်းအဝေးတွင် ဆောင်ရွက်ရန် အလုပ်ကိစ္စများ၊ အစည်းအဝေးတွင် လိုက်နာရန် ကျင့်ထုံးများမှာ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်ရမည်။

(၂) ကောင်စီ၏ဆောင်ရွက်မှုတို့သည်၊ ကောင်စီလူကြီးနေရာ လစ်လပ်သောကြောင့်သော်၎င်း၊ ကောင်စီလူကြီးခန့်အပ်ရာ၌ ချို့ယွင်းချက် ရှိခြင်းကြောင့်သော်၎င်း ပျက်ပြယ်ခြင်းမရှိစေရ။

၂

**ကောင်စီ၏တာဝန်ဝတ္တရားများ။**

၈။ ကောင်စီသည်၊ အောက်ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်။

(က) စာရင်းကိုင်ကျောင်း၊ သို့မဟုတ် သင်တန်းများ ဖွင့်လှစ်တည်ထောင်ခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းနှင့် စီမံထိန်းသိမ်းကွပ်ကဲခြင်း။

(ခ) စာရင်းကိုင်ကျောင်း၊ သို့မဟုတ် သင်တန်းများအတွက် သင်ကြားရမည့် ဘာသာရပ်များနှင့် သင်ရိုးညွှန်းတမ်းများကို သတ်မှတ်ခြင်း၊ စာမေးပွဲများကျင်းပခြင်းနှင့် ယင်းစာမေးပွဲများ အောင်မြင်သူများအား သင့်လျော်သောလက်မှတ်၊ ဘွဲ့စသည်တို့ကို အပ်နှင်းချီးမြှင့်ခြင်း။

(ဂ) စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များနှင့်စပ်လျဉ်း၍ လက်တွေ့အလုပ်သင်ကြားရေးနှင့် စာရင်းကိုင်အလုပ်သင် သင်ကြားရေးအတွက်စီစဉ်ဆောင်ရွက်ခြင်း။

(ဃ) လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများ ဖွင့်လှစ်တည်ထောင်ခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်း၊ စီမံထိန်းသိမ်းကွပ်ကဲခြင်း၊ ယင်းသင်တန်းများအတွက်၊ သင်ကြားရမည့်ဘာသာရပ်များနှင့် သင်ရိုးညွှန်းတမ်းများကို သတ်မှတ်ခြင်း၊ စာမေးပွဲများကျင်းပခြင်းနှင့် ယင်းစာမေးပွဲများအောင်မြင်သူများအား သင့်လျော်သောလက်မှတ်ဘွဲ့စသည်တို့ကို အပ်နှင်းချီးမြှင့်ခြင်း။

(င) စာရင်းကိုင်ကျောင်း၊ သို့မဟုတ် သင်တန်းများနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများ၌ သင်ကြားရမည့်ဘာသာရပ်များကို သင်ကြားပို့ချပေးရေးအတွက်၊ စီးပွါးရေးတက္ကသိုလ်သို့ဖြစ်စေ၊ သင့်လျော်မည့် ပညာရေးအဖွဲ့အစည်း တခုခုသို့ဖြစ်စေ တာဝန်လွှဲအပ်ခြင်း၊ ယင်းတက္ကသိုလ်နှင့် ပညာရေးအဖွဲ့အစည်းများအတွက် လိုအပ်သည့် သင်တန်းဆရာများနှင့် စာစစ်သူများကို ရွေးချယ်ပေးခြင်း။

(စ) အမည်စာရင်း၌ အမည်တင်သွင်းရန် လိုအပ်ချက်များကို သတ်မှတ်ခြင်း။

(ဆ) နိုင်ငံခြားတိုင်းပြည်များမှ စာရင်းပညာရပ်ဆိုင်ရာ လက်မှတ်၊ ဘွဲ့များကို အသိအမှတ်ပြုခြင်း၊ ယင်းသို့ အသိအမှတ်ပြုသည့် လက်မှတ်၊ ဘွဲ့ရသူများအား၊ အမည်စာရင်းတွင် အမည်တင်သွင်းနိုင်ရန်လိုအပ်ချက်သတ်မှတ်ခြင်း။

(ဇ) ဤဥပဒေ၏ ရည်ရွယ်ချက်ထမြောက်အောင်မြင် စေရန်ပြုဘွယ်ကိစ္စဟူသမျှကို စီမံဆောင်ရွက်ခြင်း။

မည်သည့်စာရင်းကိုင်ကျောင်းကိုမဆို ကြီးကြပ်အုပ်ချုပ်ခြင်း၊ စီမံထိန်းသိမ်းကွပ်ကဲခြင်း။

၉။ ။ကောင်စီသည် စာရင်းပညာရပ်ဆိုင်ရာ ဘာသာရပ်များကို သင်ကြားသည့် မည်သည့်ကျောင်း၊ သို့မဟုတ် အဖွဲ့အစည်းကိုမဆို အစိုးရ၏ညွှန်ကြားချက်အရဖြစ်စေ၊ အစိုးရ၏သဘောတူညီချက်အရဖြစ်စေ ကြီးကြပ်အုပ်ချုပ်နိုင်သည်၊ သို့မဟုတ် စီမံထိန်းသိမ်းကွပ်ကဲနိုင်သည်။

စာရင်းကိုင် သင်တန်းများနှင့်စပ်လျဉ်း၍ အစီရင်ခံစေခြင်း၊ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်း။

၁၀။ ။ကောင်စီသို့၊ ဤဥပဒေအရ စာရင်းကိုင်သင်တန်းများနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းများတွင် စာရင်းပညာရပ်များ သင်ကြားပို့ချစေရန် တာဝန်လွှဲအပ်ထားသည့် စီးပွါးရေးတက္ကသိုလ်၊ ပညာရေး အဖွဲ့ အစည်း စသည်တို့က၊ ယင်းပညာရပ်များကို ကောင်းမွန်စွာ သင်ကြားပို့ချသည့် အခြေအနေ ရှိ မရှိ၊ စဉ်းစားဆုံးဖြတ်နိုင်ရန် ကောင်စီက လိုအပ်သော အစီရင်ခံစာများကိုသော်၎င်း၊ အခြားအကြောင်းအရာများကိုသော်၎င်း ကောင်စီအားတင်ပြစေရန် ဆင့်ဆိုနိုင်ခွင့်ရှိရမည့်ပြင်၊ ကောင်စီက လိုအပ်သလိုစုံစမ်းစစ်ဆေးမှုများကိုလည်း ပြုလုပ်နိုင်ခွင့်ရှိသည်။

ကော်မီတီများ။

၁၁။ ။(၁) ကောင်စီသည်၊ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မီတီနှင့် အခြားလိုအပ်သော ကော်မီတီများကို ကောင်စီလူကြီးများဖြင့် ဖွဲ့စည်းနိုင်သည်။ ယင်းကော်မီတီများကို ဖွဲ့စည်းရာတွင် လိုအပ်ပါက အခြားသင့်လျော်သော ပုဂ္ဂိုလ်များကိုလည်း ကောင်စီက လိုအပ်သလိုရွေးချယ်၍ ကော်မီတီလူကြီးများအဖြစ် ထည့်သွင်းပေးနိုင်သည်။ ယင်းကော်မီတီအသီးသီး၏ ကော်မီတီလူကြီးများ၏ ရာထူးသက်တန်းကို သင့်တော်သလို သတ်မှတ်ပေးနိုင်သည်။

(၂) ကောင်စီသည်၊ မိမိ၏ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များကို ပုဒ်မခွဲ (၁) အရ၊ ဖွဲ့စည်းသော မည်သည့်ကော်မီတီသို့မဆို လိုအပ်သလိုလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

မှတ်ပုံတင်အရာရှိနှင့် ကောင်စီ၏ဝန်ထမ်းအဖွဲ့။

၁၂။ ။(၁) ကောင်စီသည်၊ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ဖြင့်—

(က) မှတ်ပုံတင် အရာရှိတဦးကို ခန့်ထားရမည်။

(ခ) ဤဥပဒေပါ ကိစ္စများအလို့ငှါ၊ မိမိလိုအပ်သည်ထင်မြင်သည့် ဝန်ထမ်းများ (အတွင်းရေးမှူးအပါအဝင်) ကိုလည်း ခန့်ထားနိုင်သည်။

(၂) ကောင်စီ၏ ဝန်ထမ်းများသည်၊ ပြည်သူ့ ဝန် ထမ်း များ ဖြစ် သည့် အလျောက်၊ အစိုးရကသတ်မှတ်သော စည်းကမ်းများကို လိုက်နာရမည်၊ ရပိုင်ခွင့်များကိုရရှိစေရမည်။

ပြည်သူ့ ဝန်ထမ်းများဖြစ်ခြင်း။

၁၃။ ။ဤဥပဒေအရခန့်ထားသူအသီးသီးကို ရာဇသတ်ကြီးပုဒ်မ ၂၁ ၏ အဓိပ္ပါယ်အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၄။ ။မှတ်ပုံတင်အရာရှိသည်—

အမည်စာရင်းတွင် အမည်ရေးသွင်းခြင်း။

(က) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အမည်စာရင်းကို ကောင်စီက ညွှန်ကြားသည့်ပုံစံအတိုင်း ထားရှိရမည်။

(ခ) အမည်စာရင်းတွင် အမည်တင်သွင်းခြင်း၊ နုတ်ပယ်ခြင်း၊ ပြန်လည် တင်သွင်းခြင်းတို့ကို ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများနှင့်အညီ ကောင်စီက ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

အမည်စာရင်း၌ အမည်တင်သွင်းခွင့် ရှိသူများ။

၁၅။ ။ပြည်ထောင်စု မြန်မာနိုင်ငံသားတိုင်းသည်၊ အသက် ၂၀ နှစ်ပြည့်ပြီး၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံလျှင် ကောင်စီက သတ်မှတ်သည့် အခကြေးငွေကို ပေးဆောင်သည့်အခါ၊ မိမိအမည်ကို အမည်စာရင်းတွင် တင်သွင်းပိုင်ခွင့်ရှိရမည်။

(က) သတ်မှတ်သည့် အလုပ်သင်လုပ်သက်ကို ကျေနပ်လောက်အောင် သင်ကြားပြီးမြောက်သည်ဟု ကျေညာခြင်းခံရပြီး၍၊ ပုဒ်မ ၈ (ဃ)အရ လက်မှတ်၊ ဘွဲ့စသည့်တို့ကို ရရှိပြီးသူသော်၎င်း၊

(ခ) ကောင်စီက ပုဒ်မ ၈ (ဆ) အရ အသိအမှတ်ပြုထားသည့် စာရင်း ပညာရပ်ဆိုင်ရာ လက်မှတ်၊ ဘွဲ့စသည်တို့ကို ရရှိပြီး၊ အမည်စာရင်းတွင် အမည်တင်သွင်းနိုင်ရန် ကောင်စီက သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီသူသော်၎င်း ဖြစ်ရမည်။

ခြွင်းချက်။ ။၁၉၅၆ ခုနှစ်၊ မြန်မာပြည် စာရင်းစစ်လက်မှတ် နည်းဥပဒေများအရ၊ မှတ်ပုံတင်ထားပြီးသည့်၊ သို့မဟုတ် မှတ်ပုံတင်ပိုင်ခွင့်ရှိသူသည်၊ အမည်စာရင်း တင်သွင်းပိုင်ခွင့် ရရှိလိုပါက ကောင်စီ၏ အရည်အချင်းနှင့် ပတ်သက်သော ထပ်လောင်းစစ်ဆေးမှုကို ခံယူရမည်။ ယင်းစစ်ဆေးမှုအရ၊ ကျေနပ်ဖွယ်ရာရှိသည်ဟု ကောင်စီက သတ်မှတ်ခြင်းခံရသူသည်၊ အမည်စာရင်း တင်သွင်းပိုင်ခွင့် ရှိသည်။

မှတ်ပုံတင် အရာရှိက အမည်စာရင်း မတင်သွင်းလိုကြောင်း ငြင်းဆိုလျှင် ကောင်စီထံအယူခံဝင်ခြင်း။

၁၆။ ။မည်သူမဆို မိမိ၏ အမည်ကိုဖြစ်စေ၊ စာရင်းပညာရပ် ဆိုင်ရာ လက်မှတ်၊ ဘွဲ့စသည့် အရည်အချင်း တခုခုကိုဖြစ်စေ၊ မှတ်ပုံတင်အရာရှိက အမည်စာရင်းတွင် မရေးသွင်းလိုကြောင်း ငြင်းဆိုသည့် ဆုံးဖြတ်ချက်ကို၊ ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်းကောင်စီသို့ အယူခံဝင်နိုင်သည်။

၁၇။ ။ကောင်စီက အမည်တင်သွင်းရန်၊ သို့မဟုတ် ပြန်လည်တင်သွင်းရန် လက်ခံခြင်းမပြုလျှင်သော်၎င်း၊ အမည်စာရင်းမှ ထုတ်ပယ်ခြင်းပြုလျှင်သော်၎င်း။ ကောင်စီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင်၊ ထိုသို့ဆုံးဖြတ်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ပညာရေးဝန်ကြီးဌာနသို့ အယူခံနိုင်ခွင့်ရှိသည်။ ပညာရေးဝန်ကြီးဌာနက ချမှတ်သည့်အမိန့်သည် အဆုံးသတ် အပြီးအပြတ်ဖြစ်ရမည်။

ကောင်စီ၏ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် အယူခံဝင်ခြင်း။

၁၈။ ။ကောင် စီ သည်၊ အ မည် တင် သွင်း ခြင်း၊ နုတ် ပယ် ခြင်း၊ ပြန် လည် တင် သွင်း ခြင်း နှင့် ပတ် သက် ၍၊ စုံစမ်းစစ်ဆေးမှု မည်သည်ကိုမဆို ပြုလုပ်နိုင်သည်၊ သို့မဟုတ် ပုဒ်မ ၁၆ အရ၊ အယူခံမှုများကို ကြားနာစီရင်နိုင်သည်၊ သို့မဟုတ် အဆိုပါ စုံစမ်းစစ်ဆေးမှုများနှင့် အယူခံမှုများကိုပုဒ်မ ၁၁ (၁) အရ၊ ဖွဲ့စည်းသော ကော်မီတီတရပ်ရပ်အားလွှဲအပ်၍၊ စုံစမ်းစစ်ဆေးစေပြီး၊ သို့မဟုတ် ကြားနာစေပြီး၊ ကောင်စီထံ အစီရင်ခံနိုင်သည်။ ယင်းသို့သော စုံစမ်းစစ်ဆေးမှုများ၊ သို့မဟုတ် အယူခံမှုများနှင့် စပ်လျဉ်း၍၊ စုံစမ်းစစ်ဆေးကြားနာရန် နည်းလမ်းစည်းကမ်းချက်များကို ပညာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

စုံစမ်းစစ်ဆေးမှု များနှင့် အယူခံမှုများ။

၁၉။ ။ကောင်စီသည်၊ အမည်စာရင်းမှ ထုတ်ပယ်ထားသော ရေးသွင်းချက် မည်သည့်ကိုမဆို ပြန်လည်ရေးသွင်းရန် အမိန့်ချမှတ်နိုင်ခွင့်ရှိသည်။

အမည် စာရင်းတွင် ပြန်လည်ရေးသွင်းခြင်း။

၂၀။ ။(၁) မှတ်ပုံတင်အရာရှိသည်၊ နှစ်စဉ်ကောင်စီက ဤကိစ္စအလို့ငှါ သတ်မှတ်ရမည့် နေ့ရက်တွင်ဖြစ်စေ၊ ထိုနေ့ရက်မတိုင်မီဖြစ်စေ၊ အခါအားလျော်စွာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အမည်စာရင်းကို မှန်ကန်စွာ ပုံနှိပ်ထုတ်ဝေရမည်။

နှစ်စဉ်စာရင်း။

(၂) တရားရုံးအသီးသီးသည်၊ ထိုနှစ်စဉ်စာရင်းများအနက်နောက်ဆုံးစာရင်းတွင် အမည်ရေးသွင်းထားသူ အသီးသီးကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်ဟူ၍၎င်း၊ ထိုသို့အမည်ရေးသွင်းမထားသူ အသီးသီးကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်မဟုတ်ဟူ၍၎င်း မှတ်ယူစေရမည်။ သို့ရာတွင် အဆိုပါစာရင်းတွင် အမည်ပါသင့်သော်လည်း မပါသူတဦးဦးဖြစ်လျှင် အမည်စာရင်းတွင် ထိုသူ၏အမည် ရေးသွင်းထားရှိကြောင်း မှတ်ပုံတင်အရာရှိက မှန်ကန်သည်ဟု ဝန်ခံလက်မှတ်ရေးထိုးသည့် သက်သေခံ လက်မှတ်သည်၊ ထိုသူလက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဖြစ်ကြောင်း ထင်ရှားသည့် သက်သေခံ ဖြစ်စေရမည်။

၂၁။ ။မည်သူမျှ ဤဥပဒေအရ၊ အမည်စာရင်းတင်သွင်းထားသူ မဟုတ်လျှင် မိမိအမည်တွင် ''လက်မှတ်ရ ပြည်သူ့စာရင်းကိုင်''၊ သို့မဟုတ် Certified Public Accountant သို့မဟုတ် C.P.A. ဟု ထည့်တပ်ခြင်းမပြုရ။

အမည်စာရင်း တင်သွင်းထားသူမဟုတ်လျှင်ဆောင်ရွက်ခြင်းမပြုရသည့်ကိစ္စ။

**ပြစ်ဒဏ်များ။**

၂၂။ ။မည်သူမဆို လက်မှတ်ရ စာရင်းကိုင်မဟုတ်ဘဲလျက် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် ယောင်ဆောင်လျှင်၊ သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် တဦးကဲ့သို့ ပြုမူလုပ်ကိုင်လျှင်၊ ထိုသို့အယောင်ဆောင်ပြုမူလုပ်ကိုင်ခြင်းကြောင့်၊ လူတဦးတယောက် အလိမ်ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ၊ ၅ နှစ်ထိထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်စလုံးသော်၎င်း စီရင်ခြင်းခံရမည်။

**ရ-သုံးမှန်းခြေငွေစာရင်း။**

၂၃။ ။ကောင်စီ၏ ရ-သုံးမှန်းခြေငွေစာရင်းသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၏ ရ-သုံးမှန်းခြေငွေစာရင်း၏ အစိတ်အပိုင်း တခုဖြစ်၍၊ ကောင်စီ၏ ရငွေများကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ တစုတည်းပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေသို့ ထည့်သွင်းရမည်ဖြစ်၍၊ သုံးငွေများကိုလည်း ယင်းရံပုံငွေမှပင် ထုတ်ယူသုံးစွဲရမည်။

**နှစ်စဉ်အလိုက် ဝင်ငွေနှင့် အသုံးစရိတ်စာရင်းရေးဆွဲခြင်းနှင့် စာရင်းစစ်ဆေးခြင်း။**

၂၄။ ။ကောင်စီသည်၊ ဘဏ္ဍာနှစ်အသီးသီးအတွက် ကောင်စီ၏ခန့်မှန်းခြေ ဝင်ငွေနှင့် အသုံးစရိတ် စာရင်းများကို တင်သွင်းခြင်း၊ နှစ်စဉ်အလိုက် စာရင်းများကိုရေးဆွဲခြင်းနှင့် စာရင်းစစ်ဆေးခြင်း ပြုလုပ်ရမည်။

**နည်းဥပဒေများ။**

၂၅။ ။အစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရန် အလို့ငှါ၊ အမိန့်ကြော်ငြာစာဖြင့် နည်းဥပဒေများ ပြုလုပ်နိုင်သည်။

**ညွှန်ကြားချက်များ။**

၂၆။ ။အစိုးရသည်၊ သို့မဟုတ် ကောင်စီသည်၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများနှင့် မဆန့်ကျင်သော ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၄၄ အရ ပြုလုပ်ထားသော နည်းဥပဒေများကို ရုပ်သိမ်းခြင်း။**

၂၇။ ။(၁) ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ စတင်အာဏာတည်သည့်နေ့မှစ၍ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၄၄ အရ ပြုလုပ်ထားသော ၁၉၅၆ ခုနှစ်၊ မြန်မာပြည် စာရင်းစစ်လက်မှတ် နည်းဥပဒေများကို ရုပ်သိမ်းလိုက်သည်။

(၂) ၁၉၅၆ ခုနှစ်၊ မြန်မာပြည် စာရင်းစစ်လက်မှတ် နည်းဥပဒေများကို ရုပ်သိမ်းလိုက်စေကာမူ၊ ယင်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ၊ ဆောင်ရွက်ရမည့် မည်သည့်ကိစ္စအတွက်မဆို၊ အစိုးရက ဆက်လက်ဆောင်ရွက်ရန် လိုအပ်လျှင် ဤဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများတွင် အထူးပြဋ္ဌာန်းချက်များ အဖြစ်ဖြင့် ရည်ညွှန်း၍ ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၄၄ ကို ဖြည့်စွက်ပြင်ဆင်ခြင်း။

၂၈။ ။ဤဥပဒေပါကိစ္စများအလို့ငှါ၊ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေ ပုဒ်မ ၁၄၄၊ ပုဒ်မခွဲ (၁) ၏ ခြွင်းချက် အောက်တွင် အောက်ပါကို ဒုတိယ ခြွင်းချက် အဖြစ် ထည့် သွင်းရမည်။

"Provided further that a person declared as Certified Public Accountant under the Burma Accountancy Council Law, 1972 shall be deemed as a holder of a certificate granted under this section."

တည်ဆဲ တရားဥပဒေများပါမှတ်ပုံတင်စာရင်းကိုင်ကိုရည်ညွှန်းခြင်း။

၂၉။ ။တည်ဆဲတရားဥပဒေ တခုခုတွင် သော်၎င်း၊ စာချုပ်စာတမ်းအရ အမှတ်အသား တခုခုတွင် သော်၎င်း မှတ်ပုံတင်စာရင်းကိုင် (Registered Accountant) ဟု ရည်ညွှန်းထားလျှင်၊ ထိုရည်ညွှန်းချက်သည်၊ ဤဥပဒေတွင် အဓိပ္ပါယ် ဖော်ပြထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်ကိုလည်း ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

ကြီးကြပ်မှု။

၃၀။ ။ကောင်စီသည်၊ ၎င်းအား ဤဥပဒေအရ၊ အပ်နှင်းထားသော အခွင့်အာဏာတစုံတရာကို အသုံးမပြု ပျက်ကွက်ခဲ့သည်ဟူ၍ သော်၎င်း၊ အကြောင်းမတန်အသုံးပြုခဲ့သည် ဟူ၍သော်၎င်း၊ အလွဲအသုံးပြုခဲ့သည်ဟူ၍သော်၎င်း၊ ၎င်းအားဤဥပဒေအရ ပေးအပ်သောတာဝန်ဝတ္တရားမည်သည့်ကိုမဆို မဆောင်ရွက်ဘဲ ပျက်ကွက်သည်ဟူ၍သော်၎င်း မည်သည့်အခါမဆို အစိုးရကထင်မြင်လျှင်၊ ထိုသို့ပျက်ကွက်မှု၊ အကြောင်းမတန်အသုံးပြုမှု၊ အလွဲအသုံးပြုမှုပပျောက်အောင် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင်၊ အစိုးရသည်၊ အဆိုပါပျက်ကွက်မှု၊ အကြောင်းမတန်အသုံးပြုမှု၊ အလွဲအသုံးပြုမှု ပပျောက်စေအောင် ဆောင်ရွက်ရန် ကောင်စီ၏ အာဏာနှင့်တာဝန် ဝတ္တရားတစုံတရာကို သင့်သည်ဟု မြင်သည့်အဖွဲ့အစည်း၊ သို့မဟုတ်ပုဂ္ဂိုလ်အား သင့်သည်ထင်မြင်သည့် အချိန်ကာလ အပိုင်းအခြားအတွင်းဆောင်ရွက်စေရန်လွှဲအပ်နိုင်သည်။

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်။
(၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

အမိန့်အရ
ဗိုလ်မှူးကြီး ကိုကို
အတွင်းရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်။
(၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်း ဥပဒေ။

[၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံးတွင် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်စာသုံးများသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) ''အစိုးရ'' ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရကို ဆိုလိုသည်။

(ခ) ''သန်းခေါင်စာရင်း'' ဆိုသည့်စကားရပ်တွင်၊ လူ၊ တိရစ္ဆာန်၊ ပစ္စည်းနှင့် လုပ်ငန်းစာရင်းများပါဝင်သည်။ ထို့ပြင်ထိုစကားရပ်တွင်နမူနာကောက်ယူခြင်း၊ အပြည့်အဝ ကောက်ယူခြင်းတို့လည်းပါဝင်သည်။

(ဂ) ''အိမ်ဆောက်အဦ'' ဆိုသည့်စကားရပ်တွင် လူနေထိုင်ရာနေရာ၊ တိရစ္ဆာန်ထားရာနေရာ၊ ပစ္စည်းထားရာနေရာ၊ အလုပ်လုပ်ရာနေရာအားလုံးပါဝင်သည်။

(ဃ) ''သတ်မှတ်သည်'' ဆိုသည်မှာ၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေများ၊ သို့မဟုတ် ညွှန်ကြားချက်များဖြင့်သတ်မှတ်သည်ကို ဆိုလိုသည်။

၃။ ။အစိုးရသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင်သော်၎င်း၊ တစိတ်တဒေသတွင်သော်၎င်း သန်းခေါင်စာရင်းကောက်ယူနိုင်သည်။

၄။ ။(၁) အစိုးရသည်၊ ပုဒ်မ ၃ အရ သန်းခေါင်စာရင်းကောက်ယူရန် သန်းခေါင်စာရင်းကော်မရှင်တရပ်ကို ဖွဲ့စည်းနိုင်သည်။

(၂) သန်းခေါင်စာရင်းကော်မရှင်သည်၊ သန်းခေါင်စာရင်းကောက်ယူရန်လိုအပ်သည့်အဖွဲ့များကို ဖွဲ့စည်းနိုင်သည်၊ သို့မဟုတ်ပုဂ္ဂိုလ်များအားတာဝန်ပေးအပ်နိုင်သည်။

(၃) သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်သော ရုံးဝန်ထမ်းအဖွဲ့များကို အစိုးရကဖွဲ့စည်းပေးနိုင်သည်။

၅။ ။(၁) သန်းခေါင်စာရင်းကော်မရှင်၊ သန်းခေါင်စာရင်းကောက်ယူရန်အဖွဲ့များနှင့် ပုဂ္ဂိုလ်များသည်၊ သန်းခေါင် စာရင်းနှင့် ပတ်သက်၍ ယင်းတို့အတွက် သတ်မှတ်ထားသော ဒေသအတွင်းရှိ ပြည်သူများအား သတ်မှတ်ထားသော မေးခွန်းများကို မေးမြန်းပိုင်ခွင့်ရှိသည်။ သတ်မှတ်ထားသော စာရင်းပုံစံများကို ဖြည့်သွင်းရန် တောင်းဆိုပိုင်ခွင့်ရှိသည်။

(၂) မေးခွန်းအမေးခံရသူတိုင်းသည်၊ မေးခွန်းနှင့် စပ်လျဉ်း၍မိမိသိရှိသမျှမှန်ကန်စွာဖြေဆိုရန်တာဝန်ရှိသည်။ စာရင်းပုံစံများတွင် မိမိသိရှိသမျှမှန်ကန်စွာ ဖြည့်သွင်းရန်တာဝန်ရှိသည်။

၆။ ။(၁) သန်းခေါင်စာရင်းကော်မရှင်၊ သန်းခေါင်စာရင်းကောက်ယူရန်အဖွဲ့နှင့် ပုဂ္ဂိုလ်များသည်—

(က) သန်းခေါင်စာရင်း ကောက်ယူရန်လုပ်ငန်းအတွက် မိမိတာဝန်ကျရာဒေသရှိအဆောက်အဦများအတွင်းသို့ ဝင်ရောက်ပိုင်ခွင့်ရှိသည်။

(ခ) အဆောက်အဦများတွင် လိုအပ်သည့် အမှတ်အသားများကို ပြုလုပ်ပိုင်ခွင့်ရှိသည်။

(၂) အဆောက်အဦပိုင်ရှင်၊ သို့မဟုတ် အဆောက်အဦတွင်နေထိုင်သူများသည်၊ သန်းခေါင်စာရင်းကော်မရှင်၊ သန်းခေါင်စာရင်းကောက်ယူရန်အဖွဲ့များနှင့်ပုဂ္ဂိုလ်များကို သန်းခေါင်စာရင်း ကောက်ယူရေးအတွက် အဆောက်အဦများအတွင်းဝင်ရောက်ရန်ခွင့်ပြုရမည်။

၇။ ။ဤဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှအပ၊ အခြားမည်သည့် မှုခင်းအတွက်မျှ အသုံးမပြုရ၊ စစ်ဆေးခြင်းမရှိရ။

၈။ ။မည်သူမဆို၊ ဤဥပဒေပါပြဋ္ဌာန်းချက်တခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့မဟုတ်ဆန့်ကျင်လျှင်သော်၎င်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရာတွင်အနှောင့်အယှက်ပြုလျှင်သော်၎င်းခြောက်လအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၉။ ။အစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်အတွက်အမိန့်ကြော်ငြာစာဖြင့် လိုအပ်သည့်နည်းဥပဒေများကိုပြုနိုင်သည်၊ ညွှန်ကြားချက်များကိုထုတ်ပြန်နိုင်သည်။

၁၀။ ။မြန်မာနိုင်ငံသန်းခေါင်စာရင်း အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ထိုသို့ရုပ်သိမ်းသည့်အခါ မြန်မာနိုင်ငံ ယေဘုယျ စကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များသည်၊ အကျိုးသက်ရောက် စေရမည်။

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်။

(၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်)။

အမိန့်အရ

(ပုံ) ဦးကိုကို

အတွင်းရေးမှူး

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊

ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်။
(၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

# ၁၉၇၂ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၄ ။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၇၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအကျိုးသက်ရောက်ရမည်။

၂။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည်၊ အောက်ပါဇယားများတွင်ဖော်ပြထားသော သက်ဆိုင်ရာအသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ အထိကာလအတွင်းသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၇၁ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

## တော်လှန်ရေးကောင်စီ အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတိ"ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| **ငွေလုံးငွေရင်းအသုံးစရိတ်** | | |
| တော်လှန်ရေးကောင်စီ .... | ၁၆,၇၆,၄၆၀ | ၁၆,၇၆,၄၆၀ |
| ပေါင်း .... | ၁၆,၇၆,၄၆၀ | ၁၆,၇၆,၄၆၀ |

# အစိုးရဌာနများနှင့် ဌာနခွဲများ၏ အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတီ"ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| **သာမန်အသုံးစရိတ်** | | |
| ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရ အဖွဲ့နှင့် ဝန်ကြီးချုပ်ရုံး။ | ၄၉,၀၆,၉၆၀ | ၄၉,၀၆,၉၆၀ |
| ကာကွယ်ရေး .... | ၁,၀၀,၉၃,၀၀၀ | ၁,၀၀,၉၃,၀၀၀ |
| **ငွေလုံးငွေရင်းအသုံးစရိတ်** | | |
| ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရ အဖွဲ့နှင့် ဝန်ကြီးချုပ်ရုံး။ | ၂၆,၆၁၀ | ၁၀ |
| ကာကွယ်ရေး .... | ၃၀,၂၆,၀၀၀ | ၂၀ |
| ကျန်းမာရေး .... | ၁၁,၉၆,၂၀၀ | ၂၄၀ |
| လူမှုဝန်ထမ်း .... | ၁,၅၅,၀၅၀ | ၇၀ |
| လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေး။ | ၃၇,၄၀,၀၀၀ | ၂၀ |
| သယ်ယူ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး။ | ၁,၄၁,၆၁၀ | ၂၀ |
| ပြည်သူ့ လုပ်ငန်း နှင့် အိမ်ယာဆောက်လုပ်ရေး။ | ၁,၃၀,၀၀၀ | ၂၀ |
| သမဝါယမ .... | ၂,၄၀၀ | ၁၀ |
| **ထောက်ပံ့ငွေအသုံးစရိတ်** | | |
| ထောက်ပံ့ငွေများ .... | ၁၀,၉၄၀ | ၁၀ |
| ပေါင်း .... | ၃,၂၂,၂၉,၅၇၀ | ၂,၃၀,၀၀,၃၀၀ |

# ပြည်နယ်များ၏ အသုံးစရိတ်စာရင်း

| ပြည်နယ်များ၏အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | ''စတိ''ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ငွေလုံးငွေရင်းအသုံးစရိတ် | | |
| ရှမ်းပြည်နယ် .... | ၀၁,၂၀၀ | ၀၁,၂၀၀ |
| | ၀၁,၂၀၀ | ၀၁,၂၀၀ |

# အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စထိ"ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုခငွ |
| | ကျပ် | ကျပ် |
| **သာမန်အသုံးစရိတ်** | | |
| ပြည်ထောင်စု မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မီတီ။ | ၄၆,၉၀၀ | ၁၀ |
| မြေယာကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း။ | ၁,၈၂,၉၄,၁၀၀ | ၂၀ |
| ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့ | ၄၇,၀၀,၀၀၀ | ၂၀ |
| နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ .... | ၆၁,၄၂,၆၀၀ | ၂၀ |
| ပြည်သူပိုင် ပြုလုပ်သည့် စက်မှုလက်မှုလုပ်ငန်းများ။ | ၂,၀၅,၂၇,၅၄၀ | ၅၀ |
| ဓါတ်သတ္တုပစ္စည်း ရှာဖွေ ထုတ်လုပ်ရေး ကော်ပိုရေးရှင်း။ | ၈,၀၄,၅၀၀ | ၁၀ |
| မြန်မာ့ရေနံကော်ပိုရေးရှင်း .... | ၁၇,၇၀,၂၃,၄၀၀ | ၄၀ |
| ပြည်ထောင်စု မြန်မာနိုင်ငံ မီးရထားအုပ်ချုပ်ရေးအဖွဲ့။ | ၁,၀၄,၇၄,၀၀၀ | ၃၀ |
| ဆောက်လုပ်ရေး ကော်ပိုရေးရှင်း | ၄,၂၀,၀၀,၀၀၀ | ၄၀ |
| **ငွေလုံးငွေရင်းအသုံးစရိတ်** | | |
| ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးဘုတ်အဖွဲ့။ | ၁,၃၅,၄၀၀ | ၁၀ |
| ဗုဒ္ဓသာသနာကောင်စီ .... | ၄,၅၀၀ | ၁၀ |
| ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့ | ၁,၃၈,၅၀၀ | ၂၀ |
| နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ .... | ၉,၃၇,၉၃၀ | ၁၀ |

# အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆက်

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတိ"ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| **ငွေလုံးငွေရင်းအသုံးစရိတ် အဆုံး။ ။** | | |
| လျှပ်စစ် ဓါတ်အား ပေးရေးအဖွဲ့ | ၃,၆၁,၉၀,၈၀၀ | ၃,၄၉,၈၅,၀၄၀ |
| စက္ကူစက်နှင့် ဓါတုဗေဒလုပ်ငန်းများအဖွဲ့။ | ၅၃,၁၉,၅၅၀ | ၃၀ |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း။ | ၈၀,၂၀၀ | ၁၀ |
| ပြည်သူပိုင်ပြုလုပ်သည့်စက်မှုလက်မှုလုပ်ငန်းများ။ | ၁၆,၅၀၀ | ၄၀ |
| ဓါတ်သတ္တုပစ္စည်း ရှာဖွေ ထုတ်လုပ်ရေးကော်ပိုရေးရှင်း။ | ၇,၄၄,၈၀၀ | ၄၀ |
| မြန်မာ့ရေနံကော်ပိုရေးရှင်း .... | ၅၉,၁၆,၉၈၀ | ၄၀ |
| ကုန်းလမ်း သယ်ယူပို့ဆောင်ရေး အဖွဲ့။ | ၁၉,၀၁,၆၃၀ | ၃၀ |
| ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ဘဏ်။ | ၂,၉၉,၂၂၀ | ၃၀ |
| ကုန်သွယ်ရေးကောင်စီ .... | ၂၄,၃၉,၆၅၀ | ၇၀ |
| **ငွေရေးကြေးရေးအသုံးစရိတ်** | | |
| မြေယာကျေးလက် ကြီးပွါးတိုးတက်ရေးကော်ပိုရေးရှင်း။ | ၅၁,၉၅,၄၀၀ | ၂၀ |
| ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းအဖွဲ့ | ၂,၂၂,၄၀၀ | ၂,၂၂,၄၀၀ |
| လျှပ်စစ် ဓါတ်အားပေးရေးအဖွဲ့ | ၁၆,၆၉,၀၀၀ | ၁၆,၆၉,၀၀၀ |

## အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း။ ။အဆုံး

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ဆက်ခွင့်ပြုငွေ | "စတိ"ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ငွေရေးကြေးရေးအသုံးစရိတ် ။ ။အဆုံး | | |
| စက္ကူစက်နှင့် ဓါတုဗေဒ လုပ်ငန်းများအဖွဲ့။ | ၂၇,၉၅,၇၅၀ | ၂၇,၉၅,၇၅၀ |
| စက်မှုလက်မှု ကိုးနှံလုပ်ကိုင်ရေး ကော်ပိုရေးရှင်း။ | ၇၇,၄၆,၇၄၀ | ၆၈,၃၁,၈၈၀ |
| ပြည်သူပိုင် ပြုလုပ်သည့် စက်မှု လက်မှုလုပ်ငန်းများ။ | ၁,၂၄,၉၂၀ | ၁၀ |
| မြန်မာနိုင်ငံကြယ်ငါးပွင့်သင်္ဘော လုပ်ငန်းကော်ပိုရေးရှင်း။ | ၂,၅၀,၂၉,၀၈၀ | ၂,၅၀,၂၉,၀၈၀ |
| ပြည်ထောင်စု မြန်မာ နိုင်ငံ မီးရထားအုပ်ချုပ်ရေးအဖွဲ့။ | ၂၉,၆၄,၃၀၀ | ၂၉,၆၄,၃၀၀ |
| ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့ | ၃,၄၅,၀၀၀ | ၃,၄၅,၀၀၀ |
| ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်။ | ၁,၁၀,၅၀,၀၀၀ | ၃၅,၅၀,၀၀၀ |
| ဝါဇီလုပ်ငန်းစီမံကိန်း .... | ၂၁,၀၄,၇၀၀ | ၂၁,၀၄,၇၀၀ |
| ပေါင်း .... | ၄၀,၄၁,၈၆,၈၀၀ | ၈,၀၅,၀၇,၅၈၀ |

ဦးနေဝင်း

ဥက္ကဌ

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်။

(၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်။)

အမိန့်အရ

ကိုကို

အတွင်းရေးမှူး

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်။

(၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၂ ခုနှစ်၊ ဘဏ္ဍာငွေအရ—အသုံးဆိုင်ရာ ဥပဒေ

[၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဉ္စတ္တင္ဆသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၇၂ ခုနှစ်၊ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၇၂-၇၃ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်။

၂။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ဘဏ္ဍာငွေအရ-အသုံးသည်လည်းကောင်း၊ တော်လှန်ရေးကောင်စီမှအပ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရပိုင်တခုလုံး၏ ဘဏ္ဍာငွေအရ-အသုံးသည်လည်းကောင်း၊ ပြည်သူ့ဘဏ္ဍာရံပုံငွေဖြင့်လုပ်ကိုင်သွားရမည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရသည်၊ အစိုးရလက်အောက်ခံ စီးပွါးရေးလုပ်ငန်းများကို သီးသန့်ရင်းနှီးငွေနှင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်ငွေများ၊ ခွဲဝေပေးထားနိုင်သည်။ ယင်းကဲ့သို့ ခွဲဝေပေးထားသည့်ငွေများသည်လည်း ပြည်သူ့ဘဏ္ဍာရံပုံငွေ၏ အစိတ်အပိုင်းသာဖြစ်ရမည်။

၃။ ။(၁) ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း ကျပ်ငွေ ခြောက်ရာကုဋေ အထိ၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည်၊ အစိုးရငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ငွေချေးသောအခါ၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆင်ရန် ပြန်ရွေးရန်၊ သို့မဟုတ်တခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်းပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ(၁)အရ၊ ချေးယူရရှိသောငွေအားလုံးကို၊ ပြည်သူ့ဘဏ္ဍာရံပုံငွေတွင် ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရရှိသည့်ဈေးငွေများအတွက် ပြန်ဆပ်ရန် ငွေရင်းနှင့် အတိုးကိုလည်းကောင်း၊ ကုန်ကျသည့် စရိတ်ငွေများကို လည်းကောင်း ပြည်သူ့ဘဏ္ဍာရံပုံငွေမှထုတ်ပေးရမည်။

၄။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ ဘော်လှန်ရေးကောင်စီ၏ ဘဏ္ဍာငွေအရ-အသုံးနှင့် သက်ဆိုင်သော ပြည်သူ့ဘဏ္ဍာရံပုံငွေကို တော်လှန်ရေးကောင်စီ၏ ဘဏ္ဍာရေးကော်မီတီက စီမံခန့်ခွဲရမည်။

(၂) တော်လှန်ရေးကောင်စီမှအပ ပြည် ထောင် စု မြန်မာ နိုင်ငံ အစိုးရပိုင်း၏ ဘဏ္ဍာငွေအရ-အသုံးနှင့်သက်ဆိုင်သော ပြည်သူ့ ဘဏ္ဍာရံပုံငွေကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက စီမံခန့်ခွဲရမည်။

၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ဘဏ္ဍာရေးကော်မီတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရဝန်ကြီးချုပ်နှင့် ဝန်ကြီးအသီးသီးသည်၊ အောက်ပါဇယား ၁၊ ၂၊ ၃ နှင့် ၄ တို့တွင် မိမိနှင့်တပြေးဘည်း ဖေါ်ပြထားသော ဘဏ္ဍာငွေ ရငွေနှင့် သုံးငွေများကို တည်ဆဲ ဘဏ္ဍာရေးနည်းဥပဒေများ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့်အညီ စီမံအုပ်ချုပ်ရမည်။

# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ဇယား(၁)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသည့် ကော်မီတီ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ | ရငွေများ | | |
|---|---|---|---|---|---|
| | | | အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေ | ဈေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | ကျပ် | ကျပ် | ကျပ် |
| ၁ | တော်လှန်ရေးကောင်စီ .... | တော်လှန်ရေးကောင်စီ ဘဏ္ဍာရေးကော်မီတီ။ | ၆၃,၅၆,၀၀၀ | .... | .... |
| | ပေါင်း .... | | ၆၃,၅၆,၀၀၀ | .... | .... |

# ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ

ဇယား (၁)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသည့် ကော်မီတီ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ | သုံးငွေများ | | |
|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | ကျပ် | ကျပ် | ကျပ် |
| ၁ | တော်လှန်ရေးကောင်စီ .... | တော်လှန်ရေးကောင်စီ ဘဏ္ဍာရေးကော်မီတီ။ | ၆,၅၀,၀၀,၀၀၀ | ၂၅,၀၀,၀၀၀ | .... |
| | ပေါင်း .... | | ၆,၅၀,၀၀,၀၀၀ | ၂၅,၀၀,၀၀၀ | .... |

ဇယား (၂)

# ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၂)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသည့် ကော်မီတီ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ | ရငွေများ | | |
|---|---|---|---|---|---|---|
| | | | | အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေ | ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | | | | ကျပ် | ကျပ် | ကျပ် |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှု အပေါ်တွင် ကောက်ခံသည့်အခွန်အတုတ်— | | | | |
| | ၁ | နိုင်ငံတွင်းအကောက်ခွန် .... | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး။ | ၁၈,၆၆,၃၇,၀၂၀ | .... | .... |
| | ၂ | ယစ်မျိုးခွန် .... | ၎င်း | ၅,၀၃,၀၄,၈၇၀ | .... | .... |
| | ၃ | ကုန်သွယ်လုပ်ငန်းခွန် .... | ၎င်း | ၁၅,၅၂,၃၁,၀၀၀ | .... | .... |
| | ၄ | အကောက်အခွန် .... | ၎င်း | ၂၁,၄၇,၀၀,၀၀၀ | .... | .... |

| | | | | | | |
|---|---|---|---|---|---|---|
| | ၅ | ဝင်ကုန် အတွက် လိုင်စင် ခ များ | ကုန် သွယ် ရေး ဝန်ကြီး။ | ၁,၁၃,၃၂,၀၀၀ | .... | .... |
| | ၆ | မြန်မာ နိုင်ငံ အောင် ဘာ လေ သိန်းဆု။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | ၂,၈၈,၀၀,၀၀၀ | .... | .... |
| | ၇ | သယ်ယူပို့ဆောင်ရေးအခွန် .... | ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး။ | ၂၃,၆၁,၉၀၀ | .... | .... |
| ၂ | | ဝင်ငွေနှင့် ပိုင် ဆိုင် မှု အပေါ်တွင် ကောက်ခံသည့် အခွန်အတုတ်— | | | | |
| | ၁ | အမြတ်ခွန် .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | ၃၉,၀၈,၃၈,၀၀၀ | .... | .... |
| ၃ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ် ပေးရသည့်အခွန်အတုတ်— | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့် အခွန်။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | ၄,၄၄,၃၉,၆၆၀ | .... | .... |
| | ၂ | သစ်တောများမှ ပစ္စည်းထုတ်ယူသည့်အတွက်ပေးရသည့်အခွန်။ | လယ် ယာ နှင့် သစ်တောဝန်ကြီး။ | ၅,၄၄,၁၀,၄၀၀ | .... | .... |
| | ၃ | ဓါတ်သတ္တုများ ထုတ် ယူ သည့် အတွက် ပေးရသည့်အခွန်။ | သတ္တုတွင်း ဝန်ကြီး | ၁,၀၁,၈၃,၃၃၀ | .... | .... |
| | ၄ | အင်းအိုင်ခွန် .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | ၁,၂၇,၁၆,၇၃၀ | .... | .... |
| | ၅ | ကြက်ပေါင် စေး ပေါ် တွင် အကောက်ခွန် | လယ် ယာ နှင့် သစ်တောဝန်ကြီး။ | ၁,၁၈,၀၀၀ | .... | .... |

# ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၂)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသည့် ကော်မီတီ၊ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ | ရငွေများ: အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေ | ရငွေများ: ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ရငွေများ: ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | ကျပ် | ကျပ် | ကျပ် |
| ၄ | ဝန်ကြီးချုပ်ရုံး .... | ဝန်ကြီးချုပ် .... | ၃၅,၀၀၀ | .... | .... |
| ၅ | နိုင်ငံခြားရေး .... | နိုင်ငံခြားရေးဝန်ကြီး | .... | .... | .... |
| ၆ | ကာကွယ်ရေး— | | | | |
| ၁ | ကာကွယ်ရေးဌာန .... | ကာကွယ်ရေးဝန်ကြီး | ၄၄,၉၉,၀၀၀ | .... | .... |
| ၂ | ကာကွယ်ရေး စက်ပစ္စည်း စက်ရုံ | ၎င်း | ၂,၃၀,၀၀,၀၀၀ | .... | .... |
| ၇ | တရားရေး .... .... | တရားရေးဝန်ကြီး | ၆၅,၉၀,၃၀၀ | .... | .... |
| ၈ | ပြည်ထဲရေးနှင့် သာသနာရေး .... | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး။ | ၁,၀၃,၂၄,၀၀၀ | .... | .... |
| ၉ | လူမှုဝန်ထမ်း .... | လူမှုဝန်ထမ်းဝန်ကြီး | ၄,၃၃,၂၆၁ | .... | .... |
| ၁၀ | ပြန်ကြားရေး .... | ပြန်ကြားရေးဝန်ကြီး | ၅၁,၂၀,၇၅၀ | .... | .... |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | ယဉ်ကျေးမှု .... .... | ယဉ်ကျေးမှုဝန်ကြီး | ၃,၈၈,၅၇၀ | .... | .... |
| ၁၂ | ပညာရေး .... .... | ပညာရေး ဝန်ကြီး | ၃,၇၃,၅၁,၈၂၀ | .... | ၂၅,၀၀,၀၀၀ |
| ၁၃ | ကျန်းမာရေး .... | ကျန်းမာရေးဝန်ကြီး | ၁၈,၇၀,၁၀၀ | .... | .... |
| ၁၄ | အလုပ်သမား .... | အလုပ်သမားဝန်ကြီး | ၁,၁၀၀ | .... | .... |
| ၁၅ | လယ်ယာနှင့် သစ်တော .... | လယ် ယာ နှင့် သစ်တောဝန်ကြီး။ | ၅,၃၃,၆၃,၀၀၀ | ၅,၁၂,၀၀၀ | ၁,၇၂,၈၀,၀၀၀ |
| ၁၆ | သတ္တုတွင်း .... .... | သတ္တုတွင်း ဝန်ကြီး | ၂၀၀ | .... | ၂,၀၉,၂၈,၀၄၀ |
| ၁၇ | စက်မှု .... .... | စက်မှုဝန်ကြီး .... | ၂,၅၀,၆၀၀ | ၁,၄၅,၀၀၀ | ၅,၃၅,၅၉,၀၀၀ |
| ၁၈ | ဆောက်လုပ်ရေး .... | ဆောက်လုပ်မရေးဝန်ကြီး။ | ၁,၁၀,၁၀၀ | .... | ၁,၃၀,၈၃,၀၀၀ |
| ၁၉ | ပို့ဆောင်ဆက်သွယ်ရေး .... | ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး။ | ၆၆,၁၃,၅၄၀ | .... | ၁,၁၂,၂၁,၀၀၀ |
| ၂၀ | ကုန်သွယ်ရေး .... | ကုန်သွယ်ရေးဝန်ကြီး | ၂၀၀ | .... | ၆,၁၂,၂၉,၀၀၀ |
| ၂၁ | သမဝါယမ.... .... | သမဝါယမ ဝန်ကြီး | ၉,၁၄,၀၃၀ | ၅၅,၀၀၀ | .... |
| ၂၂ | စီမံကိန်းနှင့် ဘဏ္ဍာရေး .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | ၉,၂၁,၀၁,၃၀၀ | ၁,၅၀,၀၄,၀၀၀ | ၇,၀၇,၃၂,၀၀၀ |
| ၂၃ | ပင်ရှင်လစာငွေများနှင့် ဆုငွေများ | ငှင်း | .... | .... | .... |
| ၂၄ | ဆုငွေများနှင့် တလုံးတည်းပင်ရှင်ငွေများ။ | ငှင်း | .... | .... | .... |
| | ပေါင်း .... | | ၁,၄၀,၅၀,၄၇,၇၈၀ | ၁,၅၇,၁၆,၀၀၀ | ၂၅,၀၅,၃၂,၀၀၀ |

# ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၂)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသည့်ကော်မတီ၊ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ | သုံးငွေများ | | |
|---|---|---|---|---|---|---|
| | | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | | | | ကျပ် | ကျပ် | ကျပ် |
| ၁ | | ပြည်တွင်းထွက် ကုန် နှင့် ပြည် သူ ပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အတုတ်— | | | | |
| | ၁ | နိုင်ငံတွင်းအကောက်ခွန် .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | | | |
| | ၂ | ယစ်မျိုးခွန် .... | ၎င်း | .... | .... | .... |
| | ၃ | ကုန်သွယ်လုပ်ငန်းခွန် .... | ၎င်း | .... | .... | .... |
| | ၄ | အကောက်အခွန် .... | ၎င်း | .... | .... | .... |
| | ၅ | ဝင်ကုန်အတွက် လိုင် စင် ခ များ | ကုန်သွယ်ရေးဝန်ကြီး | .... | .... | .... |

| | | | | | | |
|---|---|---|---|---|---|---|
| | ၆ | မြန် မာ နိုင် ငံ အောင် ဘာ လေ သိန်းဆု။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | .... | .... | .... |
| | ၇ | သယ်ယူပို့ဆောင်ရေးအခွန် .... | ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး။ | .... | .... | .... |
| ၂ | | ဝင် ငွေ နှင့် ပိုင်ဆိုင်မှု အပေါ်တွင် ကောက်ခံသည့် အခွန်အတုတ်— | | | | |
| | ၁ | အမြတ်ခွန် .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | .... | .... | .... |
| ၃ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ် ပေးရသည့်အခွန်အတုတ်— | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့် အခွန်။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | .... | .... | .... |
| | ၂ | သစ်တောများမှ ပစ္စည်း ထုတ် ယူသည့်အတွက်ပေးရသည့်အခွန်။ | လယ် ယာ နှင့် သစ်တောဝန်ကြီး။ | .... | .... | .... |
| | ၃ | ဓါတ် သတ္တု များ ထုတ် ယူ သည့်အတွက် ပေးရသည့်အခွန်။ | သတ္တုတွင်း ဝန်ကြီး | .... | .... | .... |
| | ၄ | အင်းအိုင်ခွန် .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | .... | .... | .... |
| | ၅ | ကြက် ပေါင် စေး ပေါ် တွင် အကောက်ခွန်။ | လယ် ယာ နှင့် သစ်တောဝန်ကြီး။ | .... | .... | .... |

၃၃၃

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊

ရန်ကုန်မြို့၊ ၁၃၃၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊
(၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန် ကြေညာသည်။

## ၁၉၇၁ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။

[၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၄၅။]

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး ကောင်စီက အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၇၁ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအကျိုးသက်ရောက်ရမည်။

၂။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ အောက်ပါဇယားများတွင် ဖော်ပြထားသော သက်ဆိုင်ရာ အသုံးစရိတ်များကို တစုတစည်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်းသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၇၀ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄) အရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု၍ မှတ်ယူရမည်။

### အစိုးရဌာနများနှင့်ဌာနခွဲများ၏ အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတိ" ခွင့်ပြုငွေနှင့် အပြည့်ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| **သာမန်အသုံးစရိတ်** | | |
| အမျိုးသားစိမ်ကိန်း .... | ၁၁,၂၆,၇၉၀ | ၁၄၀ |
| **ငွေလုံးငွေရင်းအသုံးစရိတ်** | | |
| မြန်ကြားရေး .... .... | ၂၆,၃၅၀ | ၁၀ |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | ယဉ်ကျေးမှု .... .... | ယဉ်ကျေးမှု ဝန်ကြီး | ၅၂,၉၇,၂၀၀ | ၄,၀၉,၀၀၀ | ၁၅,၀၀၀ |
| ၁၂ | ပညာရေး .... .... | ပညာ ရေး ဝန် ကြီး | ၃၃,၉၄,၀၅,၃၉၀ | ၁,၇၀,၂၀,၀၀၀ | ၁,၀၂,၀၀၀ |
| ၁၃ | ကျန်းမာရေး.... .... | ကျန်းမာရေးဝန်ကြီး | ၁၃,၅၁,၁၀,၀၀၀ | ၁,၂၁,၆၄,၀၀၀ | ၂၆,၉၀,၂၀၀ |
| ၁၄ | အလုပ်သမား .... | အလုပ်သမားဝန်ကြီး | ၆၁,၃၄,၇၀၀ | ၂,၃၀,၀၀၀ | ၁,၁၅,၀၀၀ |
| ၁၅ | လယ်ယာနှင့် သစ်တော .... | လယ်ယာ နှင့် သစ်တောဝန်ကြီး။ | ၁၅,၉၆,၇၆,၄၀၀ | ၆,၂၀,၂၆,၀၀၀ | ၁၉,၀၄,၀၀၀ |
| ၁၆ | သတ္တုတွင်း .... .... | သတ္တုတွင်းဝန်ကြီး | ၅,၀၇,၇၀၀ | ၃၃,၀၀၀ | .... |
| ၁၇ | စက်မှု .... .... | စက်မှုဝန်ကြီး .... | ၂၉,၉၉,၉၆၀ | ၅,၂၁,၀၀၀ | .... |
| ၁၈ | ဆောက်လုပ်ရေး .... | ဆောက် လုပ် ရေး ဝန်ကြီး။ | ၅,၀၁,၅၄,၄၄၀ | ၄,၁၁,၃၉,၀၀၀ | .... |
| ၁၉ | ပို့ဆောင်ဆက်သွယ်ရေး .... | ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး။ | ၃,၁၄,၀၇,၆၅၀ | ၁,၄၀,၅၃.၀၀၀ | ၂,၇၅,၁၂၀ |
| ၂၀ | ကုန်သွယ်ရေး .... | ကုန်သွယ်ရေးဝန်ကြီး | ၀,၂၄,၅၅၀ | .... | ၅,၃၁,၁၀၀ |
| ၂၁ | သမဝါယမ .... | သမဝါယမ ဝန်ကြီး | ၅,၂၀,၄၄,၀၀၀ | ၁၅,၁၁,၀၀၀ | .... |
| ၂၂ | စီမံကိန်းနှင့် ဘဏ္ဍာရေး .... | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။ | ၄,၅၉,၇၆,၀၀၀ | ၁၉,၁၆,၀၀၀ | ၁၉,၀၅,၄၅,၆၁၀ |
| ၂၃ | ပင်ရှင်လစာငွေများနှင့် ဆုငွေများ | ၎င်း | ၆,၀၄,၅၃,၀၀၀ | .... | .... |
| ၂၄ | ဆုငွေများနှင့် တလုံး ထည်းပင် ရှင်ငွေများ။ | ၎င်း | ၁,၃၇,၅၁,၁၆၀ | .... | .... |
| | ပေါင်း .... | | ၀,၁၁,၅၀,၀၀,၁၃၀ | ၂၆,၁၁,၄၅,၀၀၀ | ၂၁,၆၄,၀၆,၄၃၀ |

# အစိုးရလက်အောက်ခံ ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ ကောင်စီ၊ ကော်မီတီနှင့် ဘဏ်များ

ဇယား (၃)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသည့် ကော်မီတီ၊ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ | ရငွေများ | | |
|---|---|---|---|---|---|---|
| | | | | အခွန်အထုတ်၊သာမန် ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေ | ချေးငွေနှင့်ကြိုတင်ထုတ် ပေးငွေမှပြန်ဆပ်ငွေ | ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | | | | ကျပ် | ကျပ် | ကျပ် |
| ၁ | | မြန်ကြားရေး ဝန်ကြီး ဌာန လက်အောက်ခံအဖွဲ့အစည်းများ | ပြန်ကြားရေးဝန်ကြီး | | | |
| | ၁ | ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေး လုပ်ငန်းကော်ပိုရေးရှင်း။ | | ၆,၀၆,၁၉,၀၀၀ | .... | .... |
| | ၂ | သတင်းစာနှင့် စာနယ်ဇင်းလုပ်ငန်း ကော်ပိုရေးရှင်း။ | | ၂,၀၇,၁၅,၀၀၀ | .... | .... |
| | ၃ | ရုပ်ရှင် လုပ်ငန်း ကော်ပိုရေးရှင်း | | ၇,၄၄,၄၀,၀၀၀ | .... | .... |
| ၂ | | အလုပ်သမားဝန်ကြီးဌာနလက် အောက်ခံအဖွဲ့အစည်းများ | အလုပ်သမားဝန်ကြီး | | | |
| | ၁ | လုံရေးအဖွဲ့ .... | | ၁,၅၄,၅၅,၀၀၀ | .... | .... |

[illegible]

| | | | | | |
|---|---|---|---|---|---|
| ၄၉ | ကြံခင်းမြို့နယ်စီပါယ်အဖွဲ့ .... | | ၀၆,၄၄၀ | .... | .... |
| ၅၀ | မြန်အောင်မြို့နယ်စီပါယ်အဖွဲ့ .... | | ၁,၀၁,၆၃၀ | .... | .... |
| ၅၁ | မြောင်းမြမြို့နယ်စီပါယ်အဖွဲ့ .... | | ၅,၁၁,၀၆၀ | .... | .... |
| ၅၂ | မြောင်းမြ၊ အိမ်မဲ၊ လပွတ္တာ၊ ဝါးခယ်မ နှင့် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ။ | | ၅,၀၁,၅၃၀ | .... | .... |
| ၅၃ | မော်လမြိုင်ကျွန်းမြို့နယ်စီပါယ်အဖွဲ့ .... | | ၃,၀၉,၀၄၀ | .... | .... |
| ၅၄ | ဝါးခယ်မမြို့နယ်စီပါယ်အဖွဲ့ .... | | ၃,၃၉,၄၃၀ | .... | .... |
| ၅၅ | မအူပင်မြို့နယ်စီပါယ်အဖွဲ့ .... | | ၃,၀၉,၃၀၀ | .... | .... |
| ၅၆ | မအူပင်၊ ပန်းတနော်၊ ညောင်တုန်းနှင့် ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ။ | | ၂,၉၆,၆၀၀ | .... | .... |
| ၅၇ | ဓနုဖြူမြို့နယ်စီပါယ်အဖွဲ့ .... | | ၂,၆၁,၆၉၀ | .... | .... |
| ၅၈ | ညောင်တုန်းမြို့နယ်စီပါယ်အဖွဲ့ .... | | ၂,၂၀,၁၀၁ | .... | .... |
| ၅၉ | ဖျာပုံမြို့နယ်စီပါယ်အဖွဲ့ .... | | ၄,၅၅,၀၅၀ | .... | .... |
| ၆၀ | ဖျာပုံ၊ဘိုကလေး၊ကျိုက်လတ်နှင့်ဒေးဒရဲ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ။ | | | | |
| ၆၁ | ဘိုကလေးမြို့နယ်စီပါယ်အဖွဲ့ .... | | ၁,၀၆,၀၀၀ | .... | .... |
| ၆၂ | ကျိုက်လတ်မြို့နယ်စီပါယ်အဖွဲ့ .... | | ၃,၅၆,၇၃၀ | .... | .... |
| ၆၃ | ကနောင်မြို့ကော်မီတီ .... | | ၃,၁၁,၃၆၀ | .... | .... |
| ၆၄ | ဇလွန်မြို့ကော်မီတီ .... | | ၄၀,၉၅၀ | .... | .... |

# အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ။ ။အဆက်

ဇယား (၄)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသည့် ကော်မီတီ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ | ရငွေများ | | |
|---|---|---|---|---|---|
| | | | အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေ | ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ* | ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ၊ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | ကျပ် | ကျပ် | ကျပ် |
| ၆၅ | အဖျောက်မီးကော်မီတီ .... | | ၆၂,၃၂၀ | .... | .... |
| ၆၆ | ဒေးဒရဲမြို့ကော်မီတီ .... | | ၁,၄၁,၁၄၀ | .... | .... |
| ၆၇ | သထုံမြို့နီစီပါယ်အဖွဲ့ .... | | ၃,၇၇,၁၅၀ | .... | .... |
| ၆၈ | သထုံ၊ ပေါင်၊ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ | | ၁,၁၃,၀၀၀ | .... | .... |

| | | | | | |
|---|---|---|---|---|---|
| ၆၉ | ကျိုက်ထိုမြို့နယ်စီပါယ်အဖွဲ့ .... | | ၂,၀၄,၃၃၀ | .... | .... |
| ၇၀ | မော်လမြိုင်မြို့နယ်စီပါယ်အဖွဲ့ .... | | ၁၈,၇၈,၈၃၀ | .... | .... |
| ၇၁ | မော်လမြိုင်၊ ကျိုက်မရော၊ ချောင်းဆုံ သံဖြူဇရပ်၊ မုဒုံနှင့်ရေးမြို့နယ် စည်ပင် သာယာရေးအဖွဲ့များ။ | | ၄,၁၀,၈၅၀ | .... | .... |
| ၇၂ | ထားဝယ်မြို့နယ်စီပါယ်အဖွဲ့ .... | | ၅,၀၉,၇၀၀ | .... | .... |
| ၇၃ | ထားဝယ်၊ လောင်းလုံး၊ သရက်ချောင်း နှင့် ရေဖြူမြို့နယ် စည်ပင်သာယာရေး အဖွဲ့များ။ | | ၈၁,၄၃၀ | .... | .... |
| ၇၄ | မြိတ်မြို့နယ်စီပါယ်အဖွဲ့ .... | | ၆,၀၄,၅၅၀ | .... | .... |
| ၇၅ | မြိတ် (အရှေ့)၊ မြိတ် (အနောက်)၊ ဘုတ်ပြင်း၊ ပုလော၊ တနင်္သာရီနှင့် ကော့သောင်းမြို့နယ် စည်ပင် သာယာရေး အဖွဲ့များ။ | | ၇၇,၇၄၀ | .... | .... |
| ၇၆ | စစ်တွေမြို့နယ်စီပါယ်အဖွဲ့ .... | | ၈,၅၃,၇၃၀ | .... | .... |

# အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ။ ။အဆက်

ဇယား (၄)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသည့် ကော်မီတီ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ | ရငွေများ | | |
|---|---|---|---|---|---|
| | | | အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေ | ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှ ချေးငွေနှင့် ထောက်ပံ့ငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | ကျပ် | ကျပ် | ကျပ် |
| | | ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီး။ | | | |
| ၇၇ | စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မြို့ဟောင်း၊ ကျောက်တော်၊မင်းပြား၊ ပေါက်တော၊ မောင်းတောနှင့် ဘူးသီးတောင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့များ။ | | ၅,၀၀,၉၆၀ | .... | .... |
| ၇၈ | ကျောက်ဖြူမြူနီစီပါယ်အဖွဲ့ .... | | ၁,၀၇,၀၆၀ | .... | .... |

| | | | | | |
|---|---|---|---|---|---|
| ၇၉ | ကျောက်ဖြူ၊ မာန်အောင်၊ရမ်းဗြဲ၊ မြေပုံနှင့် အမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ။ | | ၉၁,၆၇၀ | .... | .... |
| ၈၀ | သံတွဲမြို့စီပါယ်အဖွဲ့ .... | | ၁,၅၄,၀၄၀ | .... | .... |
| ၈၁ | သံတွဲ၊ တောင်ကုတ်နှင့် ဂွမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ။ | | ၈၁,၆၁၀ | .... | .... |
| ၈၂ | မကွေးမြို့စီပါယ်အဖွဲ့ .... | | ၄,၁၃,၃၀၀ | .... | .... |
| ၈၃ | မကွေး၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ မြို့သစ်နှင့် နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ။ | | ၂,၃၉,၂၀၀ | .... | .... |
| ၈၄ | ချောက်မြို့စီပါယ်အဖွဲ့ .... | | ၂,၄၀,၂၉၀ | .... | .... |
| ၈၅ | တောင်တွင်းကြီးမြို့စီပါယ်အဖွဲ့ .... | | ၄,၀၁,၁၁၀ | .... | .... |
| ၈၆ | ရေနံချောင်းမြို့စီပါယ်အဖွဲ့ .... | | ၄,၈၈,၁၉၀ | .... | .... |
| ၈၇ | မင်းဘူးမြို့စီပါယ်အဖွဲ့ .... | | ၂,၀၀,၄၂၀ | .... | .... |

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ။ ။အဆက်

ဇယား(၄)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသည့် ကော်မီတီ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ | ရငွေများ | | |
|---|---|---|---|---|---|
| | | | အခွန်အထုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ အတိုးရငွေ | ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှ ချေးငွေနှင့် ထောက်ပံ့ငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး။ | ကျပ် | ကျပ် | ကျပ် |
| | | | | | .... |
| ၈၈ | စကူ၊ပွင့်ဖြူ၊ငဖဲ၊စလင်းနှင့် စေတုတ္တရာမြို့နယ် စည်ပင်သာယာရေး အဖွဲ့များ။ | | ၂,၄၄,၉၀၀ | .... | .... |
| ၈၉ | စလင်းမြူနီစီပါယ်အဖွဲ့ .... | | ၁,၀၇,၃၆၀ | .... | .... |
| ၉၀ | ပခုက္ကူမြူနီစီပါယ်အဖွဲ့ .... | | ၃,၃၅,၅၀၀ | .... | .... |
| ၉၁ | ပခုက္ကူ၊ ခရေ [illegible]၊ မြိုင်၊ ပေါက်၊ ဆော၊ ဆိပ်ဖြူ၊ ဂန့်ဂေါနှင့် ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ။ | | ၁,၈၆,၄၅၀ | .... | .... |
| ၉၂ | သရက်မြူနီစီပါယ်အဖွဲ့ .... | | ၂,၀၃,၀၀၀ | .... | .... |

| | | | | | |
|---|---|---|---|---|---|
| ၉၃ | သရက်၊မင်းတုန်း၊ကမ္မ၊မင်းလှ၊ အောင်လံနှင့် ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ။ | | ၁,၆၅,၄၅၀ | .... | .... |
| ၉၄ | အောင်လံမြို့နီစီပါယ်အဖွဲ့ .... | | ၁,၉၅,၉၆၀ | .... | .... |
| ၉၅ | မန္တလေးမြို့နီစီပါယ်အဖွဲ့ .... | | ၅၀,၀၀,၆၁၀ | .... | .... |
| ၉၆ | အမရပူရ၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူ၊ မေမြို့၊မိုးကုတ်နှင့် သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ။ | | ၆,၇၄,၀၁၀ | .... | .... |
| ၉၇ | မေမြို့မြို့နီစီပါယ်အဖွဲ့ .... | | ၁,၆၉,၀၀၀ | .... | .... |
| ၉၈ | ကျောက်ဆည်မြို့နီစီပါယ်အဖွဲ့ .... | | ၃,၀၃,၄၀၀ | .... | .... |
| ၉၉ | ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားနှင့် တံတားဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ။ | | ၃,၁၀,၅၀၀ | .... | .... |
| ၁၀၀ | မိတ္ထီလာမြို့နီစီပါယ်အဖွဲ့ .... | | ၁၁,၃၄,၇၃၀ | .... | .... |
| ၁၀၁ | မိတ္ထီလာ၊မလှိုင်၊သာစည်နှင့် ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ။ | | ၅,၇၂,၄၀၀ | .... | .... |

## အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ။ ။အဆက်

ဇယား (၄)

| အမှတ်စဉ် | အကြောင်းအရာ | ဘာဝန်ခံသည့် ကော်မီတီ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ | ရငွေများ | | |
|---|---|---|---|---|---|
| | | | အခွန်အတုတ်၊ သာမန် ရငွေ၊ ငွေလုံးငွေရင်း ရငွေ၊ အတိုးရငွေ | ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှ ချေးငွေနှင့် ထောက်ပံ့ငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး | ကျပ် | ကျပ် | ကျပ် |
| ၁၀၂ | ရမည်းသင်းမြူနီစီပါယ်အဖွဲ့ .... | | ၃,၁၃,၀၄၀ | .... | .... |
| ၁၀၃ | ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်း၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ။ | | ၃,၇၅,၇၀၀ | .... | .... |
